
www.burmeseclassic.com

# လမင်းမိုမို



BURMESE CLASSIC .com

MINY

# ချည်နှောင်ခဲ့သောခြေရာ

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## ချည်နှောင်ခဲ့သောခြေရာ

စာမူခွင့်ပြုချက်အမှတ် - ၁၁၀၈/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၁၃/၂၀၀၃ (၁)
၂၀၀၃ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀/-

ထုတ်ဝေသူ . . . ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်
ပုံနှိပ်သူ . . . ဦးကျော်လှိုင် (စေတနာ OFFSET) ၅၅၇၃
အမှတ် (၅၉)၊ (၁၉)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်

BURMESE CLASSIC .com



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေး ဦးတည်ချက် ( ၄ ) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် ( ၄ ) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် ( ၄ ) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# လမင်းမှိုမှို

# ချည်နှောင်ခဲ့သော ခြေရာ



စီစဉ်သူ


မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







၁

ဆရာပန်ကြီးက လူနာ ဒေါ်ဖြူသဲရဲ့ခင်ပွန်းနှင့် သမီးကို သူ့ဆေးခန်းချိန်မှာ ဆင်းတွေ့ဖို့ မှာထားသည်ဆိုတာ ဆရာမထံမှ သိရတဲ့အခါ ဖေဖေက ဆရာဝန်ကြီးနှင့်တွေ့ဖို့ အခန်းထဲမှ ထွက်သည်။

ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံဖြစ်ကာ အပေါ်ထပ် ခုနစ်ထပ်မြောက်မှာ မေမေ ဆေးရုံတက်နေရတာ လေးရက်ရှိပါပြီ။ မေမေ့ကို ကြည့်ရှုကုသပေးနေသော ဆရာဝန်ကြီးက ဤဆေးရုံကြီးမှာပဲ အောက်ထပ်၌ ရက်ခြားထိုင်ပါသည်။ ဆေးရုံစ,တက်ရကတည်းက မေမေ့ကို တစ်ကိုယ်လုံး ဟိုဖောက်သည်ဖောက် အမျိုးစုံ စစ်ဆေးကာ ခေါင်းမှ ခြေဖျားထိ ရိုက်လို့ရတာ အကုန်ရိုက်သလား ထင်ရအောင် အမျိုးအမည်ပေါင်း များစွာ ရိုက်ထား စစ်ဆေးခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ရဲ့ အားမရစရာ အသွင်ကို စိတ်လည်းပူ၊ စိတ်လည်းဆင်းရဲကာ မေမေ ဘာဖြစ်သလဲ ရေရေရာရာ မသိရသေးတာမို့ ဆရာဝန်ကြီးက ခေါ်တယ် ဆိုသည့်အခါ ဖေဖေ့နောက်မှ “အဆွေး”လည်း ကပ်ကာ လိုက်ပါလာခဲ့ပါသည်။

ဖေဖေက အခန်းပြင်မှာ လေးငါးလှမ်း လှမ်းပြီးမှ အဆွေး ပါလာတာ သတိပြုမိကာ လှည့်ကြည့် ခြေလှမ်းရပ်ရင်း ...

“အဆွေး ... သမီး မလိုက်ခဲ့နဲ့တော့လေ၊ မေမေ့နားနေခဲ့ ဖေဖေ သွားလိုက်မယ်”

“ဟင့်အင်း ဖေဖေ ... အဆွေးလည်း လိုက်ချင်တယ်၊ အဆွေးလည်း သိချင်တယ်”

“ဖေဖေ ပြန်ပြောပြမှာပေါ့ သမီးရယ်၊ နေခဲ့ပါ”

“ဟင့်အင်း၊ အဆွေး ဖေဖေနဲ့ တစ်ပြိုင်နက် သိချင်တယ်၊ မေမေ့နားမှာ ဒေါ်အေးမြကြီးကော ဆရာမရော ကျန်ခဲ့တာပဲ ဖေဖေရယ်”

အဆွေးရဲ့ မျက်လုံးနက်တောက်တောက် ကလေးတို့က ထက်ထက်သန်သန်နှင့် ခေါင်းမာမာ ဇွတ်တရွတ်ကလေး လိုက်ကိုလိုက်တော့မည့် သဏ္ဌာန်ကို မြင်ရ၍ ဦးမိုးညိုက ဆက်လက်တားမြစ်မနေတော့ဖို့ ဆုံးဖြတ်ကာ “ကဲ ... လာ ...လာ ...” ဟု သဘောတူလိုက်ရလျက် အဆွေးရဲ့ ပခုံးလေးကိုဖက်ကာ လှေကားမှပဲ အတူဆင်းလာကြပါသည်။





သူကိုယ်တိုင်တောင် ခံစားပူလောင်နေလှသည်ဖြစ်၍ သမီးကလေးအဖို့ ဘယ်လောက်ပူပန် ဗလောင်ဆန်နေမလဲ ကိုယ်ချင်းစာပါသည်။ ဆိုးဝါးပြင်းထန်မည့် ရောဂါအဆောက်အဦတစ်ခုခုပဲဟု တင်ကြိုမျှော်မှန်းထားပြီးဖြစ်၍ သမီးကို ရုတ်တရက်ကြီး မကြားသိစေလိုတာပါ။ တကယ်တမ်း တွေးလိုက်တော့လည်း တကယ်ပဲ ဆိုးဆိုးဝါးဝါး ဖြစ်နေဦး၊ တစ်နေ့မသိ တစ်နေ့သိရမည့်သတင်းပေပဲမို့ သမီးကို ထိန်ချန်မနေလိုတော့ပါ။

သမီးဟာလည်း အသက်နှစ်ဆယ်ကျော်ကာ နှစ်ဆယ့်တစ်နှစ်ထဲ ဝင်စပြုနေပြီဖြစ်ပြီး ကျောင်းပညာအရလည်း ဘွဲ့တစ်ခုရထားပြီး ဖြစ်နေကာ ဘဝရဲ့အဖော်အဖြစ် ချစ်သူတစ်ယောက်တောင်မှ ရည်ရွယ်ပိုင်ဆိုင်ထားပြီးသူ ဖြစ်နေပြီပဲ။ အိမ်ကိုလည်းနှင့်ပြောထားကြပြီးသား၊ ဒီတစ်နှစ်, နှစ်နှစ်အတွင်းပင် လက်ထပ်ဖြစ်ကြဖို့ ရည်ရွယ်ထားတာမို့ အရွယ်ရောက်သူတစ်ယောက်အဖြစ်နေရာပေးရပါပေမည်။

သမီးရဲ့မေမေ ဒေါ်ဖြူသဲ တရှောင်ရှောင်နှင့် ဟိုဟာလေးဖြစ်လိုက်၊ ဒီဟာလေးဖြစ်လိုက် မကျန်းမာ နေမကောင်းဘဲ ချာနေတာတော့ သုံးလေးလတောင် ရှိနေပါပြီ။ သူကိုယ်တိုင်က သူ့ဝေဒနာကို အပရိကလိုသာ သဘောထားတာမို့ သားအဖနှစ်ယောက်မှာလည်း ပေါ့ပေါ့ဆဆနှင့်ပဲ စိုးရိမ်တကြီး အရေးတယူ မဖြစ်ခဲ့မိပါ။

တဖြည်းဖြည်းနှင့် မစားနိုင် မသောက်နိုင် ပိန်ချုံး



www.burmeseclassic.com

www.burmeseclassic.com



ပေါင်ချိန်ကျလာကာ ဝမ်းဗိုက်ထဲက နာနာကျင်ကျင် ခံစားလာ တော့မှပဲ သမီးအမေက မတတ်သာတော့၍ ဖွင့်ပြောလာတာ။ သူတစ်ပါးကို ဒုက္ခမရှာချင်ဘဲ အောင့်အည်းမျိုသိပ်တတ်ခြင်းဟာ ဖြူသဲရဲ့ စရိုက်ပါပဲ။

ဆရာဝန်ကြီးအခန်းပြင်က ဆရာမလေးကို ဒေါ်ဖြူသဲရဲ့ လူနာရှင်တွေမှန်း ပြောပြလိုက်သောအခါ ဆရာဝန်ကြီးက မှာထားသည်ဖြစ်၍ လူနာတစ်ဦး ထွက်ချိန်မှာ အခန်းထဲဝင်ခွင့် ရကြပါသည်။

“လာဗျာ ... ထိုင်ကြပါ ... သမီးလည်း ပါတယ် ... ဟုတ်လား”

“ဟုတ်ကဲ့ ဆရာကြီး ... သမီးက သူ့အမေရောဂါ အ လည်း သေချာသိချင်တယ် ဆိုလို့ပါ”

“အေးဗျာ ... ထိုင်ကြပါ”

ဆရာဝန်ကြီးနှင့် မျက်နှာချင်းဆိုင် ခုံနှစ်လုံးမှာ ဝင်ထိုင်လိုက်ကြပြီး ဆရာဝန်ကြီးပြောမည့် စကားကို နားစွင့်နေ ကြပါသည်။

“ဒီလိုရှိတယ်ဗျာ”

“ပြောပါ ဆရာကြီး၊ ပွင့်ပွင့်လင်းလင်း ပြောပါခင်ဗျာ”

“ဟုတ်ကဲ့ ... ကျွန်တော်တို့ ဒေါ်ဖြူသဲကို စမ်းသပ်စရာ စစ်ဆေးစရာ ရှိတာတွေအားလုံး စမ်းသပ်စစ်ဆေးလိုက်တဲ့ အခါ ဘာကို သွားတွေ့နေသလဲ ဆိုတော့ ...”



BURMESE CLASSIC .com



“ဟုတ်ကဲ့”

ဆရာဝန်ကြီးက သူ့ရှေ့မှ စာရွက်လွတ်တွင် ရင်ခေါင်းပုံသဏ္ဌာန် ဆွဲခြစ်လိုက်ကာ အဆုတ်၊ နှလုံး၊ အသည်းတို့ကို သူ့နေရာ၌သူ ပုံကြမ်းလေးတွေ ရေးဆွဲလိုက်ပါသည်။ အဆုတ်နေရာ၌ မည်းမည်းကွက်တစ်ခု ခြစ်ပစ်လိုက်ပြီး ထိုမှ မြားတစ်စင်းကို ဂျီခနဲ ဆွဲလိုက်ကာ မြားဦးက အသည်းသို့ ထိုးစိုက်ထိတန့်လေသည်။

“ရောဂါက အသည်းမှာ သွားတွေ့ရတယ်၊ အသည်းမှာ သွားတွေ့ရတယ် ဆိုပေမယ့် မူလစ,တဲ့ ဇစ်မြစ်က အဲဒီမှာ မဟုတ်ဘူး၊ ဟောဒီ အဆုတ်ကလာတယ်၊ ခုဟာက ဒုတိယဆင့် ရောဂါအဆောက်အဦ ပြန့်ပွားပြီး တွယ်လာတာပေါ့”

“ဟုတ်ကဲ့ပါ ဆရာကြီး”

“အေးဗျာ ... တချို့ကေ့စ်တွေမှာ ရောဂါဝေဒနာ လက္ခဏာက စောစောစီးစီး မပြဘဲ မြုံပြီး ကျိတ်အောင်းနေတတ်တယ်၊ ကျွန်တော်တို့ ဟိုတစ်ရက်က စကန်ရိုက်တယ်ဆိုတဲ့အခါကျတော့ ဒီအဆုတ် အသည်းတို့ကို ဟောသလို တစ်လွှာစီ ဖြတ်ရိုက်သွားတာမျိုးကိုဗျ၊ တွေ့ရတဲ့ လက္ခဏာက ရောဂါအဆောက်အဦ ဖြစ်နေတာ လေးငါးခြောက်လ ဆိုသလို ရှိနေပြီ၊ လူနာကလည်း ကိုယ့်ကိုယ်ကိုယ် သတိ မပြုမိတာ ဖြစ်မယ်၊ ခုဟာက ပြောရမယ်ဆိုရင် တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြီး နောက်ကျတဲ့ အချိန်ပိုင်းမှာမှ ကျွန်တော်တို့ တွေ့ရ သိရတယ်"

အဆွေးသည် တံတွေးကို အာခေါင်ခြောက်ခြောက်ထဲ နင့်ခနဲ တစ်ချက် မျိုချလိုက်မိကာ ရင်တွေတဒိတ်ဒိတ် ခုန်လာပါသည်။ လက်ချောင်းအေးစက်စက်တို့ကို စိတ်လှုပ်ရှားတိုင်း ပြုမူနေကျအတိုင်း တဂျွတ်ဂျွတ်ချိုးစ ပြုလာ၍ ဖေဖေက အဆွေးရဲ့ လက်တစ်ဖက်ကို လှမ်း၍ ဆုပ်ကိုင်ထားလိုက်ပါသည်။

"ခုအတိုင်းက အဆုတ်ကနေ အသည်းကို spread ဖြစ်လာပြီးတဲ့အပြင် အသည်းမှာပင်လျှင် အချိန်မီ ကုသနိုင်ဖို့ နောက်ကျတဲ့ Stage ကို ရောက်နေပြီ"

"ဆရာကြီး ... ဖြူသဲက ကင်ဆာများလား ခင်ဗျာ"

"ဟုတ်ပါတယ် ဦးမိုးညို၊ စိတ်မကောင်းပါဘူးဗျာ"

"ဖေဖေ"

အဆွေးက လွတ်နေသော လက်တစ်ဖက်နှင့် ဖေဖေ့ လက်မောင်းအကျီစကို လှမ်း၍ ဆုပ်ကိုင် ခြေမွလိုက်မိပါသည်။

"သမီး"

"ဖေဖေ ... မေမေ ကင်ဆာရောဂါ ဖြစ်နေတယ်ပေါ့ နော်"

တုန်ယင်ပေါက်ကွဲသော အဆွေးရဲ့မေးခွန်းကို ဦးမိုးညိုက မဖြေနိုင်ဘဲ သမီးရဲ့ဦးခေါင်းကို သူ့ပခုံးစွန်းသို့ ဖက်ပိုက်ထိကပ်လိုက်ရင်း သူကိုယ်တိုင် ဆို့နင့်တုန်လှုပ်စွာ ...





"ဒါဖြင့် ဖြူသဲက ဆရာကြီးတို့ ကြိုးစားလို့ မနိုင်တော့ဘူး ပေါ့နော်"

"ခင်ဗျားလည်း သိတဲ့အတိုင်းပါပဲဗျာ၊ ခင်ဗျားလည်းပဲ ကြားဖူးနားဝ ဗဟုသုတတော့ ရှိမှာပါ"

"ဖေဖေ ... မေမေ ... မေမေက ဒါဖြင့် သေသွားတော့မှာ ပေါ့နော်၊ မေမေ့ကို ကုလို့မရတော့ဘူးပေါ့နော်၊ ဖေဖေ ... ပြောပါဦး၊ ဟုတ်ရဲ့လား"

မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ တဆတ်ဆတ် တုန်လာသော အဆွေးကို ဦးမိုးညိုက မချိတင်ကဲ ငုံကြည့်ရင်း ...

"ဆရာကြီး ... ဖြူသဲကို ဘယ်လောက်ထိ ကျွန်တော်တို့ အသက်ရှည်ရှည် ဆွဲဆန့်ထားလို့ ရနိုင်ဦးမလဲ ခင်ဗျာ"

"အတိအကျကြီး ခန့်မှန်းဖို့တော့ ခက်တယ်ဗျာ၊ တချို့လည်း သိပ်မနေလိုက်ရဘဲ တချို့ကျတော့လည်း လေးငါး ခြောက်လ ဆိုသလို နေရပါသေးတယ်"

"အို ... ဖေဖေ ..."

အဆွေးသည် ဖေဖေ့လက်မောင်းတစ်ဖက်ကို ဖက်ကာ ရှိုက်ကြီးတငင် သဲကြီးမဲကြီး ငိုချလိုက်မိပါသည်။ သိပ်နေ ထိုက်ရဦးမည့်သူ ဆိုလျှင်တောင်မှ လေးငါးခြောက်လထက် မပိုသော သဘောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ... ဆရာကြီးရယ် ... မေမေ့ကို ဒီထက်အကြာကြီး နေရအောင် လုပ်ပေးလို့ မရနိုင်တော့ဘူးလားဟင် ... ကယ်ပါဦး ဆရာကြီးရဲ့"

ဆရာဝန်ကြီးသည် စားပွဲပေါ် တံတောင်ထောက် လက်ဖဝါးနှစ်ဖက်ကို ပူးဆုပ်ကာ မေးစေ့တင်ထားလျက် မဟုတ်မမှန် လုပ်ကြံလီဆယ်၍လည်း မျှော်လင့်ချက် မပေးလို၊ အမှန်ကို ပြောရမှာလည်း ထပ်ပြောမထွက် မပြောရက်တော့၍ စိတ်ဆင်းဆင်းရဲရဲ မသက်မသာနှင့်ပင် သားအဖနှစ်ယောက်ကို စိုက်ကြည့်နေမိပါသည်။ ဒီလိုအတွေ့အကြုံမျိုးတွေလည်း ဆရာဝန်သက်တမ်းတစ်လျှောက် ကြုံဖူးခဲ့လှပြီဖြစ်၍ အဆန်းတကျယ် မဟုတ်တော့သည့်တိုင်အောင် ဤလိုစကားမျိုး လူနာရှင်ကို ဖွင့်ဟအသိပေးရခြင်း၏ စိတ်ကျဉ်းကျပ် ဆင်းရဲမှုဒုက္ခကို ရိုးမသွားသေးပါ။

"သမီး ... သမီးလေး၊ အဆွေးရယ်၊ တိတ်ပါသမီးရယ်၊ သမီး ဒီလိုဖြေမဆည်နိုင်ရင် မေမေ ရိပ်မိသွားရင် ဘယ်လိုလုပ်မလဲ သမီးရယ်"

"ဖေဖေ ... မေမေ သနားပါတယ် ဖေဖေရဲ့ ... မေမေ့ကို အဆွေး မခွဲနိုင်ပါဘူး ... အီးဟီး ..."

အဆွေးကား ရှိုက်ကြီးငင်ကြီး ငိုနေဆဲတည်း။

ဦးမင်းညို ရင်ထဲ၌လည်း ဆွေးနင့်၍ နေပေသည်။ ဖြူသဲဟာ သူ့အင်မတန် ချစ်ခင်စုံမက်လှသော မိန်းမ။ သူ အင်မတန်ချစ်တဲ့ မိန်းမ။ အသက်လေးဆယ်ပဲ ရှိသေးသည့် ဖြူသဲ





အတွက် သက်တမ်းစေ့သာ နေခွင့်ရလျှင် ဘဝအတွက် အချိန်တွေ အများကြီး ကျန်သေးတာပါ။ စောလိုက်တာ ...။ ခွဲခွာသွားဖို့အတွက် အချိန်စောလွန်းလိုက်တာ။

ယူကျုံးမရ ရင်ထဲနင့်ကာ အဆွေး ဦးခေါင်းထက်မှ ဆံပင်လေးတွေကို သပ်ကာ သပ်ကာ သူကိုယ်တိုင် မျက်ရည်လည်လာခြင်းကို အတင်းပဲ မျက်တောင်ပုတ်ခတ်သိမ်းရလျက် တံတွေးမြိုချရဖန်များ၍ လည်ချောင်းမှ ဇလုပ်ဟာလည်း တက်ချည်ဆင်းချည် လှုပ်ရှားကာ နာကျင်ဆို့ကျပ်၍ နေတော့သည်။

"ကဲ ... ကဲ ... တိတ်ပါ သမီးရယ်၊ ဒီကြားထဲ သမီးမေမေ စိတ်ချမ်းသာအောင် ထားပေါ့။ ဝေဒနာအနေနဲ့လည်း ခံစားရအသက်သာဆုံးဖြစ်အောင် အန်ကယ်တို့က ကြိုးစားကြမှာပေါ့"

"မေမေ့ကို မခွဲနိုင်သေးဘူး ... မခွဲနိုင်သေးပါဘူး"

ဦးမိုးညိုသည် အဆွေး ပခုံးလေးကိုပုတ်ကာ ...

"ကဲ ... ကဲ ... သမီး ... စိတ်ထိန်းပါ သမီးရယ်၊ ဆရာကြီးလည်း အားနာစရာ၊ နောက်မှာလည်း ဆရာကြီးကို ပြမယ့် လူနာတွေ အများကြီး ရှိနေသေးတယ် ... ဖေဖေတို့ သွားကြစို့"

"ဆရာကြီး ... မေမေ့ကို ဒီထက်ကြာကြာ နေရအောင် လုပ်ပေးပါ ဆရာကြီးရဲ့"

"တတ်နိုင်သမျှ အန်ကယ်တို့ ကြိုးစားမှာပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးညိုက အဆွေးကို ဖေးမကာ ထ,ရပ်စေပြီး အတင်းပဲ ပခုံးမှ ဖက်ပွေ့ဆွဲခေါ်ရင်း ...

"ဆရာကြီး ... ဘယ်လိုပဲဖြစ်ဖြစ် တတ်နိုင်သလောက်တော့ ..."

"စိတ်ချပါ ဦးမိုးညို ... ကျွန်တော် နေ့စဉ်လည်း လာကြည့်ပါမယ်"

"ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပါပြီ"

ဦးမိုးညိုက အဆွေးကို ဒရွတ်ဆွဲမတတ် ပခုံးမှဖက်၍ အခန်းပြင် ဆွဲထွက်ခဲ့ရကာ အခန်းပြင် အရောက်မှာတော့ အဆွေးက ဒူးမတ်၍ မရပ်နိုင်သလို၊ နီးရာလူနာထိုင်ခုံတစ်ခုမှာ ဝင်ထိုင်လိုက်ပါသည်။ ခုံနောက်မှ ကြွေပြားနံရံကို ခေါင်းမှီရင်း ပါးစပ်ကိုပိတ်၍ တဟင့်ဟင့် ရှိုက်ငိုခြင်းမှ မရပ်တန့်နိုင်ရှာ။

"ခက်တော့တာပဲ သမီးလေးရယ်၊ ဒီပုံနဲ့ မေမေ့ဆီ ဘယ်လိုလုပ် ပြန်သွားမလဲကွယ်"

"ဖေဖေရယ် ... မေမေ့ကို မကြည့်ရက်ဘူး ... မကြည့်ရက်ဘူး"

ဦးမိုးညိုသည် သက်ပြင်းတစ်ချက်ရှိုက်ရင်း တိုက်ပုံ အင်္ကျီအိတ်ထဲမှ ဖုန်းကိုထုတ်ယူ၍ ဂဏန်းတချို့ နှိပ်လိုက်ပါသည်။ သူကိုယ်တိုင်ပါ မူးမိုက်ချင်သလိုလို ချွေးပြန်လာ၍ လက်ကိုင်ပဝါ ထုတ်၍ နဖူးကို တို့သုတ်ပါသည်။ လူနာစောင့်ထိုင်ခုံများမှ ဆေး





ခန်းပြဖို့ စောင့်နေကြသော လူနာတို့သည် သူတို့သားအဖကို ဘာဖြစ်မှန်း မသိသော်လည်း ကရုဏာမကင်း စိုက်ငေးကြည့်နေကြပါသည်။

"ဟယ်လို ... မောင်နိုင်ရန်လား"

"ဟုတ်ပါတယ် အန်ကယ်လ်"

"အေး ... မောင်နိုင်ရန် ရုံးဆင်းပြီလား၊ အလုပ်များနေသလားကွာ"

"ခုပဲ ရုံးဆင်းတော့မှာ အန်ကယ်လ်၊ ရုံးကထွက်တော့မှာ၊ အန်ကယ်လ်တို့ ဘယ်မှာလဲ၊ ကျွန်တော် ဆေးရုံကိုဝင်ခဲ့မလို့လေ၊ ဆေးရုံမှာပဲလား၊ အန်တီရော နေကောင်းရဲ့လား"

"အေးကွာ၊ ဆေးရုံလာမလို့ဆိုရင် အတော်ပါပဲ"

"ဘာကိစ္စရှိလို့လဲ အန်ကယ်လ်၊ လမ်းက ဘာမှာမလဲ၊ ဆေးလိုလား"

"မလိုပါဘူးကွာ၊ ဆေးရုံကိုပဲ အမြန်လိုက်ခဲ့ပြီး သမီးကို အိမ်ပြန်ခေါ်သွားပေးစမ်းပါ မောင်နိုင်ရန်"

"အဆွေး ဘာဖြစ်လို့လဲ အန်ကယ်လ်"

"အင်း ... အဆွေး ဒီမှာ ကြေကွဲနေလို့ကွယ်၊ မောင်နိုင်ရန် နည်းနည်းကူညီနှစ်သိမ့်ပေးဖို့ပါ၊ သိပ်ငိုနေတော့ သူ့အမေ အခန်းကို ပြန်ခေါ်သွားလို့လည်း မရဘူး"

"ဗျာ ... အဆွေး သိပ်ငိုနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ်။ ဘာတ်နိုင်သလောက် မြန်မြန်လေး လာပါဦး။ ကြည့်ရှုနှစ်သိမ့်ပေးပါဦးကွယ်"

"ဟုတ် _ ဟုတ်ကဲ့ အန်ကယ်လ်၊ ကျွန်တော် လာပြီ၊ ခုပဲ ထွက်ပြီ၊ ဒါပဲနော် အန်ကယ်လ်"

"အေး ... အေး ..."

ဦးမိုးညိုသည် ဖုန်းကို တိုက်ပုံအိတ်ထဲ ပြန်ထည့်ကာ အဆွေး နံဘေးခုံမှာ ထိုင်လျက် အဆွေးကို ငူငူငိုင်ငိုင်ကြီး ကြည့်နေမိပါသည်။ သူကိုယ်တိုင် ဆွေးမြည့်ကြေကွဲနေ၍ သမီးကို ဖွယ်ဖွယ်ရာရာ ပြောဆိုနှစ်သိမ့် မပြုနိုင်ပါ။ ဖြူသဲရဲ့ အခန်းကို တောင် အတော်အားမွေး စိတ်တင်းပြီးမှ သွားရပါမည်။

"နိုင်ရန်"ဆိုတဲ့ သူငယ်လေးဟာတော့ ဒီအချိန်မှာ သမီးအတွက် အကောင်းဆုံး နှစ်သိမ့်နိုင်သူ ဖြစ်မှာပါ။ အဆွေး အလုပ်လုပ်သော "မေတ္တာရွှေပြည်ကုမ္ပဏီ"ပိုင်ရှင်ကြီးရဲ့သားလည်း ဟုတ်၊ ကုမ္ပဏီရဲ့ အထွေထွေမန်နေဂျာလည်းဟုတ်တဲ့ နိုင်ရန်ဟာ အဆွေးရဲ့ချစ်သူလည်း ဟုတ်ပါသည်။

သူတို့နှစ်ဦးရဲ့ ချစ်သူသက်တမ်းဟာလည်း ကိုးလ ဆယ်လမျှပင် ရှိခဲ့ပြီ။ နှစ်ဖက်စလုံးက မိဘများလည်း သိရှိပြီး ကာ အတိအလင်း စကားမပြောဆိုရသေးသည့်တိုင် သဘောတူ ကြည်ဖြူကြပြီးသား ဖြစ်ပါသည်။ နိုင်ရန်ဟာ အိမ်ကိုလည်း ဝင် ထွက်ခွင့် ရထားပြီသား။ သမီးအတွက်လည်း အတိုင်းထက်အလွန်





ဘောက်ဘက်က ပြည့်စုံသည့် ချစ်သူယောကျ်ားကောင်းတစ်ဦးလို့ ဦးမိုးညိုတို့ ယုံကြည်ပါသည်။

ခုချိန်မှာ သမီးကို သူကိုယ်တိုင်လည်း ဘယ်လိုမှ နှစ်သိမ့် မချော့မော့နိုင်သည်ဖြစ်၍ နိုင်ရန် ရောက်အလာကိုသာ အာလျှင်စွာ စောင့်စားမျှော်လင့်နေမိလေသည်။

အဆွေး တစ်လမ်းလုံး ငိုရှိုက်လာခဲ့၍ ဒေါ်အေးမြ ကြီးလည်း သိသွားပြီဖြစ်ကာ သူပါ မျက်ရည်စမ်းစမ်းပင်။ နိုင်ရန်က ဒေါ်အေးမြနှင့် အဆွေးကို ခေါ်ကာ အိမ်ပြန်ပို့နှင့်ပါ သည်။ အိမ်ရောက်တော့လည်း ဒေါ်အေးမြပါ အယောင်ယောင် အမှားမှား ဖြစ်နေ၍ ချစ်ရသူလေးကို နိုင်ရန် ကိုယ်တိုင် ဂလူး ကော်စီနှင့် သံပရာရည် ဖျော်တိုက်ထားပါသည်။

အဆွေးက ညှော်ခန်း ဆိုဖာရှည်၌ လက်တန်းပေါ် ခေါင်းအုံးကာ လဲလျောင်းနေလေသည်။ ငိုရတာ မောလွန်းမှ ငြိမ်သွားတာ ဘာမှမကြာသေး။ တစ်ချက် တစ်ချက်တော့ ရှိုက် နေသေး၊



www.burmeseclassic.com

www.burmeseclassic.com



"မောင်နိုင်ရန် ထမင်းစားမလား၊ ဒေါ်ကြီး ပြင်ပေးမယ်"

"စားတော့ပါဘူး ဒေါ်ကြီးရယ်၊ ဆာလည်းမဆာပါဘူး"

"နှစ်ယောက်လုံး စားလိုက်ရင် ကောင်းမယ်ထင်တယ်ကွယ် ပြန်ရောက်တာပဲ ကြာလှပြီပဲ၊ ဆရာကြည့်ရတာ ညဥ့်နက် ထိများ နေပြီးမှ ပြန်လာမလား မသိဘူး၊ ဆရာ့ကို စောင့် မနေကြနဲ့"

"ဖေဖေ့ကို စောင့်တာ မဟုတ်ပါဘူး ဒေါ်ကြီးရယ်၊ ထမင်း လုပ်ကို အဆွေး မျိုကိုချလို့ မရမှာ သေချာတယ်"

"ဒါဖြင့် ကော်ဖီနဲ့ မုန့်လေး လုပ်ပေးမယ်၊ အဆာလွှ ကုန်ကြမယ်ကွယ်"

နိုင်ရန်က ဝင်ကာ ...

"ဟုတ်တယ် ဒေါ်ကြီး၊ လုပ်ခဲ့၊ အဆွေး ကော်ဖီနဲ့မုန့်လေး တော့ စားလိုက်"

အဆွေးက ရှုဆေးဘူးကို နှာခေါင်းဝတေ့ရင်း အတင်း ရှိုက်ရှုသည်။

"နှာခေါင်းတွေတောင် ပိတ်ကုန်ပြီ ... ခေါင်းတွေလည်း ကိုက်နေမှာပေါ့၊ စိတ်လိုက်မာန်ပါ ငိုလိုက်တာ အဆွေး ရယ်၊ အဆွေး ကြေကွဲဝမ်းနည်းတာ ကိုယ်လည်း နားလည် ပါတယ်၊ ဒါပေမယ့် အဆွေး ဒီလိုခံစားနေရတာ အန်တီ သိရင် ပိုဆိုးမယ်ဆိုတာတွေးပြီး စိတ်ကို ကြိုးစားမတ်ဆည် ရမယ် အဆွေးရဲ့၊ စိတ်နိုင်ရမယ်၊ မျိုသိပ်နိုင်ရမယ်၊ ဒါ





နောက်ရက်တွေ အန်တီဆီသွားလို့ အဆင်ပြေမှာပေါ့၊ မပြေနိုင်ရင် မျက်နှာမပြင်နိုင်ရင် အန်တီ့ရှေ့ အဆွေး ဘယ်လိုသွားမလဲ"

"ဘယ်လိုသွားရမှန်းတောင် မသိဘူး ရန်၊ အဆွေး ... အဆွေး ..."

"ကဲ ... အဆွေးရယ် ...၊ အချိန်တွေ ရှိပါသေးတယ်၊ ကနေ့ နက်ဖြန် မဟုတ်သေးပါဘူး၊ ကိုယ်တိုင်ပါ ဖုန်းဖုန်း လဲမယ်နော်၊ အဆွေး ကျန်းမာမှ အန်တီ့ကို အစွမ်းကုန် ပြုစုနိုင်မှာပေါ့"

"မေမေ ငယ်ငယ်ကလေးပဲ ရှိပါသေးတယ် ရန်ရယ်"

"ကြီးဝယ်မရွေး လွန်ဆန်နိုင်တာမှ မဟုတ်ပဲဘဲ အဆွေးရယ်"

"မေမေ့မှာမှ လာရွေးဖြစ်ရတယ်လို့ ရန်ရယ်၊ အဆွေး မေမေ့ရှေ့မှာ မျက်ရည်မကျဘဲ ဘယ်လိုနေရမလဲ ရန်"

"ရအောင်နေရမယ်လေ အဆွေး၊ ဒါကြောင့် စိတ်ခတ် ကြံ့ခိုင်ဖို့ ကိုယ်ပြောတာပေါ့၊ အန်တီနေရမယ့် ရက်တွေ အများကြီး ရှိဦးမှာ၊ ဒီရက်တွေမှာ အန်တီ စိတ်ချမ်းသာ အောင် နေပျော်အောင်ပဲ အဆွေး ကြိုးစားရမယ်၊ အဆွေး အတွက်ကြောင့် အန်တီ့မှာ ပိုမထိခိုက်စေနဲ့"

အဆွေးက မျက်ရည်ကိုသုတ်ရင်း မချိတင်ကဲနှင့် ...

"ဒီနေ့ဆိုရင်ပဲ အဆွေး ပြန်ခါနီး မေမေ့ကို နှုတ်မဆက်ခဲ့ ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပြောတာပေါ့ အဆွေးရယ်"

"မေမေ ဘာပြောသေးလဲဟင် ဒေါ်ကြီး"

"ဘာမှတော့ မပြောပါဘူး၊ ဆရာက အခန်းထဲ ပြန်ဝင်လာရင်း အဆွေးနဲ့ ဒေါ်အေးမြကို မောင်နိုင်ရန်နဲ့ ပြန်လွှတ်လိုက်မယ်တဲ့၊ သူတော့ မိုးချုပ်ထိစောင့်မယ်တဲ့၊ ကဲ ... ဒေါ်အေးမြ သွား ... သွား ဆိုပြီး လွှတ်လိုက်တာပဲ၊ အဆွေးနဲ့ မောင်နိုင်ရန် အောက်မှာ စောင့်နေကြတယ် ... သွားချည်တော့ ဆိုလို့ ပြန်ယူစရာ ပစ္စည်းလေး အဝတ်ဟောင်းလေးသိမ်းပြီး ဆင်းလာတာပဲ၊ ဆရာ့ပုံက မင်သေပါတယ်၊ ဒေါ်ကြီးဖြင့် ကားပေါ်ကျမှ အဆွေး တအားကြီး ငိုမှပဲ သိရတာ"

"နောက်နေ့တွေကျ ဒီလိုမဖြစ်စေနဲ့နော် အဆွေး၊ ရှောင်လွှဲမရ ရင်ဆိုင်ရတော့မှာပဲဆိုရင် အန်တီ့အတွက် စိတ်ဆင်းရဲစရာ အနည်းဆုံးဖြစ်အောင် တတ်နိုင်သမျှ စိတ်လက်ချမ်းသာ သက်သောင့်သက်သာဖြစ်အောင် ဘေးကဝိုင်းကြိုးစားနေထိုင်ကြရမယ် ... ကြားလား အဆွေး"

"အင်းပါ ရန်ရယ်"

အဆွေးကား ရင်ထဲမှာ နင့်၍ ခိုက်နေသော်လည်း ငိုရတာ မောလှလေပြီ။ လဲလျောင်းပုံစံမှပင် မထချင်ဘဲ ရှိသည်။ ဒေါ်အေးမြ ကော်ဖီနှင့်မုန့် ယူလာသောအခါ နိုင်ရန်က ချော့မော့ ကျွေးနေ၍ ထ,စားရပါသည်။





အဆွေး ဘဝမှာ "ရန်" ရှိနေတာလည်း တစ်အားပဲ။

ရန်က တက်ကြွသွေးဆူသည်။ ပျော်စရာရှိလည်း ပျော်၊ စိတ်တိုစရာရှိလည်းတို၊ လူကြီးဆန်ရမည်ဆိုလည်း ဣန္ဒြေရရ ဆန်နိုင်ကာ လူငယ်တစ်ယောက် ပုံစံနှင့်လည်း လှုပ်ရှားမြူးထူးသည်။ အိမ်မှာ ဖေဖေက စကားနည်းနည်း။ မေမေ့ကို အရိပ်တကြည့်ကြည့် အလွန်ချစ်မြတ်နိုးတာ သိသာသော်လည်း ဟက်ဟက်ပက်ပက် လှိုက်လှဲချိုချွင် မနေသူပေ။

မေမေကတော့ ဖေဖေ့ထက် ဆယ်ဆ အေးစက်ပေသည်။ ဖေဖေ့ကို ခြေသုတ်ပုဆိုး မြွေခွယ်ကျိုးလို ပုံခိုင်းရမတတ်လေးစားရိုသေကာ လိုလေသေးမရှိ ပြုစုယုယသော်လည်း ကိုယ်အမူအရာ ပြုစုယုယမှုနှင့်မှ မလိုက်ဖက်ဘဲ နှုတ်ဆိတ်လှသည်။

အချိန်အတော်များများမှာ ငေးသလိုလို တွေးသလိုလို ဆွေးသလိုလိုနှင့် တက်ကြွလန်းဆန်းမှု လုံးဝမရှိသော စရိုက်ဖြစ်သည်။ မေမေ ပြုံးလျှင် ဖျော့တော့လှကာ မေမေ ဟက်ဟက်ပက်ပက် ရယ်မောတာကိုတော့ အဆွေး အသက်နှစ်ဆယ်ကျော်ထိ တစ်ကြိမ်မှ မမြင်ဖူးသေးပေ။ ပျော်ရွှင်သည်ဆိုတာ မေမေ့မှာ မရှိ။

အသက်ရှင်မယ်လို့သာ ရှင်နေရကာ လူဖြစ်ရကျိုးနပ်ပုံလည်း မပေါ်ပေ။ ယောကျ်ားကို လေးစားရိုသေ ကိုးကွယ်ကြည်ညိုမည်။ သမီးကို အသေးစိတ် အောက်ခြေသိမ်း ဖြည့်ဆည်းလုပ်ကိုင်ပေးမည်။ ဤကိစ္စတို့အတွက် လိုအပ်တာထက် များစွာ



www.burmeseclassic.com

www.burmeseclassic.com



ပို၍ တာဝန်ကျေသော မေမေသည် အေးတိအေးစက် မထုံတက်တေး နိုင်လှသည်။

အရွယ်ရောက်လာကတည်းက မေမေ လောကကြီးမှာ ဘာတစ်ခုကိုမျှ မကျေနပ် မရောင့်ရဲပါလိမ့်လို့ အဆွေး တွေးတတ်ခဲ့ပါသည်။ အိမ်ထောင်ရေးဟာ အဆင်ပြေသာယာနေသော်လည်း စိတ်လှုပ်ရှားစရာ ပျော်ရွှင်စရာ ကြည်နူးစရာ မကျေလည်စရာ ဘာတစ်ခုမှ မတွေ့ကြုံရသော ရေသေကြီးလို ပျင်းစရာပင်။

တစ်မျိုးကြီးပဲလို့ အဆွေး ထင်သော်လည်း ဖေဖေ့ရဲ့ မေမေ့အပေါ် မြတ်နိုးစုံမက်မှုကိုလည်းကောင်း၊ မေမေ့ရဲ့ ဖေဖေ့အပေါ် အားကိုးကြည်ညိုခြင်းကိုလည်းကောင်း သိသာသေချာစွာ မြင်နေရတဲ့အပြင် အဆွေးတစ်သက် ဖေဖေနှင့် မေမေ ရိုက်ရန်ဖြစ်ပွားဖို့ဝေးလို့ စကားမာမာကျယ်ကျယ်ပင် ခွန်းတုံ့ပြောဆိုတတ်တာ မကြုံဖူးလေရာ ထိုတစ်မျိုးကြီးပုံစံဟာ ဖေဖေနှင့် မေမေတို့ရဲ့ နေတတ်တဲ့ပုံစံ၊ အသားကျနေတဲ့ ပုံစံပေပဲရယ်လို့ နားလည်ရကာ တောင်တောင်အီအီ ရှည်ရှည်လျားလျား မတွေးမိတော့။

ဘဝတစ်လျှောက်လုံး အေးစက်ငြိမ်သက်ခဲ့တဲ့ မေမေဟာ နေမကောင်းတော့ ပို၍ပင် ငြိမ်ကျသွားခဲ့ပါသည်။ ဘယ်လိုတွေးတွေး မေမေဟာ ချစ်စရာ သနားစရာ မိန်းမတစ်ယောက်ဖြစ်သည်။ နက်ဖြန်မနက် မေမေ့ဆီ အစောကြီး သွားချင်သည်။





"အဆွေး ... ခွင့်ယူရင် ယူလိုက်လေ၊ ကိုယ် ဒက်ဒီ့ကို ပြောလိုက်မယ်"

"မယူသေးပါဘူး ရန်ရယ်၊ ကုမ္ပဏီစည်းကမ်းထဲမှာ ဆက်တိုက်ခွင့်ယူရက်ကို နှစ်ပတ်ပဲ ပေးတာမဟုတ်လား၊ နောက်ပိုင်းလည်း အဆွေး ခွင့်ယူရဦးမှာ"

"ဒီစည်းကမ်းက အဓိက,ကတော့ မင်္ဂလာဆောင်ဖို့ ခွင့်ယူတာတွေ ခရီးထွက်တာတွေ အတွက်ပါ"

"အတူတူပဲပေါ့ ရန်ရယ်"

"ခုဟာက နာရေးကိစ္စ ဖြစ်တယ်လေ၊ တစ်လလောက်ခွင့်ရဖို့ ဒက်ဒီ့ကို ကိုယ်ပြောပြမယ်"

"တစ်လလောက် ရနိုင်ရင်တော့ လိုချင်ပါတယ် ရန်ရယ်၊ ဒါပေမယ့် နောက်ပိုင်းရက်တွေမှာ ပိုလိုချင်တယ်၊ အခု မယူသေးပါဘူး၊ ဒီကြားထဲ လိုအပ်ရင် တစ်ရက်ဖောက်ယူ နှစ်ရက်ဖောက်ယူလောက်ပဲ လုပ်ပါ့မယ်"

ခြံထဲကို ကားဝင်လာသံကြား၍ အိမ်မှာရှိနေသော ...ယောက်လုံး တံခါးဝထွက်ကာ ဖေဖေ့ကို ကြိုလိုက်ကြပါသည်။ ...ပေါ်မှ ဆင်းလာသော ဦးမိုးညို မျက်နှာမှာ နွမ်းနယ်ပျက်...နေသည်။ အဆွေး ပခုံးကိုဖက်ကာ ဧည့်ခန်းသို့ ပြန်ဝင်လာ...ကြပါသည်။

ဦးမိုးညိုသည် ကိုယ်တိုင်လည်း ခံစားနေရ၊ သမီး...ကိုလည်း သနား။



www.burmeseclassic.com

www.burmeseclassic.com



"အမေ မရိပ်မိပါဘူးနော် ဖေဖေ"

"မပြောတတ်ဘူးကွယ်၊ ဖြူညဲက တစ်ဖက်သား မျက်နှာ ရိပ်မျက်နှာကဲကို သိပ်သိတတ်တာ၊ သူ အကဲခတ်ပြီး ရိပ် မိရင်တောင်မှ ဖွင့်မေးမှာလည်း မဟုတ်ပါဘူး၊ သူ့ကိုယ်သူ သိမသိ ဖေဖေလည်း မပြောတတ်တော့ပါဘူး သမီးရယ်"

ဦးမိုးညိုနှင့် အဆွေးက နှစ်ယောက်ထိုင် ဆက်တီ ကြီးမှာ ထိုင်ကာ နိုင်ရန်က မျက်နှာချင်းဆိုင်မှာထိုင်၍ သားအဖ နှစ်ယောက်ကို ကရုဏာနှင့် ငေးစိုက်နေမိသည်။

"အန်ကယ်လ် ... ဒီမှာရှားပါးတဲ့ ရှာမရတဲ့ ဆေးတွေ ဘာ တွေများ လိုအပ်တဲ့ အခက်အခဲရှိရင် ဒက်ဒီ ကူညီနိုင်ပါ တယ်၊ ဒက်ဒီက နိုင်ငံအတော်များများမှာ မိတ်ဆွေပေါ တယ်၊ အကူအညီလိုလာရင် ပြောပါ"

"ကျေးဇူးပါပဲ မောင်နိုင်ရန်၊ ခုလောလောဆယ်တော့ မလို သေးဘူး၊ နောက်တော့ လိုရင်လည်း လိုလာမှာပေါ့လေ မောင်နိုင်ရန်လည်း ရုံးဆင်းပြီး အိမ်တောင်ပြန်မရော သေးဘူး၊ ကိုးနာရီတောင် ထိုးလုပြီ၊ ပြန်ရင်ပြန်တော့လေ အဆွေးကို အဖော်ပြုပေးတာ သိပ်ကျေးဇူးတင်တယ်ကွယ်"

"ကျေးဇူးတင်ရမယ့်သူ မဟုတ်ပါဘူး အန်ကယ်၊ ဒီအချိန် မျိုးမှာ ကျွန်တော် တာဝန်ရှိတာပေါ့၊ ဘာပဲလိုအပ်လို အန်ကယ်လ်တို့ သားအဖနဲ့ ထပ်တူထပ်မျှ ဝိုင်းဝန်းဖြေရှင်း ခွင့် ပေးပါ"





"အေး ... အေး ...၊ မင်းကိုပဲ အားကိုးရမှာပါပဲကွာ"

"ဒါဖြင့် ကျွန်တော် ပြန်လိုက်တော့မယ် အန်ကယ်လ်"

"အေးကွာ"

"အဆွေး ... ကိုယ်သွားမယ်၊ ဒိုင်ဟာဇီပမ်လေး သောက် အိပ်နော်"

"ဟုတ်"

နိုင်ရန် ပြန်သွားပြီးတဲ့နောက်လည်း သားအဖနှစ် ယောက်ဟာ နှစ်ယောက်ထိုင် ဆိုဖာရှည်မှာပဲ ခြေပစ်လက်ပစ်မှိ လျက်သားပုံစံနှင့် ကျန်ရစ်ခဲ့ဆဲပင်။ ဦးမိုးညိုက အဆွေးပခုံးကို နှစ်သိမ့်အားပေးသလို တဖျပ်ဖျပ်ပုတ်နေရင်း ...

"ဖြူညဲ ခမျာ ကံဆိုးရှာတယ်ကွယ်၊ သိပ်သနားစရာ ကောင်းတဲ့ မိန်းမ"

ဖေဖေက ဤသို့ ကြေကွဲစွာ စကားစလိုက်လျှင် အဆွေး ငိုင်၍ တွေးနေမိပါသည်။

"ဘဝမှာ ပျော်ရွှင်ချမ်းမြေ့ခြင်း ဆိုတာကို တစ်ကြိမ်မှ မခံ စားလိုက်ရဘဲ သေသွားရရှာတော့မယ်၊ သိပ်ကံဆိုးတဲ့ မိန်းကလေး"

ဦးမိုးညိုသည် သူ့ဟာသူ ပြောလို့ ပြောနေမှန်း မသိသလို ရေရွတ်ညည်းတွားနေသလို လေသံနှင့် ပြောနေပါ သည်။

"မေမေက ဘာဖြစ်လို့ မပျော်ရွှင်တာလဲ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးလေ ပျော်ရွှင်ရယ်မောနေတာ သမီး မြင်ဖူးလို့လား"

"ဟင့်အင်း ... အဲဒါ ဘာကြောင့်လဲ ဖေဖေ"

"အဲဒါ သူ မပျော်လို့ပေါ့ သမီးရယ်"

"ဖေဖေ့လို မေမေ့ကို အရိပ်တကြည့်ကြည့်လည်းချစ်၊ မိသားစုကိုလည်း တွယ်တာတန်ဖိုးထားပြီး တင့်တောင့်တင့်တယ်လည်း ထားနိုင်တဲ့ ယောကျ်ားကောင်း တစ်ယောက်ရဲ့ ဇနီးဖြစ်ခွင့်ရရဲ့သားနဲ့ မေမေက ဘာဖြစ်လို့ မပျော်ရတာလဲ ဖေဖေ၊ ဘာစိတ်ညစ်စရာရှိလို့လဲ"

ဦးမိုးညိုက သမီးဖြစ်သူ ခေါင်းလေးကို ပုတ်လိုက်ကာ ...

"စိတ်ညစ်တာ မဟုတ်ပါဘူး ... မပျော်တာသက်သက်ပါပဲ"

"အဲဒါ ဘာဖြစ်လို့လဲဟင်"

ဦးမိုးညိုက ပြုံးရင်း ...

"ဖေဖေ့ကို မေမေက အခြေအနေအရ အားလုံးဝိုင်းဝန်းစပ်ဟပ်ပေးစားလိုက်လို့သာ ငြင်းမဖြစ်တဲ့ အခံနေအထားမို့ ယူလိုက်ရတာလေ၊ ဖေဖေကသာ မေမေ့ကိုချစ်လို့ လက်ထပ်ခဲ့ပေမယ့် မေမေက ဖေဖေ့ကို ချစ်လို့ လက်ထပ်ခဲ့ရတာ မဟုတ်ဘူး၊ မဖြစ်လို့ လက်ထပ်ခဲ့ရတာ"

"ဒါပေမယ့် ... ဖေဖေ့ကို ရှိသေလေးစားပြီး မေမေအားတော့ကိုးပါတယ်၊ ခုချိန်ထိ ကြင်ကြင်နာနာ ပေါင်းနေကြတာပဲဟာ၊ ခုထိကိုပဲ မေမေက မပျော်ရွှင် စိတ်မချမ်းသာနိုင်သေးဘူးလား"





ဦးမိုးညိုက ကြေကွဲသော လေသံတိုးတိုးနှင့်သာ ...

"ကိုယ့်လင်သားက ကိုယ့်ကို ကြင်ကြင်နာနာ ပေါင်းရုံ၊ အိမ်ထောင်ရေးလေး အဆင်ပြေသာယာနေရုံနဲ့လည်း ဘဝကြီးတစ်ခုလုံး ပြီးပြည့်စုံသွားပြီ့မဟုတ်ဘူးပေါ့ သမီးရယ်၊ သမီး မေမေကို ဖေဖေက ပျော်ရွှင်စေချင် စိတ်ချမ်းသာစေချင်ပါတယ်ကွယ်၊ ဒါပေမယ့် ခုတော့ သူ့မှာ ပျော်ရွှင်လိုက်ရဖို့ အချိန်ကလေးတောင် မကျန်တော့ဘူး ထင်ပါရဲ့"


ဖေဖေ့စကားတွေကို လုံးစေ့ပတ်စေ့ နားမလည်လှဘဲ ဝမ်းနည်းယူကျုံးမရဖို့ဘဲသိကာ အဆွေးက မျက်ရည်တွေတိတ်တိတ်ဆိတ်ဆိတ်ထပ်၍ ကျလာရပါသည်။



www.burmeseclassic.com

www.burmeseclassic.com









## ၂

ရုံးအဆင်းမှာ အဆွေးကို ကားနှင့် ဆေးရုံလိုက်ပို့ ရင်း နိုင်ရန်ပါ ဆေးရုံကို သတင်းမေး ပါလာပါသည်။ ဆေးရုံ အခန်းထဲကို အလွယ်တကူ ဆက်သွယ်နိုင်ဖို့၊ ဆေးရုံကနေ အကြောင်းရှိလျှင် အလွယ်တကူ ခေါ်ယူနိုင်ဖို့အတွက် နိုင်ရန်က သူတို့အိမ်မှာ အပိုသက်သက်ရှိနေသော CDMA ဖုန်းတစ်လုံးကို ခြင်းတောင်းနှင့်ထည့်၍ သယ်လာခဲ့ပါသည်။

လိုလေသေးမရှိ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေး သည့် ချစ်သူကို အဆွေး ကျေးဇူးတင်လှပေမယ့် စိတ်ထဲ၌ ဘယ် အရာကိုမှ ဟက်ဟက်ပက်ပက် စိတ်မပါလှ၍ ကျေးဇူးတင်စကား င် မပြောမိပါ။

"ရုံးက ဒေါ်သီတာတို့ကတောင်မှ သတင်းမေးကြမယ်လုပ် နေလို့ သတင်းမေးမလာပါနဲ့ဦးလို့ပဲ ကိုယ်ပိတ်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အန်တီ ပင်ပန်းမှာစိုးလို့၊ ညှော်သည်များတာလည်း လျှော်ပန်းစေတာပဲကွ"

"ဟုတ်တယ် ရန် ... လူများများ သိပ်မလာစေချင်ပါ ဘူး"

"ဟိုကျ အဆွေး ဣန္ဒြေရဦးနော်၊ အန်တီ စိတ်အနှောင့် အယှက် မဖြစ်စေနဲ့"

"အင်းပါ ရန်ရယ်"

"မျက်နှာကို ရွှင်ရွှင်လန်းလန်း ထား...လေ အဆွေး"

အဆွေးက မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် ပွတ်သပ် ပစ်ပြီး သက်ပြင်းကြီး ရှိုက်ငင်မှုတ်ထုတ်ပြီး မျက်နှာပြင်ဆင်လိုက် ပါသည်။ ဓာတ်လှေကားနှင့် တက်လာကြပြီး မေမေ့အခန်းရှိရာ ရောက်လျှင် တံခါးခေါက်၍ ဝင်ခဲ့ကြပါသည်။

"သမီးလေး"

မေမေ့ မျက်နှာက နေကောင်းချိန်၌ပင် မကြည်လင် မလန်းဆန်းမြဲမို့ ခုတော့ နွမ်းနယ်ညှိုးလျှလွန်းပါသည်။ အဆွေးက အပြုံးနှင့် မေမေ့ကိုဖက်ကာ ...

"ဒီနေ့ နေကောင်းရဲ့လား မေမေ"

"ဒီလိုပါပဲ သမီးရယ်"

"အန်တီ ... ဆက်သွယ်ရ လွယ်ကူအောင် ကျွန်တော် အိမ်က ခြင်းဖုန်း ခဏယူလာတယ်၊ ဆေးရုံမှာပဲ ထားထား မယ်"





"အေးကွယ် ... ထိုင်လေ သား ... ရုံးကအပြန် ဒီကိုတန်း လာကြသလား"

"ဟုတ်ကဲ့"

"ဒေါ်အေးမြရေ ... ကလေးနှစ်ယောက် တစ်ခုခု တိုက်ပါ လား"

"ဟုတ်ကဲ့ အစ်မ"

ဒေါ်အေးမြက အဆွေးနှင့် နိုင်ရန့် အတွက် ကော်ဖီ ဖျော်သည်။ အဆွေးက မျက်နှာပျက်မိလျှင် မေမေ အလွယ်တကူ မမြင်နိုင်အောင် မေမေ့ခုတင်ပေါ် ဘေးတိုက်နောက်ကျကျတွင် မေမေ့ကျောနှင့် အဆွေးရဲ့ရင်ဘတ် ကပ်၍ထိုင်ကာ နောက်ဖက်မှ မေမေ့ကို သိမ်းဖက်ထားပါသည်။

"မေမေက သနပ်ခါးနဲ့ မွှေးနေတာပဲ၊ အဆွေးဆီက ချွေး စော်နံလား မေမေ"

"မနံပါဘူး သမီးရယ်၊ ဒီညနေ သမီးတို့ စောစောပြန်ကြ ချည်နော်၊ မနက်ရုံးသွားရ၊ အပြန်ကျ ဆေးရုံတန်းဝင်၊ မိုးချုပ်မှပြန်နဲ့ ပင်ပန်းတယ်ကွယ်"

"မပင်ပန်းပါဘူး မေမေကလည်း၊ ခုပဲရောက်တယ် ခုပဲ နှင်ချင်နေပြီ"

အဆွေး မျက်ရည်လည်လာတာကို နိုင်ရန်ကမြင်၍ အဆွေး အသံတုန်မလာခင် ကိုယ်က စကားဖြတ်ပြောထားလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဆွေးကို ခွင့်ယူခိုင်းတာ သူက နောက်မှယူမယ်တဲ့ အန်တီ"

"အေးပေါ့၊ ဆေးရုံလာကြည့်ဖို့သာ ခွင့်ယူနေရရင် ရက်ရှည်ကြီး ဆက်နေမှာပေါ့ မောင်နိုင်ရန်၊ အန်တီလည်း နေလို့ရတာပဲ၊ အဆွေး တစ်နေကုန် စောင့်ဖို့လည်း လိုမှမလိုသေးတာ၊ ခွင့်မယူသေးလို့ ရပါတယ်"

"ရုံးကလူတွေကလည်း သတင်းမေး လာချင်ကြတာ အန်တီ၊ ကျွန်တော်က လူရှုပ်ရင် မျက်စိနောက် နားညည်းစရာဖြစ်မှာစိုးလို့ မလာကြနဲ့ ပြောထားတယ်"

"မလာကြပါစေနဲ့ကွယ်၊ မျက်စိနောက်လို့ မဟုတ်ပါဘူး၊ တကူးတက ပင်ပန်းကြမှာ စိုးလို့ပါ"

"မာမီကတော့ နက်ဖြန်မနက်ပိုင်း လာသတင်းမေးဦးမယ် ပြောတယ် အန်တီ၊ ညနေဆို လူများမှာစိုးလို့"

"ရပါတယ် မောင်နိုင်ရန်ရယ် ... သားမာမီကို ပြောပါ၊ တကူးတက ရှိလှပါတယ်၊ အန်တီလည်း ရောဂါဖြစ်မယ့်သာ ဖြစ်နေတာ၊ ဒီလောက်ကြီးလည်း ဝေဒနာဆိုးဝါးမနေပါဘူး"

"ဆရာဝန်ကြီးက ရောဂါအခြေအနေ ဘာပြောလဲ မသိဘူး အန်တီ"

နိုင်ရန်က မသိမသာအစ်၍ မေးစမ်းကြည့်လိုက်ပါသည်။ ဒေါ်ဖြူသဲက အသာယှဲယှဲ အတန်ကြာပြုံးနေပြီးမှ ...





"သား အန်ကယ်လ် ကိုမိုးညို မပြောပြဘူးလား"

"အန်ကယ်လ်နဲ့ သေချာစကားမပြောဖြစ်သေးလို့ပါ"

"သူ့တော့ ဆရာဝန်ကြီးက ပြောပြမှာပါ၊ အန်တီ့တော့ ဆရာဝန်ကြီးက ဘာမှ မပြောပါဘူးကွယ်၊ ကိုမိုးညိုက အန်တီ့ကိုပြောတော့ အသည်းမှာ အနာလေးလိုလို အကြိတ်လေးလိုလို ရှိနေတယ် ပြောတာပဲ၊ ဒီအကြိတ်လေး သေးသွားအောင် ဆေးပဲစားရမယ်ပြောတယ်၊ ခွဲစရာ မလိုဘူးတဲ့၊ ဆေးစားရင်းနဲ့ပဲ သေးပြီးပျောက်သွားမယ်တဲ့"

"ဩော် ... ဒါဆို မဆိုးပါဘူး အန်တီ၊ သောက်ဆေးကတော့ ဘာဆေးပဲ ညွှန်ညွှန် ဒီမှာမရရင်တောင် ရအောင်ရှာပြီး မှာပေးဖို့ ကျွန်တော် တာဝန်ယူပါတယ်"

"ကျေးဇူးပါပဲ သားရယ်၊ ခုထိတော့ ဝယ်လို့ရနေပါတယ်"

"ဆေးသောက်နေတော့ အန်တီ သက်တော့ သက်သာတယ် မို့လား"

"အင်း ... သက်သာလား မသက်သာလားလည်း ကိုယ့်ဟာကိုယ် မဝေခွဲတတ်ပါဘူးကွယ်၊ အန်တီကတော့ မကြောက်ပါဘူး၊ ပျောက်သွားလည်းပျောက်ပေါ့၊ ကုမရလို့ သေလည်းသေပေါ့ကွယ်၊ ကိုယ် ကံကုန်နေ့စေ့ရင် လူဆိုတာ သေမျိုးပဲဟာ"

"အို ... မေမေကလည်း ..."



www.burmeseclassic.com

www.burmeseclassic.com



အဆွေးက မကျေမချမ်း ကန့်ကွက်သံပြုကာ သူ့အမေ ကျောဘက်မှာ မျက်ရည်စီးသုတ်နေပါသည်။

"ကောင်းသွားမှာပါ အန်တီ၊ ဒီဆရာဝန်ကြီးကလည်း ဆော်ပါတယ်"

"အင်းပေါ့လေ၊ နေရမယ်ဆိုလည်း အတိုင်းထက် အလွန်ပေါ့၊ သေရမယ်ဆိုလည်း အန်တီ ဒီသမီးကို စိတ်ချပါတယ်၊ သူ့အဖေ ကိုမိုးညိုရော သားမောင်နိုင်ရန်ရော ရှိနေမှ ဘာစိတ်မချစရာရှိလဲ"

"အဲဒီစကားမျိုးတွေ မပြောပါနဲ့ဆို မေမေကလည်း ..."

"လိုလို မလိုလို ကြိုပြောထားတာပါ သမီးရယ်၊ မောင်နိုင်ရန်ကိုလည်း အန်တီက အနူးအညွတ် တောင်းဆိုချင်တယ်၊ အဆွေးကို ကြင်ကြင်နာနာနဲ့ ရိုးမြေကျ ပေါင်းပါလို့"

"တောင်းဆိုစရာ မလိုပါဘူး အန်တီရယ်၊ စိတ်ချပါ။ အန်တီ နေကောင်းလာရင် စေ့စပ်ထားတော့မလားလို့ တောင် ကျွန်တော် စိတ်ကူးတယ်၊ မာမီတို့ကလည်း ကျွန်တော်တို့နှစ်ယောက် သဘောပဲ"

"ကောင်းပါတယ်၊ သားတို့သဘောပါ၊ သားနဲ့သမီး စိတ်ချမ်းသာဖို့ ပျော်ရွှင်ဖို့ကိုပဲ အန်တီ အလိုရှိတယ်၊ တစ်ယောက်ကိုတစ်ယောက် ကြင်ကြင်နာနာ သစ္စာရှိပါ၊ အပြစ်ရှိလည်း တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်ကြပါ"





"ဟုတ်ကဲ့ ... အန်တီ"

"နှစ်ဖက်လူကြီးမိဘတွေ အနေနဲ့ ကန့်ကွက်ဖို့ မရှိဘူး၊ သဘောတူ ကြည်ဖြူကြတယ်ဆိုတာ အင်မတန် မင်္ဂလာရှိတာပဲ၊ အပြန်အလှန်ချစ်တဲ့သူချင်း ပေါင်းကြရတယ်ဆိုတာဟာလည်း အင်မတန်ကို ကုသိုလ်ကောင်းလို့၊ အဲဒီအတွက် အန်တီ သိပ်ဝမ်းသာပါတယ်"

ဒေါ်ဖြူညဲက သူမရဲ့ ဝမ်းဗိုက်နေရာမှာ သိုင်းဖက်ထားသည့် အဆွေးရဲ့ လက်ကလေးကို အုပ်ကိုင်ပွတ်သပ်နေသည်။ အဆွေးသည် ရင်ထဲ နင့်တင့်တင့် ရှိရင်းမှ မေမေ့စကားဆိုကို အတွေးနက်နေမိပါသည်။

မေမေ့ကျတော့ ချစ်တဲ့သူချင်း မပေါင်းရဘူးပေါ့နော်။ လူကြီးမိဘ စီစဉ်ရာကို သဘောတူ လက်ခံခဲ့ရတာမို့ ကုသိုလ်ကံ မကောင်းဘူးဆိုသည့် သဘောလား။ အဆွေး သူငယ်ချင်း ဝင်းလဲ့ရဲ့ မိဘနှစ်ပါးဟာ လူကြီးတွေ ပေးစားလို့ ယူခဲ့ကြတာ မင်္ဂလာမဆောင်ခင် တစ်ပတ်အလိုကျမှ မြင်ဖူးကြသည်ဟု ဝင်းလဲ့ ပြောဖူးပါသည်။

အဲဒီ အန်ကယ်ဝင်းနဲ့ အန်တီခင် ကျတော့ရော ...။ အသက်တပါး ဟေးလားဟားလား နေတတ်ကြကာ သူတို့မိသားစုလေးဟာ သာယာချမ်းမြေ့လို့ပဲ။ ဝင်းလဲ့ အဖေနှင့် အမေဟာလည်း ဘယ်တော့ကြည့်ကြည့် ပျော်ရွှင်နေကြလျက်ပဲ။

လူကြီးစီစဉ်ရာ နာခံရတာချင်းတူတူ မေမေတာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းလဲ့ အမေလို ဘာကြောင့် စိတ်ချမ်းသာ ပျော်ရွှင်မှု မရှိနိုင်ခဲ့ရတာလဲ။ ဖေဖေ့အပေါ် လေးစားအားကိုးပါလျက် ဘာကြောင့် စိတ်ချမ်းသာ လက်ချမ်းသာ မရှိခဲ့ရတာလဲ။ မေမေ့ဘဝကြီးဟာ တစ်လျှောက်လုံး ဘာကြောင့် အေးစက်ခြောက်ကပ်နေရပါသလဲ။

ဝင်းလဲ့ အမေကတော့ သူ့ယောကျ်ားကို ချစ်နိုင်ခဲ့လို့ ... မေမေကတော့ ဖေဖေ့ကို မချစ်နိုင်ခဲ့လို့၊ အဲလိုများလား။

"ဖေဖေကလည်း ဒီနေ့ နောက်ကျလိုက်တာ"

"နေ့လယ်က ဖေဖေ ဒီကို တစ်ခေါက်ဝင်ခဲ့သေးတယ် သမီးရဲ့၊ ဒီညနေ နည်းနည်းနောက်ကျမယ် ပြောတယ်၊ သမီး ဖေဖေ့ကို စောင့်မနေနဲ့၊ အရင်ပြန်ရင် ပြန်နှင့်"

"မေမေကလည်း နှင်ချည်းလွှတ်နေတာပဲ"

"သမီး နားရအောင်ပါ"

"အိမ်မှာလည်း ဘာမှ လုပ်စရာရှိတာမှ မဟုတ်ဘဲဟာ"

"မေမေ ထူထောင်နေတုန်း သမီး နားထားပေါ့ကွယ်၊ တကယ်လို့များ နေ့မအိပ် ညမအိပ် ပြုစုကြည့်ရှုဖို့ လိုတယ် ဆိုတာမျိုး ဖြစ်လာခဲ့ရင် သမီး နားလို့ရမှာ မဟုတ်တော့ဘူးလေ ... ဒါကြောင့် ပြောတာပါ"

ဒေါ်ဖြူသဲက အဆွေးရဲ့ လက်ကလေးကို ပုတ်ကာ ပုတ်ကာ နှစ်သိမ့်နေပါသည်။ ကိုယ့်ရဲ့ အသက်သွေးခဲ ဒီသမီးကလေးကို စွန့်ခွာထားရစ်ခဲ့ရဖို့များ တွေးကြည့်ရုံနှင့်ပင် ကြေကွဲလှပါဘိတော့။





တိတိကျကျကြီး သိခွင့်မရပေမယ့် ဒေါ်ဖြူသဲသည် သူမကိုယ်သူမ အခြေအနေ မကောင်းလှဘူး ဆိုသည်လောက်တော့ ကိုယ်ခံစားရသည့် ဝေဒနာနှင့် နှိုင်းယှဉ်တွက်ဆ၍ သိပါသည်။ အစားအသောက်ပျက်ကာ တရှောင်ရှောင် စ,ဖြစ်ခဲ့တာသည် လပေါင်းများစွာ ရှည်ကြာခဲ့ပြီပဲ။ ကိုယ့်ဘာသာပင် အပရိကဝေဒနာ ထင်၍ ဘယ်သူ့မှ မပြောမနေ ဒုက္ခပေးမနေဘဲ ကျိတ်မှိတ်၍ စားဝင်လာနိုးနိုး သက်သာလာနိုးနိုး မျှော်သိပ်နေခဲ့သည်က အကြာကြီး။ မလှုပ်ချင် မရှားချင် ဖိစီးနွမ်းနယ်၍ အားအင်ကုန်ခန်းမောဟိုက်လာတာ၊ ပို၍ အစားအသောက် ပျက်လာတာ၊ ရင်ထဲဝမ်းထဲက တင်းကျပ်ကျပ် အောင့်သက်သက် နာကျင်ကျင် ခံစားလာရတာတွေ စိပ်လာမှ မိသားစုကို သဘောလောက် ပြောပြခဲ့တာ။

ထိုသို့ ခပ်ပေါ့ပေါ့ကလေး အသိပေးပြီး အိမ်အနီးအနားက ဆရာဝန်နှင့်ပဲ မအီမသာရှိမှ သွားပြ၊ နေသာလျှင်နေလိုက်နှင့် နေလာခဲ့သည်ကပဲ လပေါင်းမနည်းတော့။ ဆရာဝန်ပြတဲ့အခါမှာလည်း ထမင်းစားမဝင်လို့၊ ဗိုက်နည်းနည်းအောင့်လို့၊ အီမသာရှိလို့ စသဖြင့် မရေရာသော အကြောင်းပြချက်မျိုးမျှလောက်နှင့်သာ ပြဖြစ်ခဲ့သည်ဖြစ်၍ ဆရာဝန်ကလည်း ကောင်းကောင်းရာရာ အားဆေးလေးတွေတိုက်၊ ဘာတိုက်နှင့် ထိထိရောက်ရောက် စစ်ဆေးစမ်းသပ် မပြုခဲ့မိပါ။

ခုမှသာ။ ဒေါ်ဖြူသဲရဲ့ ရုပ်သွင်ဟာ မနှစ်ကနဲ့မတူအောင် ပိန်ချုံးချောင်ကျကာ အသားတွေပါ ညိုခြောက်လျက်



www.burmeseclassic.com

www.burmeseclassic.com



မျှော်တွေ လက်လျှော့ ဖောတဲ့အခါဖော၊ မောတဲ့အခါမောနှင့် ဗိုက်ခေါင်းအောင်းအောင်းဖြစ်ကာ အတော်သံသယဝင်စရာ ကောင်းလာ ဦးမိုးညိုက နှုတ်မရမကပင် ရောဂါရှာဖွေရေး သမားတော်ကြီးတစ် ဦးဆီ ခေါ်သွားတော့တာ။

ကိုယ့်ဟာနှင့်ကိုယ်သာ ဆိုလျှင်တော့ ဒီလောက် ခစ်စစ်ပေါက်ပေါက် ခေါင်းဆုံးခြေဆုံး စစ်ဆေးရောဂါရှာတာမျိုး လုပ်ဖြစ်မှာပင် မဟုတ်။ သေစရာရှိ လုံးပါးပါးပြီး ဖြည်းဖြည်း ချင်း တရိရိ သေသွားတော့မှာပင်။ ခုတော့ ဆရာဝန်ကြီးက ဆေးရုံလည်း တက်ခိုင်းခဲ့ပြီ။ ကိုယ့်ဝေဒနာဟာ မသက်သာဘဲ တတိတိသာ တိုးလာတာ ကိုယ်တိုင် ခံစားရ၍ အသိဆုံးပါပဲ။

အသည်းမှာ တစ်စုံတစ်ရာ ဆိုတာကိုသာ သိရပေ မယ့် ဘယ်သူမှ ဖွင့်မပြောပေမယ့် ကိုယ့်ဟာကိုယ် ငါ "ကင်ဆာ" ဆိုတာ ဖြစ်နေသလား မသိဘူးရယ်လို့ အလိုအလျောက် ထင်မိ သည်။ သူ့ရဲ့ Day nurse, night nurse နှစ်ယောက်စလုံးကို "ကျွန်မ ကင်ဆာများ ဖြစ်နေသလား"ရယ်လို့ မေးကြည့်တော့ မဟုတ်ပါဘူး အန်တီရယ်လို့ သင်ထားသည် ထင်ရအောင် ညီညွတ် ဖြေကြပေမယ့် ရိုးသားသော ကရင်တိုင်းရင်းသူ ဆရာမလေးများ ဖြစ်၍ မျက်နှာလေးတွေ စိတ်လက်မကောင်းသလို ပျက်သွားတတ် တာကိုလည်း ရိပ်မိနေပါသည်။

ဆိုးတာက ကိုယ့်ရဲ့ခုတင်ခြေရင်းက Chart ကို ကိုယ်ကြည့်ခွင့် မရခြင်းပင်။ ကြည့်ခွင့်မရတာကိုက ဆိုးဆိုးဝါး





ဝါး ရောဂါမို့ပဲဆိုတာ သိသာစေသည်။ Chart ကိုသာ ကြည့်ခွင့် ရလျှင် ဆေးပညာ အသုံးအနှုန်း အခေါ်အဝေါ်တွေ အကျွမ်းဝင် ကြီး မဟုတ်ပေမယ့် တက္ကသိုလ်ဒုတိယနှစ်ထိ ရောက်ခဲ့ဖူးသူဖြစ် ၍ ခန့်မှန်းခြေတော့ သိနိုင်မည်ပင်။

ဥပမာ ... C.A ဆိုတဲ့ စာလုံးမျိုး တွေ့ရပြီဆိုရင့် ကင်ဆာပဲ ဆိုတာလောက်တော့ ကြားဖူးနားဝ ဗဟုသုတရှိသည်။ အချက်ချက်တို့ကြောင့် ကိုယ့်ရောဂါဟာ အနေးနဲ့အမြန်သာကွာ ပြီး မျှော်လင့်ချက် သိပ်မရှိနိုင်သည့် စိတ်ထိခိုက်ဖွယ် ရောဂါဆို တာကို အလိုလိုပင် သိနေပါပြီ။

ဒါကို သိနေမိတဲ့အခါ သေရမှာကိုထူး၍ မတုန်လှုပ် ပါ။ သမီးလေးကို ခွဲသွားနိုင်ဖို့ စိတ်မမွေးနိုင်ပေမယ့် စိတ်မချ လောက်အောင်လည်း နောက်ဆံမငင်ပါ။ သမီးရဲ့ဖေဖေ ဦးမိုးညို ကို ကြည်ညိုလေးစားစွာ ဒေါ်ဖြူသဲက စိတ်ချပါသည်။ သမီးကို မျက်နှာအညိုးခံမှာ မဟုတ်၊ အနိမ့်ကျခံမှာ မဟုတ်၊ စိတ်ဆင်းရဲ စေမှာ မဟုတ် ဆိုတာ ယုံကြည်သေချာသည်။

ဒါ့အပြင် သမီးရဲ့ချစ်သူ မောင်နိုင်ရန်။

လိမ္မာသော သမီးလေးက အိမ်ကို အသိပေး တင် ပြရွေးချယ်ထားခဲ့သည့် သမီးရဲ့ချစ်သူကလေး နိုင်ရန်ဟာ သမီး အရွေးကို အင်တန် ချစ်ရှာပါသည်။ လူကောင်းလည်း လူကောင်း ကလေး။ လူကြီးသူမလည်း ရိုသေသိတတ်သူ။ သူ့အလုပ်ပိုင် ကုမ္ပဏီမှာလည်း အလုပ်ဝင်လုပ်နေ၍ အရည်အချင်းရှိသူ။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံကြွယ်ဝမှုကတော့ လိုတာထက်ပင် ပိုပါသေးသည်။ နိုင်ရန့် အဖေဟာ နာမည်ကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်၍ လုပ်သမျှ အောင်မြင်မြတ်စွန်းကာ စီးပွားတွေ ဒီရေအလား တရိပ်ရိပ်သာ တိုးနေတဲ့သူ။ နိုင်ရန်ကလည်း တစ်ဦးတည်းသောသား။ ကြွယ်ဝချမ်းသာသော သူဌေးတွေပေမယ့် မောက်မောက်မာမာလည်းမရှိ။

နိုင်ရန့် အိမ်က အလှူပွဲတစ်ခုကို သားအမိနှစ်ဦး သွားဖူးပြီးဖြစ်၍ နိုင်ရန့်အမေရဲ့ ပျူငှာဖော်ရွေစွာ ဆီးကြိုလက်သင့်ခံနိုင်မှုကိုလည်း သိခဲ့ရပြီးပြီ။ အတိအလင်း စကားမပြောကြရသေးသည့်တိုင် နှစ်ဖက်စလုံး ကျေနပ်ကြည်ဖြူပြီးသား။

နောက်ဆုံး နိုင်ရန်နဲ့ လွဲဦးတော့ … ကိုယ်တို့မိသားစု ကိုယ်တိုင်ဟာလည်း ချို့ချို့ငဲ့ငဲ့မှ မဟုတ်တာ။ အိမ်ထောင်ဦးတုန်းက ရုန်းကန်ခဲ့ရပေမယ့် ခုတော့ ဦးမိုးညိုဟာ စာရင်းကိုင်ကုမ္ပဏီလုပ်ငန်းတစ်ခု ထူထောင်ထားနိုင်ကာ ကုမ္ပဏီကြီးများ၊ စက်ရုံကြီးများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ဟိုတယ်နှင့်စားသောက်ဆိုင်ကြီးများ စသည့် ဖောက်သည်လုပ်ငန်းရှင်ကြီးများ အတော်များများရဲ့ စာရင်းကိုင် စာရင်းစစ် စာရင်းအင်း အကြံပေးအဖြစ် ဝင်ငွေများစွာ ရရှိအောင်မြင်နေသူပါ။

စိတ်မချစရာတော့ ဘယ်ဘက်ကမှမရှိ။ မိသားစုကို ခွဲခွာရမည့်အတွက်သာ ကြေကွဲဆို့နင့်မိသည်။ ဒါပေမယ့် … အသက်ရှင်နေရတော့ကော … သူမ ပျော်တာမို့လား။ စိတ်ညစ်စရာ ဘာမှ





မရှိသော မိသားစုသိုက်မြုံအတွင်း စိတ်မညစ်ရတာသာရှိလျက် မပျော်ရွှင်ခဲ့ရတာကတော့ သမီးတစ်သက် ရှိပြီလေ။

အသက်လေးဆယ်ရှိမှ ရှုးရှူးနမ်းနမ်း ကဗျာဆန်စကား ပြောသည်ပဲ ဝေဖန်ချင် ဝေဖန်၊ ဒေါ်ဖြူသဲရဲ့ အသည်းနှလုံးဟာ သမီးတစ်သက် ကွဲအက်ကြေပြုံး သေဆုံးခဲ့တာမို့ နှစ်ဆယ့်တစ်နှစ်တိုင်တိုင် ရှိခဲ့ပါပြီ။ အသည်းနှလုံး ကွဲအက်ကြေပြုံး သေဆုံးသွားကတည်းက ပျော်ရွှင်ချမ်းမြေ့ခြင်း ဆိုတာကို မခံစားခဲ့ရတော့တာ။ လူမသေသော်လည်း ခံစားချက်တို့ သေခဲ့ပြီမို့ သမီးသာ လောကမှာ ရှိမလာခဲ့ရင် ခပ်စောစောကတည်းကပင် သေချင်နေတဲ့သူပါ။

လောကမှာ စိတ်မဆင်းရဲတိုင်းလည်း စိတ်ချမ်းသာရခြင်း မဟုတ်ပါ။ စိတ်မညစ်ရတိုင်းလည်း ပျော်ရွှင်ခြင်း မဟုတ်ပါ။ ဒီလိုဘဝမှာ အခုသေချင်လည်း သေသွားပါစေ။ သမီးလေး ကြေကွဲတမ်းတကျန်ရစ်မှာ တစ်ခုကလွဲလျှင် တခြားဘာကိုမှ တွေးမပူပါ။ မကြောင့်ကြပါတည်း။

“ကဲ … သမီး … သမီးဗိုက်ဆာရောပေါ့၊ မောင်နိုင်ရန်လည်း ဗိုက်ဆာရောပေါ့ကွယ်၊ မောင်နိုင်ရန်က သမီးကို ပြန်ပို့မှာ မဟုတ်လား”

“ဟုတ်ကဲ့ … ပို့မှာပါ အန်တီ”

“ဒါဖြင့် သမီးနဲ့ ဒေါ်အေးမြ ပြန်နှင့်ကြ”

“မေမေကလည်း …”



www.burmeseclassic.com

www.burmeseclassic.com



"သွားပါ သမီးရယ် ... အိမ်ကျ ထမင်းစား၊ ရေးမိုးချိုး နားလိုက်၊ မနက်လည်း ရုံးမသွားခင် တစ်ခေါက်ဝင်နေ သေးတာပဲဟာ၊ မေမေလည်း နားချင်တယ်"

"မေမေ ထိုင်စကားပြောရတာ မောနေလို့လားဟင်၊ မေမေ အိပ်နေပါ၊ အဆွေး ဘေးမှာ ငြိမ်ငြိမ်လေး နေပါ့မယ် _ စကားမပြောတော့ဘူး"

"နားချင်တာလည်း အမှန်ပဲ၊ သမီးက ဘယ်လိုပြောပြော သမီးရော မောင့်နိုင်ရန်ရော ရှိနေရက်နဲ့တော့ ဘယ်နောက် ဆံတင်းတင်း အိပ်လိုက်နိုင်မလဲကွယ်၊ ရှိနေသမျှ စကား ပြောချင်နေဦးမှာ"

အဆွေး ခမျာ ဇောဒကမတက်နိုင်တော့ဘဲ ဝမ်းနည်း သွားပါသည်။ မေမေ နားချင်နေလျက် အဆွေးတို့ရှိ၍ စိတ်ဖြောင့်ဘူး ဆိုတော့လည်း မေမေ နားရဖို့သာ ဦးစားပေးလိုသည်။

"ဒါဖြင့်တော့လည်း အဆွေး ပြန်ပါ့မယ် မေမေရယ်"

"အေး ... ပြန်ပါ သမီးရယ်၊ မေမေရော သမီးရော နားရ တာပေါ့"

အကြာကြီး သံသရာခရီးမှာ အပြီးခွဲရကာနီးကာမှ သမီးနှင့် အချိန်ပြည့် တကပ်ကပ် တတွဲတွဲ မနေလိုပါ။ ကိုယ့် အတွက် ကိစ္စမရှိဘဲ သမီးနှလုံးသားမှာ ဒဏ်ရာပိုကြီးကြီး ကျန် ရစ်မှာ။ တတ်နိုင်သမျှ တစ်နေ့တွေ့ချိန်ကို နာရီနည်းနည်းချင်း လျှော့ကာလျှော့ကာ ခွဲခွာရခြင်း၌ သမီး အကျင့်ရစေလိုပါသည်။





ဒါကြောင့် ညစောင့်အိပ်ဖို့ပင် သမီးကိုခွင့်မပြုခဲ့။ တစ်နေ့တာမှာ အမေနှင့်တွေ့ရချိန်နည်းလေ ကောင်းလေ။ အပြီး ခွဲရတဲ့အခါ ပို၍ ဖြေသိမ့်နေတတ်မည် ထင်သည်။ ဖြစ်နိုင်ရင် နောက်ဆုံးအချိန်ပိုင်းမှာပင် သမီး မတွေ့မမြင်ရစေလိုပါ။ တတ် နိုင်သမျှ အမေကို သက်သောင့်သက်သာ သမီး ခွဲခွာနိုင်စေချင် တာ။

"သမီး နက်ဖြန်လာရင် မေမေ့အတွက် ဆွယ်တာယူခဲ့ပါဦး၊ ဒီမှာ အဲကွန်းနဲ့ဆိုတော့ နည်းနည်းအေးတယ်"

"ဆွယ်တာနှစ်ထည် ဒီမှာ ပို့ပေးထားတယ်လေ မေမေ"

ဒေါ်ဖြူသဲ မျက်နှာက တစ်မျိုးကလေး ဖြစ်သွားရ ကာ ...

"ဒါပေမယ့် ပိုးခေါင်းစွပ်ဆွယ်တာ မီးခိုးနဲ့ နီညိုစင်းပွပွ လေး ယူခဲ့ပါဦး၊ အဲဒါလေးက ချောင်ချိပြီး ပိုနွေးသလား လို့"

အဆွေးက မေမေ့ကို စိုက်ကြည့်ကာ ခေါင်းသာညိတ် လိုက်ပါသည်။ နည်းနည်းကလေး အေးတိုင်း၊ သရီးသရီ နာဖျား တိုင်း အမြဲတမ်း တစ်ပွေ့ပွေ့ တစ်ပိုက်ပိုက်နှင့် မချွတ်ချင်သ လောက် မေမေ စွဲလမ်းတဲ့ ဆွယ်တာအဟောင်းကလေး။ မေမေ နှစ်သက်မြတ်နိုးမှုကို ဖေဖေရော အဆွေးပါ သတိပြုမိတဲ့ထိ ဖြစ် ရတဲ့ ဆွယ်တာဟောင်းလေးကို မေမေက မှာနေတာ။

"သားရေ ... ဖုန်းပေးခဲ့တာ ကျေးဇူးပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး အန်တီရယ်၊ ဘာမှအပန်းကြီးတာလဲ မဟုတ်ပါဘူး"

"မေမေ ညကျ ဘယ်နနာရီ အိပ်ပြီလဲ၊ အဆွေး ဖုန်းတစ်ခေါက် ဆက်လိုက်မယ်နော်"

"ဆက်ကြည့်လေ သမီး၊ မေမေက အိပ်ချိန်မမှန်ပါဘူး။ မေမေ အိပ်သွားတော့လည်း ဆရာမနဲ့ ပြောပေါ့"

အဆွေးက မျက်ရည်ဝဲသွားပြီး ...

"ဘာစကားမှ ပြောဖို့မဟုတ်ပါဘူး၊ မေမေ အိပ်ခါနီး ဂွဒ်နိုက်လုပ်ချင်တာပါ၊ ဒါဖြင့် မေမေ ဆက်လိုက်နော် ဆရာမကို ခေါ်ခိုင်းလေ"

"အေး ... အေး ... ကိုးနာရီလောက် မေမေ ဆက်လိုက်မယ်လေ၊ နော် ... သမီး"

အဆွေးနဲ့ မေမေ ပြန်ခါနီး အပြန်အလှန်ဖက်ကာ တစ်ယောက်ပါး တစ်ယောက်မွှေးရှိုက် နှုတ်ဆက်သည်။ အခန်းပြင်ရောက်သည်နှင့် အဆွေး ပါးပြင်ပေါ် မျက်ရည်တွေ စီးပြိုကျလာရတော့သည်သာ။

"အဆွေး"

နိုင်ရန်က သူ့ပါ မချိသလို ခပ်ညည်းညည်း ရေရွတ်သတိပေးသည်။ အဆွေး မျက်ရည်ကျလျှင် မနေတတ် မထိုင်တတ် ကူးစက်ခံစား ကြေကွဲတတ်သည့် ချစ်သူဆိုကာသိ၍ အဆွေးက မငိုမိအောင်ကျိတ်ကာ အပြန်ကားပေါ်မှာ ငေးငြိမ်ကာ ပါလာ၏





သည်။ ညအိပ်ရာထဲကျမှပဲ တစ်ယောက်တည်း ဝမ်းနည်းပက်လက်ငိုပါတော့မည်။

ဖေဖေလည်း ကျိတ်ငိုချင် ငိုမှာပဲ။

မေမေလည်း ဆေးရုံမှာ တိတ်တိတ်လေး မျက်ရည်ကျချင် ကျမှာပဲ။

အဆွေးတို့ထံမှ အပြီးတိုင် ခွဲခွာသွားရတော့မည်ဖြစ်သော မေမေ့အတွက် နောက်ဆုံးအနေနှင့် အဆွေး ဘာများလုပ်ဆောင်နိုင်သလဲ။ ဘယ်လိုနှစ်သိမ့်မှု ပေးနိုင်မလဲ။ ဘယ်လိုကျေးဇူးဆပ်နိုင်မလဲ။ ဘယ်လိုအပြုအမူ၊ ဘယ်လိုပေးဆပ်မှုဟာ မေမေ အသက်ရှင်စဉ်အတွင်း အထိရောက်ဆုံး ဖြစ်နိုင်မလဲ အဆွေးသိချင်လှပါဘိ။

"မေမေ့ကို ကြည့်ရတာ အဆွေးနဲ့ ရန့်ရဲ့ ချစ်သူအဖြစ်ကို ဝမ်းနည်းဝမ်းသာကြီးလိုလိုပဲနော် ရန်"

အဆွေးက ရုတ်တရက် ပြောလိုက်၍ နိုင်ရန်က ကြည့်ကာ ...

"ဝမ်းသာတာပဲ မဟုတ်ဘူးလား အဆွေးရဲ့"

"ဝမ်းနည်းတာလည်း ပါသလိုပဲ ရန်၊ ချစ်သူချင်း ပေါင်းရတာ နည်းတဲ့ကုသိုလ်ကံ မဟုတ်ဘူး ... ကုသိုလ်ကံကောင်းတာတို့ ဘာတို့ ပြောနေတော့ အဆွေး တစ်ခုတွေးမိတယ်"

"ဘာလဲ အဆွေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မချော ငယ်ငယ်က ချစ်သူရှိခဲ့ဖူး ... ချစ်သူနဲ့ ကွဲခဲ့ဖူး လား မသိဘူးနော်"

"ဟင် _ အဒွေးကလည်း၊ ဓာတ်လမ်းဆင် တွေးနေပြန်ပြီ"

"မေမေနဲ့ ဖေဖေက သားဘီက လူကြီးသူမတွေ စပ်ဟပ်ပေး စားခဲ့လို့ ယူခဲ့ရတာတဲ့ ရန်ရဲ့၊ ဖေဖေကသာ မေမေ့ကိုချစ်လို့ လက်ထပ်ခဲ့တာတဲ့၊ မေမေက ဖေဖေ့ကို ချစ်လို့လက်ထပ်ခဲ့တာ မဟုတ်ဘူးတဲ့ ... ဖေဖေ ပြောတယ် ရန်"

နိုင်ရန်က ပြုံးရင်း အဒွေး ခေါင်းလေးကို တစ်ချက် အသာပုတ်လိုက်ကာ ...

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့၊ ဒါကို ခုချိန်မျိုးမှာ နောက်တစ်မျိုး ခေါင်းရှုပ်ခံပြီး စဉ်းစားနေစရာလား အဒွေးရဲ့"

"အလိုလို စဉ်းစားမိတာပဲ ရန်၊ မေမေဟာ ချစ်သူနဲ့ ကွဲခဲ့ဖူးပုံရတယ်"

"ကွဲတော့ကောကွာ၊ အဒွေး ဒီအသက်အရွယ် ရောက်နေမှတော့ ဒီကိစ္စဟာလည်း အန်တီ့ဆီမှာ မှေးမှိန်ရောပေါ့ အဒွေးရဲ့"

"မှေးမှိန်ပုံ မရသေးဘူး ရန်၊ မေမေဟာ တစ်သက်လုံး ဟက်ဟက်ပက်ပက် ဘယ်တုန်းက ပျော်ခဲ့ဖူးလို့လဲ၊ ရန်က မှ သေချာမသိတာ"

"ဩော် ... အဒွေးရယ်၊ ဘာတွေများ ဒီအချိန်မှာ စိတ်ကူးပေါက်နေရတာလဲ"





နိုင်ရန့် အမေးကို အဒွေးက နှုတ်ဆိတ်နေလိုက်ပါသည်။ အတွေးဆိုတာ သူ့ဘာသာ တရစပ် ပြေးနေတတ်တာ။ နှတ်မတွေးမိအောင် အတွေးကို ချုပ်နှောင် ထိတ်တုံးခတ်ထားလို့မှ မရတာ။ ခုဆိုရင်ပဲ မေမေ စွဲလမ်းမြတ်နိုး နှစ်သက်လှတဲ့ ဆွယ်တာလေးဟာ ဘာအထိမ်းအမှတ် ရှိဖူးသလဲလို့ တွေးနေမိပြန်ပြီ။ အင်မတန်မှကို ဟောင်းနွမ်းလှပြီဖြစ်တဲ့ ဆွယ်တာလေးကို အိမ်မှာတင်မဟုတ်ဘဲ ဆေးရုံထိတောင် တမ်းတမ်းတတ တောင်းယူတယ်ဆိုတော့ အဒွေး အံ့အားသင့်မိတာပင်။



www.burmeseclassic.com

www.burmeseclassic.com









## ၂

အဆွေးသည် စတိုခန်းထဲက ရေးဟောင်းပုံစံ ကျွန်းဗီရိုကြီးကို ဖွင့်လိုက်ပါသည်။ ဗီရိုကြီးဟာ အဆွေး တစ်ရပ်ထက်မြင့်၍ ရှေ့မျက်နှာစာ တံခါးနှစ်ချပ်စလုံးဟာ အမျိုးအစားကောင်း ရေးဟောင်းမှန်ကြီးနှစ်ချပ် ဖြစ်ပါသည်။ ပြဒါးကွက်ခြင်း မှုန်ခြင်း မှိုင်းခြင်း မရှိဘဲ အင်မတန် အမျိုးကောင်းသည့် မှန်ချပ်ကြီးများ ဖြစ်၍ မေမေကလည်း ရှိရှိသေသေ သ,ထားခြင်းကြောင့် မှန်ချပ်တို့က ဝင်းလက်နေသည်။

နမ့်ဖူးစည်းမှာ ကနုတ်ပန်းအတွန့်အခက်များ၊ အောက်ခြေ အနားသတ်မှာ ကနုတ်ပန်း အတွန့်အခက်များနှင့် ခြေလေးချောင်းဟာ ပန်းပုရုပ်များမှ ခြသေ့ခြေလို ထုထုထည်ထည် ခပ်ကော့ကော့ကလေး ဖြစ်ပါသည်။ အပေါ်မှာ တစ်ဖက် အံလေးဆင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိပါ၍ အောက်ခြေမှာမှ တစ်ဖက်တစ်ချက် Drawer နှစ်ခု ပါသည်။

ဖေဖေနှင့် မေမေ့ အခန်းထဲမှာ လောလော မေမေ့အဝတ် ဖေဖေ့အဝတ် အသုံးအဆောင်တွေ ထည့်ထားသ နံရံကပ်ဗီရိုကြီး ရှိပါသည်။ ဒီစတိုခန်းထဲက ဗီရိုကြီးက ဟောင်းသော်လည်း မေမေ မပစ်ရက်သည့် အဝတ်အထည် ပစ္စည်းပစ္စယ တိုလီမိုလီတွေထားသည့် ဗီရိုကြီးပင်။

အပေါ်အံ လေးဆင့်၊ နှစ်ဖက်ပေါင်း ရှစ်ဆင့် အဝတ်အထည် ပစ္စည်းပစ္စယတို့က သပ်သပ်ရပ်ရပ် ခပ်ကျဲ ရှင်းရှင်းသာ။ ပျက်နေသော စားပွဲတင် သံစုံနာရီ၊ ကြေးမော အဟောင်းနှင့် မောင်းထုဘုတ်၊ အယ်လ်ဘမ်အဟောင်းများ၊ တုန်းက ပြောင်ပြောင်လက်လက် ရွှေခြည်ငွေခြည်ထိုး ဖဲ၊ ဘရိုက် ထဘီဟောင်းများ၊ ပဝါဟောင်းများ၊ ငွေထည်ဖြင့် ပြုလုပ်ထားသေ အုပ်ကလေးတွေ ခွက်ကလေးတွေကတော့ ပွတ်တိုက် အရော တင်မှု မရှိ၍ အညိုဝါမှိုင်းမှိုင်း တက်နေပြီ။

အဲဒီထဲက အံတစ်ဆင့်မှာတော့ မေမေ အလိုရှိသ မီးခိုးနှင့် နီညိုစင်း ခေါင်းစွပ်ဆွယ်တာလေး ရှိပါသည်။ ဆွယ်တ ကို ထုတ်ယူပြီး အဆွေးက ဗီရိုကို မပိတ်သေးဘဲ အားလုံး တစ်ခုချင်း စပ်စပ်စုစု ကိုင်ကြည့်နေမိသည်။

သော့ခတ်မထားသည့် ဒီဗီရိုကြီးထဲက ပစ္စည်း ကို ငယ်ငယ်ကတည်းက အဆွေး မြင်တွေ့ဖူးပြီးသားချည်း





ထဘီတချို့ဟာ ဘွားဘွား(မေမေ့အမေ)ရဲ့ အဝတ်အထည်များဖြစ်ပြီး သံစုံနာရီ၊ မောင်း၊ သစ်သားဗူးအစ်၊ ငွေဗူးအစ်တို့ကတော့ ဘိုးဘိုး(မေမေ့အဖေ)ရဲ့ ပစ္စည်းတွေ ဆိုတာလည်း အဆွေး သိခဲ့ဖူးပါသည်။

“ဘိုးဘိုး ဘွားဘွား ပစ္စည်းတွေ မေမေ အမှတ်တရ သိမ်းထားတာ၊ အရမ်း အဖိုးမတန်ပေမယ့် အစားထိုးဝယ်ထည့်လို့ မရတာတွေ၊ သမီး ကိုင်ကြည့်ချင်ရင် ရိုရိုသေသေ ကိုင်နော်၊ ဘာမှ မပျက်စီးစေနဲ့”

မေမေက ဤသို့ ပြောဖူးပါသည်။ ဘာမှလဲ သိပ်အဆန်းတကြယ် မပါ၍ အဆွေးလည်း သိပ်စိတ်မဝင်စားလှကာ လုံးဝ ကိုင်တွယ်မကြည့်ရှုမိတော့တာပင် ဆယ်နှစ်လောက်ရှိမလား မသိပါ။ ခုတစ်ကြိမ်တော့ အဆွေးသည် ဗီရိုထဲမှ ဆန်းဆန်းကြယ်ကြယ် ဘာများ ထပ်တွေ့ရမလဲလို့ စိတ်က အလိုလို မျှော်လင့်နေကာ ဇစ်ဇစ်စပ်စပ် ကြည့်နေမိပါသည်။

ဗီရိုရှေ့ ထိုင်ချကာ သော့ခတ်မထားသော အောက်က အံဆွဲတို့ကို ဖွင့်ကြည့်သည်။ အယ်လ်ဘမ်ထဲ သွင်းမထားသော ဘိုးဘိုးတို့ရဲ့ ငယ်စဉ်က ဓာတ်ပုံဟောင်းတချို့၊ ဘိုးဘိုးရဲ့မှတ်တမ်းစာအုပ်ဟောင်း။ မှတ်တမ်းစာအုပ်ဟာလည်း ဘာမှ စိတ်ဝင်စားစရာ မရှိပါ။ ငယ်ငယ်ကတည်းက ကြည့်ဖူးလှပြီ။

ဆေးနည်းတိုထွာတချို့ ရေးမှတ်ထားသည်။ အရေးကြီးအချက်တချို့ နေ့စွဲနှင့် မှတ်ထားသည်။ ငွေစာရင်းတချို့



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားသည်။ ဤမျှသာပါပဲ။ ဟိုဘက်အံဆွဲထဲမှာလည်း ဘိုးဘိုးနှင့် ဘွားဘွားရဲ့ မျက်မှန်ကိုင်းကျိုး အဟောင်းအပျက်၊ ကြိုးပြတ်၍ အဝတ်အိတ်လေးထဲ စုထည့်ထားသော လှပသည့် စိဖ်ပုတီးများ။

အဆွေး ငါးနှစ်သမီးရွယ်ကျမှ ဆုံးပါးခဲ့သော ဘွားဘွားရဲ့ မကွယ်လွန်မီ ဆရာဝန်ပြသထားသော ဆေးစာအုပ်၊ ဓာတ်မှန်ချပ်များ။ ဘွားဘွား အသုဘတုန်းကဝေသည့် တရားစာအုပ်ပိုအထပ်နှင့် အသုဘယပ်တောင်ဟောင်း။

မေမေက သူ အမှတ်တရ ရှိသမျှကို ဒီဗီရိုထဲထည့်သိုထားသည်ပင်။ တစ်ခုချင်းပြောလျှင် ဆုံးနိုင်ဖွယ်မထင်သည့် ပစ္စည်းပစ္စယ တိုလီမိုလီ အဟောင်းလေးများကို ကြည့်နေတုန်း အံဆွဲတစ်ခု၏ အတွင်းဖက်မှာ ပိုးဟပ်တစ်ကောင်တွေ့လိုက်၍ အဆွေး ရင်ထိတ်သွားပါသည်။

"ကြည့်စမ်း ... ပိုးဟပ်စုတ်၊ မေမေ့ဟာတွေ ကုန်တော့မှာပဲ"

အံဆွဲကို တဆုံးဆွဲ၍ အပြင်ကို လုံးလုံးထုတ်ယူလိုက်ကာ ပိုးဟပ် ထွက်သွားအောင် ထုတ်ခါပစ်လျက် အံဆွဲထောင့်ကလေးများမှ ဟိုးဟပ်ဥတို့ကိုလည်း အသာအယာ ခွာထုတ်သန့်ရှင်းပစ်လိုက်လေသည်။ အံဆွဲကို ပြန်ထည့်ကာနီးမှပင် အံဆွဲနှစ်ခုရဲ့အကြား အလယ်မှာရှိနေသော နေရာကလေးကို မြင်မိပါသည်။





အံဆွဲနှစ်ခုဟာ ပူးကပ်လျက် ရှိမည်ဆိုလျှင် ဒီဖက်အံဆွဲကို လုံးလုံးဆွဲဖယ်လိုက်တဲ့အခါ ကျန်ခဲ့တဲ့ ဟောင်းလောင်းပေါက်ကနေတစ်ဆင့် တစ်ဖက်အံဆွဲရဲ့ ဘေးသားကို တွေ့နေရမည်ဖြစ်သော်လည်း ခုတော့ အဲလိုမဟုတ်ဘဲ အလယ်နေရာလေးဟာ သူ့ဟာနှင့်သူ ဘူးအံကလေးတစ်ခုလို သီးသန့်ရှိနေလျက် လက်နှင့် စမ်းကြည့်လိုက်တော့မှ အံကလေးကို ဆွဲထုတ်စရာလက်ကိုင်နေရာကလေးပါ ထွင်းထားတာကို မြင်လိုက်ရ၍ အံ့အားသင့်နှင့် ဖြုန်းခနဲ ဘေးတိုက် ခက်ခက်ခဲခဲ ဆွဲထုတ်လိုက်မိပါသည်။

အလျားတစ်ပေ အနံလေးလက်မလောက်ပဲရှိသော အံကလေးကို ပထမအံဆွဲ ဆွဲထုတ်ထားသည့် ဟောင်းလောင်းပေါက်မှ အပြင်ရောက်အောင် လက်လျှိုနှိုက်၍ ခဲခဲယဉ်းယဉ်းဆွဲထုတ်ယူလိုက်နိုင်တဲ့အခါ အံဆွဲငယ်လေးထဲမှာ ခပ်ထူထူ စာအိတ်ရှည် ညိုညိုကလေးတစ်ခုသာ ရှိနေတာ တွေ့ရပါသည်။

အဆွေး ရင်သည် တဒိတ်ဒိတ် ခုန်လာ၏။

တစ်ခုခုပဲရယ်လို့ အလိုလို မလုံမလဲဖြစ်ကာ ထိုင်ရာမှ ကမန်းကတန်းထ,ပြီး စတိုခန်းတံခါးကို အပြေးပိတ်၍ သော့ချလိုက်ပါသည်။ မေမေ ဒီလောက် လျှို့လျှို့ဝှက်ဝှက် သိမ်းထားတဲ့ အရာတစ်ခုကို အဆွေးကလွဲ၍ တခြား ဘယ်သူမှ အလွယ်တကူ မတွေ့စေလိုပါ။

အဆွေးက နေရာတွင် လာပြန်ထိုင်ကာ ဖွင့်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



သော စာအိတ်လေးလေးလေးကို ဟ,ကြည့်လိုက်သည်။ ကိုယ်တစ်ယောက်တည်းရှိတာ သေချာတာတောင်မှ ဟိုဟိုဒီဒီ ပြတင်းပေါက်တွေဆီ ငဲ့ကြည့်မိပါသေးသည်။ ဒီအချိန်ဆို ဖေဖေ သူ့အခန်းထဲမှာ အလုပ်တွေပဲ လုပ်နေမလား၊ ဆက်တလိုက်တီဗီပဲ ကြည့်နေမလား၊ မေမေ့အကြောင်းပဲ စဉ်းစားယူကျုံးမရ ဖြစ်နေမလား မသိပါ။

ဒီဗီရိုကို တော်ရုံတန်ရုံ ဘယ်သူမှ လာကိုင်လာဖွင့်တာမဟုတ်။ ဒေါ်အေးမြကြီးပင် အတော်ကြာနေမှ တစ်ခါ ဖုန်သုတ်လှည်းကျင်းတာ။ ဗီရိုကိုတော့ ဒေါ်အေးမြကြီး ဖွင့်လေ့မရှိပါ။ ဖေဖေကတော့ စတိုခန်းထဲ ရောက်ဖို့ရာပင် အတော်ခဲယဉ်းရှားပါးပါသည်။ စတိုခန်းထဲမှ လိုတာတစ်ခုခုရှိလျှင်လည်း ဒေါ်အေးမြ, မေမေ, အဆွေး တစ်ယောက်ယောက်ကို "ယူပေးစမ်းပါ" ဟု ခိုင်းမြဲပင်။

ဒီဗီရိုကို အမြဲကိုင်တာ မေမေ။ အားလပ်နေတိုင်း ဗီရိုကိုဖွင့်၍အထဲကဟာတွေ ရှင်းတာလိုလို၊ အလွမ်းပြေ ထုတ်ကြည့်တာလိုလို၊ ဟိုကိုင်ဒီကိုင် ပြန်ထည့်နှင့် ဗီရိုအနား အကြောင်းမှာ၍ တသ,သ, ရှိတတ်သည်။

ဘာပဲဖြစ်ဖြစ် ဒီစာအိတ်ဟာ မေမေ့ပစ္စည်းဟု သေချာနေကာ ဘယ်သူမှ မမြင်အောင် မေမေ တိတ်တိတ်ကလေး ဖွက်ထားတာကိုပါ အလိုလို သိပါသည်။ အဆွေးသည် ခုန်လှုပ်သောရင်၊ တုန်ယင်သောလက်တို့ဖြင့် စာအိတ်ကလေးကို ကိုင်





[illegible]းကာ ပြာဝါးသော မျက်စိတို့ဖြင့် စာအိတ်ပေါ်မှစာကို ဖတ်ကြည့်သည်။

"သို့

မမြှသဲ

အမှတ်(--) ဆူးပိုင်ယင်လမ်း၊

အလုံ၊ ရန်ကုန်မြို့။"

မေမေ့ နာမည်နှင့် အခု အဆွေးတို့နေရပ်မဟုတ်သော လိပ်စာတစ်ခု။ မေမေရော ဖေဖေပါ အရင်တုန်းက အလုံ[illegible]နယ်မှာ နေခဲ့ဖူးတာ အဆွေး သိပါသည်။ တစ်ရက်ကွက်တည်း[illegible]းချင်း။ အဆွေး မွေးတော့ မေမေတို့ အင်းစိန်မှာ ပြောင်းနေ[illegible]သည်ဟု အဆွေး ကြားဖူးကာ အဆွေးက အလုံနှင့် မပတ်သက်[illegible]ထိတွေ့ခဲ့ရပါ။

အဲဒီ အင်းစိန်ကမှတစ်ဆင့် နောက်ပိုင်း ဖေဖေ[illegible]လုပ်အကိုင်အဆင်ပြေ ငွေဝင်စီးပွားလမ်းဖြောင့်လာ၍ ချော်တွင်း[illegible]းရပ်ကွက်မှာ ခြံနှင့်တိုက် ဝယ်ယူရွှေ့ပြောင်းလာတော့ အဆွေး[illegible]စ်တန်းရောက်ရှိပြီ။ အခု ပါရမီလမ်းသစ်ကြီးကို ဖောက်[illegible]ာက်ဖောက်လိုက်သည့်အခါ အဆွေးတို့ခြံဟာ လမ်းသွယ်တစ်ခု[illegible]ုတ်ခြံအကျယ်ကြီးအဖြစ် တန်ဖိုးတွေ တက်လာခဲ့တာ။

ဟိုးအရင်ကတော့ မြေလမ်း တောလမ်းကလေးလို[illegible] လမ်းကလည်းမကောင်း၊ အိမ်တွေကလည်း တိုက်လည်းရှိရဲ့[illegible]ည်းရှိရဲ့ ဆိုသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာဟာ မေမေတို့ အလုံက မပြောင်းခင် ရထားတာ ဆိုလျှင် အဆွေး မမွေးခင်မို့ စာသက်တမ်းမှာ နှစ်ဆယ့်တစ်နှစ် ရှိပါပြီ။ စာအိတ်ဟာ မေမေ အသိမ်းကောင်းလှ၍ မဟောင်းမစုတ် သော်လည်း စာအိတ်ပေါ်မှာ မှိုတက်သလိုလို စေးကပ်ကပ် ဖုန် ဖွဖွ အမှုန်လေးတွေပင် ကပ်ငြိနေသည်။

အဆွေးက စာအိတ်ကျောဘက်ကို ဖျတ်ခနဲ လှန် လိုက်ပါသည်။

"မှ ...

ကျော်သွေးထင်

ခြံအမှတ်( – – )ဝင်ဒါမီယာလမ်း

ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့"

ကျော်သွေးထင်။

ကျော်သွေးထင်တဲ့ ...။ နာမည်ဟာ ကျစ်လျစ်ချေး ပိုင်၍ အဆွေး ဦးနှောက်မှတ်ဉာဏ်ထဲ ဖျတ်ခနဲ နင့်နင့်ကျပ်ကျပ် ချက်ချင်းဝင်သွားပါသည်။ အဆွေးသည် စာအိတ်ကိုဟ၍ အထဲက စာရွက်ကို မှောက်ချထုတ်ယူလိုက်သည်။ အရင်ထွက်ကျလာတာ က စာရွက်ခေါက်မဟုတ်ဘဲ ဓာတ်ပုံတစ်ပုံ ဖြစ်နေလေသည်။

"မေမေ"

အဆွေး နှုတ်မှ ဝမ်းပန်းတနည်း ညည်းတွားရေရွတ် သံကလေး ထွက်ကျလာသည်။ ဓာတ်ပုံထဲမှ အသက်ငယ်ငယ်နုနယ် ပျိုရွယ်လှသည့် မေမေ့ကို အဆွေး မျက်ရည်လည်ကာ ကြည့်နေမိ





၏။ လွန်ခဲ့တဲ့ နှစ်ဆယ့်တစ်နှစ်ဆိုတော့ ကာလာဓာတ်ပုံတွေ ပေါ်ဦးစလောက် ဖြစ်ပေမည်။ ဓာတ်ပုံကလေးဟာ ကာလာပုံ ဖြစ်ပေမယ့် ခုခေတ်ရောင်စုံတွေလို ပြတ်ပြတ်သားသား ဆေးရောင် တောက်တောက်ကြွားကြွား မရှိ။

ဆေးရောင်က ဖြစ်ပစ်ပစ်လိုလို မှုန်တုန်တုန်လိုလို အရောင်မမှန်သလိုလို၊ ဓာတ်ပုံရဲ့ထောင့်စွန်းတွေမှာ အစိုပြန်၍ ကွက်နေသည်။ အဆွေးသည် ဓာတ်ပုံထဲမှ မေမေ မဟုတ်တဲ့ သူ ကိုသာ သဲသဲမဲမဲ မကျေနပ်သလိုလို ကြည့်နေမိပါသည်။

ခုတော့ အလွန်တရာ ဟောင်းမြင်းနေသည့် မေမေ့ အသည်းစွဲ မီးခိုးနှင့် နီညိုစင်း ဆွယ်တာဟာ ဓာတ်ပုံထဲကလူရဲ့ ကိုယ်ခန္ဓာပေါ်မှာတော့ သစ်လွင်နေပါသည်။ ထိုခေတ်က လူငယ် စတိုင် ဆံပင်ပုံဟာ ခပ်ရှည်ရှည်ဘုတ်သိုက်သိုက်နှင့် ထိုသူရဲ့ပခုံး မှာ ထောက်နေသည်။

ကြည့်ပါဦး ...။

မေမေ့ မျက်နှာက ကြည်နူးရွှင်မြူးစွာ တအားကို ပြုံးရယ်နေလိုက်တာ။ တစ်သက်နဲ့တစ်ကိုယ် ဒီပုံထဲကလောက် မေမေ ဟက်ဟက်ပက်ပက် ပြုံးရယ်တာ လုံးဝမတွေ့ဖူး၍ အဆွေး ရင်ထဲ မနာလို မခံချင်စိတ်က ဆူဝေလာသည်။

ဓာတ်ပုံထဲက လူက သူ့ရင်ခွင်ရှေ့ဘက်မှာ မေမေ့ ကိုထား၍ နောက်မှ ထွေးဖက်ထားကာ မေမေ့ ပခုံးစွန်းဖျားပေါ် သူ့မေးစေ့ကိုတင်ကာ ကင်မရာကို မျက်စိလှန်ကြည့်ပြီး ရယ်မော



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မေမေကတော့ သူမကို နောက်မှသိမ်းဖက်ထားသော ဆွယ်တာဝတ်လက်ဖျံများပေါ် သူမရဲ့ လက်ကလေးတွေနှင့် အသာ ပြန်ပိုက်ထားကာ နောက်ဘက်က ဟိုလူရဲ့ ပခုံးစွန်း လည်တိုင်စွန်း ဆီ ခေါင်းကို ပြန်မော့မှေးတင်ပြီး ရယ်မောနေတာ။

မေမေ့ နဖူးစပ်နှင့် ဟိုလူရဲ့ ပါးပြင်တစ်ဖက်ဟာ အတွင်းဖက်ယိုင်ကာ အသီးသီး ထိတွေ့နေပါသည်။ မေမေက ကျစ်ဆံမြီးနှစ်ဖက်ခွဲ ကျစ်ကလေးနှင့် အကျီအဖြူ ဆွယ်တာရင် စေ့ဝါဝါလေးကို လည်ပင်းကြယ်သီးတစ်လုံးတည်း တပ်ဝတ်ထား သည်။ မေမေ့ လုံချည်က ညိုမှိုင်းမှိုင်း မှောင်ပုပ်ပုပ် ကန့်လန့်စင်း အဆင်လေး။

ဟိုလူကတော့ အပေါ်က ဆွယ်တာ၊ အောက်က ဘောင်းဘီရှည် မည်းတဲတဲနှင့်။ ပို့စကဒ်ဆိုက် ဓာတ်ပုံထဲ ခေါင်းမှ တင်ပါးစွန်းသာသာလောက်သာ ဝင်အောင်ရိုက်ထားတာမို့ မျက် နှာတွေက ထင်ထင်ရှားရှား မြင်နိုင်အောင် ခပ်ကြီးကြီးပါပါသည်။

"မေမေရယ်"

အဆွေး မျက်ရည်လည်ကာ တိုးတိုးရေရွတ်မိသည်။ မေမေလေ ... ကြည့်ပါဦး ... ဖေဖေ မဟုတ်တဲ့ လူတစ်ယောက် ရဲ့ ရင်ခွင်မှာ ပျော်ရွှင်နေလိုက်တာ။ မေမေ ပြုံးရယ်ပျော်ရွှင်နေပုံ မှာ ယောကျ်ားတစ်ယောက်နှင့် ထိထိဖက်ဖက် ဖြစ်နေပေမယ့် ကလက်တက်တက် အပိုးမကျိုး ပြောင်စပ်စပ်ရုပ်မျိုး လုံးဝမဟုတ် ပါ။





ပကတိ ချမ်းမြေ့ကြည်လင် အေးမြစွာ ကြည်ကြည် နူးနူးလေး ပြုံးပျော်နေတာ။ ဘာပဲဖြစ်ဖြစ် မေမေ အတော်တော့ လှတာပဲနော်။ အဆွေးပင်လျှင် ရန်နှင့် ဤလို ဓာတ်ပုံမျိုး တစ်ပုံ မရိုက်ဘူးသလို ရိုက်ဖို့လည်း စိတ်ကူးမရှိ။ မေမေကတော့ သူ့ ချစ်သူနှင့် တရင်းတနှီး နိုင်လှပါသည်။

အင်မတန်လှပတဲ့ မေမေ့ မျက်နှာလေးမှာ နူးနယ်မှု ရော၊ ပျော်ရွှင်မှုရော၊ ရောစပ်နေ၍ အဆွေး မြင်ဖူးသမျှ မေမေ့ ဓာတ်ပုံလှလှတို့၌ ဒီပုံအလှဆုံးပါပဲ။ မေမေတို့ နောက်ကျောဘက် က ချုံပင်တစ်ပင်မှ အရွက်စိမ်းစိမ်းတို့ကြား ပန်းဖြူဖြူသေးသေး လေးတွေ ပွင့်နေသည်။

ကျော်သွေးထင်။ ခုတော့ ဦးကျော်သွေးထင်ပေါ့။ မေမေ့ အချစ်ကို ပိုင်ဆိုင်ခဲ့ရသည့် ဦးကျော်သွေးထင်ဟာ ရဲရင့် သော ပြတ်သားသော ပွင့်လင်းသော ဘောဘိကို သိပ်ဂရုမစိုက် တတ်သော အရိပ်သဏ္ဍာန်တို့ မျက်နှာပေါ် ထင်းထင်းပေါ်နေသည့် ယောကျ်ားတစ်ယောက်ပါပင်။

သူ့မေမေ့ကို ဖက်ထားပုံဟာ မိန်းမတစ်ယောက်ကို ပိုင်ဆိုင်သွားယူ ဖက်ထားပုံနှင့် မတူဘဲ တမြတ်တနိုးလေး ထွေးပိုက် ထားပုံသာ ပေါ်လွင်နေသည်။ မျက်နှာနှစ်ခုစလုံးပေါ်မှာ ပေါ်လွင် နေတာကတော့ တစ်ဦးကိုတစ်ဦး အပြန်အလှန် အသည်းစွဲချစ် ခင်မင်းလွန်းနေကြခြင်းပင်တည်း။



www.burmeseclassic.com

ဤမျှ အပြန်အလှန် မြတ်မြတ်နိုးနိုး ချစ်နေကြပါလျက်နှင့် မေမေတို့ ဘာကြောင့်ကွဲကွာသွားခဲ့ကြပါလိမ့်။ ဖေဖေ့ဟာ ဒီဇာတ်လမ်းမှာ လူကြမ်းဇီလိန်လား။ ဒီလိုလည်း အဆွေး မထင်ပါ။ ဖေဖေကသာ မေမေ့ကို အကြမ်းဖက်ပြီး လူကြီးအားကိုးနှင့် ချစ်သူနှင့် ခွဲကာ ဖွတ်ယူလိုက်မှဖြင့် မေမေဟာ ဖေဖေ့ကို ဘယ်လိုလုပ် ခုလို လေးစားရိုကျိုး အားကိုးနေပါ့မလဲ။

"ဖေဖေ့ကို မေမေက မချစ်ဘဲ ယူခဲ့ရတာ"ဟု ဖေဖေ ပြောတဲ့အခါ အဆွေး ယုံကြည်ပေမယ့် ဖေဖေ့ကို မေမေ မမုန်းတာကိုတော့ အဆွေး သေချာသိသည်။ စားစရာ သောက်စရာလေးကအစ အိမ်ဦးနတ် ဖေဖေ့ကို ဦးဦးဖျားဖျား အကောင်းအညွန့်ကလေးတွေ ပေးတတ်ပြီး အင်မတန် လေးစားအားကိုးကာ ကျေးဇူးရှင်သဖွယ် ကြည်ညိုရိုသေမှုဟာ မေမေ့ မျက်နှာ၌ တစ်သက်လုံး သိသာ ထင်ဟပ်ခဲ့တာပဲ။

ဖေဖေ ဖွတ်ယူလိုက်လို့ မေမေ့နှင့် ဦးကျော်သွေးထင်ရဲ့ ချစ်ဇာတ်လမ်း ပြီးဆုံးကွဲကွာခဲ့ရတာ မဟုတ်လျှင် ဘာကြောင့်ကွဲခဲ့ကြသလဲ။ ဦးကျော်သွေးထင်က မေမေ့ကို ဖျစ်သွားတာလား။ ဦးကျော်သွေးထင် ဆိုတာ ရှိခဲ့ကြောင်း ဖေဖေ သိသလား၊ မသိဘူးလား။

အဆွေးက စာရွက်ခေါက် လုပ်လုပ်ကလေးကို ဖွင့်ဖတ်လိုက်ပါသည်။

"ဖြူသဲ ...





ဒီစာကို မယုံကြည်နိုင်လောက်အောင် အံ့သြရင်နာခြင်းနဲ့(နောက်ဆုံး) 'ကျော်' ရေးလိုက်တယ်။ အံ့သြတယ် ဆိုတဲ့ နေရာမှာ လူတစ်ယောက်ရဲ့ အံ့သြနိုင်စွမ်း အစွမ်းကုန်၊ ရင်နာတယ် ဆိုတဲ့နေရာမှာ လူတစ်ယောက်ရဲ့ ရင်နာနိုင်စွမ်း အစွမ်းကုန်။ မင်း ဒီလို လုပ်ရက်လိမ့်မယ်လို့ ကျော် မထင်ခဲ့ဘူး ဖြူသဲ။ ။

စာသည် အစမှာပင် ဒေါသသင့်နေသည် ဖြစ်ရာ အဆွေးသည် လက်ဖျားတွေ အေးစက်၍ ရင်တဖျပ်ဖျပ် ခုန်နေပါသည်။ လက်စသတ်တော့ မေမေက လုပ်ရက်သွားတာတဲ့။ အဆွေးသည် ဓာတ်ပုံထဲက ဦးကျော်သွေးထင်ကို ဖျတ်ခနဲ လှမ်းကြည့်ကာ သနားလိုက်မိသည်။

" ...

နိုင်ငံခြားက ပြန်ရောက်ရောက်ချင်း သိရတဲ့သတင်းက ရင်ဝကို ဂျပန်ဓါးမြှောင်နဲ့ တအား ဆောင့်ကန်လိုက်တဲ့အတိုင်းပဲ။ အမောဆို့ ပက်လက်လန် လဲရလောက်အောင် မင်း လုပ်ချက်က ပြင်းထန်တယ်။

ကျော့်အမေနဲ့ အစ်မ အကြောင်း ကျော် သိတယ်။ တို့နှစ်ယောက်ကို မကြည်ဖြူဘူး၊ ခွဲပစ်ဖို့ အမြဲကြိုးပမ်းနေမှာပဲ။ နည်းမျိုးစုံ သုံးနေမှာပဲ။ ဒါပေမယ့် ဒါကို ကြိုကြံခဲ



www.burmeseclassic.com

www.burmeseclassic.com



နေပြီး ဂရုမစိုက်ဘဲ ရင်ဆိုင်ပြီး တစ်နေ့ တို့နှစ်ယောက် ခြင်းမနေ လက်တွဲမယ်ဆိုတာ နှစ်ယောက်လုံး သဘော ဆုံးဖြတ်ထားပြီးသားပဲ။

မင်းစိတ်ဓာတ်က ဘာကြောင့် မကြံ့ခိုင်ရတာလဲ သူတို့ ဘာပဲခြိမ်းခြောက်ခြောက် ကြောက်စရာမှုစရာလား ကျော် ပြန်လာတဲ့ထိ ဖြေရှင်းဖို့ လက်တွဲဖို့ စောင့်စား လိုက်ရင် ဘာဖြစ်သွားမှာလဲ။ ခုတော့ မင်းတော်တော်လ ရက်တယ် ဖြူသဲ။ မင်း ... ကျော် ပြန်ရောက်ပြီလား အိမ်ကိုလာမေးတာ စုံစမ်းတာလည်း ဒရိုင်ဘာ ကိုတင် ပြောပြလို့ ကျော် သိတယ်။ မင်းဆီကို မေမေနဲ့ မမ တ ရက်လိုက်သွားတာလည်း လိုက်ပို့ရတဲ့ ကိုတင့်ပဲ ပြော ကျော် သိတယ်။ ပြောကြဆိုကြသမျှ ကိုတင့် မကြားရ မယ့် မင်းကို ငွေထုပ်လာပေးတယ် ဆိုတာတော့ ကိုတ မြင်တယ်။ ဒါဟာ မေမေနဲ့ မမရဲ့ Foul ပဲ။ သူတို့အလွ မင်းကို ဒီလို မတူမတန် ငွေနဲ့လာပေါက်တဲ့ ကိစ္စဟာ သ တို့အလွန်။ ဒါကို ကျော် ပြန်လာရင် သူတို့နဲ့ ရှင်းလို့ ဆိုင်လို့ရတယ်။

ဒီအတွက်ကြောင့် မင်း အရှုံ့တိုက်ပြီး ယောက် တစ်ယောက်ကို ဘတ်ခနဲ ကောက်ယူပြလိုက်ဖို့ မလိုဘူ လုံးဝမလိုဘူး။ အဲဒါကတော့ မင်းရဲ့ Foul ပဲ ဖြူသဲ။





ကို မေမေတို့ ဒီလိုလုပ်တဲ့အတွက် မင်းက ယောက်ျား တစ်ယောက် ကောက်ကာငင်ကာ ယူပြလိုက်တယ်ဆိုရင် အဲဒီမင်းရဲ့ မာနဟာ တစ်လွဲကြီး။ ဘာ--သုံးမှမကျတဲ့ မာနကြီး။

မင်းမို့ လုပ်ရက်တယ် ဖြူသဲရယ်။ မင်း ဒီလိုလုပ်လေ ဒီဘက်က မေမေတို့က ဝမ်းသာလေပေါ့။ သူတို့ က, တောင် က,ကြလိမ့်မယ်။ ပိုက်ဆံတွေ လက်ခံယူမထားလိုက်ဘူးဆိုတဲ့ မာနလေးက လူသလောက် ယောက်ျားတစ်ယောက် ကောက်ယူပြလိုက်တဲ့ မာနကကျတော့ ကျက်သရေမရှိတဲ့ အကျည်းတန် ရွံစရာ မာနပဲ။

ဒီနိုင်ငံခြားကနေ တစ်သက်လုံး ပြန်မလာတော့မှာလည်း မဟုတ်ဘူး၊ တို့နှစ်ယောက် သွေးစည်းညီညွတ်နေရင် ဘယ်သူမှ လာခွဲလို့ မရပါဘူးဆိုတာ အထပ်ထပ် အခါခါ တဖွဖွ ပြောပြီးသား။ ဘယ်လိုအနှောင့်အယှက် အဖျက်အဆီးကိုမဆို ကြံ့ကြံ့ခံပါ။ ဖွဲ့ရှိပါလို့လည်း တောင်းပန် နားချပြီးသား။ မင်းလည်း ကတိပေးခဲ့တယ်။ သစ္စာရှိမယ်၊ ကြံ့ကြံ့ခံမယ်ဆို ... ဖြူသဲ။ ခုတော့ မင်းလုပ်ရက်ပုံဟာ ဒီဘက်မှာ အပြောကြီးထားတဲ့ ငါ့မျက်နှာကို တံတွေးနဲ့ ထွေးလိုက်သလိုပါပဲ။ တို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက်ကလွဲရင် ဘယ်သူ့ကိုမှ မခြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ လက်ခတွဲဘူး၊ ဘယ်သူဖျက်ဖျက် ဘယ်လိုဖျက်ဖျက် မပျက်ဘူး စိတ်ချ။ ခွဲတဲ့သူ မောရုံပဲ၊ ခုမပေါင်းရရင် နောက်ကြာခင် ပေါင်းမယ် ... ဒီနှစ် မပေါင်းရသေးရင် နောက်နှစ်ပေါင်းမယ်။ ဘယ်သူ ဘယ်လိုသွေးခွဲခွဲ လက်တွဲမဖြုတ်ဘူး၊ တစ်ယောက်ကိုတစ်ယောက် စိတ်ချယုံကြည်ပြီးသား အသက်ပေးချစ်တာ၊ ကျော်ကလည်း ဖြူသဲကလွဲရင် မွဲဆန်ကွဲ၊ ဖြူသဲကလည်း ကျော်ကလွဲရင် ခဲ,သလဲလို့ အပြောကြီးထားခဲ့တဲ့ ငါ့ကို မင်း ဖြတ်ရိုက်ချပြလိုက်တာပါပဲ ဖြူသဲ။

သိပ်ရင်နာတယ်။ ခုထက်ထိကို မယုံချင်သေးသလိုဖြစ်နေတယ်။ မင်း ငါ့ပါခံစားရအောင် အစွဲ့တိုက်လုပ်ပစ်တာလား၊ ငါ့အမေနဲ့ အစ်မလည်း မကောင်းဘူး၊ မင်းလည်း မကောင်းဘူး၊ နှစ်ဖက်စလုံးကို မကြည့်ချင်အောင် စိတ်နာတယ်။ ခွင့်မလွှတ်နိုင်အောင် နာကြည်းတယ်။ မုန်းတီးတယ်။ တွဲရိုက်ထားဖူးတဲ့ အမှတ်တရပုံကိုတောင် ဒီတစ်သက်မှာ ဘယ်တော့မှ ပြန်မမြင်ချင်လို့ အပြီးပြန်ထည့်ပေးလိုက်တယ်။ ငါမဟုတ်တဲ့ တခြားယောကျ်ားတစ်ယောက်ကို ငါ့နေရာမှာ အလွယ်တကူ အစားထိုးလိုက်နိုင်တဲ့ မင်းရဲ့နှလုံးသားကို ငါ ဂုဏ်ပြုပါတယ်။

ကျော်သွေးထင်”





စာဆုံးသွားလျှင် အဆွေးရဲ့ လက်ကလေးများက တုန်ယင်နေပါသည်။

ဦးကျော်သွေးထင်နဲ့ မေမေ့ကို ဦးကျော်သွေးထင်ဘက်မှ သဘောမတူ မကြည်ဖြူ၍ နည်းမျိုးစုံနှင့် ခွဲခဲ့သည်။ ဦးကျော်သွေးထင်ကိုပင် အခိုက်အတန့် နိုင်ငံခြား လွှတ်လိုက်ပုံရပါသည်။ ဒီကြားထဲမှာ မေမေ့ကို အိမ်အထိလာ၍ ငွေနှင့်ပေါက်ပြီး ခွဲတဲ့ထိ ပြုမူခဲ့သည်။ ဒါကို မေမေ အတော်နာကြည်းသွားဟန်တူပါသည်။

ဦးကျော်သွေးထင် နိုင်ငံခြားက ပြန်မရောက်လာခင်မှာပင် မေမေက ဖေဖေ့ကို လက်ထပ်လိုက်သည် ဖြစ်ပါမည်။ ဒါပေမယ့် မေမေ့ နှလုံးသားကတော့ ခုချိန်ထိ ဦးကျော်သွေးထင်ထံမှာပဲ ရှိနေဦးမှာ အဆွေး သေချာပါသည်။ စိတ်လိုက်မာန်ပါပြုမူလိုက်ပြီးမှ ချစ်သူနှင့် ကွေကွင်းခွဲခွာရခြင်း ဆင်းရဲဒုက္ခကို အိမ်ထောင်သက်နှင့်အမျှ ခံစားကြေကွဲခဲ့တဲ့ မေမေဟာ တစ်သက်တာပတ်လုံး ပျော်ရွှင်ကြည်နူးရခြင်းဆိုသည်ကို ဘယ်လိုမှ ပြန်လည်ရှာဖွေမတွေ့ခဲ့တော့တာ။

ဆေးရုံပေါ်မှာ ရောဂါဝေဒနာ ခံစားနေရချိန်မှာပင် ဦးကျော်သွေးထင် ဝတ်ခဲ့တဲ့ ဆွယ်တာကလေးကို တမ်းတမ်းတတ ရင်ခွင်ပိုက်ထားချင်တဲ့ မေမေ။ သူ့ကိုယ်ပေါ် ခြုံလွှမ်းနွေးထွေးချင်သေးတဲ့ မေမေ။ ချစ်သူရဲ့ ခွင့်မလွှတ်နိုင်မှုအပေါ် ညှိုးချုံးဆိတ်သုန်းနေခဲ့တဲ့ မေမေ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို အသက်ရှူမရပ်ခင် အချိန်အတွင်း ပျော်ရွှင်စိတ်ချမ်းသာမှုကလေး ရှာဖွေပေးချင်လှပါဘိတော့။ သူ့ချစ်သူရဲ့ ချင့်လွှတ်ကျေအေးမှုကလေးကို မေမေ ခံစားနှစ်သိမ့်သွားစေချင်စမ်းပါဘိတော့။ အဲသလို ဖြစ်ခွင့်ရအောင် အဆွေး ဘယ်လိုများ လုပ်ပေးနိုင်မလဲ။ အဆွေး လုပ်ပေးနိုင်ချင်တယ် မေမေ။ မေမေ စိတ်ချမ်းသာသွားအောင်၊ မေမေ ပျော်သွားအောင် အဆွေ လုပ်နိုင်ချင်တယ်။





၄

အဆွေးက နိုင်ရန့်ကို ခွင့်ယူလိုကြောင်း ဦးစွာပြောလိုက်ပါသည်။ စောစောကတည်းက ခွင့်ယူဖို့ တိုက်တွန်းထားပြီးသား နိုင်ရန်ကလည်း စိတ်ညီသဘောတူစွာ သူ့ဒက်ဒီဆီမှာ ခွင့်ဆောင်းပေးလိုက်၍ အဆွေး ခွင့်တစ်လရပါသည်။

"အန်တီ့နားလည်း ပိုနေပေး... အဆွေးလည်း နားနော်... ဒီခွင့်တစ်လ ကုန်သွားလည်း မစိုးရိမ်နဲ့၊ တစ်ရက်နှစ်ရက် အလုပ်ပြန်ဝင်ပြီး နောက်တစ်ကြိမ် ခွင့်ထပ်ရအောင် လုပ်မယ်၊ တကယ်တော့ ဒက်ဒီတို့က ခွင့်တွေ ဘာတွေ မဟုတ်ဘဲ အဆွေး အလုပ်မဆင်းဘဲ နားနားနေနေ လူနာကိုပြုစုဖို့ ခွင့်ပြုပြီးသားပါ၊ အဆွေးကသာ ကုမ္ပဏီစည်းကမ်းတွေ ဘာတွေ လုပ်နေတာ"

"ကျေးဇူးပါပဲ ရန်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘေ့ခုနေးစကား ပြောစရာလားဟင် အဆွေး၊ ကိုယ်ဆေးရုံ လာတဲ့အခါလာ၊ အိမ်လာတဲ့အခါလာ၊ နေ့တိုင်းလာမယ် သိလား"

"ဟုတ်တယ်၊ နေ့တိုင်းလာနော် ... ရန်"

ပထမဦးဆုံး ခွင့်ရက်စတင်ခံစားသည့်ရက်မှာ နံနက် ပိုင်း မေမေ ရုံးအသွားနှင့် တစ်ပါတည်းလိုက်၍ အဆွေးက မေမေ့ထံ ဆင်းနေခဲ့ပါသည်။

"အဆွေး ခွင့်ယူထားတယ် မေမေ၊ နေ့လယ်တော့ တစ် ခေါက်ခဏပြန်မယ်၊ ညနေကျ ပြန်လာမယ်နော်"

"ခွင့်ယူပြီး မေမေ့နားချည်း ကပ်မနေပါနဲ့ သမီးရယ် _ ကိုယ့်ဟာကိုယ်လည်း နားပါဦး၊ သမီးလေးတောင် ဒီရက် ပိုင်း တဖြည်းဖြည်း ပိန်လာတယ်"

"အဆွေး အနားယူဖို့ ခွင့်ယူတာမဟုတ်ပါဘူး မေမေရယ် အပြင်ထွက်မှာကလည်း လုပ်စရာကိစ္စလေး နည်းနည်းရှိ လို့၊ ကျန်တဲ့အချိန် မေမေ့နား နေမှာပေါ့"

"သမီး အေးမှာထိုင်နေရင် မေမေ အိပ်မနေရက်ဘူးဆိုတာ ပြောထားသားနဲ့ကွယ်"

မေမေ့စကားကြောင့် အဆွေးမှာ အကြာကြီးနေဖို့ပင် မဝံ့မရဲ ဖြစ်ရပါသည်။ မေမေ ဝေဒနာဒဏ်ကြောင့် ပင်ပန်းဖိစီး လွန်းလို့ တကယ်ကို နားနေချင် မှေးနေချင် အိပ်နေချင်တာ ဖြစ် မှာပဲဟု အဆွေး ထင်သည်။ နံဘေးမှာ အဆွေးကို ငုတ်တုတ်မြင်





ရသားပြီး မှေးမှိတ်အိပ်စက်မနေရက်ဘဲ မေမေ နိုးထထူထောင်နေ ရတာ ပင်ပန်းမှာလည်း စိုးပါသည်။

အဲဒီနေ့က နံနက် ဆယ့်တစ်နာရီမှာ မေမေ့ကို ကြက်စွပ်ပြုတ်ရည်ကလေး ဝင်သလောက်တိုက်ပြီးသော အိပ်စက် အနားနေစေပြီး အဆွေး ဆေးရုံမှ ထွက်လာခဲ့ပါသည်။ ဆေးရုံရှေ့ တက္ကစီငှားရမ်းကာ ...

"ဝင်ဒါမီယာထဲကို သွားချင်လို့"

စိတ်လှုပ်ရှားသော အသံတုန်တုန်နှင့် ပြောမိသည်။

"ဝင်ဒါမီယာ ဘယ်နားလဲ၊ လမ်းကရှည်တော့ ဘယ်ဘက်နဲ့ နီးလဲ မသိရင် ဘယ်လောက်တောင်းရမှန်း မသိဘူး"

"ဘယ်နားလဲ ကျွန်မလည်း မပြောတတ်ဘူးရှင့်၊ ခြံနံပါတ် ပါပါတယ်၊ ရှာရမှာပဲရှင်၊ အဲဒီခြံတွေ့ပြီဆိုမှ ကျသင့်သ လောက်သာ တောင်းပါနော်"

ဒီလိုနှင့် တက္ကစီကားပေါ် အဆွေး လိုက်ပါလာပါ သည်။ ဝင်ဒါမီယာလမ်းတစ်လျှောက် တွေ့ရသော ဈေးသည်၊ ဆိုက်ကားတို့ကို မေးရင်း စမ်းရင်း အလိုရှိရာ ခြံအမှတ်ကို တော့ ရှာဖွေယူရပါသည်။ ကားသမားက စိတ်ရှည်လက်ရှည် နေမြန်းရှာဖွေပေး၍ ခြံကိုတွေ့လျှင် သူတောင်းသော ငွေတစ် ထောင်ကို ကြည်ကြည်ဖြူဖြူပဲ ပေးလိုက်ပါသည်။

"စောင့်နေပေးရမလား အစ်မ၊ ဒီနေရာကပြန်ရင် အစ်မ ကားပြန်ငှားရ ခက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဘယ်လောက်ကြာမယ် မသိဘူး၊ သိပ်ကြာနေရင် စောင့်ခိုင်းရမှာ အားနာပါတယ်"

"ဒါဖြင့် ဒီလမ်းသွယ်ထိပ်မှာ ကျွန်တော် ခဏတော့ ရပ်စောင့်နေမယ်၊ ဒီကြားထဲ ငှားတဲ့သူ တွေ့ရင်လည်း လိုက်သွားမယ်၊ သိပ်ကြာရင်လည်း ပြန်သွားမယ်၊ သိပ်မကြာဘဲ အစ်မ ပြန်ထွက်လာရင်တော့ ကျွန်တော့်ကား ရှိမှာပေါ့"

"ကျေးဇူးပါပဲ"

အဆွေးသည် ခိုင်ခန့်သော အုတ်စည်းရိုးကြီး ခတ်ထားသည့် ခြံကြီးရဲ့ ဝင်းတံခါးမှ အတွင်းသို့ ငေးမျှော်လိုက်ပါသည်။ သံပန်းဝင်းတံခါးနှစ်ချပ်မှာ တစ်ချပ်က ဖွင့်ဟထားပါသည်။ ခြံဝနှင့် ပေခြောက်ဆယ် အကွာလောက်မှာမှ ဟိန်းဟိန်းမားမား နှစ်ထပ်တိုက်ကြီး။

တိုက်ဟာ ဟိုးရှေးခေတ်က ပုံရိုးရိုးဆောက်ခဲ့သဖြင့် ခုခေတ် ပြန်ဆောက်နေကြသည့် ခေတ်ဟောင်းပုံမျိုးနှင့် ပြန်ဆင်နေကာ ဆေးသစ်လည်း သုတ်ထားတာ မကြာသေးပုံနှင့် လှပဝင့်ကြွား ထည်ဝါသည်။ ပေါ်တီကို အုတ်တိုင်မြင့်မြင့်ကြီးတွေက ခမ်းနားလှသည်။

မြက်ခင်းနှင့် ပန်းအိုးကျဲကျဲသာရှိသော ခြံကြီးထဲ ကားဝင်လမ်းအတိုင်း အဆွေးက ခပ်ဖြည်းဖြည်း လျှောက်ဝင်လာခဲ့ပါသည်။ ပိုင်ရှင်ဟာ ဦးကျော်သွေးထင်မှ ဟုတ်ပါဦးမလား။ ရောင်းချပြောင်းရွှေ့ကြပြီဆိုလျှင် လိပ်စာသစ်ကို အိမ်ပိုင်ရှင်သစ်





က မသိတော့ဘူး ဆိုပါက အဆွေး ဘယ်သို့ ဆက်လက်စုံစမ်းရပါ့။

ဘုရားသိကြားမ,၍ ဦးကျော်သွေးထင် ဒီမှာပဲရှိနေပါစေဦး။ မပြောင်းသွားပါစေနဲ့ဦး။ ဇာတ်မြုပ်မသွားပါစေနဲ့။

အဆွေးသည် ပေါ်တီကိုအောက် အိမ်ရှေ့တံခါးမ,ကြီးရှေ့ အထိတ်ထိတ် အလန့်လန့် စုံရပ်ပြီး စိတ်ကိုတင်းလျက် ဘဲလက်လေးကို တီးခတ်လိုက်ပါသည်။ သိပ်မကြာလှဘဲ သံတံခါးအတွင်းမှ မှန်တံခါး ပွင့်လာကာ ဆယ့်ခုနစ် ဆယ့်ရှစ်အရွယ် ကောင်ကလေးတစ်ယောက် ထွက်လာပါသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ မသိဘူး"

အဆွေးသည် ရှိုးတိုးရှန့်တန့်စိတ်ကို အားယူဖျောက်ကာ ...

"ဒါ ... ဦးကျော်သွေးထင်တို့ အိမ်ပါလားရှင်"

မေးရင်းက ဒီကောင်လေးဟာ ဦးကျော်သွေးထင်သားများ ဖြစ်နေမလား။ သူ့မိန်းမများ ရှိနေရင် ဘယ်လိုပြောဆိုရပါ့ စသဖြင့် စိုးကာစဉ်ကာ ဆက်တွေးမိကာ ရင်ထိတ်လာပါသည်။

"ဦးကျော်သွေးထင် ... ! "

"ဟုတ်ကဲ့"

"ဪ ... မဟုတ်ဘူးခင်ဗျ ... ဦးကျော်သွေးထင် အိမ်မဟုတ်ဘူး အစ်မ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ — ဒါဖြင့်"

"ခဏလေး …၊ အထဲဝင်ပါဦးလား"

ကောင်လေးက သံတံခါးမှ သော့ဖြုတ်ကာ တွန်းဖွင့်ပေးလိုက်ပါသည်။ အဒွေးကလည်း ဘယ်လောက်ပဲသိရ သိရ အမြတ်ပဲသဘောနှင့် သူဖွင့်ပေးသော တံခါးမှ ခပ်သွက်သွက်ပဲ လှမ်းဝင်လိုက်ပါသည်။

"အစ်မ … ခဏထိုင်ဦး"

အဒွေးက ခေါင်းညိတ်ပြကာ ဧည့်ခန်းက ဆိုဖာကြီးတစ်ခုမှာ ဝင်ထိုင်သည်။ ချမ်းသာပြည့်စုံ ကြွယ်ဝမှုတို့က အိမ်ကြီးရဲ့ အပြင်အဆင်နှင့် ပရိဘောဂများ၌ ထင်ဟပ်ပေါ်လွင်နေပါသည်။ ကောင်လေးက လှေကားကြီးခြေရင်းမှ နှစ်ထစ် သုံးထစ်မျှတက်ကာ အပေါ်မော့၍ …

"မာမီရေ … ဧည့်သည်"

အဒွေးမှာ ရင်တဒိတ်ဒိတ်ခုန်ကာ မျက်စိသူငယ်နှင့် ကောင်လေးကို ကြည့်နေမိပါသည်။

"ဘယ်သူလဲ"

အပေါ်ထပ်မှ ပြန်အော်မေးသံ ထွက်လာသည်။

"ဦးကျော် အိမ် လာမေးနေလို့ မာမီ"

အပေါ်ထပ်မှ ပြန်ပြောသံ မကြားရတော့ဘဲ ခဏနေလျှင် လှေကားမှ ဆင်းလာသော ခြေသံကို ကြားရပါသည်။ လှေကားတစ်ကွေ့ချိုး၌ သူ့အမေ ပေါ်လာလျှင် ကောင်လေးက





သူ့တာဝန်ကျေသလို လှည့်ထွက်သွားကာ အိမ်တွင်းတစ်နေရာသို့ ဝင်သွားပါတော့သည်။

အဒွေးသည် လှေကားမှ ဆင်းလာသော အန်တီကြီးကို ငေးမော၍ ကြည့်နေမိ၏။ မေမေ့ထက် အသက်ကြီးမည့်အရွယ် အမျိုးသမီးကြီး တစ်ယောက်က အဒွေးကို အကဲခတ်ကြည့်ရင်း ဧည့်ခန်းထဲ ရောက်လာပါသည်။ ရုပ်ရည်ခပ်ချောချော၊ မျက်နှာထား ခပ်တည်တည်နှင့် ချမ်းသာကြွယ်ဝသော အသွေးအဆင်ပေါက်နေသည့် အန်တီကြီးက အဒွေးနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်ကာ မျက်မှန်ဝင်းဝင်းပြောင်ပြောင် အောက်မှ စူးစူးရှရှကြည့်ရင်း …

"မင်းလား ဧည့်သည်က"

"ဟုတ်ကဲ့"

"ဖိုးကျော် လိပ်စာတောင်းတာ ဟုတ်လား"

"ဒီ … ဒီအိမ်က ဦးကျော်သွေးထင်ရဲ့ အိမ်လားလို့ပါ"

"သူ့အိမ်တော့ မဟုတ်ဘူး"

"ဦးကျော်သွေးထင်နဲ့ ပတ်သက်ပါသလားရှင်"

"အန်တီက ဖိုးကျော် အစ်မပဲ၊ မင်း ဘာကိစ္စရှိလို့လဲ"

ဖိုးကျော် အစ်မ။ ဦးကျော်သွေးထင်ရဲ့ အစ်မ။ အမေ့ကို အိမ်တိုင်ရာရောက် ငွေနဲ့ပေါက်ကာ သူ့မောင်နဲ့ခွဲရအော … အစ်မဆိုသူပေါ့။ မျက်နှာပေါ်မှာ သူတို့အခြေအနေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အဟပ်ညီသော မာန်မာနရိပ်ဘော ရှိပေမယ့် ဆိုးဆိုးဝါးဝါးကြီး ရင့်သီးမောက်မာမှုမျိုးတော့လည်း မရှိပေ။

"ဟို ... ကျွန်မက ဦးကျော်သွေးထင်နဲ့ တွေ့ချင်လို့ပါ"

"ဖိုးကျော်က တခြားမှာ နေတာကွယ်၊ နေပါဦး ... မင်းက ဘယ်သူလဲ၊ ဖိုးကျော်နဲ့ ဘာကိစ္စရှိလို့လဲ"

"ကျွန်မက ဦး ... ဦးကျော်သွေးထင်ရဲ့ သူငယ်ချင်းဟောင်း တစ်ယောက်ရဲ့ သမီးပါ အန်တီ"

အဆွေးက မနည်းတည်ငြိမ်အောင် ကြိုးစား၍ ပြောရပါသည်။

"ဩော် ... မင်းအဖေက ဖိုးကျော် သူငယ်ချင်းလား၊ မင်း အဖေက ဘယ်သူတဲ့လဲ"

ဦးကျော်သွေးထင် သူငယ်ချင်းဆို၍ ယေဘုယျကျကျ စွာ "အဖေ"ပဲ ဖြစ်မည်လို့ ယူဆလိုက်ပုံပါပင်။ "အမေပါ"ရယ်လို့ အဆွေးက မဖြေရှင်းချင်။

"ဖေဖေက ဦးမိုးညိုပါ"

"ဦးမိုးညို ... မိုးညို ... ! မိုးညို ဆိုတဲ့ နာမည် ဖိုးကျော် သူငယ်ချင်းထဲတော့ အန်တီ မမှတ်မိပါဘူး၊ ကဲ ... ထားပါဦး၊ အခု ဘာအကြောင်းကိစ္စရှိလို့လဲ သမီးရဲ့"

"အခု ... ဟို ... ဖေ ... ဖေဖေက ..."

အဆွေးသည် ချောလဲရောထိုင် "အဖေ" အဖြစ်နှင့်ပဲ ရောညာချလိုက်ရကာ ...





"ဆေးရုံတက်နေရလို့ပါ အန်တီ၊ ဟို ... ကျန်းမာရေး အခြေအနေကတော့ မကောင်းပါဘူး၊ သိပ်လည်းနေရတော့မယ် မထင်ပါဘူး"

"ဩော် ... ဘာရောဂါလဲကွယ်"

"ကင်ဆာပါ အန်တီ"

"ကျွတ် ... ကျွတ် ... အခု ဘာအကူအညီများ လိုလို့လဲ"

"ဘာအကူအညီမှ မလိုပါဘူး အန်တီ ... ကူညီဖို့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဖေ ... ဖေဖေက ဦးကျော်သွေးထင်နဲ့ မသေခင် တွေ့ချင်တဲ့ဆန္ဒ ရှိပါတယ်၊ နေရဖို့ အချိန်ကလည်း သိပ်မရှိတော့ဘူးဆိုတော့ စိတ်ချမ်းသာစေချင်တာ တစ်ခုကြောင့်ပါ အန်တီ ... တွေ့ချင်ရုံသက်သက်ပါ၊ အဲဒီအတွက် လာကြည့်တာပါ"

"ဩော် ..."

အန်တီကြီးက ခေါင်းတညိတ်ညိတ် လုပ်နေပါသည်။

"ဖြစ်နိုင်ရင် ဦးကျော်သွေးထင် ရှိမယ့် လိပ်စာလေး လိုချင်ပါတယ် အန်တီ၊ အားလပ်ရင် ဆေးရုံကို တစ်ခေါက်လောက် လာကြည့်ပေးဖို့လေး တောင်းပန်ချင်လို့ပါ"

"ဖိုးကျော်က ဒီမှာမနေတာ ကြာလှပြီကွယ်၊ ကြာဆို အတော်ကြာပြီ။ အရင်ကတော့ ဟိုလျှောက်နေ ဒီလျှောက်နေနဲ့၊ သူက ပေတောတောရယ် ... သမီးအဖေ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် သမီးအဖေတို့ သူ့အကြောင်း ကောင်းကောင်းသိမှာပေါ့ ... သူနေချင်သလိုနေတာ၊ ဟိုနေ ဒီနေ နေနေလို့ အတည်တကျလေး တစ်နေရာ ဝယ်ပေးလိုက်ရတာပေါ့ ... ဒီမှာလည်း အစ်မလုပ်တဲ့သူနဲ့ လာမနေနိုင်ဘူး ဆိုတာကိုး ... အန်တီနဲ့ကလည်း သိပ်တည့်တာ မဟုတ်ဘူး"

"ဟုတ်ကဲ့"

"ဆုံးကာနီး လူမမာ တွေ့ချင်ရှာသက်သက်ဆိုတော့ ဖိုးကျော်ကို အတော်ခင်လို့ နေမှာပေါ့၊ အန်တီ သူ့လိပ်စာတော့ ပေးလိုက်မယ်၊ ဒါပေမယ့် သိပ်တော့ မျှော်လင့်ချက်မထားနဲ့"

"ရှင်"

"ဩော် ... ဖိုးကျော် အကြောင်း မင်းကတော့ ဘယ်သိမလဲ၊ မင်းအဖေတော့ သိမှာပဲ၊ နဂိုကတည်းက ဂျစ်ကန်ကန်ဟာ နောက်ပိုင်းတော့ ပိုပိုသာ ဆိုးနေတာပဲ၊ ခုတော့ လူ့ဂလန့် လူ့ဂွစာလေ၊ ဘယ်သူ့ကိစ္စမှလဲ စိတ်ဝင်စားတာ မဟုတ်ဘူး၊ ဘာလူမှုရေးမှလဲ သိတတ်တာမဟုတ်ဘူး၊ ဘယ်သူနဲ့မှလဲ တည့်တာမဟုတ်ဘူး ... ပေတေပြီး လေနေတာပဲလေ၊ အခု ... သမီး သွားခေါ်လည်း သူ လာချင်မှ လာမှာ၊ လာမယ်တော့ သိပ်မထင်ဘူး၊ သူ့ဆီသွားလည်း စိတ်ပျက်ပြီး ပြန်လာရမှာပဲ၊ ဒါပေမယ့် လိပ်စာတော့ ပေးလိုက်မယ်လေ ... သွားကြည့်ချင်တော့ ကြည့်လိုက်ပါ"





အန်တီကြီးက လိပ်စာတစ်ခုကို ရေရွတ်ပြ၍ အဆွေးက စာအုပ်လေးထုတ်ကာ မှတ်ရေးလိုက်ရပါသည်။

"ဖုန်းနံပါတ်ပါ ပေးထားမယ်၊ အဲဒီအခန်းမှာ ဖုန်းရှိပါတယ်၊ ဒါပေမယ့် ဆက်လည်း အပိုပဲ၊ ကိစ္စဝိစ္စရှိလို့ အန်တီတို့ဆက်လည်း ကိုင်တာမဟုတ်ဘူး၊ ဆက်ရင်တော့ ဆက်ကြည့်ပေါ့၊ ကံကောင်းရင်တော့ သူ စိတ်ရှူးပေါက်ပြီး ဖုန်းကိုင်တဲ့အချိန်နဲ့ ဆုံရင် စကားပြောခွင့် ရချင်ရမှာပေါ့"

အဆွေးမှာ စိတ်လေးလေးနှင့် ဖုန်းနံပါတ်ပါ ရေးမှတ်လိုက်ပါသည်။

"သူကတော့ အိမ်မှာရှိတာ များပါတယ်၊ မပြောတတ်ဘူး ... တစ်ခါတလေလည်း အသိလေး ဘာလေး မပေးခဲ့ဘဲ သွားချင်ရာ ခရီးထွက်ရင် ထွက်သွားတတ်သေးတာ ...၊ အရေးအကြောင်းဟဲ့ဆို ဘယ်လိုက်ရှာရမှန်း သိမှာတောင် မဟုတ်ဘူး၊ ရန်ကုန်မှာ ရှိရင်တော့ သူက အပြင်ထွက်ခဲပါတယ်"

"ဟို ... အဲ ... အဲဒီ ဦးကျော်က အလုပ်သွားချိန်တော့ ဘယ်ရှိမလဲနော် အန်တီ၊ မနက်ပိုင်း ညနေပိုင်းနဲ့ ရုံးပိတ်ရက်တွေဆိုရင် ပိုသေချာမယ် ထင်တယ်နော် အန်တီ"

"အမယ်လေး ... ဖိုးကျော်လား၊ ဘယ်က အလုပ်ကိုသွားရမှာလဲ၊ သူက ဘာအလုပ်လုပ်လို့လဲ၊ မပြောချင်ပါဘူး သူ့အကြောင်း၊ တည့်ကိုမတည့်ဘူး၊ သွားချင်တဲ့ အချိန်သာ



www.burmeseclassic.com

www.burmeseclassic.com



သွား သူ့မှာ ဘာအလုပ်မှ မရှိဘူး ... ဘာမှမလုပ်ဘူး ခါဘလုပ်ငန်းကို ဒီက အစ်မလင်မယားပဲ ဆက်လုပ်နေပြီး အငြိမ့်မှန်မှန် သူ့ကို အမြတ်ဝင်ငွေ ခွဲဝေဆက်သ,နေရတာ ပါ၊ သူ့လောက် ဟန်ကျပြီး အားလပ်နေတာ မရှိတော့ဘူး သွားချင်ရာသွား စားချင်ရာစား၊ ဒီအစ်မ မိသားစုပဲ အရင်းအချာ ရှိတာလည်း သာရေးနာရေးက အစ ခေါ် လည်းမလာ ... ဘာမှ စိတ်မဝင်စားဘဲ နေချင်တိုင်း နေ နေတာ ...

တွေ့ပါလိမ့်မယ် ... လူ့ဂွစာကို၊ အခန့်မသင့်ရင် ဘုပြောတောင် ခံရဦးမယ်၊ တွေ့ရင် ကြည့်ကျက်သာစကား ပြောပေတော့၊ သူငယ်ချင်းလုပ်တဲ့သူက မသေခင် တွေ့ချင် ရှာတာကိုလည်း စာနာခံစားတတ်ပါ့မလား မသိပါဘူး ပတ်ဝန်းကျင် အသိုင်းအဝိုင်းကို သံယောဇဉ်မှ မရှိတာ သမီးအဖေကို လာကြည့်မယ် ဆိုရင်တော့ အင်မတန်ကို ပြောင်းလဲတိုးတက်လာလို့ပဲလို့ ယူဆရမှာပဲ”

အဆွေးက မျက်လုံးဝိုင်းလေးနှင့် နားစိုက်နေမိပါ သည်။

“အန်တီပြောလို့ အတော်မှ စိတ်ပျက်သွားသလား၊ သွားရင် လည်း စိတ်ပျက်ရဖို့ များပါတယ်၊ ဟိုကျမှ မမျှော်လင့်ဘဲ စိတ်ပျက်စရာ ဆက်ဆံခံရမှာစိုးလို့ ကြိုပြောထားရတာပါ ကြိုသိထားတော့ သူ ဆက်ဆက်ရေးကျဲလည်းပဲ နည်းနည်း





ဖြေသာတာပေါ့၊ နို့မို့ဟိုကျ တွေ့မှ အငိုက်မိနေမယ်၊ သမီး နာမည်က ဘယ်လိုခေါ်လဲ”

“ဆွေးလျှညိုပါ အန်တီ”

“ဆွေးလျှညို ... ! နာမည်လေးက ကဗျာဆန်လှချည်လား ကွယ်၊ သမီးမျက်နှာလေးက ချစ်စရာလေးပဲ၊ ဘယ်ရေစက် ပါလဲ မသိဘူး၊ မိုးညို ... ! မိုးညို ဆိုတာတော့ အန်တီ မမှတ်မိတော့ဘူးကွယ်၊ သူ့သူငယ်ချင်းတွေနဲ့လည်း အန်တီ အဆက်ပြတ်တာ အနှစ် နှစ်ဆယ် ရှိပြီဆိုတော့ မေ့ကုန်ပါ ပြီ၊ သူနဲ့တွေ့ပါစေ အဆင်ပြေပါစေ ဆုတောင်းပါတယ် ကွယ်”

“ဟုတ်ကဲ့ အန်တီ၊ သမီး သွားတွေ့ကြည့်လိုက်ပါဦး မယ်”

“အေး ... အေး ... သွားကြည့်လိုက်၊ လိပ်စာက ရှာရ လွယ်ပါလိမ့်မယ်၊ အဲဒီတိုက်ကြီးက ကွန်ဒိုမီနီယမ်လို အခန်းမျိုးတွေပဲ၊ အခန်းကျယ်တွေပေါ့၊ လေးထပ်မှာ၊ ဘယ်ဘက်ခန်းနော် သမီး”

“ဟုတ်ကဲ့ အန်တီ ... ကျေးဇူးတင်ပါတယ်၊ သမီးကိုခွင့် ပြုပါဦး”

“အေး ... အေး ... သွား”

အဆွေးက လိပ်စာ စာအုပ်လေးကို အိတ်ထဲပြန်ထည့် အိမ်ထဲမှ ထွက်လာခဲ့ပါသည်။ ဦးကျော်သွေးထင်ရဲ့ အစ်မအို



www.burmeseclassic.com

www.burmeseclassic.com



သူဟာ သိပ်ကြီး စိတ်ပုပ်ဆိုးသွမ်းသူရယ်တော့ ဟုတ်ပုံမရပါ။ အသက်ကြီးလို့ပဲ မာန်မာနကျသွားတာမျိုး ဆိုရင်တော့ မပြောတတ်။

သူတို့ကြည့်ရတာ ဘိုးစဉ်ဘောင်ဆက် ကြွယ်ဝချမ်းသာသော မျိုးရိုးထင်ပါရဲ့။ မေမေ့မှာတော့ ငယ်ငယ်က ဆင်းရဲခဲ့တဲ့လှသည် မဟုတ်စေကာမူ မပြည့်စုံ မချမ်းသာတာကတော့ အမှန်။ သူတို့နဲ့ဆို မိုးနဲ့မြေလိုပဲ ကွာခြားနေမှာပါ။ ဒါကြောင့်လည်း မတူမတန်သလို သဘောမတူဘဲ ခွဲချင်နေတာ ဖြစ်မှာပေါ့။ ဒီအ ဘိုးကြီး ဒီအသက်အရွယ် ဒီစိတ်မျိုးလောက်နှင့် မေမေကလည်း လောလောဆယ် အဆွေးတို့ အဆင့်လောက်ထိ ပြည့်ပြည့်စုံစုံ ရှိသည်ဆိုရင်တော့ မေမေဟာ သူ့ချစ်သူနှင့် ဒီလိုကြီး အခွဲခံချင် ခံခဲ့ရမှာပါ။

သူ့အစ်မအရင်းဖြစ်သူရဲ့ ပြောပြချက်တွေအရ ဆိုလျှင်တော့ ဦးကျော်သွေးထင် ဆိုတဲ့ လူကြီးဟာ အတော်စိတ်ပျ စိတ်ကုန်စရာ ကောင်းမည့် လူ့ခွစာ လူတေလေကြီးပါလား။ သို့သော် ဒါကို ထည့်စဉ်းစားပြီး ကြိုတင်လက်လျှော့လိုက်ဖို့တော့ မဖြစ်ပါ။ ဘယ်လောက်ပဲ လူမှုရေးကျဲကျဲ ဘယ်လောက် အပြောရ အဆိုရ ခက်ခက် ဘယ်လောက်ပဲ ဘုမှုတ်မှုတ် အဆွေးကတော့ ရည်ရွယ်ထားတဲ့ ဆန္ဒလေး အရာထင်အောင် ကြိုးစားရဦးမှာပါ။

မြို့ပြင်လမ်းထိပ်နားမှာ ခုန တက္ကဆီသမားက ကားရပ်နေဆဲ ဖြစ်သည်။





"ပြီးပြီလား အစ်မ"

"ဟုတ်ကဲ့၊ ဒီမှာတော့ ပြီးပြီ၊ ကျွန်မကို ဒီလိပ်စာကို ထပ်ပို့ပေးပါဦးရှင်"

အဆွေးက လိပ်စာကို ပြလိုက်ပါသည်။

"ဩော် ... ဒီလိပ်စာကတော့ ခုဟာလောက် မရှာရပါဘူး"

ထိုတက္ကဆီနှင့်ပင် ဦးကျော်သွေးထင် နေထိုင်သည်ဆိုသော လိပ်စာသို့ ရောက်လာခဲ့ရပါသည်။ ကွန်ဒိုမီနီယမ်တွေ မပေါ်ခင်ကတည်းက ဆောက်ထားသော အထဲမှာ အိမ်ခန်းဖွဲ့ထားသည့် တိုက်ခန်းကျယ်ကြီးတွေပင်။ အိမ်ရှေ့လမ်းမကလည်း လမ်းမတန်းမို့ ကျယ်သည်။

ဒီတစ်ခါတော့ တက္ကစီကို ငွေရှင်းကာ ပြန်လွှတ်လိုက်ပါသည်။ ဒီနေရာမှာတော့ တိုက်အောက်မှာပင်ရပ်ကာ ကားငှားဖို့ရာ လွယ်ကူလှပါသည်။ အဆွေးက တိုက်နံပါတ်ကို အသေအချာ ခတ်ကာ တိုက်ရဲ့ အလယ်လှေကားကျယ်ကြီးမှ တက်လာခဲ့သည်။ လေးထပ် ...။ လေးထပ် ...။ ဘယ်ဖက်တံခါးဝမှာ အခန်းနံပါတ်ကိုပါ တွေ့ရသည်ဖြစ်၍ သေချာပါပြီ။

သံတံခါးတစ်ထပ် သော့ခတ်ကာ အတွင်းက သစ်သားတံခါး လက်ကိုင်ဘုကလည်း လှည့်မရ၍ အတွင်းက သော့ချထားတာ သေချာသည်။ သို့ပေမယ့် အခန်းတွင်းမှ အသံလိပ်



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတစ်ပုဒ် ဖွင့်ထားသံ ထွက်ပေါ်နေ၍ လူရှိမည်လို့ပဲ အဆွေး
က မှတ်ချက်ချလိုက်ပါသည်။ တံခါးဝမှ ဘဲလ်ကိုဖိနှိပ်လိုက်၏

အတွင်းမှာ သွားမြည်နေသော ဘဲလ်သံကို အပြ
က ကြားနေရပါသည်။ ကြားရအောင်လည်းပဲ ဘဲလ်သံက ဦး
ညောင်းညောင်း မဟုတ်ဘဲ "ဂရိး"ခနဲ ဆူဆူညံညံကြီး နား
သာအောင် မြည်ပုံမျိုး ဖြစ်သည်။ ဤအသံဆိုးကြီးနှင့် ဘဲလ်
သည့်တိုင် အထဲက လှုပ်ရှားမှု တစ်စုံတစ်ရာ မကြားရ။

အဆွေးက ဘဲလ်ကို ထပ်နှိပ်သည်။ ခဏစောင့်သည်
မထူးခြား။ ထပ်နှိပ်သည်။ ခဏစောင့်သည်။ မထူးခြား။ ဤ
နားကား နှိပ်ကာဖြင့် အကြိမ်ကြိမ် အဖန်ဖန် ရှိလာတဲ့အခါ လူ
ရှိရဲ့လားလို့ပင် အဆွေး သံသယ ဝင်လာပါသည်။

ဒီလက်ကိုင်ဘုသော့က အပြင်ကခတ်ပိတ်သွားလည်း
ရတာပင်။ အပြင်များ ထွက်သွားလေသလား။ အထဲက ကက်ဆက်
ကို ပိတ်ပစ်ခဲ့ဖို့ပဲ မေ့လျော့သွားလို့လား။ ခုနစ်ကြိမ် ရှစ်ကြိမ်အထိ
တံခါးလာမဖွင့်လျှင် အဆွေးက နောက်ဆုံးအနေနှင့် ဘဲလ်
တောက်လျှောက်ကြီး ဖိထားကာ အရှည်ကြီး တီးလိုက်ပါသည်

အထဲက "ဂရိုးရိုးရိုး"နှင့် ဆက်တိုက် သံရှည်
ဘဲလ်မြည်သံကြီးမှာ တကယ့်ကို ငှက်ဆိုးထိုးသည့်နှယ်။ ရုတ်တရက်
တံခါးက ဝုန်းခနဲ ပွင့်သွားသဖြင့် အဆွေးက လန့်ကာ လက်
ဘဲလ်ခလုတ်ပေါ်မှ ဖယ်လိုက်ရလေသည်။





သံပန်းအကွက်တွေကြားမှ ထွက်ပေါ်လာသော မျက်နှာကို ရင်အခုန်ခုန် ပါးစပ်အဟောင်းသားနှင့် ငေးစိုက်၍ ကြည့်နေလိုက်မိပါသည်။ ရှုပ်ပွေပွနေသော ဆံပင်ရှည်ရှည် ညှင်းသိုးသိုး။ မျက်နှာ နီမြန်းနေတာလိုလို ဖောသွပ်နေတာလိုလို အိပ်ရေးလွန်ထား၍ ဖောင်းနေတာလိုလို ...။

မျက်လုံးများက နီမြန်းနေ၍ မျက်နှာက အဆီပြန်ပြန်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများက ပုံကျပန်းကျလည်း မဟုတ်ဘဲ ရှည်လျားထိုးထောင် ရှုပ်ပွနေကာ ကပိုကရို ညစ်ပတ်နေသလိုပင်။ အဲဒီကြားထဲက ထွက်ပေါ်နေသော မျက်ခုံး မျက်လုံး နှာတံ နှုတ်ခမ်းတို့ကတော့ အချိုးကျ လှပနေတာကို ဖုံးမရ။

ရီသောမျက်လုံးတို့မှ မျက်တောင်ရှည်ကိုစင်း၍ အဆွေးကို စိုက်ကြည့်နေသော သူ့မျက်နှာက တင်းမာနေသည်။ ဒီမျက်ခုံး၊ ဒီမျက်လုံး၊ ဒီနှာတံတို့ဟာ ဓာတ်ပုံထဲက မေမေ့ရဲ့ ဦးကျော်သွေးထင်ပဲ ဆိုတာကို မမှတ်မိရလောက်အောင်တော့ သူက ပုံမပျက်သေးပေ။

သူက အဆွေးကို ခပ်တင်းတင်း အလိုမကျကြည့်၍ ...

"ဘာလဲ ..."

စကားသံက တိုပြတ်လှသည်။ ဦးကျော်သွေးထင်ကို



www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှေ့၌ မျက်ဝါးထင်ထင် နီးနီးကပ်ကပ် မြင်နေရ၍ အဆွေး ရင်သွေးနှစ်ကာ တုန်ယင်လှုပ်ရှားလျက် ခြေဖျားလက်ဖျားတွေ အေးစက်ဆောင့်တင်းလာသည်။ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရ၍ ခမ်းသွားသလို မေမေ့ကို သတိရလျက် ဝမ်းနည်းမိပါသည်။

"ဟို ... ဦး ... ဦးကျော်သွေးထင်နဲ့ တွေ့ချင်လို့ပါ"

သူ့မျက်နှာ တင်းထန်ထန်က ဘာမှပြောင်းလဲမသွားဘဲ ...

"မရှိဘူး"

"ရှင်"

အဆွေး အံ့အားသင့်သွားခိုက် သူက စိတ်မရှည်သလို အသံမြှင့်၍ ...

"မရှိဘူး ... မှားနေတယ်"

ဖြေပြီးသည်နှင့် တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်သွားလေသည်။ အဆွေးသည် အငိုက်မိ၍ ကြောင်တက်တက် ကျန်ရစ်၏။ မရှိဘူးတဲ့။ မှားနေတယ်တဲ့။ ဘာမှားလို့လဲ။ ဒီရုပ်ကြီးကို မျက်ဝါးထင်ထင် တွေ့လိုက်ရပါလျက် မှားစရာလား။ ရှိနေလျက်ကြီးနှင့် မရှိဘူး လိမ်စရာလား။

အဆွေးသည် မကျေမနပ် ဖြစ်သွားကာ ချက်ချင်းဘဲလ်ကို ထပ်နှိပ်လိုက်သည်။

"ဂရီး ... ရီး ... ရီး ..."





ဝုန်းခနဲ တံခါးပြန်ဖွင့်လာကာ ထိုသူက ဒေါသတကြီးနှင့် ...

"ဟော့ ... ဘာဖြစ်နေတာလဲ၊ ရိုင်းလှချည်လား၊ ပြောစကားနားမလည်ဘူးလား"

ဟိန်းရှသော သူ့အသံဟာ အဟုတ် ကြောက်လန့်ဖို့ကောင်းလှသည်။

"ဟို ... ဟို ... ဦးကျော်သွေးထင် ..."

"မရှိဘူး ဆိုတာ မပြီးဘူးလား"

သူ့အသံသည် လူကြီးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနှင့် လိုက်ဖက်အောင် ကျယ်လောင်ရမ်းကားလှသည်။

"ဟို ... ဦးကျော်သွေးထင် ဆိုတာ ဦးပဲ မဟုတ်ဘူးလားဟင်"

"မဟုတ်ဘူး"

"ညာမပြောပါနဲ့ ဦးရယ်၊ ဦးက ဦးကျော်သွေးထင်ပါ"

"ဟာ ... မဟုတ်ဘူးဆို မဟုတ်ဘူးပေါ့၊ မင်း ဘယ်ကကောင်မလေးလဲ ... ရှုပ်ရှုပ်ယှက်ယှက် ... သွား ... သွား"

"ကျွန်မ အရေးကြီးတဲ့ကိစ္စလေး တစ်ခု ..."

"တော်တော့ ..."

ပြောနေရင်းတန်းလန်း ဖြတ်အော်ခံရ၍ အဆွေးမှာ န်တက်ကာ စိတ်ထဲ မခံချိ မခံသာ မကျေမချမ်းမှုတို့ကလည်း ရိုရို ရှန်းကြွလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုလည်း ငါမသိဘူး၊ ကျော်သွေးထင်လည်း မရှိဘူး၊ အရေးကြီးစရာ ဘာကိစ္စမှလဲ မရှိဘူး၊ လောကမှာ အရေးကြီးတယ် ဆိုတာကို မရှိဘူး ... ဘာမှ အရေးမကြီးဘူး"

သူ့မျက်နှာကို သံတံခါးနားကပ်ကာ စိတ်လိုက်မာန်ပါ အော်ဟစ်ပြောနေ၍ သူ့ပါးစပ်မှ အရက်နံ့က ထောင်းခနဲ ဟောင်ထလွင့်ထွက်လာလေရာ အဆွေးသည် ရှုံ့မဲ့မဲ့ကလေးနှင့် နောက်တစ်လှမ်း ဆုတ်လိုက်မိပါသည်။

"မင်းလို မိန်းကလေးတစ်ယောက်နဲ့လည်း ကျော်သွေးထင်မှာ ဘာမှ ပတ်သက်စရာ အကြောင်းမရှိဘူး၊ ကျော်သွေးထင်က ဘယ်သူနဲ့မှလဲ ပေါင်းသင်းမိတ်ဖွဲ့နေတာ မဟုတ်ဘူး၊ ဘာကိစ္စမှလဲ မရှိနိုင်ဘူး"

"ကျွန်မ ပြောတာလေးကို တခဏိတ်လောက် ..."

"မပြောနဲ့ ... ဘာမှ မပြောနဲ့၊ နားထောင်နေစရာလည်း အချိန်မရှိဘူး၊ ရှုပ်နေတာပဲ၊ မင်း တံခါးကို လုံးဝထော်ခေါက်နဲ့ ... ဒါပဲ ... ပြန်တော့ ..."

ရင့်သီးမာကျောစွာ ပြောချင်သလို ပြောချလိုက်ပြီးလျှင် သူက တံခါးကို ဒိုင်းခနဲ ဆောင့်၍ပိတ်ချသွားပြန်ပါသည်။ အဆွေးမှာ ပြောချင်တဲ့ စကားလေးပင် ပြောခွင့်မပေးလောက်အောင် ဆက်ဆံရေး ရိုင်းပျကျဲတောက်သည့် ဦးကျော်သွေးထင်ကို အတော်စိတ်ပျက်သွားပါသည်။ သူဆိုတာလည်း သူ့ရုပ်က မပြောင်းမလဲ သေချာနေပါလျှက်နှင့်။





ကဲလေ ... ရှိပါစေတော့။ နေပါစေဦး။ လောလောဆယ် သူ့ထံက အရက်နံ့ ရနေ၍ အဆွေးကလည်း ထပ်မကြိုးစားချင်တော့ပါ။ နောက်တစ်ကြိမ် ထပ်လာဖို့သာ ရည်ရွယ်ပြီးတော့ အောင်မြင်စွာ လှည့်ပြန်ဖို့ ဆုံးဖြတ်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com









## ၅

အဆွေးသည် မေမေ့ ခုတင်ဘေးက ခုံကလေးမှာဆိုင်ကာ ပန်းသီးတစ်လုံးကို အခွံသင်၍ စိတ်နှာနေပါသည်။ အဆွေးရဲ့ လှုပ်ရှားမှုများကို ခုတင်ပေါ် လဲလျောင်းလျက်မှ မေမေ စိုက်ကြည့်နေတာကိုသိ၍ ဖျတ်ခနဲ မေမေ့ကို မော့ကြည့်လိုက်သည်။

"မေမေ"

ဒေါ်ဖြူသဲက တကယ်ပဲ အဆွေး မျက်နှာလေးကို ခပ်ငေးငေး စိုက်ကြည့်နေတာပင်။

"မေမေ ... ဘာပြောချင်လို့လဲဟင်"

"မပြောချင်ပါဘူး သမီးရယ်၊ ဘာမှမဟုတ်ပါဘူး"

"မေမေ့ ကြည့်ရတာ အဆွေးကို တစ်ခုခုပြောချင်နေသလိုပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး သမီးရယ် ... မေမေ့သမီးလေး လှလွန်းလို့ ကြည့်နေတာပါ"

အဆွေးက ပန်းသီးစိတ် ပန်းကန် မေမေ့ဖက်တိုးပေးတာ ...

"မေမေ ဘာစားချင်တာရှိလဲဟင် ... ခံတွင်းတွေ့မယ်ထင်တာ၊ တောင့်တတာတွေ အဆွေးကို ပြောနော်"

"ဘာမှ မစားချင်ပါဘူး သမီးရယ်"

"ပြီးတော့ ဘာလိုချင်တာ ... ဘာဖြစ်ချင်တာရှိလဲ ... အဆွေး အကုန်လုပ်ပေးမယ် မေမေ"

ဒေါ်ဖြူသဲက စိတ်မကောင်းသလို ပြုံးလိုက်ပါသည်။

"ဘာဖြစ်လို့ လုပ်ပေးချင်ရတာလဲ သမီး"

"မေမေ နေမကောင်းဖြစ်နေတော့ အဆွေး သနားလို့ ... မေမေ စိတ်ချမ်းသာစေချင်လို့"

အဆွေးက စကားကို ခဏရပ်ကာ မေမေ့ကို မရွံ့မရဲ အကဲခတ်ပြီးမှ ...

"မေမေ ပျော်နေတာ အဆွေး တစ်ခါမှကို မမြင်ဖူးတာ အဆွေး တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှကို မမြင်ဖူးတာ"

"ပျော်ပါတယ် သမီးရယ်၊ ဒီလိုကြင်နာပြီး သစ္စာရှိတဲ့ လင်သား ... ဒီလို ချစ်စရာကောင်းပြီး လိမ္မာတဲ့ သမီးလေးကို ပိုင်ထားရတဲ့ဟာ မေမေ မပျော်ပဲ နေပါ့မလား"





"ဒါဖြင့် မေမေ ကြည့်ရတာ ဘာဖြစ်လို့ မပျော်သလို ဖြစ်နေလဲ၊ ခုဆိုရင် နေမကောင်းတော့ နွမ်းနေတော့ ပိုတောင်ဆိုးသေးတယ် ... မေမေ့ကို သိပ်စိတ်ချမ်းသာစေချင်တာပဲ"

"ထူးထူးဆန်းဆန်းတွေ ပြောနေပါလား သမီး"

မေမေက ပြုံးကာ အံ့အားတသင့် ဆိုသည်။

"ဖေဖေကလည်း ပြောတယ်၊ မေမေ့ကို သနားတယ်တဲ့၊ မေမေက ဖေဖေ့ကို မချစ်ဘဲနဲ့ ယူခဲ့တာတဲ့၊ ဖေဖေကသာ မေမေ့ကို ချစ်တာတဲ့"

"အို ... ကိုမိုးညိုကလည်း ကလေးကို ဘာတွေပြောမှန်း မသိဘူး၊ တခြားကော ဘာတွေပြောသေးလဲ"

မေမေ့ရဲ့ စိုးရိမ်တကြီး ပုံစံကို စိတ်မသက်မသာနှင့် အကဲခတ်ရင်း ...

"တခြား မပြောပါဘူး၊ ဒါပါပဲ၊ မေမေက ဖေဖေ့ကို မချစ်ဘဲနဲ့ ယူခဲ့ရတာဆိုတော့ မေမေ့မှာ ဟိုတုန်းက ချစ်သူရှိခဲ့မှာပဲနော် ... ရှိလားဟင် မေမေ"

"အို ... ဒီကောင်မလေး ဘာတွေ လျှောက်မေးနေတာလဲ၊ ပေါက်ကရတွေ သမီးရယ်၊ မဟုတ်တာတွေ မေးမနေစမ်းပါနဲ့"

"ဒါဖြင့် မေမေ့မှာ ချစ်သူဟောင်း မရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး … မရှိဘူး၊ ကိုမိုးညိုတော့ ကလေးကို ဟိုထင် ဒီထင် ထင်အောင်လုပ်နေပြန်ပြီ၊ လာရင် ပြောရဦးမယ်၊ မဟုတ်က ဟုတ်ကတွေ မပြောဖို့"

"မေမေက ဘာမှ မပြောပါဘူး မေမေရဲ့"

ဒေါ်ဖြူသဲက မျက်စိကို စုံမှိတ်ထားလိုက်ပါသည်။ ဒီလိုဖြင့် မေမေ ဘာမှကို ပြောတော့မှာ မဟုတ်ဘူးဆိုတာ အဆွေး သိလိုက်ပါပြီ။ အဆွေး စကားစကြည့်လျှင် မေမေ့ နှုတ်ဖျားကများ ဖြစ်ချင်တဲ့ဆန္ဒ ထွက်လာမလားလို့ နည်းနည်းစကား စကြည့်တာ။ မေမေဟာ ဦးကျော်သွေးထင်နဲ့ တွေ့ချင်ပါသည်ဆိုတဲ့ ဝန်ခံစကားမျိုး အသက်သာ သေသွားမည်။ ကိုယ်ဥ္စက ဖွင့်ပြောလာမှာတော့ မဟုတ်တော့ဘူးဆိုတာ အဆွေး ရိပ်မိပါပြီ။

"မေမေ … မေမေ"

"တော်ပြီ သမီးရယ် … မေမေ့ကို အဓိပ္ပာယ် မရှိတာတွေ အစ်မေးမနေနဲ့"

"မမေးပါဘူး မေမေ … ပန်းသီးလေး စားပါဦး၊ အဆွေးလည်း အပြင်ခဏ သွားဦးမယ်"

မေမေ့ မျက်လုံးတို့က ပြန်ပွင့်လာသည်။

"ညနေလာခဲ့မယ်နော် မေမေ"

"အေး … အေး …"

အဆွေးက ဆရာမအတွက် သုပ်ယူလာခဲ့သော လက်ဖက်ဘူးလေးကို ဆရာမကို ပေးရင်း မေမေနှင့် ဆရာမကို





နှုတ်ဆက်ထွက်လာခဲ့ပါသည်။ ဆေးရုံရှေ့မှပင် အလွယ်တကူ အားငှားကာ မနေ့က လိပ်စာအတိုင်း ထွက်လာခဲ့ပါသည်။

ဦးကျော်သွေးထင်ရဲ့ တိုက်ရှေ့ရောက်တော့ ရင်တွေ ဆူးကာ ကတုန်ကယင် ဖြစ်ရသည်။ မနေ့ကလိုပဲ အအော်အဟောက် ခံချင် ခံရဦးမှာ။ ဒီလူကြီး မျက်နှာဟာ ခက်ထန်၍ ရင့်ထိတ်စရာ ကြောက်စရာ ကောင်းပါဘိ။ အသားအရေများ ရင့်ရော်လာသည်ကလွဲ၍ အပိန်အဝ မဆိုစလောက်ပဲပြောင်းကာ ဘာမှ ထူးခြား ရုပ်ပြောင်းလဲခြင်း မရှိပါဘဲနှင့် သူ့ကိုယ်သူ ဦးကျော်သွေးထင် မဟုတ်ဘူးတဲ့။

အဆွေးကိုလည်း ဘယ်သူဘယ်ဝါမှန်း သူ မသိနိုင်သည်ဖြစ်ရာ အဆွေးမို့ ခါးခါးသီးသီး ငြင်းတာမဟုတ်ဘဲ လူတွေ[illegible]ကို အဆက်အဆံ အပေါင်းအသင်း မပြုဘဲ နေနေတာမျိုး ဖြစ်ပါလိမ့်မည်။

ဘောင်းဘီရှည်ပဲ ဝတ်နေသေးလို့လား … ဖေဖေ့အသက် မပြည့်ဖြိုးလို့လားတော့ မသိ။ သူက ဖေဖေ့လောက် အသက်ကြီးသည် မထင်ရပါ။ လူကြီးဟန် မပေါက်ပါ။ သို့သော် ဦးနှောက်ထဲ ခေါင်းထဲမှာ သောကဗျာပါဒတွေ အချိန်ပြည့်ရှိခဲ့လို့လား မသိ … သူ့ဆံပင် ဖိုသီဖတ်သီ ရှည်လျားလျားတွေထဲ ဆံပင်ဖြူစ တချို့ဟာ ဖျတ်ခနဲမှာပင် ထင်သာ မြင်သာ ရှိပါသည်။

အသက်လေးဆယ့်ရှစ်နှစ် ရှိပြီဖြစ်တဲ့ ဖေဖေ့ဟာ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲ ဆံပင်အတွင်းထဲမှာ ဆံပင်ဖြူ တစ်ချောင်းစ, နှစ်ချောင်
စ,သာ ရှိချင်ရှိမည်။ အပေါ်ယံမှာ အဖြူချောင်းများ ထင်း
တွေ့ရသည်အထိတော့ ဆံပင်မဖြူသေးပါ။ သူကတော့
ထက် ငယ်ရွယ်နိုင်ပါလျက် လူပုံလည်း နုဆဲဖြစ်ပါလျက် ဆံ
အဖြူတွေ မြင်သာလျက် ရှိသည်။

ဦးကျော်သွေးထင် အစ်မ ပြောလိုက်တဲ့ အနှစ်
ဆယ်ဆိုတဲ့ ကာလအပိုင်းအခြားဟာလည်း မေမေတို့ ကွဲကွာ
ချိန်နှင့် ကွက်တိပဲဖြစ်၍ သူဟာ မေမေနှင့် ကွဲကတည်းက
ပေလေလွင့်ကာ ဘယ်သူ့ကိုမှ သိပ်အပေါင်းအသင်း မလုပ်
ဘဲ အထီးကျန်ကြီးဘဝနှင့် လောကကြီးကို အရွဲ့တိုက်
အဖက်မတန်သလို နေလာတာပဲ ဖြစ်လိမ့်မည်။

မေမေနှင့် ကွဲကွာရတဲ့အတွက် ဤမျှထိပဲ ခံ
သလား။ ဘဝတစ်ခုလုံးကို ရေစုန်မျှောကာ နေလိုက်ရတော့
လား။ မေမေ့ကို အင်မတန်ချစ်၍ မေမေ့ကို ဆုံးရှုံးရခြင်းအ
ဤမျှ နာကြည်းတောက်လောင်နေတဲ့ လူကြီးတစ်ယော
အဆွေး ဗွေမယူသင့်ပါ။

သူ အော်ချင်သလောက် အော်၊ ဟောက်ချင်
လောက် ဟောက်ပါစေ။ ကိုယ့်အမေကို ဤမျှ ချစ်ခဲ့ဖူးတဲ့
ကြီးကို အဆွေးသည် သည်းခံခင်မင်ပါမည်။ သူ ဘယ်လော
ပဲ ဂွတိုက်တိုက် အရွဲ့တိုက်တိုက် ဘယ်လိုညာညာ ဘယ်
အောင်ပြောပြော အဆွေး သည်းခံပါမည်။





အဓိက,က မေမေ့ကို မုန်းတီးစိတ်နာနေတဲ့ ဒီလူကြီး မေမေ့ကို ခွင့်လွှတ်ပြီး ဆေးရုံကို တစ်ခါလောက် လာကြည့်ဖော်ရရင် တော်ပါပြီ။ သူ ဘယ်လောက်ငြင်းငြင်း ဘယ်လောက်မောင်းထုတ်ထုတ် အဆွေး စိတ်ရှည်မည်။

အဆွေးက စိတ်ကူးလေးနှင့် လှေကားထစ်များကို စ,တက်ခဲ့ပါသည်။ ဘယ်လိုပဲ ဆုံးဖြတ်ထားထား ဦးကျော်သွေးထင်ကို ရင်တထိတ်ထိတ် ခုန်ရတဲ့အထိ ကြောက်မိပါသည်။ အဆွေး လှေကားတစ်ကွေ့ တက်ပြီးသွားခိုက် အပေါ်ဘက်မှ တဘုတ်ဘုတ်နှင့် ခပ်သွက်သွက် ဆင်းလာသော ခြေသံကြား၍ လမ်းဖယ်ပေးဖို့ အဆွေးက မော့ကြည့်လိုက်ပါသည်။

"ဟင် ..."

အဆွေး ပါးစပ်လေး အဟောင်းသား ဟသွားသလို လှေကားတစ်ကန့်ရဲ့ အပေါ်ဆုံးထစ်မှ ဦးကျော်သွေးထင်ကလည်း အောက်ဆုံးထစ်မှ အဆွေးကို ကြည့်ကာ တုံ့ခနဲ ခြေလှမ်းရပ်သွားပါသည်။

မိုးခပ်အေးအေးမို့ ဦးကျော်သွေးထင်က ဂျာကင်တစ်ထည်ဝတ်ထားတာ မြင်လျှင် အဆွေးသည် ဆွယ်တာမီးခိုးနှင့် နီညိုစင်းလေးကို ဖျတ်ခနဲ သတိရမိပါသည်။ အောက်ကတော့ ရှင်းဘောင်းဘီနွမ်းပွပွကြီးနှင့်။ ဆံပင်များကို နောက်ဘက်လှန်ဖြီးထားရာ မဟာနဖူးကျယ် အထက်မှာ အနက်နှင့် အဖြူကြားဆံပင်တို့က ဒီနေ့တော့ သပ်ယပ်နေသယောင်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သူက အဆွေးကို မျက်မှောင်ကြီးကုတ်ကာ အလိ
မျက်နှာတို့ စိတ်အနှောင့်အယှက် ဖြစ်သလို ဒေါသတကြီး ကြည့်
နေသည်။ အလကားနေရင်း ကိုယ့်သမီး ကိုယ့်တူမအရွယ် မိန်းမ
သော်တစ်ယောက်ကို ရန်လိုနေသော လူကြီးမျိုး တစ်သက်နှင့်တစ်
ကိုယ် ခံစားစဉ်ကြိမ်သာ မြင်ဖူးရပါသေးသည်။

သူကလည်း ဆက်မဆင်း။ အဆွေးကလည်း ဆက်
မတက်ဘဲ ခဏကြာမျှ တစ်ဦးကိုတစ်ဦး ရူးရူးရဲရဲ ကြည့်နေမိပြီ
ပြီးလျှင် အဆွေးက အရဲစွန့်၍ ...

"ဦ ... ဦးကျော်သွေးထင်"

"ကျွတ် ... တောက် ..."

သူသည် ခပ်တိုးတိုး တောက်ခတ်ကာ မထင်မှတ်
ဘဲ ချာခနဲလှည့်၍ အပေါ်ထပ်ကို ပြန်ပြေးတက်သွားပါသည်။
အဆွေးမှာ အံ့အားတသင့်ကြီးများပင် ဖြစ်မိပါသည်။ သူ အပြင်
တစ်နေရာရာ သွားမှာမို့ ဆင်းလာတာပေါ့။ သွားစရာရှိတာ
ဆက်ဆင်းသွားရုံပဲ ရှိပါလျက်နှင့် ဘာကြောင့် ပြန်လှည့်တက်သွား
ပါလိမ့်။

အဆွေးကို အဲလောက်ထိအောင်ကိုပဲ မမြင်ချင်
မဆက်ဆံချင်တာလား။ အဆွေးသည် အလွယ်တကူနှင့် အလျှော့
မပေးနိုင်သော မခံချင်စိတ်လေးနှင့် ကမန်းကတန်းပင် လှေကား
ထစ်တွေကို အပြေးတက်၍ လိုက်ကာ ...

"ဦးကျော်သွေးထင် ... ဦးကျော်သွေးထင်"





နှုတ်ကလည်းအော် ... ခြေထောက်ကလည်း အပြေး
လိုက် ...။

"ဦး ... ဦး ခဏနေပါဦး"

သူက ရှေ့ကစော၍ တက်သွားသော်လည်း တံခါး
သော့ကို ဖွင့်နေရသေး၍ သူ့သံတံခါးဖွင့်၊ သစ်သားတံခါးဖွင့်
ကာ အတွင်းဝင်၍ သံတခါးကို သော့ခလောက် ပြန်ညှစ်နေစဉ်
အဆွေးက အခန်းဝကို ရောက်သွားပါတော့သည်။

"ဦး ...၊ ဦးက ဦးကျော်သွေးထင် ဆိုတာ သမီး သိပါ
တယ် ... သမီး စကားခဏ ပြောပါရစေ"

အဆွေးက သူပိတ်ဟန်ပြုနေသော သစ်သားတံခါး
ကို သံတံခါး အပေါက်များမှ လက်နှစ်ဖက်လုံး နှိုက်လျှိုကာ
ဆွဲထားလိုက်ရင်း အမောတကော ပြောလိုက်ပါသည်။

"မင်း ရူပ်လှချည်လား၊ ဘာဖြစ်လို့ ငါ့အိမ် လာလာနေရ
တာလဲ ... ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူး ဆိုမှ"

သူ့အသံက တင်းထန် မာပြတ်လှသည်။ အဖေရွယ်
ကလေးရွယ် လူတစ်ယောက်က ဤမျှဒေါသတကြီး အော်ငေါက်
နေ၍ အဆွေး မျက်ရည်ကလေး လည်လာပါသည်။

"ဦးရယ် ... ဦးက ဦးကျော်သွေးထင်ပါ ... ဟုတ်ပါတယ်၊
သမီး သိပါတယ် ... ဟုတ်တယ် မဟုတ်လားဟင် ... ဦး"

"မင်းက ဘယ်လိုလုပ်ပြီး ပြောနိုင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး _ ဦးရဲ့ဓာတ်ပုံကို မြင်ဖူးပါတယ်၊ ဦး ရုပ်မပြောင်း သွားဘူးပါ၊ ဦးက ဦးကျော်သွေးထင်ပါပဲ ... ဟုတ်ပါတယ်"

"မင်းနဲ့ငါ စကားပြောစရာ ဘာကိစ္စမှ မရှိဘူး"

"ဦးမှာ မရှိပေမယ့် သမီးမှာ ပြောစရာစကားရှိလို့ပါ ဦး ရယ်"

"ငါဟာငါ အေးအေးဆေးဆေး နေချင်လို့ တစ်ယောက် တည်း နေနေတာ ... မင်းက ဘာကိစ္စဝိစ္စတွေ လာရှုပ် ရတာလဲ"

"သမီးက ..."

"မင်းကိုလည်း ငါမသိဘူး၊ မသိတဲ့သူနဲ့လည်း ငါနဲ့ ပတ်သက်မှုမှ မရှိနိုင်ဘူး၊ ဘာအကြောင်းမှကို မရှိ ဘာစကားမှ ပြောစရာ မလိုဘူး၊ ကဲ ... မင်းလက်ကို ပစ်လိုက်စမ်းပါ၊ ငါ တံခါးကို ဆောင့်ပိတ်လိုက်ရင် မ လက်ညှပ်ရင် ညှပ်သွားမယ် ကျိုးရင် ကျိုးသွားမယ်နော်"

"ဟင့်အင်း ...၊ တံခါး မပိတ်ပါနဲ့ ဦး"

"မင်း ဘယ်လိုဖြစ်နေလဲ ... ငါ ဘယ်သူနဲ့မှ စကားမ ချင်ပါဘူးဆိုမှ"

"သမီး ဘယ်သူလဲဆိုတာ ဦး မသိလို့ပါ၊ သမီး ဘယ် မှန်းသိရင် ဦး စကားလက်ခံပြောရင် ပြောမှာပါ"

ဦးကျော်သွေးထင် မျက်နှာက ပြောင်းလဲသွား သည်။ အကောင်း ပြောင်းလဲပုံတော့ မဟုတ်။ ဘယ်သူမှန်း





ရင် စကားပြောမှာပါ ဆိုတဲ့ အဆွေးရဲ့ စကားကို သရော်တော် တော် ခနိုးခနဲ့ပြုံးကြီးနှင့် မုန်းစရာရုပ်ကြီး ဖြစ်သွားသော ပြောင်း လဲပုံပင်။ အဆွေးကို စိုက်ကြည့်နေသော မျက်လုံးများက အရှိန် တညီးညီးဖြစ်အောင် ပူပြင်းစူးရှနေပုံမှာ အဆွေး ကိုယ်ကိုပင် အပူဟပ်မတတ်။

ဦးကျော်သွေးထင်က "ဟက်"ခနဲ လှောင်ယက်တစ် ယောက် မခိုးမခန့်ဟန်မျိုးနှင့် ရယ်လိုက်ရာ ရယ်ပုံမှာ ဘယ်လောက် အသည်းယားစရာ မခံချင်စရာ ကောင်းမှန်းမသိ။ အဆွေးသည် ရင်ထဲ တလှိုက်လှိုက်နှင့် ဒေါကလေးပင် ပွလာသည်။

"ကဲ ... မင်း ဘယ်သူမှန်းသိရင် ငါက စကားပြောချင် ကောင်း ပြောချင်လာလိမ့်မယ် ဟုတ်စ"

"ဟုတ်ကဲ့"

"ကဲ ... ကဲ ... ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစွာ ပြောပါ ဦး ... မင်းက ဘယ်သူလဲ"

"သမီး ... သမီးက ဒေါ်ဖြူသဲ သမီးပါ"

အဆွေးက ဖြေပြီးလျှင် ဦးကျော်သွေးထင် မျက်နှာ ပြင် မျက်လုံးတို့ကို အလစ်မပေး။ အပြောင်းအလဲကို တရစပ် စူးစိုက်ရှာဖွေသည်။

"ဘယ်သူ ..."

ဦးကျော်သွေးထင့်က သူ့နားရွက်နား သူ့လက်ခါး ကာကာ ထပ်မေး၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သမီး _ ဒေါဖြူသဲ သမီးပါ၊ ဖြူသဲလေ ... ဦး"

"ဖြူသဲ _ ! ဒေါ်ဖြူသဲ ... ! "

ပုခုံးတွန့် ရေရွတ်ကာ ဦးကျော်သွေးထင်က မဲ့တဲ့တဲ့ ရယ်မောလိုက်ပါသည်။ အခွေးက ခေါင်းကလေးညိတ်စဉ် ...

"တစ်ခါမှ မကြားဖူးဘူး"

"ရှင်"

"ဒီနာမည်မျိုး တစ်ခါမှတောင် မကြားဖူးဘူး၊ လာရှုပ်မနေနဲ့ ... သွား ... သွား ..."

ပြောပြောဆိုဆို ဦးကျော်သွေးထင်က သစ်သားတံခါးကို ဒုန်းခနဲမြည်အောင် တွန်းဆောင့်ပိတ်ပစ်လိုက်ပြီဖြစ်ရာ အခွေးမှာ တံခါးအရှိန်နှင့် လက်နှစ်ဖက်က သံတံခါးအပေါက်မှ နောက်ပြန်ထွက်လာရာ တံဗောင်ဆစ်တွေနှင့် သံပန်းတံခါးအကွက်တွေ ပွတ်တိုက်မိကာ နာကျင်ပွန်းပဲ့သွားပါသည်။

ချက်ချင်း မျက်ရည်ဝိုင်းခနဲ ဥတက်လာကာ ...

"ဦး ..."

တံခါးကို လက်သီးနှင့် ဝုန်းခနဲ ထုရင်း ...

"ဦးကျော်သွေးထင် ... ဦး ... တံခါးပြန်ဖွင့်ပေးပါ"

"ဟိတ်ကောင်မလေး ... သွား ... ပြန် ... လာရှုပ်မနေနဲ့"

"ရှုပ်ဖို့လာတာ မဟုတ်ပါဘူး ဦး၊ တံခါးပြန်ဖွင့်ပါ၊ ငြင်းချင်ရင်လည်း မျက်နှာချင်းဆိုင်ငြင်းပါ၊ ဦးက ဦးကျော်သွေး





ထင်လည်း ဟုတ်တယ်၊ ဒေါ်ဖြူသဲကိုလည်း ဦး သိတယ်၊ သမီး သေချာသိတယ်၊ ဦး ညာမပြောပါနဲ့"

အခွေးက တံခါးကို ထုကာထုကာ အဆက်မပြတ် ပြောနေသော်လည်း အိမ်အတွင်းဘက်မှ ခုနစကားတစ်ခွန်း ထွက်လာပြီးတဲ့နောက် ဘာအသံမှ ထပ်မကြားရတော့ပါ။ သို့ပေမယ့် အခွေးသည် တံခါးရွက်နောက်နားမှာတင် ဦးကျော်သွေးထင် ရပ်လျက်ရှိနေဦးမည်ကို အလိုလို သိနေပါသည်။

အခွေးသည် ပြောရင်းပြောရင်း မျက်ရည်ရစ်လည်လာပါသည်။ တအားလည်း ဝမ်းနည်းလာပါသည်။ သူ ဒီလိုညာနေတာဟာ မေမေ့ကို မုန်းတီးနာကြည်းလို့ တစ်ခုကြောင့်သာက လွဲ၍ ဘာမှ မဖြစ်နိုင်ပါ။ မေမေကတော့ သက်မဲ့ဆွယ်တာလေး တစ်ထည်ကိုပင် တစ်ပွေ့ပွေ့ တစ်ပိုက်ပိုက် တစ်ဝတ်ဝတ်နှင့် ခုချိန်ထိ သံယောဇဉ်တွေ နှောင်ဖွဲ့ကာ မမေ့မလျော့ တမ်းတဆဲ။

သူကတော့ မေမေ့ကို အလွန်တရာ နာကြည်းနေသည်။ မေမေ့ကိုယ်စားလည်း ဝမ်းနည်းကြေကွဲရပါသည်။ ပထမတော့ ဒီလူကို တွေ့ကြည့်မည်။ မေမေ့ အခြေအနေ ပြောပြကြည့်မည်။ ကူညီအားပေး နှစ်သိမ့်သည့် အနေနှင့် တစ်ရက်လောက်လာတွေ့ကြည့်ဖို့ တောင်းပန်မည်လို့ ရိုးရိုးကလေး စိတ်ကူးခဲ့တာပါ။

ထိုသို့ စိတ်ကူးစဉ်က ဒီလူကြီးကသာ "လာကြည့်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါဘူးကွယ်"လို့ ငြင်းခဲ့ရင် သူ့မှာ ရှိကောင်းရှိနေနိုင်သည့် သူ့မိသားစု အဖွဲ့အစည်းကို ငဲ့ညှာထောက်ထား၍ လာမကြည့်လည်း ခွင့်မခေါ်ဘူးလို့ တွေးထားမိတာပါ။ လာကြည့် တွေ့ပေးလျှင် အမြတ်။ မလာလည်း အရင်းပဲလို့သာ ယူဆခဲ့တာ။

ခုတော့ ... သူ့မှာ ပြဿနာတက်နိုင်သည့် ဇနီးမယား သမီးသား မိသားစုလည်း မရှိ။ အဆွေး ထင်သလို လူကြီးလူကောင်း တစ်ယောက်နှင့် တွေ့ဆုံစကားပြောရတာမျိုး မဟုတ်ဘဲ လူပေ‧လူတေ‧လူ့ခွစာကြီးနှင့် စကားပြောရတာ ဖြစ်နေသည်။ အေးအေးချမ်းချမ်း ဆွေးဆွေးနွေးနွေးလေးလည်း ပြောခွင့်မရခဲ့။

သူ့ကိုယ်သူတောင် ဦးကျော်သွေးထင် မဟုတ်အောင် လိမ်ခဲ့သေးတာ။ ခုတစ်ခါ မေမေ့ကို ကြားတောင် မကြားဖူးဘူး ရယ်လို့ လိမ်ပြန်ပြီ။ ဤသို့ ပုံမှန်မဟုတ်သော အခြေအနေတွေနှင့် ဆုံတွေ့လာရတော့ အဆွေး စိတ်တွေက လက်လျှော့မသွားဘဲ ပိုလို့ပင် ထက်သန်ပြင်းပြလာပါသေးသည်။

မရမကကို စကားပြောမည်။ မရမကကို ခေါ်မည် ရယ်လို့ပဲ အဆွေး သံမဏိဌာန် ချပစ်လိုက်သည်။ သံမဏိဌာန်သာ ချလိုက်ရသော်လည်း အခြေအနေကတော့ သူဖွင့်မပေးသော တံခါးကို ထုကာ ထုကာ အပြင်က စကားလှမ်းအော်ပြောနေရသည့် အထိ အောက်တန်း နောက်တန်း ကျလှ၍ အဆွေး ဝမ်းနည်းနေ ပါသည်။





"ဦးကို သမီး ကောင်းကောင်းသိပါတယ်၊ ဦးဓာတ်ပုံကို မြင်ဖူးပါတယ်၊ အဲဒီဓာတ်ပုံထဲမှာ ဦးက မေမေနဲ့ တွဲရိုက်ထားတာပါ၊ မှားစရာ မရှိပါဘူး ဦး"

အဆွေး အသံက ငိုသံပါကာ တုန်ယင်လာသည်။ အထဲကတော့ တိတ်နေဆဲပင်။

"မေမေ့ကို မသိဘူး ဆိုတာ ဦး ညာတာပါ၊ အဲဒီဓာတ်ပုံထဲမှာ ဦးက ဆွယ်တာမီးခိုးရောင်နဲ့ နီညိုအစင်းလေး ဝတ်ထားတယ်လေ၊ မမှတ်မိတော့လို့လား"

ရုတ်တရက် အခန်းထဲက ခြေသံတစ်ခုက အနီးမှ ဝေးဝေး ရွေ့သွားတာမို့ သူ အိမ်ထဲ လှမ်းဝင်သွားပြီဆိုတာ သိလိုက်ပါသည်။ ခြေသံတွေနှင့် ဆက်တိုက်ပင် အထဲကနေ တက်ဆက်ကို အကျယ်ကြီး ဖွင့်ချလိုက်တဲ့ အသံက ဆူညံပေါက်ကွဲပြီး တိုက်ခန်းထဲ ပွဲတင်ထပ်ထွက်လာသည်။ စကားသံတွေကို သံုးဝမကြားချင်တဲ့ သဘောပေါ့။ အဆွေးက အခန်းဝလှေကားထစ်ထိပ်မှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ပါသည်။ သီချင်းသံကို ဖောက်အောင် မအော်နိုင်တော့ပါ။ အဲဒီနေ့က လှေကားထိပ်မှာ နာရီနှင့်ချီ၍ ထိုင်နေခဲ့သော်လည်း ဘာမှ ထူးမလာ၍ ပြန်ခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com









# ၆

ခြံထဲကို စိတ်ပျက်လက်လျှော့သော ပုံစံနှင့် နွမ်းလျလျ လျှောက်ဝင်လာခဲ့သော အဆွေးသည် ခြံထဲမှာရပ်ထားသော နိုင်ရန့် ကားကို မြင်လျှင် သက်ပြင်းတစ်ချက် ချလိုက်မိပါသည်။ စိတ်မာတင်ကျလာ၍ ချစ်ရသူ "ရန့်" ကိုပင်လျှင် စကားထိုင်ပြော ညှော်ခံ မနေလိုပဲ ရှိသည်။

စိတ်မပါ လက်မပါ ခံစားချက်ကြီးနှင့် အိပ်ရာထဲ သာ ထိုးလှဲလိုက်ချင်တော့တာ။ ဒီနေ့ဆိုရင် နေ့လယ် မမေ့ ဆေးရုံက ထွက်လာပြီးကတည်းက ဦးကျော်သွေးထင်ရဲ့ အခန်းဝ တိုက်လှေကားမှ ထိုင်စောင့်နေလိုက်သည်မှာ မိုးစုပ်စုပ်ချုပ်တဲ့ အထိ။ အထဲမှာ သူရှိနေမှန်း သိပါလျက်နှင့် တွေ့ခွင့်မရတဲ့ ဘဲလ်ကို အကြိမ်ကြိမ်တီးသည်။ အခန်းတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ထုသည်။ ခဏနေလျှင် ပြန်ထိုင်စောင့်သည်။ ခဏနေ ထ,ပြီး ဘဲလ်ဘီးခြံနှိပ်သည်။ တံခါးထုပြန်သည်။ ထို့နောက် ပြန်ထိုင်စောင့်နေသည်။ သူကပဲ ထွက်မလာဘဲ နေနိုင်မလား ... ကိုယ်ကပဲ ခွန်ခွန် ထိုင်စောင့်နေနိုင်မလားလို့ စိတ်ကို စိန်ခေါ်ကာ ဖွဲ့ရှိရှိစောင့်ခဲ့တာပင်။

သို့သော် မိန်းကလေးပျို တစ်ယောက် ဖြစ်သော အဆွေးမှာ မိုးချုပ်မှောင်မည်းလာလျှင်တော့ ဒီထက် ဘယ်လိုမှ ဆက်ထိုင်နေဖို့ မဖြစ်တော့၍ ထ,ပြန်ခဲ့ရပါသည်။ ထိုင်စောင့်နေတုန်း မျက်နှာချင်းဆိုင် အခန်းကရော၊ တိုက်ရဲ့အပေါ်ထပ်တွေကရော လူတွေ တက်ချည်ဆင်းချည် ပြုကြပါသည်။

တချို့က မသိမသာ အကဲခတ်ကာ တချို့က သိသိသာသာကြီးပင် မျက်နှာကိုမြင်အောင် လှည့်ကြည့်သွားကြသည်။ ဒီကောင်မလေး ဒီအခန်းပေါက်ဝမှာ ဘာထိုင်လုပ်နေတာလဲဟု တွေးကြမည်ပင်။ ဘယ်သူကမှ စပ်စပ်စုစု ထုတ်ဖွင့်မမေး၍ တော်ပေသေးသည်။ မေးလျှင် ဖြေရခက်လှပါသည်။

ဒီအခန်းမှာ နေတဲ့သူ အထဲမှာရှိနေလျက်နှင့် ဖွင့်မပေးတာကို သိသွားလျှင် ပိုတောင် ရှက်ဖို့ကောင်းပါသေးသည်။ ခေါက်လို့လည်းမရ။ ထုလို့လည်းမရ။ စကားပြောလို့လည်းမရ။ ဒီနေ့သူရှိနေတာ သေချာစေတာကတော့ အဆွေး ရောက်လာစက တိုးတိုးလေး ဖွင့်ထားသော ကက်ဆက်က သီချင်းသံဟာ သီချင်းတစ်ဝက်တစ်ပျက်ကြီးမှာ ထောက်ခနဲ ရပ်သွားလို့ပင်။





အဆွေး ညရှစ်နာရီဆယ့်ငါးမိနစ်ကျမှ ဤနေရာက ပြန်လာခဲ့ခြင်းမှာ မိုက်မဲရာပင် ကျနေပါသည်။ တကယ်ဆိုတော့ အဆွေး ထိုင်နေသရွေ့ သူ ထွက်ကိုထွက်လာမှာ မဟုတ်တော့ဘူးဆိုတာ အဆွေး သိသင့်သည်။ အဆွေး ထိုင်နေရာ လှေကားဆီကို လှမ်းမြင်နိုင်သည့် မှန်ပေါက်တစ်ပေါက် သူ့အခန်းမှာ ရှိနေတာပဲ။

တိုက်ခန်းတိုင်းမှာ ဤသို့သော မှန်ပေါက်တစ်ပေါက် ရှိပါသည်။ မှန်ပေါက်တွေမှတစ်ဆင့် အိမ်ထဲကို မမြင်ရအောင် ခန်းဆီးလိုက်ကာလေးတွေ ချထားတတ်ကြပါသည်။ ဦးကျော်သွေးဆင် အခန်းရဲ့ မှန်ပေါက်နောက်ဘက်မှာ ဇာဖွင့်နှင့်တူသော အဖြူခံပ်ထူထူ ခန်းဆီးတစ်ခု ရှိပါသည်။ ဇာနှင့် ဝေးကွာသော အဆွေးကတော့ အခန်းထဲမှာသာ မီးဖွင့်မထားလျှင် အခန်းထဲ ဆောက်မြင်ရဖို့ မလွယ်ပါ။

သို့သော် သူကတော့ ဇာစနှင့် ထိကပ်စွာ ချောင်းကြည့်လို့ ရတာမို့ အဆွေး ထိုင်နေတာကို ဖိုးတစ်ခါး မြင်နေရနိုင်တာပင်။ သူ့ကို မြင်ရမှာစိုးလို့လည်း သူရှိနေပါလျက် ညရှစ်နာရီဆယ့်ငါးမိနစ်ထိ အိမ်ခန်းတွင်းမီးကို မဖွင့်သေးပါ။ အဆွေးသာလျှင် ဒီထက်ပို၍ ခွဲမတင်းသင့်တော့၍ ပြန်လာခဲ့ရပါသည်။

"အဆွေး"

အိမ်ပေါက်ဝရောက်လျှင် ညည့်ခန်းထဲ ခေါက်တုံ့ခေါက်ပြန် လက်နောက်ပစ် လျှောက်နေသော နိုင်ရန်က လှမ်းမြင်



www.burmeseclassic.com

www.burmeseclassic.com



ကာ လွှတ်ခနဲ ခေါ်လိုက်လေသည်။ အဆွေးက ဘာမှပြန်မပြော ညှော်ခန်းထဲ ဝင်လာကာ နှစ်ယောက်ထိုင် ဆိုဖာရှည်မှာ ခပ်မှိုမှိုပစ် လိုက်ပါသည်။

"အဆွေး ... ဘယ်သွားနေတာလဲ"

နိုင်ရန်က အဆွေး နံဘေး လာထိုင်သည်။ ဦးမိုး က ထမင်းစားခန်းဆီမှ ထွက်လာကာ အဆွေးကို အကဲခတ် အဆွေးရှေ့ စားပွဲပေါ်မှ ဆေးလိပ်ပြာခွက်ကို ကုန်းကာ လှမ်း သည်။

"သမီး နောက်ကျနေလို့ မောင်နိုင်ရန်က စိတ်ပူနေတာ ကွယ့်"

"နောက်ကျပေမယ့် ဆေးရုံမှာ ရှိနေတယ်ဆိုရင် အပြ နောက်ကျမယ်ဆိုရင်လည်း ဒီလောက်မပူပါဘူး၊ အဆွေး ဘယ်သွားနေတာလဲ"

အဆွေးက ခေါင်းကိုသာ တစ်ချက်ယမ်းလိုက်ပါ သည်။ ဖေဖေက ခပ်လှမ်းလှမ်း တစ်နေရာမှာ သွားထိုင်ပြီး စီးက ရက်သောက်နေရင်းက စလောင်းတီဗီကို လှမ်းဖွင့်လိုက်ပါသည်။ အသံခပ်တိုးတိုးဖွင့်လျက် စနူကာ ကစားပွဲတစ်ပွဲကို ကြည့်နေလေ သည်။

ကြည့်ချင်လို့ စိတ်ပါလို့ ကြည့်တာမဟုတ်ဘဲ အဆွေး နှင့် နိုင်ရန် စကားပြောလို့ ရစေတော့ရယ်လို့ တမင်တီဗီကြည့် နေတာ အဆွေး သိသည်။ နှစ်ယောက်တည်းလည်း ထားမသွား





ရောက် ပြောဆို ပါဝင်ခြင်းလည်းမရှိ။ လုံးဝကြီး လျစ်လျူ ဘဲ မသိမသာကလေးသာ အာရုံလွှတ်ထားပုံ ရပါသည်။

"ခေါင်းခါတာက ဘာလဲ"

နိုင်ရန် မျက်မှောင်ကုတ်ကာ ခပ်ပြတ်ပြတ်မေးသည်။ အဆွေးက ခေါင်းသာ ထပ်မံယမ်းခါ ပစ်လိုက်ပါသည်။

"ဟာ ... ခေါင်းချည်း ခါနေလို့ ရမလား အဆွေး၊ ကိုယ် စိတ်ပူလို့ မေးနေတာနော်၊ အဆွေး ရောက်မလာခင်ထိ ဘယ်လောက်ပူရတယ်မှတ်လဲ၊ အန်ကယ်ရော ကိုယ်ရော ဘယ်သွားနေပါလိမ့်ဆိုပြီး တမျှော်မျှော် ဖြစ်နေတာ"

"ရန် ... အဆွေး နားချင်တယ်ကွယ်"

အဆွေးလေသံက ညည်းညူ ဖျော့တော့နေသည်။

"အဆွေး နားလို့ရဖို့ ခွင့်ပေးထားတာလေ၊ ဖွတ်ခွင့်ယူခိုင်း ထားတာက ဆေးရုံတစ်ဖက် ရုံးတစ်ဖက်နဲ့ တအားလူပင် ပန်း စိတ်ပင်ပန်း ဖြစ်မှာစိုးလို့ ယူခိုင်းထားတာ၊ နားစေချင် တာက ကိုယ်ပါ၊ မနားတာက အဆွေး၊ ဘယ်တွေလျှောက် သွားနေတာလဲ"

အဆွေး မဖြေမိ။ အဆွေး မဖြေ၍ နိုင်ရန်က စိတ် လာပုံ ပေါ်သည်။ သို့သော် အခြေအနေအရ သူ့စိတ်တိုမှုကို ဖြေဖျောက်ကာ သက်ပြင်းကြီးတစ်ချက် ချရင်း ...

"အဆွေး ဆေးရုံကနေ နေ့လယ်ကတည်းက ပြန်သွားတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အိမ်ကိုလည်း ပြန်ရောက်မလာဘူး၊ မွန်းလွဲပိုင်းကတည်း က ကိုယ် အိမ်ကို ဖုန်းဆက်တယ်၊ အိမ်မှာမရှိဘူးဆို ဆေးရုံကို ဆက်တယ်၊ မွန်းမတည့်ခင်ကတည်းက ပြန်သွ တယ်ဆိုလို့ အိမ်ကိုဆက်လိုက် ဆေးရုံကို ဆက်လိုက် လုကို ဗျာများသွားတာပဲ၊ ဆေးရုံကိုလည်း ဝင်ခဲ့သေးတယ် လာမလားလို့ စောင့်နေသေးတယ်၊ နောက်ဆုံး ဆေးရုံ ပြန်တော့ ကိုယ် အိမ်မှာ ပြန်မစောင့်နေနိုင်ဘူး၊ တအားစ ပူနေတယ်၊ အဲဒါကြောင့် အန်ကယ် ပြန်တော့ ဒီကိုပဲလို လာတာ အဆွေး၊ အဆွေး ပြန်ရောက်တဲ့ထိ စောင့်မေ ဆိုပြီး စောင့်နေတာ"

အဆွေးက မျက်လွှာကို မှေးစင်းချပြီး နားထောင် သည်။

"တစ်နေရာရာသွားရင်း ကားတွေ ဘာတွေ အက်ဆိ တွေ ..."

ရန့် အသံက စိတ်လိုက်မာန်ပါ မာလာပြီး ပြန်မေ ချလိုက်သည်။

"အရမ်းကို စိတ်ပူနေတာ၊ အဆွေး ဘယ်သွားနေတာ အခု အဆွေး ပြန်ရောက်လာတာ ကိုးနာရီထိုးဖို့ ဆယ်မိ ကြည့်စမ်း ... ဘယ်လောက် နောက်ကျနေလဲ၊ အဆွေ ဘယ်က ပြန်လာတာလဲ"





အဆွေးသည် မျက်ရည်အလည်သားနှင့် ရန့်ကို မျက်ခွံပင့် ကြည့်လိုက်သည်။

"ပြောလေ အဆွေး ... ဘယ်သွားတာလဲ၊ ဘယ်ကပြန်လာတာလဲ"

နိုင်ရန်သည် မရမကကို မေးမည်ဟု ဆုံးဖြတ်ထားသလို မျက်နှာက မသိရမချင်း မပြီးမည့် အလေးအနက်ရုပ် ဖြစ်သည်။

"အဆွေး လျှောက်သွားနေတယ်"

အတိုဆုံးဖြေပြီး အဆွေး ပါးပြင်ပေါ် မျက်ရည်လိမ့်ကျလာသည်။ အဆွေးရဲ့ အဖြေကို အဓိပ္ပာယ်တစ်မျိုး နားလည်သွားပုံရသော ရန့်က ရုတ်ခြည်း မျက်နှာပျော့ပျောင်းနူးညံ့သွားပြီး အဆွေး ပါးပေါ်က မျက်ရည်စက်ကို တို့သုတ်ပွတ်ဖယ်ပေးလိုက်ပါသည်။ အဆွေး လက်ဖျားများကို တင်းကျပ်နေအောင် ဆုပ်ညှစ်လိုက်ကာ ...

"အဆွေး သိပ်စိတ်ဆင်းရဲနေတယ် ဆိုတာ ကိုယ် သိပါတယ်"

အသံက ချော့မော့သလို နူးညံ့ သိမ်မွေ့သွားပါသည်။

"အဆွေး သိပ်ကြေကွဲနေမယ် ဝမ်းနည်းနေမယ် ယူကျုံးမရဖြစ်နေမယ်၊ အန်တီ့ အခြေအနေကို ရင်မဆိုင်ချင် လက်မခံချင် ဖြစ်နေမယ်၊ စိတ်ဓာတ်တွေ ပျက်သုန်းချောက်ချားနေမယ်ဆိုတာ ကိုယ် နားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဆွေးက ချစ်သူ ရန့်ရဲ့ လက်ကို အားကိုးအားထား ပြန်လည်ဆုပ်ညှစ်ထားပါသည်။ အဆွေး စိတ်ညစ်ညစ် စိတ်လေလေနှင့် ခြေဦးတည့်ရာ ထင်ရာ မြင်ရာတွေ လျှောက်သွားနေလိမ့်မည်ဟု ရန် ယူဆလိုက်ပုံရသည်။

"အဆွေး စိတ်ပြေလက်ပျောက် ဘာပဲလုပ်ချင်လုပ်ချင် လုပ်ပါ၊ လုပ်လို့ရပါတယ်၊ စိတ်ဖြေသာသလို နေပါ၊ ဒါပေမယ့် အချိန်တန် ပြန်ရောက်မလာရင် အန်ကယ်ရော ကိုယ်ပါ ဟိုတွေး ဒီတွေးနဲ့ ဘယ်လောက် စိတ်ပူရလဲ၊ ဒီတော့ ဒီလောက်တော့ နောက်မကျနဲ့နော်"

"ဟုတ်ကဲ့"

အဆွေးက အသာတကြည် ခေါင်းညိတ်လိုက်ပါသည်။

"ပြီးတော့ အဆွေး ဘယ်ရောက်နေလဲ ကိုယ်သိချင်တယ်၊ ရော့ ... ကိုယ့်ဖုန်းယူထား"

"အို ... မေမေ့ဆီလည်း ခြင်းဖုန်းတစ်လုံး ပို့ထားရတာ_ တော်ပါပြီ ... ရန့်ဖုန်းတော့ ယူမထားတော့ပါဘူး"

"ယူထား၊ ဒီကြားထဲ ကိုယ် မာမီ့ဖုန်း ယူကိုင်ထားမယ်၊ တကယ်တော့ မာမီက အိမ်မှာပဲနေတာ၊ ဒီလောက် အသုံး မလိုပါဘူး၊ အိမ်ဖုန်းလည်း ရှိတာပဲ၊ ဒီဖုန်း အဆွေး ယူထား၊ ယူထားမှ အဆွေး ဘယ်ရောက်နေလဲ ကိုယ်လှမ်းမေးလို့ ရမယ်၊ အဲလိုမသိရရင် စိတ်မချနိုင်ဘူး"





"အန်တီ့ဖုန်း ယူထားတော့ ကောင်းပါ့မလား"

"ကောင်းတာပေါ့၊ မကောင်းစရာ ဘာရှိလဲ၊ မာမီတို့က ဒီလိုအချိန် ဒီလိုအခြေအနေမျိုးမှာ ထိထိရောက်ရောက် တစ်ခုခု သိပ်ကူညီချင်တာ၊ ဆေးမှာပေးဖို့လည်း ဆေးက မလို၊ ဘာမှလုပ်မပေးရသေးတာ စိတ်တောင်မကောင်းဘူး"

နိုင်ရန်က ဖုန်းကို အဆွေး လက်ထဲ ထည့်လိုက်ည်။ အဆွေးကဖြင့် စိတ်ကျဉ်းကျပ်သွားရပါသည်။ ရောက်လေ အရုပ်ကို လိုက်ဆက်နေမှာတော့ မြင်ယောင်ပါသေးရဲ့။

"တတ်နိုင်ရင် ဒရိုင်ဘာနဲ့ကားပါ အဆွေး သွားချင်ရာ သွားဖို့ ပို့ထားချင်တယ်"

"အို ... ဒါတော့ ..."

"ကိုယ် နားလည်ပါတယ်၊ အဆွေးက စိတ်ပြေလက်ပျောက် သွားချင်သလို လျှောက်သွားနေချင်တာ မဟုတ်လား၊ ဒရိုင်ဘာနဲ့ ကားကြီး တတန်းတန်းဆိုရင် အဆွေး စိတ် ကျဉ်းကျပ်နေဦးမှာ ... ကိုယ်သိတယ်၊ မပေးထားတော့ပါဘူး၊ ကားပေးထားရင် အဆွေး စိတ်မလွတ်လပ်ဘူးဆိုတာ ကိုယ် သဘောပေါက်ပါတယ်"

"ဟုတ်တယ်"

"စောစောတော့ ပြန်ပေါ့၊ မိုးချုပ်တော့ ဘယ်ကောင်းမလဲ၊ ပန်းခြံလို ဘာလို နေရာမျိုးတွေလဲ မသွားနဲ့နော်၊ တစ်ယောက်တည်း တစ်မျိုးမြင် ခံရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဆွေးက နိုင်ရန့်ကို ချစ်စနိုး ကြည့်လိုက်ပါသည်။

"စိတ်ချပါ ရန်ရယ် ... မသင့်တော်တဲ့ နေရာတွေ အဆွေး မသွားပါဘူး"

"ပြီးရော ... ပြီးရော ... ဒါဖြင့် အဆွေး နားလိုက်တော့ ကိုယ်ပြန်မယ်"

"ဟုတ်ကဲ့"

"အန်ကယ်လ် ကျွန်တော် ပြန်တော့မယ်"

"အေး ... အေး၊ ကျေးဇူးပဲ မောင်နိုင်ရန်၊ အဆွေး အပေါ် နားလည်မှုရှိတာ ကျေးဇူးတင်ပါတယ်ကွာ"

"မလိုပါဘူး အန်ကယ်ရာ၊ ဒီအချိန်မျိုးမှာ နားလည်မှု ရှိရမှာပေါ့ ခင်ဗျာ၊ ကျွန်တော် ပြန်တော့မယ်"

"ကောင်းပြီ ... ကောင်းပြီ"

နိုင်ရန် ပြန်သွားလျှင် အဆွေးက ခုံရှည်မှာပဲ ဆက်ထိုင်ကျန်ရစ်ခဲ့ပါသည်။ လက်ထဲ၌ ဖုန်းကို ဆုပ်ကိုင်ကာ ဖေဖေ့ထံမှ ဘာစကား ကြားရမလဲ စောင့်လင့်နေပါသည်။ ဖေဖေ့ထံမှ တော်တော်နှင့် ဘာစကားသံမှ ထွက်မလာ။ ခဏကြာမှ ကြည့်ချင်စိတ် မရှိဘဲ ဖွင့်ထားပုံပေါ်သော တီဗီကို ရီမုတ်နှင့် လှမ်းပိတ်ရင်း ...

"ထမင်းစားဦးမှာလား သမီး"





"မစားချင်ဘူး ဖေဖေ ... ပေါင်မုန့်နည်းနည်းပဲ စားတော့မယ်"

"အပြင်က စားလာသေးလား"

"မစားလာဘူး ဖေဖေ ... ဒါပေမယ့် ရင်ပြည့်နေတယ်"

"ဝင်သလောက်တော့ ဘာပဲဖြစ်ဖြစ် စားလိုက်ဦး၊ ဖေဖေတော့ မောင်နိုင်ရန်နဲ့တူတူ စားလိုက်ပြီးပြီ"

အဆွေးက ဖေဖေ့ကို မရဲတရဲကြည့်ရင်း ...

"ဖေဖေ"

"ဘာလဲ အဆွေး"

"အဆွေးကို တစ်လွဲမထင်ပါနဲ့နော်၊ မေမေ နေမကောင်းတုန်း လျှောက်သွားနေတယ်လို့ စိတ်မဆိုးပါနဲ့နော် ... ခွင့်လွှတ်ပါနော် ဖေဖေ"

"ဩော် ... ခွင့်လွှတ်ပါတယ် သမီးရယ်၊ စိတ်ဆိုးစရာ မရှိပါဘူး"

ဦးမိုးညိုက အဆွေးနှင့် မျက်နှာချင်းဆိုင်သို့ နေရာရွှေ့ထိုင်လိုက်ပါသည်။

"ဒါပေမယ့် ... တစ်ခုတော့ မှာထားရမယ်"

"ဟုတ်ကဲ့ ဖေဖေ"

"ဘာပဲလုပ်လုပ် သတိဝိရိယလေး ... အသိဉာဏ်လေးနဲ့ လုပ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲလုပ်လုပ် တဲ့။ ဖေဖေ့ ကြည့်ရတာ အဆွေး ခြေဦးတည့်သလို လျှောက်သွားနေတာ မဟုတ်ဘဲ တစ်ခုခု လုပ် ဆောင်နေသည်ရယ်လို့ ဆိုလိုနိုင်ပုံပင်။ အဆွေးက ဖေဖေ့ကို တအံ့တဩ ကြည့်နေမိပါသည်။

"ကိုယ့်အတွေးကတစ်မျိုး ... တစ်ဖက်က အမြင်က တစ် မျိုးဆိုတာ ဖြစ်နိုင်တယ်၊ ဖြစ်ချင်ဖော်ချည်းပဲလည်း မျှော် လင့်တကြီး မထားနဲ့"

"ဖေဖေ"

အဆွေးက ထိတ်လန့်တုန်လှုပ်စွာ ခေါ်လိုက်မိပါ သည်။

"အဆွေး ... အဆွေး ဘာလုပ်နေလဲ ဖေဖေ သိလို့လား ဟင်"

ဦးမိုးညိုက ခေါင်းညိတ်လိုက်ပါသည်။

"အဆွေးက ဖေဖေ့သမီးပဲ၊ ဖေဖေ သိတာပေါ့၊ သမီး ဘယ်လိုခံစားနေသလဲ ... ဘယ်လိုဆန္ဒ ရှိနေသလဲ ဖေဖေ သိတာပေါ့၊ ဘယ်ကိုသွားနေလဲ ဆိုတာလည်း တိတိကျကျ သိတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေကိုယ်တိုင် သမီးနဲ့ ထပ်တူ အတွေးနဲ့ အဲဒီအိမ်ကို ရောက်သွားသေးလို့ပဲ"

အဆွေး မျက်လုံးများ ဝိုင်းကျယ်ကာ ဖေဖေ့ကို စူးစူးရဲရဲ စိုက်ကြည့်နေမိသည်။





"ဖေဖေ သွားခဲ့တဲ့နေ့က သမီး တံခါးထုပြီး အပြင်က ပြောပြနေတဲ့နေ့၊ ဖေဖေ လှေကားကွေ့အထိ တက်လာပြီးမှ သမီးကို မြင်တယ်၊ သမီးပြောနေတာတွေ ကြားတယ်၊ ဖေဖေလည်း သမီးရည်ရွယ်ချက်မျိုးနဲ့ သွားခဲ့တာပဲ၊ သမီး လည်း ကြိုးစားနေတယ်ဆိုတာ သိရတော့ ဖေဖေ လှည့် ပြန်လာတယ်"

ဦးမိုးညိုရဲ့ ဆွေးမြည့်သော မျက်နှာကိုကြည့်ကာ အဆွေး ငိုချင်လာသည်။ ဖေဖေ့ရှေ့ ကြမ်းပြင်ပေါ် နေရာရွေ့ ထိုင်ကာ ဖေဖေ့ဒူးကို ဖက်ထားမိသည်။

"အဆွေး လုပ်မိတာ ခွင့်လွှတ်ပါ ဖေဖေ၊ ဖေဖေလည်း ဒီကိစ္စတွေရော သူ့ကိုရော သိတယ်ပေါ့နော်"

"သိတယ် ... ဖေဖေ သိတယ်၊ သမီးလို စေတနာမျိုး ဖေဖေ့မှာလည်း မေမေ့အတွက် ရှိပါတယ်၊ သမီးကို ခွင့်မ လွှတ်စရာ မရှိပါဘူး"

အဆွေး မျက်ရည်လည်လာကာ ...

"ဖေဖေ့လို သဘောထားပြည့်ဝပြီး စိတ်ကောင်းရှိတဲ့သူရဲ့ သမီးတစ်ယောက် ဖြစ်ရတာ အဆွေး ဂုဏ်ယူလိုက်တာ ဖေဖေ၊ ဖေဖေက အရမ်းနားလည်မှုရှိတာပဲနော်၊ အဆွေး ဝမ်းသာလိုက်တာ ဖေဖေရယ်"

"ဒီနေ့ တွေ့ရသလား သမီး"



www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ရပါဘူး ဖေဖေ၊ တံခါးဖွင့်မပေးဘူး၊ သူ ထွက်မ လာဘူး"

"သတိဝီရိယလေးနဲ့ အသိဉာဏ်လေးနဲ့ ချင့်ချင့်ချိန်ချိန် လုပ်ပါ၊ ဖေဖေ ကန့်ကွက်စရာ မရှိပါဘူး၊ သမီးမေမေကို စိတ်ချမ်းသာစေချင်ပါတယ်"

အဆွေးက ဖေဖေ့ ဒူးပေါ် ခေါင်းလေး မှေးမှီထား လိုက်သည်။

"သူ့ကို အစကတည်းက ဖေဖေ သိတယ်ပေါ့နော်"

"သိတယ်"

"သူ့လိပ်စာ စုံစမ်းရတာပေါ့နော်"

"သူ့လိပ်စာကို ဟိုးစောစောပိုင်းကတည်းက ဖေဖေ သိပါ တယ်၊ ခုမှ စုံစမ်းရတာ မဟုတ်ဘူး၊ သူ့အကြောင်းတွေ အမြဲ နားစွင့်နေခဲ့တာပါ"

"ဘာဖြစ်လို့လဲ ဖေဖေ"

"တစ်နေ့နေ့ တစ်ချိန်ချိန် အကြောင်းတစ်ခုခု ရှိလာရင် မျက်ခြည်မပြတ်အောင်ပါ၊ အခုလို တိုက်ဆိုင်လာတော့ သူ့ လိပ်စာ သိထားတာ အကျိုးရှိတယ် မဟုတ်လား"

ဦးမင်းညိုက အဆွေး ဆံပင်များပေါ် လက်ဝါးကို အုပ်၍ တင်ထားသည်။ ဖြူသဲပင်လျှင် ဤလိပ်စာကို မသိပါ။ သိအောင်လည်း ဖြူသဲ မကြိုးစားရှာခဲ့ပါ။ သူသာ နားစွင့်မျက်စိ






ဖွင့်၍ မျက်ခြည်မပြတ်အောင် နေခဲ့တာ။ သဘောထားကြီးသည် ဆိုတာထက် သမီးရဲ့မေမေ ဖြူသဲကို သူက တစ်ဖက်သတ် ချစ် မြတ်နိုးရသူပေကိုး ...။



www.burmeseclassic.com

www.burmeseclassic.com









## ၇

ဦးကျော်သွေးထင်ရဲ့ တိုက်အောက်က သွားသွား စောင့်နေသည်မှာ သုံးရက်တိုင်အောင် ဦးကျော်သွေးထင် အောက်ဆင်းမလာပါ။ လှေကားထစ်ထိပ်က သွားထိုင်စောင့်နေလျှင် အဆွေးကို မြင်ရပါက ထွက်မလာတော့မှာ စိုးရိမ်၍ တိုက်အောက်က စောင့်တာပင်။ စောင့်ဖို့လည်း နေရာထိုင်ခင်း အခက်အခဲမရှိပါ။

တိုက်တန်းတွေ ဆက်နေသော ဤနေရာမှာ တိုက်အောက်ထပ် အခန်းတိုင်းလိုလိုက ဆိုင်ခန်းတွေပင်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်လိုက်။ ကြာလာရင် အအေးဆိုင်ထိုင်လိုက်။ နည်းနည်းကြာလာရင် ရှမ်းခေါက်ဆွဲဆိုင် ပြောင်းထိုင်လိုက်။ တိုက်လှေကားရင်းနှင့် နည်းနည်းလှမ်းသွားလျှင်လည်း မြင်အောင် လှမ်းမြင်နေရသေးတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ပထမနေ့စ်ရက်မှာ အရင်လိုပဲ မေမေ့ထံမှ နေ့လယ် ထွက်လာကာ ထိုင်စောင့်နေတာ။ ညနေကိုတော့ နောက်မကျစေတော့ဘဲ ငါးနာရီ အတိမှာထ၍ ဆေးရုံကို ပြန်ပါသည်။ နောက်တစ်ရက်ကျတော့ ဦးကျော်သွေးထင် မနက်ပိုင်းများ ဆင်းနေသလားထင်ကာ မနက်ရှစ်နာရီကတည်းက အိမ်ကထွက်လာပြီး ထိုင်စောင့်နေပါသည်။

နံနက်ပိုင်းက မေမေ့ထံလည်း မသွားဖြစ်ခဲ့။ ဦးကျော်သွေးထင်ဟာ အဆွေး လာတတ်ချိန်နှင့် လွဲအောင် မနက်စောစော ဆင်းသွားတာမျိုး မဟုတ်တာလည်း သေချာပေပြီ။ လုံးလုံးအခန်းထဲက မထွက်ဘဲ သူ့ ဘယ်နှစ်ရက်လောက်များ နေနိုင်ပါလိမ့်။ ညဘက်တွေမှာလည်းပဲ ဆင်းတော့ဆင်းနိုင်ပါသေးသည်။

သူ့အိပ်ခန်းအတွင်းမှာ ရိက္ခာအပြည့်အစုံ သိုလှောင်ထားပြီး ရှိတာပဲ စားနေပုံရပါသည်။ တော်တော်ပဲ ပြင်ပလောကနှင့် အဆက်ပြတ် အသွယ်ပြတ် နေနိုင်တဲ့သူပဲ။ ဘယ်လိုလူကြီးပါလိမ့်ရယ်လို့ အသည်းယားလှပါသည်။

ထူးခြားသည်မှာ မေမေ့ ငယ်ချစ်ဟောင်းရယ်လို့ သိထားရုံလေးတစ်ချက်နှင့် သူ့ကိုလာပတ်သက် ဆက်ဆံမိတဲ့အခါ သူက ကိုယ့်အပေါ် တစ်ချိန်လုံး မာကျောရိုင်းပျစွာ ဟိန်းဟောက် ငေါက်ငမ်းနေတာကိုချည်း တစ်ဖက်သတ် ခံနေရပါလျက် မတူမတန် မထေမဲ့မြင် ဆက်ဆံခံရပါလျက် ဒီလူကြီးကို အဆွေး မမုန်းတီးမိခြင်းပင်။





မေမေ သိပ်ချစ်တဲ့သူ ဆိုတဲ့ ပတ်သက်မှု သံယောဇဉ်ကပဲ အဆွေးကို တိတ်တဆိတ် ရစ်ပတ်ထားလေသလား မသိပါ။ ဒီနေ့တော့ မနက်ရှစ်နာရီကတည်းက အဆွေး ရောက်နေကာ သူ့ အောက်လှေကားတည့်တည့်က လက်ဖက်ရည်ဆိုင် အပြင်ဘက် ခွေးခြေပုကလေးတွေမှာ တစ်ယောက်တည်း ထိုင်နေပါသည်။

ကော်ဖီမစ်စ် တစ်ခွက်မှာပြီး သူလာလျှင် ချက်ချင်းထလိုက်နိုင်အောင် မှာပြီးကတည်းက ချက်ချင်းငွေရှင်းထားကျင့် လုပ်ထားတဲ့အတိုင်း ငွေလည်းရှင်းပြီးသား။ ကော်ဖီမစ်စ်ရောက်သည်ဆိုရုံရှိသေး မမျှော်လင့်ဘဲ တိုက်လှေကားရင်း၌ ဦးကျော်သွေးထင်က ဘွားခနဲ လာရပ်ပါသည်။ အဆွေးကို ချက်ချင်းပဲ မြင်တွေ့သွားကာ ဒေါသထွက် စိတ်ရှုပ်သွားသော မျက်နှာကြီးနှင့် တင်းတင်းမာမာ စိုက်ကြည့်သည်။

ပြီးလျှင် ချာခနဲ တစ်ဖက်သို့ ထွက်သွားလေရာ အဆွေးမှာ အလန့်တကြား ကမန်းကတန်းနှင့်ပင် ကော်ဖီ လာချသော ကောင်ကလေးကို ...

"မသောက်တော့ဘူး၊ ပိုက်ဆံရှင်းပြီးသားနော်"

ပြောမိပြောရာ ပြောပြီး သူ ထွက်သွားရာနောက်သို့ အပြေးအလွှား လိုက်လာပါသည်။ လှည်းတန်းလမ်းမကြီးတစ်လျှောက် နံနက်ရှစ်နာရီကျော် အချိန်မှာ လူတွေရော ကိုယ်ပိုင်ကားတွေရော လိုင်းကားတွေရော ကျပ်ညပ်ရှုပ်ယှက်ခတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကာ ထိုကြားထဲ၌ ဦးကျော်သွေးထင်က ခြေလှမ်းအကျဲကြီးနှ ငိုက်စိုက် ငိုက်စိုက် လျှောက်သွားနေပါသည်။

အဆွေးသည် ရိုးရိုးခြေလှမ်းကျဲနှင့် လျှောက်ရင် လိုက်လို့မမီနိုင်၍ အပြေးတစ်ပိုင်းလေး လိုက်ရပါသည်။

"ဦးကျော်သွေးထင်"

ကိုယ့်ကို တွေ့ပါလျက်သားနှင့် စကားမပြောချင် ဖွတ်ရှောင်ထွက်သွားတာကို သိပါလျက် နှုတ်က တကြော်ကြော် လည်း အော်ခေါ်မိသေးသည်။ မထူးမှာမှန်း၊ လှည့်မကြည့်မှာမှန်း လည်း သိပါသည်။ သိတဲ့အတိုင်းပဲ သူက လုံးဝကို ဂရုမစိုက်

အဆွေးမှာ မျက်နှာချင်းဆိုင်ဘက်က လျှောက်လာ နေသူတွေကို ရင်ဆိုင်တိုးခွေ့ရ၊ ဦးတည်ရာ တူတူလျှောက်နေ တွေကို အတင်း တိုးတိုက်ကျော်ဖြတ်ရနှင့် လမ်းသွားလမ်းလာ စွာတို့ရဲ့ ရေရွတ်မေတ္တာပို့သံတွေကို ခံယူရင်း မျက်ခြည်မပြတ် အောင်သာ အပြေးတစ်ပိုင်း လိုက်နေရပါသည်။

သူက ခဏချင်းပင် မီးပွိုင့်ထိပ် ရောက်သွား အင်းစိန်လမ်းပေါ်ဘက် ချိုးကွေ့သွားပါသည်။ နည်းနည်း သွားလျှင် အဆွေးမှာ ပြေး၍ပင် ရပ်ပျက်ဆင်းပျက် လိုက်ရ သည်။ သူ့အရပ် သူ့ခြေလှမ်းကျဲ၊ သူ့ခွန်အားတို့နှင့် အဆွေး ဘယ်ပုံမှ မယှဉ်သာ။ လူတွေနှင့်ရှုပ်ကာ ခပ်ပြတ်ပြတ် ကျန်ရစ် ဦးကျော်သွေးထင်က အင်းစိန်လမ်းမကြီးကို တစ်ဖက်ကမ်း ဖြတ်ကူးလိုက်ပါသည်။





အဆွေးသည် တဖျပ်ဖျပ်ပြေးကာ လိုက်ရင်း ကား ကြည့် ဘာမကြည့် ကားလမ်းကို ဒရောသောပါး ကူးလိုက်မိပါ သည်။ ဦးကျော်သွေးထင် ဖြတ်ကူးစဉ်က မီးနီမိ၍ ရပ်တန့်နေသော ကားတန်းကြီးဟာ အဆွေးဖြတ်တော့ မီးစိမ်းသွား၍ ဝေါခနဲ န်းစီထွက်ကြတော့ရာ ကားတွေကြား အလယ်လောက် ရောက် သော အဆွေးမှာ ကားလေးစီးလောက် ရင်ဘောင်တန်းနေသည့် ကြီးအကြားမှာ ရှေ့တိုးမရ နောက်ဆုတ်မရ ကယောင်ကတန်း ရိုးကားယားနှင့် အလန့်တကြားပင် မျက်စိမှိတ်ထားလိုက်ရ သည်။

သူမောင်းအထွက်မှာ အဆွေး ရှေ့က ဖြတ်ဝင်လာ ကျွီခနဲ ဘရိတ်အုပ်လိုက်ရသော ကားတစ်စီးမှ မောင်းသူက င်းထွက်ပြီး ...

"ဘာလုပ်တာလဲ ... မီးစိမ်းနေတာကို ... နည်းနည်းကလေး
တောင် မစောင့်နိုင်ဘူးလား"

ဒေါသတကြီး ကြိမ်းဝါးအော်ဟစ်လိုက်ရာ အဆွေး ကြောက်ကြောက်လန့်လန့်နှင့် နောက်ပြန်ဆုတ်ရကောင်းနိုး ပြန်တိုးရ ကောင်းနိုး ယောင်တိယောင်ကန်း ဖြစ်နေရပါသည်။

လမ်းတစ်ဖက် ကူးသွားသော ဦးကျော်သွေးထင်ကို ကြည့်တော့ ကျွီခနဲ ဘရိတ်အုပ်သံကြီး ကြားတာကိုပင် င်တစား လှည့်မကြည့်ဘဲ တစ်ဖက် ပလက်ဖောင်းပေါ်မှာ လျှောက်သွားနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကဲဗျို့ ... ဖယ်ဦးမှာလား"

"ဟိုဘက်မှာ ကားတွေက သွားနေတော့ ကျွန်မ ကြောက်လို့ပါ"

"ကြောက်ရင် ဘာလို့ မကြည့်ဘဲ ဖြတ်ကူးသေးလဲ"

ထိုကားရဲ့နောက်က ကားတန်းကြီးကတော့ တတိတ် တပွမ်ပွမ်နှင့် ဟွန်းသံရှည်ကြီးများနှင့် ဆူညံပွက်လောရိုက်နေပါတော့သည်။ နောက်တစ်ကြိမ် မီးအစိမ်းထိဆိုလျှင် အတန်ကြာဦးမှာမို့ အဆွေးမှာ နောက်ကြောင်းကို ပြန်လှည့်ကာ သွားမနေဘဲ ကားတွေကြားကပင် လှစ်ခနဲ သဲတုန်အူတုန် ဖြတ်ကူးလိုက်ရပါသည်။

ဒီလောက်တောင် လှည့်မကြည့်စတမ်း နေနိုင်လိုက်တာ။ ဘရိတ်အုတ်သံ အော်ဟစ်သံ ဟွန်းသံတွေကြားမှာ ဖြစ်လျက်နဲ့။ ဒီလောက် ရှားရှားပါးပါး ဆုံလိုက်ရပြီးမှ လက်လွှတ်သွားတာ အသည်းယားလှသည်။ ဒီလောက်တောင် ဖြစ်လှတာ။ နောက်တစ်ကြိမ်ကျ သူ့အင်္ကျီစကိုပဲ ဆွဲထားရ ထားရ၊ မျက်ခြည်ပြတ်မခံဘူးရယ်လို့ ကြုံးဝါးပြီး နောက်တစ်နေ့မှာလည်း နံနက်ရှစ်နာရီ အရောက် လာထိုင်စောင့်နေပါသည်။

စောင့်သာစောင့်ရသော်လည်း ... သိပ်တော့အားမရလှပါ။ မနေ့ကတစ်ရက် အပြင်ထွက်သည်ဆိုတော့ နောက်ထပ် သုံးရက်လောက်များ အခန်းအောင်းကာ နေလိမ့်ဦးမလားရယ်လို့ တွေးရပါသည်။





သို့ပေမယ့် ... အဆွေးရဲ့ အတွေးက မမှန်ပါ။ သူဟာ ထွက်ချင်စိတ် မရှိရင်လည်း မထွက်ဘဲနေပြီး ထွက်ချင်ရင်လည်း ဆက်တိုက်ပဲဖြစ်ဖြစ် ဘယ်လိုပဲဖြစ်ဖြစ် သူ့စိတ်ဆန္ဒအတိုင်း ထွက်မည့်သူပဲ ဖြစ်တာကို သိရပါသည်။

ထိုနေ့နံနက် ဆယ်နာရီတွင် ဦးကျော်သွေးထင် အောက်ဆင်းလာပါသည်။ အဲဒီအချိန်မှာ အဆွေးက မလှမ်းမကမ်းမှ စာအုပ်ဆိုင်မှာ စောင့်ရင်း အပျင်းပြေဖတ်ဖို့ ဂျာနယ်တစ်စောင် ဝယ်ရန် ရွေးချယ်နေခိုက်ပင်။ လှေကားက ဆင်းလာသော လူရိပ်ကို တွေ့၍ မျက်စိလျင်လျင်နှင့် လှမ်းကြည့်လိုက်လျှင် ဦးကျော်သွေးထင် ဖြစ်နေတာ မြင်ရ၍ ဂျာနယ်ကို မဝယ်တော့ဘဲ ပြန်ချလိုက်ပါသည်။

ဦးကျော်သွေးထင်ကလည်း အဆွေးကို ဖျတ်ခနဲ ဆတ်တင်းတင်း တစ်ချက်ကြည့်ကာ တစ်ဖက်ကို လှည့်လျှောက်သွား၍ သူ့နောက်မှ အဆွေး လိုက်လျှောက်လာပါသည်။ ဒီကနေ့တော့ ခြေလှမ်းကျဲကြီးနှင့် မလျှောက်ဘဲ ခပ်ဖြည်းဖြည်းသာ လျှောက်နေသာမို့ အဆွေးလည်း ခပ်ဖြည်းဖြည်းသာ လိုက်သွားလျှင် လက်စသတ်တော့ သူက အနီးက ရှမ်းခေါက်ဆွဲဆိုင်ကလေးဆီကိုသာ သွားတာဖြစ်သည်။

ရှမ်းခေါက်ဆွဲဆိုင်က တစ်လုံးတည်း လွတ်တော့သော ခုံမှာ ဦးကျော်သွေးထင်က ဝင်ထိုင်လိုက်ပါသည်။ တခြားလည်း



www.burmeseclassic.com

www.burmeseclassic.com



စားပွဲလွတ် မရှိတော့၍ အဆွေးသည် ကိုယ့်စိတ်ကိုယ် ရဲသွေးတင်ပြီး ...

"Excuse me "

အဆွေး အသံကြောင့် ဦးကျော်သွေးထင်က မော့ကြည့်လာလျှင် အဆွေးက စားပွဲကို လက်နှင့်ညွှန်ပြလိုက်ပါသည်။ သူက ရှုပ်ရှုပ်ယှက်ယှက်ဆိုတဲ့ မျက်မှောင်ကုတ်ပုံမျိုးနှင့် တစ်ဖက်ကို လှည့်ပစ်လိုက်သည်။ ဒီတော့ အဆွေးကလည်း ခပ်တည်တည်ပင် ဝင်ထိုင်ပစ်လိုက်ပါသည်။

ဆိုင်က စားပွဲထိုးကောင်လေးကတော့ ခုတစ်လော နေ့တိုင်းလိုပင် တစ်ချိန်မဟုတ် တစ်ချိန် သူတို့ဆိုင်ကို လာထိုင်တတ်သည့် အဆွေးကို မျက်မှန်းတန်းမိနေကာ အရင်ဦးစွာ ...

"အစ်မ ... ဘာစားမလဲ"

အဆွေးက ခေါင်းခါလိုက်ပါသည်။ မမှာရဲ မစားရဲပါ။ စားနေတုန်း ထ,လစ်သွားမှဖြင့် ...။

"ဟော့ကောင် ... ငါ အရင် ဝင်ထိုင်တာကွ"

သူ့ကို ဦးစားပေး မမေး၍ ဦးကျော်သွေးထင်က လှမ်းဟောက်လိုက်ပါသည်။

"ဘာစားမလဲ ဦး"

"ဝက်မြီးရှည်တစ်ပွဲပေး"

"ဟုတ်ကဲ့"





ဦးကျော်သွေးထင်က မေးထောက်၍ တစ်ဖက်လှည့် ရှုံ့မဲ့မဲ့ ထိုင်နေသည်။ အဆွေးကလည်း စားပွဲပေါ် လက်ပိုက် ခပ်မဆိတ် ထိုင်နေပါသည်။ အဆွေး နည်းလမ်းပြောင်းဖို့ စားထားသည်။ သူ့ကို ကိုယ်ပြောချင်တာတွေ မပြောတော့။ ဆွေး စကားစလိုက်လျှင် သူက ဖြတ်ငြင်းတာ၊ ထ,ထွက်သွား တွေ ပြုနိုင်သည်။

ရှေ့တုန်းကလည်း အိမ်ပြင်က အော်ပြောနေတာကို င် မကြားရအောင် ကက်ဆက်အကျယ်ကြီး ဖွင့်ပစ်သေးတာပဲ။ ွေးပြောမည့် စကားတွေကို နားမထောင်ဘူး၊ လက်မခံဘူး၊ ားချင်ဘူးဆိုတဲ့ပုံစံ သူ ယူထားသည်။ ဒီတော့ အဆွေးက ို့ မကြိုးစားတော့ပါ။

သူ့နောက်ကသာ တကောက်ကောက် တကပ်ကပ် နေမည်။ သူ တစ်ခုခုပြောလျှင် တုံ့ပြန်မည်။ သူမေးလျှင် ည်။ ကိုယ်ကပြောဖို့ ကြုံလာလျှင်လည်း ကိုယ်ပြောချင်သော တွေတော့ မဟုတ်ရ။ လောလောဆယ် လိုအပ်သလောက်ပဲ ည်။ အဆွေး ဘာပြောချင်နေသလဲ ဆိုတာကို သူ လိုလို ား စိတ်ဝင်စားလာတော့မှပဲ အဆွေး သူ့ကို စကားတွေ တော့မည်။

မြီးရှည်ပန်းကန် ရောက်လာလျှင် ဦးကျော်သွေးထင် ယူကာ တူနှင့် ကျင်လည်စွာ စားသောက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆွေး ရှိနေခြင်းကို ဂရုမစိုက်။ စားပွဲထိုးကောင်လေးက ဦးကျော်ဆွေးထင်နှင့် အဆွေးကို တအံ့တဩ အကဲခတ်နေ သည်။

“ဟော့ကောင်”

“ဗျာ”

“ဘာကြည့်တာလဲ”

“ဘာမှ မဟုတ်ပါဘူး”

“မုန့်ညင်းချဉ် ထပ်ယူခဲ့”

“ဟုတ်ကဲ့”

သူစားပုံက အားရပါးရ ပလုပ်ပလောင်းမို့ ခဏ ချင်းမှာပင် မြီးရှည်တစ်ပွဲ ပြောင်သွားပါသည်။

“ဟော့ ... နောက်တစ်ပွဲ”

“ဝက်မြီးရှည်ပဲလား”

“အေး”

ကောင်လေး သွားယူနေဆဲ ဦးကျော်ဆွေး ရေနွေးကြမ်းကို တဖူးဖူး မှုတ်သောက်နေပါသည်။ အ တစ်စားပွဲတည်း သူ့ရှေ့တည့်တည့်၌ မျက်နှာချင်းဆိုင် သော လူတစ်ယောက်အဖြစ်နှင့်ပင် အသိအမှတ် မပြုသလို ဂရုမစိုက် လျစ်လျူရှုထားသည်။

မျက်နှာကြီးကတော့ မှုန်ကုတ်ပုပ်သိုးလို့ပင်။





နှာကြီးထဲ၌ မေမေ ချစ်စရာအကွက်ကို ရှာဖွေကြည့်သည်။ အမြင် ကတ်စရာကြီးပါ။ မေမေနှင့်တုန်းကတော့ ဒီလို မှုန်တေတေကြီး ဟုတ်ချင်မှ ဟုတ်မှာပေါ့လေ။ ဘယ်လိုလေးတွေ ချစ်စဖွယ်ရာ ပြုနေမလဲမှ အဆွေး မသိနိုင်တာ။

သူ့အသားက ဖြူသည်။ သူ့မျက်နှာပေါ်က မျက်ခုံး မျက်လုံး စသည့် ပစ္စည်းတစ်ခုချင်းစီသည် အားလုံးကြည့်လို့လှ သည်။ ပါးပြင်အစပ်နှင့် မေးစေ့က အမွေးအမှင်များ၊ နှုတ်ခမ်းမွေး များ စသဖြင့် မျက်နှာပြင်ပေါ်က ရှုပ်ပွနေသော ကျိုးတို့ကျဲတဲ များကို ပယ်ပစ်လိုက်လျှင် ခုချိန်ထိကိုပဲ ဒီလူကြီးဟာ လူချော တစ်ယောက် ဖြစ်နေဦးမှာပါ။

အသားအရေက အနည်းငယ် ပွဆုပ်ဆုပ် ဖြစ်ချင် လာတာက ဇရာကို ပြတာပင်။ အရက်သောက်တဲ့သူမို့ ပိုဆိုးသည် ထင်သည်။ မာတ်ပုံထဲကထက် အသားရေ ပွနေပေမယ့် ရုပ်ဆိုး လောက်အောင်တော့ဖြင့် မဟုတ်ပါ။

ပြီးတော့ အမြဲထာဝစဉ် ဘောင်းဘီပဲ တောက် လျှောက် ဝတ်ခဲ့တာကြောင့် ဖြစ်မည်ထင်သည်။ ဘောင်းဘီနှင့် သူဟာ သီးသန့်စီ ဖြစ်မနေဘဲ တစ်သွေးတစ်သားတည်း ဖြစ်နေ သည်။ ဘောင်းဘီကောက်ဝတ် ရှိုးထုတ်လာပုံမရှာဘဲ ဝတ်ရိုးဝတ် စဉ် နေရိုးနေစဉ်လို သဘာဝကျ လိုက်ဖက်သည်။

“ဟော့ ...”



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"ဗျာ ..."

ဦးကျော်သွေးထင်က ရုတ်တရက် ခေါ်သံပြုလိုက်၍ အဆွေးရော စားပွဲထိုးကလေးပါ ပြိုင်တူထူးလိုက်မိပါသည်။ သူက စားပွဲထိုးလေးကို ကြည့်ရင်း ...

"မင်းကို မခေါ်ဘူးကွ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

"ဒီမှာ ..."

မိမိကိုခေါ်တာ သေချာသွား၍ အဆွေးက ခါးလေးဆန့်မတ်ကာ နားစွင့်နေလိုက်ပါသည်။

"မင်း ဘာကိစ္စ ငါ့ကို စူးစိုက်ကြည့်နေတာလဲ၊ လူကြီးတစ်ယောက်ကို အဲသလို စူးစူးဝါးဝါး စိုက်ကြည့်တာ ရိုင်းတယ်ဆိုတာ မင်း မသိဘူးလား"

"မကြည့်တော့ပါဘူး"

အဆွေးက မျက်လွှာကို စားပွဲပေါ် စိုက်ချထားလိုက်ပါသည်။

"နေစမ်းပါဦး ... ဘာကိစ္စ ငါ့စားပွဲ လာထိုင်နေရတာလဲ"

"သမီး ... ဦးနဲ့ စကားပြောချင်လို့ပါ"

"မပြောနဲ့ ... မင်းနဲ့ငါ ပြောစရာကို မရှိဘူး"

"ဟုတ်ကဲ့၊ ဒါဖြင့်လည်း မပြောပါဘူး"





အဆွေး အဖြေတွေကို သူ အလိုမကျ ဖြစ်သွားပုံရပါသည်။ အဆွေးက သူ့ကို စိုက်မကြည့်တော့ပေမယ့် သူက တူနှစ်ချောင်းကိုင်လျက်သားနှင့် ရှုံ့မဲ့စိုက်ကြည့်နေပါသည်။ ထို့နောက်တွင် ကျစ်ခနဲ စုတ်သတ်ကာ ...

"ဒါဖြင့် မပြန်သေးဘူးလား"

"သမီး ... ဦးနဲ့ စကားပြောစရာရှိတာ ပြောပြီးမှ ပြန်မှာ"

"ငါက တစ်နေ့လုံး လုံးဝနားထောင်မှာ မဟုတ်ဘူး"

"ဒါဖြင့်လည်း ... ပြန်ချိန်တန်တဲ့အခါ ထပြန်သွားမှာပါ။ ပြောခွင့်မရမချင်းတော့ လာနေဦးမှာပါ"

"ဩော် ... မင်းက ဒီလိုလား၊ ဖွကြီးတယ်ပေါ့"

"ဟုတ်ကဲ့"

"ဟင်း ... ဟင်း ..."

ဦးကျော်သွေးထင်က မရယ်ချင်ဘဲ ညစ်ဖျစ်၍ ရယ်သည်။ သရော်ကမော်နှင့် အင်မတန် မုန်းစရာကြီး ကောင်းလှသည်။

"ဟေ့ ... ရှင်းမယ်၊ ဘယ်လောက်ကျလဲ"

ကောင်လေးကို ငွေထုတ်ရှင်းပေးပြီး ဦးကျော်သွေးထင်က ထ,ထွက်သွားပါသည်။ အဲဒီရှေ့နားမှာတင် ဈေးနှင့်နီးနီး ... ကိုထိုးထားသော တက္ကစီကားတန်း ရှိနေလေရာ တစ်စီးဆီ လျှောက်သွားပြီး ကားငှားနေပါသည်။ အဆွေးကလည်း ... ငှားနေသောကားရဲ့ နောက်တစ်စီး၌ ကပ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလဲ အစ်မ"

"အဲဒီရှေ့ကလူကြီး ကားငှားပြီး သွားရင် သူသွားတဲ့နောက် လိုက်မယ်၊ သူ မငှားရင် ကျွန်မလည်း မငှားဘူး"

ဒရိုင်ဘာက အူကြောင်ကြောင် ခေါင်းကုတ်သွားပါသည်။ ထို့နောက်မှာတော့ ဦးကျော်သွေးထင်က ငှားနေသော ကားပေါ် တက်ထိုင်လိုက်တော့တာမို့ အဆွေးကလည်း ကပ်လျက် ကားပေါ် တက်ထိုင်လိုက်ပါသည်။ ဒရိုင်ဘာက ရှေ့ကထွက်စပြုသော တက္ကစီကို ညွှန်ရင်း ...

"ဒီကားနောက်က လိုက်မယ်နော်"

"ဟုတ်ကဲ့၊ ပြတ်ကျန်ရစ်တာ မီးနီမိကျန်ရစ်တာတွေ မဖြစ်ချင်ဘူး၊ ဒီလူကြီး ကားပေါ်က ဆင်းတဲ့အထိ မီအောင်လိုက်ပါ"

ဒရိုင်ဘာက အဆွေးကို နောက်ကြည့်မှန်မှ လှမ်းကြည့်သည်။ နောက်ယောင်ခံ လိုက်ဘာကလည်း ပေါ်တင်ကြီး၊ တရုတ်ကားထဲက အတိုင်းပဲဟု တွေးနေပေသည်။ ရှေ့ကားက မြို့ထဲကို ဦးတည်နေ၍ နောက်ကားကလည်း မီအောင်လိုက်သည်။ လမ်းမှာ တစ်ချက်မှ မျက်ခြည်မပြတ်ခဲ့ပါ။

နောက်ဆုံးတော့ ဦးကျော်သွေးထင် စီးလာသော ကားသည် ဗိုလ်အောင်ကျော်လမ်းထဲက တစ်နေရာမှာ ရပ်တန့်သွားပါသည်။ အဆွေးရဲ့ကားဒရိုင်ဘာကလည်း ကားရပ်ရင်း ...





"စောင့်ရဦးမလား အစ်မ"

"မစောင့်နဲ့တော့"

သူက လမ်းကူးသွားပြီမို့ ကားခတောင်းသလောက် ...ကာ အဆွေးက လမ်းကို အပြေးလိုက်ကူးလာပါသည်။ ကား ...ိုင်ဘာကတော့ လူကြီးတစ်ယောက်နောက် တကောက်ကောက် ...ာက်ယောင်ခံလိုက်နေတဲ့ အဆွေးကို နားမလည်သလို ကြည့် ...ျန်ရစ်တော့တာပင်။

ဟော, ကြည့်စမ်း ...။

လက်စသတ်တော့ ဦးကျော်သွေးထင်ဟာ အာလာ ...င် ကလေးကစားကွင်းကို လာတာ။ သူအထဲဝင်သွား၍ အဆွေး ... ဝင်ကြေးပေးပြီး လိုက်ဝင်ခဲ့သည်။ သူက ကောင်တာမှာ ပိုက် ...တစ်ထပ်ကြီးထုတ်၍ အကြွေစေ့တွေ ကြွပ်ကြွပ်အိတ်နှင့် တစ် ...ပ်ဝယ်သည်။

အိမ်မှာလည်း ကလေးရှိတာမဟုတ်၍ ဒီနေရာတွေ ...ဆွေး ရောက်ခဲလှပါသည်။ ဒီကိုဆို တစ်ကြိမ်မှ မရောက်ဖူးပါ။ ...အကြွေထုပ်အတွက် ဒီလောက်ပိုက်ဆံတွေ အများကြီး ပေးလိုက် ...တာကို နှမြောတသနေရင်း အဆွေးက သူ့နောက်ကသာ လိုက် ...ပါသည်။

သူက ကစားတဲ့စက်တစ်ခုမှာ ဝင်ထိုင်လိုက်သည်။ ...က်ဆံပြားထည့်ပြီး အောက်မှာရှိနေသော ကျလုတဲကာ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ပြားစေ့ဆွေကို တွန်းတိုက်ချသည့် ကစားခုံပင်။ အဲဒီခုံမှာ တ
လှုပ်ယမ်းလှုပ်ကြီးတွေလည်း ရှိနေကြပါသည်။ ဦးကျော်သွေးထင်
ပိုက်ဆံပြားစေ့ နှစ်စေ့ သုံးစေ့ ထည့်လိုက်။ ပြားစေ့က တွန်း
တွေးကောက်သော လမ်းကြောင်းနှင့် ကျချင်သလို ကျသွားလိုက်
အောက်က ပြန့်ကျဲနေသော ပိုက်ဆံပြားတွေနောက်ကို ရောက်
ရွေ့ကပဟာတွေကို တွန်းတိုက်လိုက်။ အောက်ပြုတ်ကျလာ
ထင်ရပေမယ့် ကျမလာ။ အဲဒါကိုပဲ အလကားနေရင်း ဖြုန်း
ကစားနေပါသည်။

သူထည့်လိုက်တာ အစေ့နှစ်ဆယ်လောက်ရှိ
အောက်ကအစေ့တွေက ရွေ့အံ့ထဲ ပြိုကျလာသည်။ အဆွေး
ငုံ့ကြည့်လိုက်တော့ ကျလာတာက ခြောက်စေ့။ ဒါကိုပဲ မပျင်း
စိတ်ပါဝင်စားစွာ သူ ကစားနေလေရာ အဆွေးကလည်း စိတ်
လက်ရှည်ပင် သူ့အနား ခုံဆွဲ၍ ထိုင်စောင့်နေပါသည်။

အသံတွေက အခန်းကျယ်ကြီးထဲ တစ်နေရာတ
မြည်ဟည်း ဆူညံနေကာ အားလုံးပေါင်းတော့ အာရုံနောက်
စရာ အသံဆိုးကြီးက ကျယ်လောင်စွာ သောတအာရုံကို နှိပ်
နေပါသည်။ နားတွေအူရာမှ ဇက်ကြောတွေထိုး နားထင်ကြော
ထိုးကာ နေမထိ ထိုင်မသာ ဖြစ်လာပါသည်။

ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ဆိုရင် ဤကစား
ခန်းမကြီးထဲက စက္ကန့်မဆိုင်း ထွက်ပြေးသွားလိုက်ချင်သ





အာရုံတွေနောက်၊ ခေါင်းတွေနောက်လှပြီ။ သို့သော် သူ့ကိုအလျှော့ပေး ထွက်ပြေးမသွားချင်၍ ကျိတ်မှိတ်အောင့်အည်းကာ ဖွတ်ပေ ထိုင်နေပါသည်။

"ကုတ်ခ် တစ်ဘူးဟော့"

သူက ဘေးက ကောင်လေးတစ်ယောက်ကို အအေးတောင်မှ မှာသောက်နေလိုက်ပါသေးသည်။ သူ ကစားနေတာကလည်း ထည့်တာကများများ ပြန်ရတာကနည်းနည်း။ သို့သော် အကြွေစေ့တွေက များလှ၍ တော်ရုံနှင့် မကုန်ပါ။ အတော်ကြီးပျင်းလှအောင် နာရီနှင့်ချီ ကစားပြီးမှ သူက လက်ကျန်အကြွေထုပ်ကို ယူပြီး ထထွက်သွားပြန်သည်။

ဒီနောက်တော့ ကလေးမဟုတ် သူငယ်မဟုတ် ကစား နည်းပေါင်းစုံကို စုံစေ့အောင် လိုက်ကစားနေပါတော့သည်။ ရေလွှာစကိတ်စီးသည့် စက်ကြီးကိုလည်းစီးရဲ့။ ဆိုင်ကယ်လည်းစီးရဲ့။ ဂလိုက်ဒါလိုဟာကြီးလည်းစီးရဲ့။ သေနတ်လည်းပစ်ရဲ့။ လက်ဗွေ့လည်းထိုးရဲ့။ သံကွင်းကလေးတစ်ခုကို ကွေ့ကောက်လိမ်တွန့်နေသော သံချောင်းရှည်တစ်လျှောက် မထိရအောင် လက်ငြိမ်ငြိမ်နှင့်လည်း ရွှေ့တမ်းဆော့ရဲ့။

သံကွင်းက သံချောင်းကို မကြာခင်မှာပဲ သွားသွားထိကာ တီခနဲ ဆူဆူညံညံ မြည်သွားလျှင် ...

"ရှစ်ထိ"



www.burmeseclassic.com

www.burmeseclassic.com



အော်ဟာစ်ရေရွတ်လိုက်ပုံကလည်း သူ့ကိုယ်သူ ကာလသားများ မှတ်နေလား မသိပါ။ ခြေတစ်ဖက် ကြမ်းကိုဆောင့်ကန်လိုက်ပုံ၊ ဆံပင်သပ်လိုက်ပုံ၊ မချင့်မရဲ အော်ဟာစ်လိုက်ပုံတွေဟာ လူကြီးပီပီ လူကြီးလူကောင်းဟန် မပေါက်ဘဲ ကလေကချေ ပေတေတေကြီးပုံသာ ပေါက်နေပါတော့သည်။

သူ့အမူအရာ အပြုအမူတို့ဟာ ခုအရွယ်ထိ ဂျစ်ကန်ကန် ပေကတ်ကတ်။ ငယ်စဉ်ကတော့ ဒီစတိုင်မျိုးဟာ ကြည့်ကောင်းခဲ့မှာ သေချာပေမယ့် ခုအရွယ် ခုလိုဆံပင်ဖြူတွေနှင့် ဘောင်းဘီဝတ်ကာ အကြွေစေ့တွေ ဘုန်းဘောလအော ဖြန့်ကာ မျိုးစုံအောင် လျှောက်ကစားနေပုံမှာ လေးစားစရာပုံစံ တစ်ချက်မှ မရှိဘဲ နှာခေါင်းရှုံ့ အမြင်ကတ်ချင်စရာကြီးပင်။

သူ့ပုံစံကြီး ဤသို့ပုံ ပေါက်နေတာကို အဆွေးက နှမြောဝမ်းနည်းသလို ဖြစ်နေမိပါသည်။ ဦးကျော်သွေးထင်ကို ကိုယ်နှင့် သက်ဆိုင်သလို စိတ်ကရင်းနှီးပတ်သက်ထားမိသည်ဖြစ်ရာ သူ ဒီလိုဖြစ်နေတာကို ရင်မောမော စိတ်မကောင်းလျက် ငေးကြည့်နေမိ၏။

ဦးကျော်သွေးထင်ဟာ ဖေဖေ့လို အသက်အရွယ်နှင့် လိုက်ဖက်သည့် ဂုဏ်သိက္ခာ ဣန္ဒြေတို့နှင့် လေးစားဖွယ် ဘာကြောင့် ဖြစ်မနေရှာပါလိမ့်။ လောကကို အရွဲ့တိုက်ရင်း အရွဲ့တိုက်ရင်း သူ့ပုံစံဟာ ဟိုမရောက် ဒီမရောက် ကိုးရိုးကားယား ဖြစ်နေတာပဲဟု နားလည်မိကာ သနားစိတ်ပင် ပေါက်နေမိပါသည်။





သူ ဒီလိုပြုမူလှုပ်ရှားနေတာတွေကို မေမေသာမြင်ရင် ရှက်ကိုးရှက်ကန်းဖြစ်ပြီး ခပ်သုတ်သုတ်ရှောင်ထွက်သွားမှာ သေချာသည်။ လူကြီးကြီးတန်မယ့် ဆံပင်ဖြူကြောင်ကျားနှင့် လူကြီးနှင့် လိုက်ဖက်တာတွေကိုသာ မကစားဘဲ တွေ့ကရာပေါင်းစုံ လျှောက်ရောက်ခုန်ပေါက် ကစားနေ၍ ခန်းမထဲမှ တချို့တလေကပင် သူ့ကို အကဲခတ်နေသည်။

ဦးကျော်သွေးထင် အနား ကပ်လိုက်နေရ၍ အဆွေး မျက်နှာတောင် ပူလာပါသည်။ သူက အဆွေး တကပ်ကပ်ပါနေတာကို မြင်သော် သိသော်လည်း အဆွေးကို မကြည့်ပါ။ သူလုပ်ချင်ရာတွေသာ လျှောက်လုပ်နေသည်။ သူလုပ်နေတာတွေရဲ့ ရည်ရွယ်ချက်က အဆွေး စိတ်ပျက်ပြီး ထွက်သွားဖို့ ဆိုရင်တော့ သူ့ ရည်ရွယ်ချက် မအောင်မြင်။

အကြွေတွေကို ဘောကနေ နှမြောလောက်အောင် ဖဲကပ်ပေါင်းစုံမှာ လျှောက်ထည့်ဖြန့်တီးပြီး အကြွေ ကုန်ခါနီး နောက်ဆုံးမှာတော့ အကစက်ဆီ သွား၊က,လိုက်ပါသေးသည်။ ကရင်ထဲက သီချင်းတေးသွားအတိုင်း ကျလာသည့် မြားကလေးတွေ ညွှန်ရာအတိုင်း ခြေနင်းကွက်ထဲမှာနင်း၍ ခုန်ပေါက်ကရတာ ဖြစ်ပါသည်။ အဲဒီကစားနည်းရဲ့ သဘောကိုက ခပ်မတ်မတ်ကြီး ခြေကိုတန်းပြီး ရိုးရိုးလေး နင်းနေလို့ မရပါ။ စုံခုန်ရတာပါသည်။ ကိုယ်ကိုလိမ်၍ မမိ,မိအောင် နင်းရတာ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်အတိအကျ မှန်ကန်အောင် လိုက်က... ဆိုလျှင် တစ်ကိုယ်လုံးဟာ ခုန်ပေါက်လှုပ်ယမ်း ယိမ်း... အပြင်မှာ တကယ်စိတ်ပါလက်ပါ က,နေသလို ဖြစ်နေတာမျိုး... အဲဒီစက်ပေါ် သူတက်၍ က,နေတာကို အဆွေးက နောက်ဘ... လက်ပိုက်၍ ရယ်လည်းရယ်ချင် ငိုလည်းငိုချင် ဆိုသလို ငေးကြ... နေမိသည်။

သူ့ကို လူငယ်ကောင်လေးတချို့ ကာလသားဆ... ကျော်သက်လေးတချို့တို့က ခပ်ဟားဟား ပြုံးရယ်နေကြပါသည်... ဒီအဘိုးကြီး ကဲလှချည်လား ... ငါတို့တောင် မနိုင်ဘူးဆိုတဲ့ ... မျိုးတွေနှင့်ပါ။ သူကတော့ ဘာမှ ဂရုမစိုက်။ သီချင်းအပုဒ်ပေါ... များဖွာကို ပုံမကျ ပန်းမကျ ကိုးရိုးကားရားနှင့် အမှားများဖွာ... ဆက်တိုက် က,နေသည်။

သူလည်းမော ... ပိုက်ဆံစေ့လည်းကုန်။

ဒီတော့မှ အဆွေး သက်ပြင်းကျရပါသည်။ သူ... အဲဒီအချိန်မှာတော့ အဆွေး ရှိသေး မရှိသေး တစ်ချက်လှည့် ရှာ... ဖွေသည်။ အဆွေး ရှိနေသေးတာကိုတွေ့လျှင် မျက်နှာကိုတင်... ကာ ...

“မပြန်သေးဘူးလား”

“မပြန်သေးဘူးရှင့်”

“မင်း ဘယ်လောက်ထိ ဖွဲ့ရှိမလို့လဲ”

“သမီး ပြောပြီးပြီပဲ”





“ကိုယ့်ဒုက္ခ ကိုယ်လိုက်ရှာနေတဲ့ ဟာမလေး၊ နင်ကျောင်း မတက်ဘူးလား”

“အဝေးသင်နဲ့ ဘွဲ့ရပြီးပါပြီ”

“အလုပ်မရှိဘူးလား”

“ခွင့်ယူထားတယ်ရှင့်”

“ခွင့်ယူပြီးတော့တောင် ငါ့နောက် လိုက်နေတာ၊ အေး ... လိုက်ပေါ့ ... ငါတော့ ပျင်းလာပြီ၊ ပြန်တော့မယ်”

သူက အာလာဒင်ထဲက ထွက်သွား၍ အဆွေးပါ ...က်ထွက်လာသည်။ ဘာပဲဖြစ်ဖြစ် သူ့ အသိအမှတ်တပြုစကား ...ဟာတာကိုပင် ကျေနပ်ပျော်ရွှင်နေမိပါသည်။ ဦးကျော်သွေးထင် ... ကားတစ်စီးတားကာ ငှားစီးသွား၍ အဆွေးကလည်း ထုံးစံ ...တိုင်း နောက်ကားတား၍ လိုက်သည်။ ဘယ်များသဝေထိုးဦး ...ဲ တထိတ်ထိတ်တွေးကာ နှာရှိုက်ကြည့်နေမိဆဲ သူက ဘယ်မှမသွား ...ဘဲ အိမ်ပြန်တာ ဖြစ်နေပါသည်။

သူ့တိုက်ရှေ့ အသီးသီး ကားနှစ်စီးရပ်ကာ ဆင်းကြ ...လျှင် သူက တိုက်လှေကားမှ တက်သွား၍ အဆွေးလည်း ...က်တက်လာပါသည်။ အဆွေး ယောင်မောနေပြီ။ ခေါင်းတွေ ...လည်း ခုနက ဆူညံပွက်သံတွေကြောင့် ကိုက်ခဲနေပြီ။

ဦးကျော်သွေးထင်က သူ့အခန်းဝရောက်လျှင် လော့ ...ရင်း အောက်က တက်လာနေသော အဆွေးကို ငုံ့ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ ခုချိန်ကစပြီး တံခါးပိတ်ပြီး ဘယ်မှမထွက်ဘဲ
တော့မှာ၊ မင်း ဒီလှေကားထစ်က ထိုင်စောင့်နေလည်
အမိုပဲ၊ ငါကတော့ လုံးဝထွက်လာတော့မှာ မဟုတ်ဘူ

အဆွေးက သူ့ တိုက်ခန်းထဲ ဝင်သွားတဲ့ထိ ရပ်ကြ
နေပါသည်။

"ဒီနေ့အဖို့ စိတ်လျှော့ပြီး ပြန်ပေတော့"

ပြောပြီးလျှင် ဦးကျော်သွေးထင်က တံခါးကို ဒိုင်း
ဆောင့်ပိတ်သွားတော့၏။





ဒီနေ့အဖို့ ဦးကျော်သွေးထင် တိုက်အောက်နံဘေးနားက အအေးဆိုင်မှာထိုင်ကာ အအေးတစ်လုံး မှာသောက်နေစဉ် အဆွေး အိတ်ထဲက ဟဲန်းဒ်ဖုန်းလေးက တတီတီ မြည်လာပါသည်။ ကြားနေမကျ၍ အသံကို ကြားနေသော်လည်း ကိုယ့်ဟာ မဟုတ်ဘူးထင်ကာ နေမိသေးသည်။

ဒီကြားထဲ ရက်တွေလည်း နိုင်ရန်က ဖုန်းခေါ်ဖူးပါသေးသည်။ မနက် ထွက်သွားသည့်နေ့ဆို နေ့လယ်မှာ မေမေ့ဆေးရုံ ရောက်နေတတ်ပြီး နေ့လည်ထွက်သွားမိလျှင် ညနေမှာ ဆေးရုံကို ပြန်ဝင်လျက် အချိန်မှန်သလို ဖြစ်နေတာကြောင့် ပထမတစ်ရက် နိုင်ရန် ဖုန်းခေါ်တော့ အဆွေးက မေမေ့ဆေးရုံ ရောက်နေပါသည်။

ဆေးရုံခန်းထဲမှာတော့ မေမေရယ် ဆရာမရယ်အပြင်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်မရှိ၍ ဖုန်းမြည်သံကို ဂရုစိုက်မိကာ ချက်ချင်းထူးလိုက်ပါသည်။ ဆေးရုံရောက်နေကြောင်း သိရ၍ နိုင်ရန်ကလည်း ကျေနပ်သွားပါသည်။ ဆရာမက အရင်တစ်ရက်က နိုင်ရန် ဝယ်လာသော ချယ်လီတုံး ထပ်ဝယ်ခဲ့ပေးဖို့ မှာနေသေး၍ ဆေးရုံမှာပဲ ဆိုတာလည်း သေချာစေပါသည်။

နောက်တစ်ရက်ခြားလောက် နိုင်ရန် ဆက်လိုက်တော့လည်း အဆွေးက ဆေးရုံမှာပင်။ မေမေ့ အခန်းဆီ တက်လာနေဆဲဖြစ်သည်။ အဲဒီနေ့ကလည်း ဆေးရုံရောက်နေပြီဆို၍ နိုင်ရန် ဘာမှမပြော။ နေ့စဉ်တော့လည်း သူ မဆက်ပါ။ ခုတစ်ခါတော့ သူဆက်ချိန်မှာ အဆွေးက အပြင်မှာ။ ဘေးစားပွဲတွေမှာလည်း လူတွေရှိ၍ ဖုန်းသံမြည်တော့ သူများထံကလိုလို ယောင်ဝါးဝါးထင်နေသေးပြီးမှ ကိုယ့်အိတ်ထဲ ကိုယ်ငုံ့ကြည့်တော့ အစစ်ပဲ။

ဖုန်းက မီးလင်းနေကာ အော်မြည်နေတာမို့ အဆွေးက ခလုတ်ဖွင့်ရင်း ...

"ဟယ်လို"

"အဆွေး"

"ဟုတ်ကဲ့ ရန်"

အပြင်ရောက်နေတုန်း ရန့်ထံက ဖုန်းမဝင်လာဖူးသေး၍ ကိုယ့်အပြစ်နဲ့ကိုယ် အဆွေးက တထိတ်ထိတ် ဖြစ်မိသည်။ ကိုယ်က ဦးကျော်သွေးထင် တိုက်အောက်နား ရောက်နေချိန်မို့ ရန် မမြင်ရတာကို သိပါလျက် ထိတ်လန့်စိုးရိမ်နေမိပါသည်။





"အဆွေး အခု ဘယ်ရောက်နေလဲ"

"ရှင်"

အဆွေးက ဘာပြောရမည် မသိဘဲ "ရှင်"ဟု ထူးကာ အချိန်ဆွဲသည်။ အဲဒီအကြောင်းကြောင်း လုပ်ပုံကြောင့် နိုင်ရန်က စိတ်မရှည်သံ ထွက်လာကာ ...

"အဆွေး အခု ဘယ်မှာလဲလို့ မေးနေတာ"

"အဆွေး ... ဟို ... ဆေးရုံမှာပေါ့"

"ဆေးရုံမှာ ! ..."

"ဟုတ်တယ်လေ"

"ကိုယ့်ကို ညာမပြောနဲ့နော်"

"ဆေးရုံမှာပဲဟာကို"

မလိမ်တတ်သူပီပီ အဆွေး အသံက ယုတ္တိမရှိ မလုံမလဲ ကွန့်လိမ်နေသည်။

"ဆေးရုံမှာ ဆိုရင် ဖုန်းကို အန်တီ့ကို ခဏပေးလိုက်စမ်း"

"ဘာလုပ်ဖို့လဲ"

"ဆေးရုံမှာ ဟုတ်မဟုတ် စစ်မလို့"

"ရန်ကလည်း ... ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ဖြစ် ...၊ ကဲ ... အန်တီ့ကို ဖုန်းပေးလိုက်"

"မေမေ ... မေမေ အိပ်နေတယ်"

"ဘာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မေမေ အိပ်နေပါတယ်ဆို"

"ဒါဖြင့် ဆရာမကို ပေးလိုက်"

"ဆရာမ အပြင်ထွက်သွားတယ်"

"ဘာ ... အဆွေး ... မင်း ကိုယ့်ကို ညာတယ်"

"ဘာညာလို့လဲ"

"မင်း ဘာတွေ ညာနေတာလဲ အဆွေး၊ လိမ်တယ် ညာ တယ်ဆိုတာ မရိုးသားတဲ့ကိစ္စ ဖုံးကွယ်လိုတဲ့ကိစ္စရှိမှ လိမ် ညာတာ ... ကိုယ့်ကို ဘာလို့ညာရတာလဲ ... မင်း အခု ဘာလုပ်နေလဲ အဆွေး"

အဆွေး မဖြေ။ နိုင်ရန်ရဲ့ ဒေါသတညီးညီး တောက် လောင်နေသော အသံကို လန့်ကာ နှုတ်ခမ်းလေး ကိုက်ထားမိ သည်။

"အဆွေးဆီ မဆက်ခင် ဆေးရုံကို အရင်ဆက်တာ အဆွေး မရောက်သေးဘူးတဲ့"

"ခုမှ ရောက်တာ"

"အဆွေး ..."

နိုင်ရန့် အော်သံက ကျယ်လှသည်။

"ကိုယ် အံ့သြလိုက်တာ၊ မင်းက အဲလို ခပ်ပြောင်ပြောင် ညာတတ်တဲ့သူလား၊ ဆေးရုံက ဖုန်းပြတ်ပြတ်ချင်း အခု မင်းဆီကိုခေါ်တာ၊ အန်တီလည်း အိပ်မနေဘူး၊ ဆရာမ လည်း ရှိတယ်၊ ဆရာမပဲ ဖုန်းကိုင်တာ၊ ဘယ်သူမှ





ရောက်မနေတာ ဆရာမက ဘာကြောင့် အပြင်ထွက်သွားကို ရမှာလဲ၊ ပြောစမ်း ... အခုပြော ... မင်း ဘယ်မှာ ဘာလုပ် နေလဲ"

"ဘာမှမလုပ်ဘူး"

"ဘာမှမလုပ်လို့ ရမလား၊ တစ်ခုခုတော့ လုပ်နေမှာပေါ့၊ အိမ်မှာ ထိုင်နေတယ်၊ လမ်းပေါ် လမ်းလျှောက်နေတယ်၊ ကားပေါ်မှာ စသဖြင့် ..."

"အဆွေး အအေးဆိုင်မှာ အအေးသောက်နေတယ်"

"ဒါဖြင့် ဘာလို့ ဆေးရုံမှာလို့ လိမ်လဲ"

"ဟာ ... မသိဘူးကွာ၊ ရန်က စစ်ဆေးနေတော့ ဆေးရုံ မှာမှ မဟုတ်ရင် အော်မှာ ဆူမှာစိုးလို့ ပြီးစလွယ်ပြောလိုက် တာ"

"ဆေးရုံမှာ မဟုတ်တိုင်း အော်စရာ ဘာမှမလိုဘူး၊ ခုအော်တာက အဆွေး ကိုယ့်ကိုလိမ်လို့ 'အော်တာ၊ မင်း ဘာတွေ လုပ်နေလဲ အဆွေး ... ကိုယ် လုံးဝမယုံတော့ဘူး နော်၊ တစ်ခုခုပဲ ဆိုတာကို ကိုယ်သိတယ်"

"အဆွေး ဘာသာ လျှောက်သွားနေတာ"

"လျှောက်သွားနေတဲ့ ကိစ္စက မပြီးတော့ဘူးလား၊ အဆွေး စိတ်ဆင်းရဲနေပါတယ်လေဆိုပြီး စိတ်ပြေလက်ပျောက် သွား ပါစေလို့ သဘောထားထားတာ ... နေ့တိုင်း တာဝန်ကြီး တစ်ခုလို လျှောက်သွားနေဖို့ မဟုတ်ဘူး၊ အားအားရှိတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်သွားနေစရာလား၊ ဆေးရုံသွားနေရင်လည်း အကျိုး ရှိတယ်၊ အိမ်မှာနားနေရင်လည်း အကျိုးရှိတယ်၊ လျှောက် သွားနေတဲ့ အဖြစ်ကလည်း နှစ်ရက် သုံးရက် ဆိုရင် ရပ် တန်းက ရပ်ပါတော့လား၊ နေ့စဉ်နဲ့အမျှ လျှောက်သွားနေ ရတာက ဘာအကြောင်းကိစ္စတွေ ရှိနေလို့လဲ"

"ရန် ... အဆွေး စိတ်ဆင်းရဲနေတယ်နော် ... မအော် နဲ့"

"အော်ရမှာပဲ၊ စိတ်ဆင်းရဲနေတာကို သနားတာ ကိုယ်ချင်း စာတာ ဒီမှာ သေတော့မယ်၊ လုံးဝ ကိုယ်ချင်းစာတယ် ဒါပေမယ့် ဒါကို ခုတုံးလုပ်ပြီး မင်း မဟုတ်တာ တစ်ခုခု လုပ်နေတယ် မဟုတ်လား"

"ဘယ်မှာလုပ်လို့လဲ"

"မင်း ဘာလုပ်နေသလဲသာ ကိုယ် မသိတာ အဆွေး၊ မင်း တစ်ခုခု လုပ်နေတာတော့ ကိုယ်သိနေတယ်၊ စိတ်ထဲက အလိုလိုကို သိတယ်၊ လုံးဝမငြင်းနဲ့၊ မလိမ်နဲ့ ..."

"အဆွေး ဘာသာ အအေးဆိုင်မှာ အအေးသောက်နေတာ ပဲ"

"ကောင်းပြီ၊ ဒါဖြင့် အအေးဆိုင်က ဘယ်မှာလဲ"

"ဘာကိုပြောတာလဲ"

"မငေ့နဲ့နော် အဆွေး၊ အအေးဆိုင်က ဘယ်ရပ်ကွက် ဘယ်မြို့နယ်မှာလဲ၊ ဘယ်လမ်းပေါ်မှာလဲ ... ပြော"





"ဘာလုပ်မလို့လဲ၊ အဲဒါ ရန် သက်သက်မဲ့ အဆွေးကို ဗိုလ်ကျနေတာနော်၊ နေရင်း ထိုင်ရင်း စစ်ဆေးနေတာ"

"အေး ... ဗိုလ်ကျတယ် စစ်ဆေးတယ်ပဲ ထားလိုက်၊ ရတယ် ...၊ ဒါပေမယ့် ကိုယ်မေးတာကိုဖြေ"

"မဖြေပါဘူး"

တစ်ဖက်က နိုင်ရန့်ရဲ့ မခိုးမခန့် မချိမဆန့် အောင့် သက်သက် ရယ်သံတစ်ချက် ထွက်လာကာ ...

"မင်း အခုထိုင်နေတဲ့ အအေးဆိုင်က လှည်းတန်းမှာမှ ဟုတ်ရဲ့လား"

"ဟင် ..."

အဆွေး အထိတ်တလန့် ဖြစ်သွားရပါသည်။

"ဈေးနဲ့ မလှမ်းမကမ်းမှာ ရှိနေတဲ့ အအေးဆိုင်တစ်ဆိုင် လား"

အဆွေး မဖြေ။ တဒိတ်ဒိတ် ရင်တုန်လာကာ ဖုန်းကို ပိတ်ပစ်လိုက်သည်။ ကြည့်စမ်း ... ရန် ဘယ်လိုလုပ်ပြီး သိပါလိမ့်။ ရန် သိနေတယ်။ ချက်ချင်းပဲ ဖုန်းက ထ,၍မြည်လာ ပြန်ပါသည်။ ပေါ်နေသော နံပါတ်မှာ ခုနကဆက်တဲ့ ရန့်မာမီရဲ့ နံပါတ်ပင်။ အဆွေးက ယောင်၍ ဖွင့်ထူးလိုက်မိပြန်သည်။

"အဆွေး ... မင်း ဘာတွေလုပ်နေသလဲဟင်၊ ကိုယ်ချစ်တဲ့ ရိုးရိုးသားသား အေးအေးချမ်းချမ်း နူးညံ့သိမ်မွေ့တဲ့ မိန်း ကလေးဟာ ကိုယ့်ကို လိမ်တတ်ညာတတ်တဲ့အထိ ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ပြီး လုပ်နေသလဲ၊ ပြောစမ်းပါ၊ ကိုယ့်စိတ်တွေ တအား ယောက်ယက်ခတ်ပြီး ဒေါသဖြစ်နေတယ်နော် _

မင်းသာ ရိုးသားရင် စ,ပြောကတည်းက အမှန်ပဲ ပြောမှာပေါ့၊ မရိုးလို့ ညာတာ၊ ကိုယ် မသိစေချင်တဲ့ ကိစ္စ တစ်ခု မင်း လုပ်နေတယ်၊ ဒီအချိန်ဟာ ကိုယ့်အမေတစ် ယောက်လုံးရဲ့ ဆေးရုံပေါ်က နောက်ဆုံးအချိန်ပိုင်းတွေ နော်၊ ဒီအချိန်မျိုးမှာတောင် မင်းစိတ်ကိုမင်း အလိုလိုက် ပြီး မဟုတ်တရုတ် ဘာတွေလုပ်နေလဲ ...

အဲဒါ ငါသိချင်တယ်၊ အမှန်တိုင်း သိချင်တယ် ပြော ...”

အဆွေးက ဖုန်းကို ခလုတ်နှိပ် လိုင်းဖြတ်လိုက်တဲ့ အပြင် ပါဝါခလုတ်ကိုပါ ပိတ်ထားလိုက်ပါတော့သည်။ နိုင်ရန် ဘယ်လိုမှ ပြန်ခေါ်လို့ မရနိုင်တော့ပါ။ ဒါကြောင့် ဒီဖုန်းကို မယူ ချင်တာ။ ရောက်လေရာ အရပ်ကို သူ စစ်လို့ ဆေးလို့ ရနေသည်။

ရန့်ကို ဘယ်သူ ဘာပြောပါလိမ့်။ ဒါမှမဟုတ် ရန် ဟာ အဆွေး နောက်ကို ရှဲဒိုးများ ထည့်ထားသလား။ “လှည်းတန်း မှာ မဟုတ်လား”ဆိုသည့် အမေးဟာ ရန်းသန်း၍ အစ်အောက် တာမျိုး လုံးဝမဟုတ်။ အတိအကျ သတင်းရလို့ ပြောပုံမျိုးပါ။

အဆွေးမှာ အအေးဆိုင်တွင်လည်း ဆက်ထိုင်မနေ ရဲတော့ပါ။ မတော် ... ရန်က စိတ်လိုက်မာန်ပါ ဒီအထိ လိုက်





လာပြီး ရှာချင်ရှာမှာ။ ဒီမှာ ဘွားခနဲ တွေ့ပြီး မရမက စစ်ဆေး စမ်းနေလျှင် အဆွေးကလည်း မပိရိတာနှင့် အားလုံး ပေါ်သွား သော် ဒုက္ခ။ ဒီကိစ္စနှင့် ပတ်သက်ပြီး ရန့်ကို လုံးဝ မသိစေ လိုပါ။

မေမေ့ရဲ့ ဟိုတုန်းက ငယ်ချစ်ဟောင်းနှင့် ပတ်သက် သည့်ကိစ္စ။ မေမေသည်လည်း သာမန်ထက်ပင် တည်ကြည်အေး ဆေးသူမို့ ဒီကိစ္စမျိုး ရန် သိလျှင် ရှက်မှာသေချာပါသည်။ ပြီးတော့ မေမေလည်းပဲ ဘာပဲဖြစ်ဖြစ် မျက်နှာပူချင်စရာ ဖြစ်နေ ပါသည်။

ဒီကိစ္စဟာ ရေရှည်ကိစ္စကြီးမျိုးလည်း မဟုတ်။ မေမေဟာ နောက်ထပ် နှစ်လခံမလား၊ သုံးလခံမလား ဘယ်သူမှ မသိနိုင်။ အသက်ရှင်ခွင့် ရနေသေးတဲ့ အချိန်လေးအတွက် တစ် သက်လုံး မျိုသိပ်တမ်းတလာခဲ့တဲ့ ချစ်သူကို မေမေ တွေ့ခွင့်ရသွား စေချင်ရုံသက်သက်။ ဦးကျော်သွေးထင်က ပြီးခဲ့သမျှကို ဇွမယူ အပြစ်လွှတ်ကာ သတင်းမေး လာတွေ့ပါသည်ဆိုတဲ့ တစ်ချက် ကလေးနှင့် မေမေ စိတ်ချမ်းသာ ဖြေသိမ့်နိုင်မှုကလေးကို သယ် ဆောင်သွားနိုင်စေလိုသော စေတနာဆန္ဒကလေး သက်သက် သာ။

ဦးကျော်သွေးထင်က သေခါနီး လူတစ်ယောက်ကို ကျေအေးပေးကာ လာတွေ့ပေးလိုက်သည် ဆိုရုံကလေးနှင့်ပဲ ဇာတ်လမ်းက ပြီးဆုံးသွားမှာ။ ဘဝတစ်လျှောက် ထက်ကြပ်ပ



www.burmeseclassic.com

www.burmeseclassic.com



ပါနေမည့် ကိစ္စလည်း မဟုတ်။ ဒါကြောင့် ကိုယ့်မိသားစုထဲက လွဲ၍ ဘယ်သူမှ မသိလိုက်ကြရဘဲ ဖျတ်ခနဲလေးသာ ပြီးဆုံးသွားစေချင်ပါသည်။

ဒီနေ့တော့ ပြန်မှ ...။ နောက်ရက်တွေလည်း နည်းနည်းပါးပါး ခြေလှမ်းကို ထိန်းသိမ်းမှပင်။ အင်မတန် မခံချိ မခံသာ သံသယတွေဝင် စိတ်တွေတိုနေတဲ့ ရန်ဟာ အဆွေးက မပြောလို့ကတော့ ရသည့်နည်းနှင့် တခြားတစ်ဖက်က လှည့်ပတ်စုံစမ်းကို စုံစမ်းမှာ။ ရန်ဟာ သူ့ကုမ္ပဏီမှာ အလုပ်များလှ၍ သိပ်မအားလပ်တဲ့သူတစ်ယောက် ဖြစ်နေတာ တော်ပေပါသေးသည်။

အချိန်ပြည့်ကြီးတော့ အဆွေး နောက်ကို ရန် ဘယ်လိုမှ မလိုက်နေနိုင်ပါ။ အသွားအလာကို နည်းနည်းဆင်ခြင်လိုက်မှ တန်ကာကျပေလိမ့်မည်။





ထိုညနေတွင် ရုံးဆင်းချိန်၌ ဆေးရုံကို ရန် ရောက်လာပါသည်။ မေမေ့အတွက် မေမေ ခံတွင်းလိုက်နေသော ဘယ်ရီသီးဂျယ်လီသံဘူးများ ဝယ်လာကာ မေမေ့ကို ကိုယ်တိုင်ဘူးဖွင့်ကျွေးနေလျက် အဆွေးကိုတော့ စကားမပြောပါ။

မျက်နှာကလည်း လူဖြောင့်ပီပီ ပြင်မရဘဲ ပျက်နေ၍ မေမေပင် ရိပ်မိပါသည်။

"သားနဲ့သမီး ... မပြေမလည် ဖြစ်နေသလား၊ စိတ်ကောက်နေကြသလားဟင်"

အဆွေးက မဖြေ။ နိုင်ရန်ကသာ လူကြီးစကားမဖြေလျှင် ရိုင်းရာကျမည် စိုးရိမ်သလို ...

"မဟုတ်ပါဘူး အန်တီ၊ အဆွေး ကျွန်တော့်အပေါ် မပွင့်လင်းလို့ ကျွန်တော် စိတ်မကောင်း ဖြစ်နေတာပါ ... စိတ်ကောက်နေကြတာ မဟုတ်ပါဘူး"

"သမီးက မောင်နိုင်ရန် အပေါ် သူသိချင်တာ ပွင့်ပွင့်လင်းလင်း ပြောမှပေါ့၊ ချစ်သူချင်း မပွင့်လင်းဘူးဆိုတာ ကောင်းတဲ့အလားအလာ မဟုတ်ဘူး သမီး၊ စိတ်ဝမ်းကွဲစရာ သံသယဝင်စရာတွေ ဖြစ်တတ်တယ်၊ အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ဖွင့်လင်းလင်း ရှိရတယ် သမီး၊ ဒါဟာ မောင်နိုင်ရန့် ဘက်က မေမေက အားနာပါးနာနဲ့ ဖေးဖေးမမ ဝင်ပြော တာ မဟုတ်ပါဘူး၊ မေမေ ပြောတာ ယုံပါ သမီး"

အဆွေးက မေမေ့ကို စိုက်ကြည့်ရင်း စဉ်းစားနေမိ သည်။ မေမေနဲ့ မေမေ့ချစ်သူရော မပွင့်လင်းမှုကြောင့် စိတ်ဝမ်း ကွဲခဲ့ကြတာမျိုးလား။ ကိုယ့်ကိစ္စနှင့်နွယ်၍ မတွေးမိဘဲ မေမေနှင့် ဦးကျော်သွေးထင် ကိစ္စကိုပဲ စိတ်အတွေးက ရောက်သွားပြန်ပါ သည်။

"ကြားလား အဆွေး"

နိုင်ရန်က သူ့ဘက်က ထောက်ခံမဲတစ်မဲရတုန်း အဆွေးကို ချည်တုပ်ဖို့ ကြိုးစားသည်။ အဆွေးက မကြားချင်ယောင် ဆောင်၍ ဘာမှမပြောဘဲ ငြိမ်နေလိုက်ပါသည်။ အဆွေးရဲ့ မထုံ တက်သေး အမူအရာကို နိုင်ရန်က မကျေနပ်သလို ကြည့်နေပါ သည်။ မေမေ့ရှေ့မို့ မေမေ စိတ်ဆင်းရဲမှာ စိတ်အနှောင့်အယှက် ဖြစ်မှာ စိုး၍သာ ဘာမှမပြောသေးဘဲ အောင့်အည်းထားရပုံရှိပြီး သူ့ပုံစံဟာ အဆွေးကို သူသိချင်တာတွေ ပန်းက လှုပ်ယမ်းမေး လိုက်ချင်လှပြီဖြစ်သည့်ပုံပင်။

ခဏအကြာ ဖေဖေ ရောက်လာသည်။ နိုင်ရန်နှင့် အဆွေး ပုံစံတွေကတော့ တစ်ယောက်ကိုတစ်ယောက် မကြည့် မသာ အေးတိအေးစက်ပင်။ ညရှစ်နာရီထိုးခါနီးမှ ပြန်ကြဖို့ပြင် လျှင် နိုင်ရန်က ဦးမိုးညိုကို လှမ်းပြောလိုက်ပါသည်။





"အန်ကယ် ... ကျွန်တော် အန်ကယ်တို့အိမ် တန်းလိုက် လာဦးမှာပါ၊ အဆွေးကို ကျွန်တော့်ကားပေါ် ခေါ်လာပါ ရစေ၊ စကားနည်းနည်း ပြောချင်လို့ပါ၊ ဘယ်မှ မဝင်ပါ ဘူး အန်ကယ်၊ အိမ်ကိုပဲ တန်းလာမှာပါ"

"အေး ... ရပါတယ် ... ခေါ်သွားပါ မောင်နိုင်ရန်"

အဆွေးကတော့ မလိုက်ချင်ဘူး ငြင်းဖို့ရာလည်း ချပ်ဆိုးမည်ဖြစ်၍ ငြင်းလို့က မကောင်း။ ရန့်ကားပေါ် လိုက်ပြန် ချမှာကို ဒီနေ့အဖို့ ပိုစိတ်ညစ်နေရပါသည်။ သူ အဆွေးကို ကောင်းကောင်းကြီး စစ်ဆေးမေးမြန်းတော့မှာလေ။

မတတ်သာစွာ သူ့ကားပေါ် ပါလာရကာ အဆွေး က ခေါင်းကို တစ်ဖက်လှည့်ထားသည်။ ကားထွက်လာပြီး အတန်ကြာမှ ...

"အဆွေး"

"... ..."

"အဆွေး ကိုယ်ခေါ်နေတာလေ"

"ဘာလဲ ရန်ရယ်၊ ဒီတိုင်းပြောလိုက်လည်း ရသားနဲ့ အထူးကို စောင့်နေတယ်"

"အဆွေး လှည့်တန်းကို ဘာကိစ္စသွားနေတာလဲ ... ပြော"

အဆွေးက တစ်ဖက်ကိုသာ လှည့်ထားသည်။

"နေ့ခင်းကလည်း ဖုန်းပိတ်ပစ်တယ်၊ ဒီဖုန်းက ရောက်ရာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ် ဆက်နိုင်အောင် အဆွေးကို ပေးထားတာ၊ ကိုယ်ဆီက ဖုန်းကို ပိတ်ပစ်ဖို့ ပေးထားတာ မဟုတ်ဘူး"

"အဲဒါဆိုလည်း ပြန်ယူကွာ"

အဆွေးက အိတ်ထဲက ဖုန်းကို ဆွဲထုတ်၍ နိုင်ရန့်ရှေ့ဒက်ရှ်ဘုတ်ပေါ် လှမ်းတင်လိုက်ပါသည်။ နိုင်ရန်က လှမ်းယူကာ အဆွေး ပေါင်ပေါ် ပြန်ပစ်တင်ရင်း ...

"ပြန်ယူစရာလည်း မဟုတ်ဘူး၊ အဆွေး ဖုန်းကို ဖွင့်ထားဖို့ပဲ လိုတာ၊ ကိုယ်ခေါ်ရင် စကားကောင်းကောင်း လက်ခံပြောပေါ့၊ ဖုန်းပိတ်ချပစ်လိုက်တာနဲ့ အဆွေးရဲ့ လျှို့ဝှက်တဲ့ လုပ်ရပ်ကြီးထဲကနေ အဆွေး လွတ်ပြေးလို့ ရသွားရောလား၊ မပြီးဘူး၊ ဒီကိစ္စက ဖြေရှင်းမှပြီးမှာ"

အဆွေးက နားအေးအောင် ဖုန်းကို အိတ်ထဲ ပြန်ကောက်ထည့်ထားလိုက်ပါသည်။

"အဆွေး ဘယ်သူ့ဆီ သွားနေလဲ"

မေးခွန်းက တစ်စထက်တစ်စ တည့်တည့်ကြီးနီးစပ်လာသည်။ တစ်ယောက်ယောက်ထံ သွားနေတာပါလို့ထိုသူ စွပ်စွဲလာပြီ။ အဆွေးက ခြေဦးတည့်ရာ လျှောက်သွားနေမျိုးပဲ ဆက်ညာထားရရင် ကောင်းမလား တွေးပါသည်။ တစ်ယောက်ယောက်ထံ သွားသည်လို့ ဝန်ခံရပြီးရင် အဲဒီတစ်ယောက်ကို ဘယ်သူပါလို့မှ အဆွေး ဖွင့်မပြောနိုင်တာ။





"ကိုယ် မေးနေတယ် အဆွေး"

ဒေါသကြောင့် ရန့်ရဲ့ကားအရှိန်က မြင့်နေသည်။

"ဘာဖြစ်လို့ တစ်ယောက်ယောက်ဆီ သွားပါတယ်လို့ အတိအကျ စွပ်စွဲနေရတာလဲ ရန်"

"ဘာဖြစ်လို့လဲ ဟုတ်လား၊ အဆွေး စ,ဝန်ခံမလား ကိုယ်စောင့်နေတာ၊ ဝန်မခံလည်း ကိုယ်သိတာကို စ,ဖွင့်ပြောရမှာပဲ၊ အဆွေး ဟိုတစ်နေ့က လူတစ်ယောက်နဲ့ လှည်းတန်းက ရှမ်းခေါက်ဆွဲဆိုင်မှာ အတူထိုင်နေတယ်"

အဆွေး တစ်ကိုယ်လုံး ထူပူသွားပါသည်။ သူ့အတိအကျကြီးကို သိနေသည်။ ဖုံးကွယ်ဖို့ရာ မလွယ်တော့၍ ဖေရွှေး ပြန်လာကာ ဘာပြောရမည် မသိအောင် ရင်တွေ တုန်နေပါသည်။

"ကိုယ့်သူငယ်ချင်းတစ်ယောက်' သေချာတွေ့လာတယ်၊ လုံးဝမမှားဘူး၊ ဒါတစ်ခုပဲ ဆိုရင် အဆွေးလည်း အဲဒီဘက် ကြုံကြိုက်တုန်း အသိတွေ့လို့ ထိုင်မိတာလား ထင်လို့ရသေးတယ်၊ ခုတော့ အဆွေးက အဲဒီလှည်းတန်းဘက် သွားသွားနေတာကိုပါ ဖုံးဖိထားတာ တွေ့လာရတယ်၊ ဒီအတိုင်း လူတစ်ယောက်နဲ့ ထိုင်မိတာ ဖုံးဖိမထားရင် ကိုယ် သဘောထားသေးစရာ မရှိဘူး၊ ခုတော့ ဒါကိုဖုံးကွယ်တယ် ... အဲဒီကို သွားတာကိုပါ ဖုံးကွယ်နေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... အဆွေး၊ ကိုယ့်ကို အတိအကျ ပြောစမ်းပါ
အဲဒီနေ့က အဆွေးနဲ့ ထိုင်နေတာ ဘယ်သူလဲ"

"... ..."

"အဆွေး ..."

အဆွေးသည် ချောင်ပိတ်ခံနေရတာကို ကျဉ်းကျပ်ကာ မွန်းနောက်လာသည်။ ငိုလည်း ငိုချင်လာသည်။ စိတ်လည်း ညစ်ကာ စိတ်ပါတိုလာပါသည်။

"အဆွေး ... ကိုယ်မေးတာ ဖြေလေ၊ သူက ဘယ်သူလဲ"

"အဆွေး မဖြေဘူး"

အဆွေးက အရဲစွန့်၍ ပြောလိုက်ပါသည်။

"ဘာ ..."

"အဆွေး မပြောနိုင်ဘူး ရှန်"

"မပြောဘူး ... ဟုတ်လား၊ လုံးဝ မပြောဘူးလား"

"ဟင့်အင်း"

"ဒါဖြင့် ဒီကိစ္စကို အန်ကယ့်ကို တင်ပြရလိမ့်မယ်၊ တိုင်တယ်လို့ ယူဆရင်လည်း ယူဆ၊ ကိုယ် အန်ကယ်ကိုတော့ ပြောရမှာပဲ၊ ကိုယ်တို့နှစ်ယောက်က ချစ်သူတွေ၊ အတိအလင်း ဘာမှမပြောရသေးတာကလွဲရင် မကြာခင် လက်ထပ်ဖို့ နှစ်ဖက်လုံးက မိဘတွေ အသိးသိး သဘောတူ ကြည်ဖြူလက်ခံထားပြီးသားတွေ၊ အခု အဆွေး လူတစ်





ယောက်နဲ့ ဆိုင်အတူထိုင်နေတဲ့ အနေအထားရှိတယ် ... သူ ဘယ်သူဆိုတာ ကိုယ့်ကို မပြောဘူး၊ ဒါဟာ အဆွေးမှာ လုံးဝအပြစ်ရှိနေတယ်၊ အဆွေးရဲ့ အုပ်ထိန်းသူ မိဘတွေ ဒါကို သိရမယ် ... ဒါပဲ"

အဆွေးက နိုင်ရန့်ကို မျက်စောင်းတစ်ချက် လှည့်ထိုးလိုက်မိပါသည်။ သူဟာ စာအုပ်ကြီးတစ်အုပ်လို တည်ကြည်ဖြောင့်မတ်ခြင်းတရား လက်ကိုင်ပြုတဲ့သူ။ သူ့လိုပဲ တစ်ဖက်သားကိုလည်း တည်ကြည် ရိုးဖြောင့်မှ ကြိုက်တဲ့သူဆိုတာ ဟိုးအရင်အခြား အတွေ့အကြုံတွေအရ သိခွင့်ရထားပြီးသားပါ။

သူ ဖေဖေ့ကို တိုင်မည်ဆိုရင် တကယ်တိုင်မှာ။ ဖေဖေ သိသင့်သလောက် သိသည့်ကိစ္စဖြစ်၍ ကြောက်ရွံ့လှသည် မဟုတ်ပေမယ့် အဆွေး စိတ်ကျဉ်းကျပ်သည်။ ထင်သည့်အတိုင်းပင် အိမ်ရောက်လျှင် ခြံထဲမှာ ကားရပ်ပြီး သူကပင် ဦးအောင် အိမ်ထဲဝင်သွားပါသည်။

အဆွေး အပြေးလိုက်ဝင်လာသည်။ ဖေဖေကလည်း ခုပဲကားရပ်ပြီး ခုပဲဝင်သွားတာမို့ သူ့အခန်းသူတောင် မဝင်ရသေးပါ။ ရေသောက်တုန်း ရှိပါသေးသည်။

"အန်ကယ့်ကို ကျွန်တော် စကားနည်းနည်း ပြောပါရစေ"

ဖေဖေက အံ့အားသင့်သွားပုံနှင့် မခံချိ မခံသာ မျက်နှာပျက်နေသော နိုင်ရန့်ကိုကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ မောင်နိုင်ရန်"

ဖေဖေက ထမင်းစား စားပွဲမှာပင် ထိုင်လိုက်၍ နိုင်ရန်ကလည်း ဝင်ထိုင်လိုက်ပါသည်။ အဆွေးက အခန်းကူးတံခါးပေါက်ကို မှီရပ်ရင်း စိတ်ပျက်လက်ပျက် ရှိနေသည်။

"အန်ကယ် ကျွန်တော့်ကို နားလည်ပေးပါ၊ အန်တီ နေကောင်းရင်တော့ အန်တီ့ကို ပြောဖြစ်မယ့် စကားပါ၊ အန်တီ နေမကောင်းတဲ့ကိစ္စ ရှိနေတာတောင် မဆိုင်းနိုင်ဘဲ သောကရှိပြီးသားသူကို တစ်မှောင့် စိတ်အနှောင့်အယှက် ပေးတယ် မထင်ပါနဲ့ ခင်ဗျာ၊ ကျွန်တော် ခံစားရတာကို နားလည်ပေးဖို့ တောင်းပန်ပါတယ်"

"ပြောပါ မောင်နိုင်ရန် ... ပြောပါ၊ ရပါတယ်၊ ပြောစရာရှိတာ ပြောပါ"

"အဆွေး ... လှည်းတန်းက လူတစ်ယောက်နဲ့ ကိစ္စတစ်ခု ပတ်သက်နေတာတော့ သေချာတယ် အန်ကယ်"

ဖေဖေက မျက်ခုံးပင့်ကာ အဆွေးကို လှမ်းကြည့်သည်။

"ဟိုတစ်နေ့က ဒီလူနဲ့ ဆိုင်တစ်ဆိုင်မှာ အတူထိုင်နေကြတာ ကျွန်တော့်သူငယ်ချင်းတစ်ယောက် တွေ့လာပါတယ်၊ ကြုံလို့ဆုံလို့ မိတ်ဆွေတစ်ယောက်ယောက်နဲ့ ဆိုင်ထိုင်တာဘာမှ ကိစ္စမရှိပါဘူး အန်ကယ်၊ ဒါပေမယ့် ဒီနေ့လည်း





အဆွေးက လှည်းတန်းရောက်နေတာကို ကျွန်တော့်ကို ဆေးရုံမှာလို့ ညာတယ်၊ လှည်းတန်းကို သူရောက်နေတာကို ဖုံးကွယ်ဖို့ ကြိုးစားပါတယ် ...

အဲဒီအပြင် အဲဒီလူ ဘယ်သူလဲလို့ သူ့ကို အခုမေးတော့ လုံးဝမဖြေဘူးလို့ ငြင်းပါတယ်၊ ရိုးရိုးဆိုရင် သူက ဘယ်သူပါလို့ ဖြေလိုက်ရင် ပြီးသွားမယ့် ကိစ္စပါ"

ဖေဖေသည် စိတ်ရှုပ်သွားသလို နဖူးစပ်ကို ကုတ်နေသည်။

"ကျွန်တော်တို့ဟာ တစ်နေ့လက်ထပ်မယ့် ချစ်သူတွေပါ၊ မိဘတွေပါ အသိပေးထားပြီးသား ... မိဘတွေက ကြည်ဖြူပြီးသားပါ ခင်ဗျာ၊ အချင်းချင်း မေတ္တာရှိလို့ ချစ်သူဖြစ်လာတာပါ၊ တစ်ယောက်ကိုတစ်ယောက် ရိုးသားဖို့တာဝန်ရှိတယ် မဟုတ်ဘူးလား အန်ကယ်၊ ကျွန်တော် သူ့အပေါ် အမြဲတမ်း ရိုးဖြောင့်ခဲ့ပါတယ်"

နိုင်ရန်သည် ခံစားရချက်ကြောင့် အသက်ရှူပြင်းလာသည်။

"မောင်နိုင်ရန်၊ သား ခံစားနေရတာ အန်ကယ် နားလည်တယ်၊ သား စိတ်ကို နည်းနည်းလျှော့လိုက်ပါဦး"

"ဘယ်သူလဲလို့ မေးတာကို မဖြေဘူးလို့ ငြင်းတာဆိုတော့ ကျွန်တော် ..."



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရန်သည် မခံမရပ်နိုင်လောက်အောင် ခံစားနေ ရဟာ သူ့ရဲ့ ရိုးသားဖြောင့်မတ်သော နှလုံးသား၊ အချစ်တို့ထိ ဆော်ကားခံရသလောက်ကို ဖြစ်နေပါသည်။

"သူ ရှေ့ရက်တွေက လျှောက်သွားနေကယ် ဆိုတာလည်း အဲဒီကိုပဲလား မပြောတတ်ပါဘူး အန်ကယ်၊ ကျွန်တော် တော့ ဒီလိုပဲ ထင်တယ်"

ဦးမိုးညိုသည် ဘယ်စကားနှင့် ပြေလည်အောင် ညှိရမည် မသိဘဲ ဖြစ်နေသည်။

"ဒါ မရိုးသားတဲ့ ကိစ္စများလား အန်ကယ်၊ အန်တီ တစ် ယောက်လုံး ဒီလိုဖြစ်နေတဲ့ အချိန်မှာ အဆွေး ဘယ်လို ဖြစ်တာလဲ၊ အဆွေး စိတ်များ တအားလေသွားသလား အန်ကယ် ... ကျွန်တော် မတွေးတတ်တော့ဘူး"

"သမီး လာထိုင်ပါဦး"

နိုင်ရန်က ထမင်းစားပွဲမှာ လာဝင်ထိုင်သော အဆွေး မျက်နှာကို ကြည့်ကာ ...

"သူ အခု ဘာမှပြောမှာ မဟုတ်ဘူး အန်ကယ်"

အဆွေးက တကယ်ပဲ ဘာမှမပြောဘဲ ငြိမ်ထိုင်နေ ပါသည်။

"အန်ကယ့်အနေနဲ့လည်း မေးမနေပါနဲ့တော့၊ ကျွန်တော်က အန်ကယ် သိအောင်သာ အသိပေးထားတဲ့ သဘောပါ၊ ဒီကိစ္စကိုတော့ အဆွေးနှုတ်က မပြောလည်းဘဲ ကျွန်တော်





နည်း ကျွန်တော့်ဟာနဲ့ သိရအောင် စုံစမ်းမှာပါ ... ကျွန် တော် အချိန်ယူရင်သာ ယူရမယ်၊ သိတော့ သိလာမှာပါပဲ အန်ကယ်"

"မောင်နိုင်ရန့် ခံစားချက်ကို နားလည်ပါတယ်ကွယ်၊ အဆွေး ကိုယ်တိုင်လည်း ဒီအချိန်ဟာ စိတ်ဓာတ်အတော်ကျနေတဲ့ အချိန်ပါ၊ သေချာတာကတော့ မောင်နိုင်ရန့် အပေါ် သစ္စာမဲ့တဲ့ လုပ်ရပ်မျိုး ကိစ္စမျိုး လုံးဝမဖြစ်နိုင်ပါ ဘူး၊ ဖြစ်လာရင်လည်း အန်ကယ်က ဒါမျိုးလက်သင့်ခံ မယ့် အဖေမျိုး မဟုတ်ဘူး၊ မဖြစ်နိုင်တာကို မောင်နိုင်ရန် ယုံပါ၊ တစ်ခုခုတော့ ရှိမယ်ပေါ့ကွယ်၊ မောင်နိုင်ရန် စုံစမ်းမယ်ဆိုတာကိုလည်း မကန့်ကွက်ပါဘူး၊ ဒါပေမယ့် အဆွေးက မပြောဘူးဆိုရင် ဒါဟာ မပြောချင်တဲ့ လုံလောက် တဲ့အကြောင်း အဆွေးမှာ ရှိပါလိမ့်မယ်၊ အန်ကယ်လည်း သူ့ကို မေးပါဦးမယ်"

"ကျွန်တော် အဆွေး အပေါ်ထားတဲ့ မေတ္တာဂုဏ တော်ရုံ နဲ့ မပျက်နိုင်တဲ့ မေတ္တာပါ အန်ကယ်၊ ခုဟာကလည်း ကျွန်တော့် အပေါ်သောင် သူ ဖုံးကွယ်ဟနေရက်လေခြင်း ဆိုပြီး စိတ်မကောင်းတာ ပိုပါတယ်၊ အန်ကယ့်ကို စိတ် အနှောင့်အယှက် ပေးရတာ ဝမ်းနည်းပါတယ် အန်ကယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ"

"အေးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ _ အဆွေး ... ကိုယ်ပြန်မယ်"

အဆွေးက နိုင်ရန့်ကို မျက်စောင်းသာ ထိုးလိုက်ပါသည်။





## ၉

နောက်ထပ် လေးရက်အထိ အဆွေး လှည်းတန်းဘက်ကို မသွားဘဲ နေနေပါသည်။ သို့ပေမယ့် ပြန်သွားတဲ့အခါ အထူးတလည် ဖြစ်မနေအောင် မေမေ့ဆီ နံနက်ပိုင်းသွားပြီး နေ့လယ်ပိုင်းတွင် အိမ်ပြန်နေပါသည်။

နိုင်ရန်က ဖုန်းကို ပြန်မယူပေမယ့် အဆွေးက ဖုန်းကို မဖွင့်ဘဲ ပါဝါပိတ်ထားပါသည်။ နိုင်ရန်ကလည်း နေ့တိုင်း ဖုန်းဆက်ပါသည်။ အိမ်ကိုဆက်တဲ့အခါလည်း အဆွေးက ဖုန်းမကိုင်ဘဲ ဒေါ်အေးမြသာ ဖုန်းကိုင်၍ သူက ဒေါ်အေးမြကို မေးတတ်သည်။ "အဆွေး ရှိတယ် မောင်နိုင်ရန်"ဆိုတဲ့ အသံကိုကြားလျှင် အဆွေးက မဲ့မိပါသည်။

ဆေးရုံကို ဖုန်းလာလည်း အဆွေး မကိုင်။ ဆရာမကိုသာ ကိုင်စေသည်။ ဆရာမက အဆွေးကို လှမ်းကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ် ... ခေါ်ပေးရမလား"ဟု မေးတတ်သည် သူက စကားပြောဖို့ မခေါ်ပါ။ ညနေတိုင်း ဆေး မှုန်မှုန်လာကြည့်တတ်ကာ ဝတ္တရားဘယ်တော့မှ မပျက်ကွက် ရတဲ့ နိုင်ရန့်ကို အဆွေးက ခပ်တန်းတန်း နေသည်။

နိုင်ရန်ကလည်း ခပ်တန်းတန်း။ တကယ် အဆွေးက နိုင်ရန့်ကို စိတ်ဆိုးမနေပါ။ ကိုယ်မဖြေရှင်းနိုင်သေး ကို ကတ်သတ်မေးပြီး လူကို အထင်လွဲလား ဘာလားမို့ ကတ်နေတာ။ ဒီအမြင်ကတ်မှုက နှစ်ဦးကြားက ဆက်သွယ် သက်မှုကို ဘယ်သို့မှ ထိခိုက်နိုင်မည့်ဟာမျိုး မဟုတ်ပါ။

ရန် ခုလိုဖြစ်တာသည် အဆွေးကို ချစ်အားကြီး သပန်တိုနေတာမှန်း နားလည်နေပါလျှက် အဆွေးက ဘာစိတ် စရာရှိသလဲ။ ဒါပေမယ့် ရန်ကတော့ အဆွေးလို ဟုတ်မယ်မထ ပါ။ အဆွေး အပေါ် စိတ်တိုခြင်း ရှိပုံရပါသည်။ သူက အ လွဲနေသူဆိုတော့ အဆွေး လောက်တော့ ခံစားချက်ပေါ့ မဟုတ်။

သူ့ရင်ထဲမှာ သံသယတွေ ထားလည်း ထား မထားလည်း မထားရက်နှင့် ဒွိဟဖြစ်ကာ လွန်ဆွဲသလို ခံစား ရပါလိမ့်မည်။ အဲသလို ခံစားနေရသော်လည်း မေမေ့ထံ သတင်းမေး တစ်ရက်မပျက်တာက အဆွေး အပေါ်မှာ အ မိသားစုအပေါ်ပါ သူ့ အရေးထားလို့ပင်။ ဒါလိုသိသည့် အ က ရန့်အပေါ် အချစ်တောင် ပို...





ဒါပေမယ့် မခေါ်ချင်လို့ကို မခေါ် ...။ သူ ဘာလို့ လူကို သံသယဝင်သေးလဲ။ တစ်ယောက်ကိုတစ်ယောက် မချစ်ဘဲ လည်း မနေနိုင်။ အလွယ်တကူလည်း ခွင့်မလွှတ် ဆိုသလို ဖြစ် နေကြပါသည်။ မခေါ်ဘူးဆိုရာမှာလည်း လုံးလုံးစကားမပြောတာ တော့ မဟုတ်။ လိုအပ်သလောက်တော့ ပြောဆိုဖြေကြားကြသည်။ အပိုအဆာ ပလီပလာတွေ မပြောဖြစ်တာမျိုးသာပါ။

မေမေ့ခမျာ ဆေးရုံမှာ တစ်လလောက်ပင် ရှိခဲ့ပြီ။ အဲဒီအချိန်မှာ မေမေ့ အခြေအနေက ပို၍နွမ်းလျဆုတ်ယုတ်လာ ခဲ့ပါသည်။ ယုံယုံကလေးမျှသာ လှုပ်ရှားကာ အလှုပ်အရှားများ သွားသည်နှင့် မောဟိုက်နေတတ်သည်။ အစားကလည်း သိပ် ဝင်။ ဗိုက်ထဲကလည်း နာကျင်မှုကို ခံစားရရှာသည်။

တစ်ခါတစ်ရံများ မေမေ့ကိုကြည့်ကာ မအောင့်ထိန်း နိုင်ဘဲ ငိုချင်သည်။ သို့ပေမယ့် မေမေဟာ ဒီတောင်က မကျော် နိုင်တော့ဘဲ အဆွေးတို့ သားအဖကို မကြာခင်ခွဲသွားတော့မည် ဆိုတာကို ကြိုသိထားနေ၍ ကြို၍တော့ ဖြေသိမ့်ဖို့ ကြိုးစားနိုင်ပါ သည်။ ကြိုးစားနိုင်တာသာရှိပြီး တော်ရုံနှင့်တော့ ဖြေသိမ့်မလွယ်ပါ။

ညဘက်တွေကျ မေမေ့အတွက်ဟု သီးသန့်မိဋ္ဌာန် ထားသော ပုတီးပတ်တို့ပြည့်အောင် စိတ်ရင်း မေမေ တတ်နိုင်သ လောက် အချိန်ကြာကြာလေး ဆွဲဆန့်ထားနိုင်ပါစေဦးရယ်လို့ ...ကြီးတင် ဆုတောင်းမိပါသည်။ မေမေ့ အတွက် သော ...တွေကြောင့်လည်း ရန့် အပေါ် အားစက်မိတာ ပါပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မျိုးမှာ ရန်နှင့် တယုတယ စကားမျိုးတွေ ပြောဖို့ ဘယ်သူက ဘယ်လိုလုပ် စိတ်ပါနိုင်ပါမည်လဲ။ ဘေး ကို ဘယ်သူရှိလို့ ဘာတွေပြောနေကြလို့ ဘာတွေဖြစ်နေသ စိတ်ဝင်စားမှုကို မရှိလှဘဲ လူက ဟုန်နေတာ။

အသိမိတ်ဆွေတွေထဲက ညှော်သည်အဖြစ် သတင်း မေးလာကြလျှင် ဟက်ဟက်ပက်ပက် ဖွယ်ဖွယ်ရာရာ စကားမပြော နိုင်ပါ။ နှုတ်ဆက်ရုံ ကျေးဇူးတင်စကား ပြောရုံလောက်ပဲ စိတ်ပါ ပါသည်။ ဘယ်လိုဖြစ်တာလဲ ... ဘယ့်နှယ်နေလဲ ... ဘာတွေတိုး လဲ စသဖြင့်သော မေးခွန်းမျိုးတွေကိုဖြင့် ဖြေမနေချင်။

ဖြေချင်စိတ်ကို မပါ။ ဒါတွေကို ရန်က သားတ ယောက်အလား ဝင်ဖြေပေးနေတတ်ပါသည်။ အကျိုးအကြောင်း ရှင်းပြနေတတ်ပါသည်။ အစအဆုံး သူလည်းသိသည်ကိုး။ ဤ အတွက် ရန့်ကို ကျေးဇူးတင် ချစ်ခင်လှပါသည်။ ချစ်ပင်ချစ်ငြား သော်လည်း ဘာသိဘာသာပင် အဆွေး နေမိတာဟာ မေ အတွက် စိတ်မချမ်းမြေ့ရလို့လည်း ပါပါသည်။

ငါးရက်မြောက်နေ့မှာတော့ အဆွေးသည် ဦးကျော် သွေးထင်ထံ သွားဦးမှရယ်လို့ ဆုံးဖြတ်ရသည်။ မေမေကလည်း တစ်နေ့တခြား နွမ်းလျဆုတ်ယုတ်နေတာ။ မတော်တဆ ဖျုံး ဖျတ်ခနဲ ဖြစ်ပျက်သွားလျှင် ကြိုးစားဖူးလိုက်သမျှလေး အရာမထင် ဘဲနေမည်။





ဦးကျော်သွေးထင် ကိုလည်း အရိပ်အယောင်မပြဘဲ အကြာကြီးနေဖို့ မသင့်။ နောက်ဆုံးတွေ့တဲ့နေ့ သူ ကစားကွင်း သွားတဲ့နေ့က ဘာပဲဖြစ်ဖြစ် အဆွေးကို အသိအမှတ်ပြုသလို စကားတွေ ဘာတွေ ပြောဖော်ရ၍ ထိုတိုးတက်မှုကလေးကိုလည်း ပျောက်ပျက်မသွားစေလိုပါ။ ရက်အကြာကြီး မတွေ့ဘဲ အဆက် ဖြတ်နေလျှင် ဟိုးအစက ပြန်စကြိုးစားနေရမှာလည်း စိုးရိမ်သည်။

အခုကိုပဲ ကစားကွင်းသွားတဲ့နေ့ရဲ့နောက်မှာ ငါးရက် ခြားသွားပြီ။ ရန်နှင့် ပြဿနာတက်ရတဲ့နေ့က သွားဖြစ်ခဲ့သေးပေ မယ့် မတွေ့ခဲ့ရ။ နောက်ထပ် မသွားဖြစ်တာက လေးရက်။ စုစု ပေါင်း ငါးရက်။ နောက်တစ်နေ့မှာတော့ သွားဖို့ ဆုံးဖြတ်ထား သည့်အတိုင်း အဆွေးက ဖြစ်အောင်သွားလိုက်ပါသည်။

နံနက်ရှစ်နာရီမှာ မေမေ့ဆီသွား ဆယ့်တစ်နာရီမှာ ဆေးရုံက ထွက်လာခဲ့သည်။ ဦးကျော်သွေးထင် တိုက်ရှေ့ အငှား ကားရပ်သည်နှင့် သူလှေကားက ဆင်းလာသည်မှာ လက်မတင် လေးပင် ဖြစ်သည်။ နောက်ထပ် ငါးမိနစ်သာ နောက်ကျလျှင် တော့ သူ ထွက်သွားတာကို မသိဘဲ အဆွေး တစ်ယောက် တစောင့်စောင့်နှင့် အချိန်ကုန်ရမှာပါ။

အဆွေး ကားပေါ်က ဆင်းလာတာကို ဦးကျော်သွေး ထင်ကလည်း မြင်ပါသည်။ သို့သော် မီးပွိုင့်ဘက် ခပ်သုတ်သုတ် လျှောက်သွားနေပြီ။ ဒီနေ့အဖို့ ဟိုအရင်ရက်တွေကလောက်မှ မျက်နှာမတင်းဘူးလားဟု အဆွေး ထင်မိသည်။ သူ့နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကလိုက်ရာ ဦးကျော်သွေးထင်က ထမင်းဆိုင် တစ်ဆိုင်[illegible]သို့ ဝင်သွားပါသည်။

သူ့နောက်ကပင်ကပ်ကာ ထမင်းဆိုင် လိုက်ဝင်သည်။ ဒီနေ့တော့ စားပွဲလွတ်တွေ ရှိပေမယ့် အဆွေးက သွား[illegible]ထိုင်ဘဲ ဦးကျော်သွေးထင် ထိုင်သော စားပွဲ၌သာ ဝင်ထိုင်လိုက်ပါသည်။

"ဘာနဲ့စားမလဲခင်ဗျာ"

စားပွဲထိုး တစ်ယောက်က လာမေးလျှင် ...

"ဝက်အချိုနှပ်တာ ပစ်ပွဲပေး၊ သရက်ချဉ်သုပ်ပေး၊ ငါး[illegible]တို့စရာ စုံစုံချပေး"

"ဟုတ်ကဲ့ ... အစ်မရော ဘာမှာမလဲ"

"ပုစွန် ရှိလား"

"ဟုတ်ကဲ့၊ ပုစွန်ထုပ်လည်း ရှိတယ်၊ ပုစွန်ဘော့ချိတ်ဆီ[illegible]ပြန်လည်း ရှိတယ်"

"ဘော့ချိတ်ပုစွန် တစ်ပွဲပေး၊ ပြီးတော့ ခရမ်းချဉ်သီးသုပ်"

စားပွဲထိုးက နောက်ဘက်ကို အော်ဟစ်၍ မှာကြား[illegible]နေပါသည်။ ဦးကျော်သွေးထင်က ထုံးစံအတိုင်း တစ်ဖက်ကို မှန်[illegible]တေတေ ငေးစိုက်နေ၍ အဆွေးလည်း ဘာမှမပြောပါ။ ချက်ချင်[illegible]ပင် ဟင်းပွဲများ ရောက်လာရာ ဦးကျော်သွေးထင်က ထမင်းကို အားရပါးရ စားနေပါတော့သည်။ ဖွှန်းခက်ရင်းနှင့်ပင် ငါးပိထောင်းနှင့် တို့စရာကို ကောင်းကျွေသည့်လည် စားနေသည်။





ထမင်းမစားရသေးဘဲ ဗိုက်နည်းနည်းဆာနေ၍သာ အဆွေးလည်း မှာစားလိုက်ပေမယ့် တို့ကနန်း ဆိတ်ကနန်းနှင့် ဖြည်းဖြည်းသာ စားနေမိပါသည်။ ထမင်းလိုက်ပွဲတွေ ထပ်ယူကာ သူ ထမင်းသုံးပွဲကုန်မှ အဆွေး ထမင်းတစ်ပွဲကုန်တာ အချိန်ကိုက်ပင်။ အဆွေးက ရေနွေးကြမ်းနှစ်ခွက်ငှဲ့ကာ သူ့ဘက် တစ်ခွက် ထိုးပေးလိုက်ပါသည် [illegible] သူက ယာမသောက်ပါ။ ရေသန့်ဘူးသေး[illegible] တစ်ထိုင်တည်း [illegible]

[illegible]

"[illegible] ဦး"

"[illegible] ကောင် [illegible]"

"[illegible] ငါးရော၊ ပုစွန်က ပေးရော"

"မောင်ကောင် ... [illegible] ငါတို့နှစ်ယောက် ပေါင်းရှင်းမယ်လို့ ပြောသလား၊ ဘာဖြစ်လို့ ပေါင်းတွက်ရတာလဲ"

"ဗျာ ..."

"ငါတို့နှစ်ယောက် ဆိုင်ထဲ သတ်သတ်စီဝင်တာ မင်း မတွေ့ဘူးလား"

"အစ်မက ဦးနောက်က လိုက်လာတာပဲ"

"သူ့ဟာသူ လိုက်လိုက်လေ"

"[illegible] ကျွတ်ထိုင် ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်စားပွဲတည်း တူတူထိုင်တာနဲ့ ပေါင်းတွက်ရ လား၊ ငါတို့ စကားတစ်ခွန်းပြောတာ မြင်လို့လား၊ သူ ဟာသူသတ်သတ်၊ ငါ့ဟာငါ သတ်သတ်၊ သတ်သတ်တွ

ကောင်လေးက ခေါင်းကုတ်ရင်း ...

"ဦးက တစ်ထောင့်ငါးဆယ်ပါ၊ အစ်မက ခြောက်ရာ ဆယ်"

ဦးကျော်သွေးထင်က ထောင်တန်တစ်ရွက် ငါးဆယ် တန်တစ်ရွက် ပေးလိုက်ပါသည်။ အဆွေးကလည်း ငါးရာတန်နှ နှစ်ရာတန် ပေးလိုက်၍ ဦးကျော်သွေးထင် ပေးသော ငါးဆယ် ကျပ်တန်လေးကို ကောင်လေးက ပြန်အမ်းလိုက်ပါသည်။

ဦးကျော်သွေးထင် ထ,သွား၍ အဆွေးကလည် ခပ်သွက်သွက် ထ,ကာ ထက်ကြပ်မကွာ လိုက်ပါသွားပါသည် ဦးကျော်သွေးထင်က လမ်းဘေးကွမ်းယာဆိုင် တစ်ဆိုင်မှာရပ်က စီးကရက်ဝယ်၍ မီးညှိဖွာသည်။ အဆွေးကလည်း သူ့နံဘေးရ နေပါသည်။ မီးညှိပြီးလျှင် ဦးကျော်သွေးထင်က အဆွေးဘ တည့်တည့်လှည့်ရပ်လိုက်ကာ ...

"မင်းကို မတွေ့တော့ လက်လျှော့လိုက်ပြီထင်တာ"

"သမီး ဘယ်တော့မှ လက်မလျှော့ပါဘူး"

"ဒီနေ့တစ်ခါ ထပ်ပေါ်လာပြန်ပြီ၊ မင်း ငါ့နောက်လို နေတာကို မရပ်တော့ဘူးလား"





အဆွေးက မဖြေဘဲ သူ့ကို စိုက်ကြည့်နေမိပါသည်။ ကနေ့အဖို့ သူ့မျက်နှာဟာ တကယ်ပဲ ခါတိုင်းလောက် မတင်း န်။ မျက်မှောင်ကိုတော့ ကုတ်ထားသည်။

"မင်း ဘယ်လောက်ထိ ဖွဲ့ရှိရှိနဲ့ ငါ့ကို လိုက်နှောင့်ယှက် နေမှာလဲ"

"သမီး ပြောချင်တာတွေ ပြောခွင့်ရတဲ့ အထိပါ"

"မင်း ပြောချင်ရာတွေ လာပြောနေမှာ ငါက အားအား ယားယား နားထောင်ပေးမနေနိုင်ဘူး၊ အရေမရ အဖတ်မရ တွေ ... ငါနဲ့ ဘာဆိုင်လဲ၊ လုံးဝ စိတ်မဝင်စားဘူး"

"သမီးပြောမှာတွေက အရေမရ အဖတ်မရတွေ မဟုတ်ပါ ဘူး ဦး၊ သမီးဘက်ကတော့ မျှော်လင့်ချက်ကြီးကြီးထား ပြီး ပြောချင်တာတွေမို့ အင်မတန် အရေးကြီးတဲ့ လေးနက် တဲ့ စကားတွေပါ"

"မင်းကို နားမထောင်နိုင်ပါဘူးလို့ ငါ ထပ်ခါ ထပ်ခါ ပြောနေတာ မင်း နားမလည်ဘူးလား၊ ဒီလောက် ဟောက် ထုတ်နေတာကိုရော မင်း မရှက်တတ် မနာတတ်တော့ဘူး လား"

"ရှက်တတ်ပါတယ် ဦး"

အဆွေးက ဝမ်းနည်းမှုကို မျိုချလိုက်ပါသည်။

"ဒီလို တစ်ခါမှ မောင်းထုတ်မခံရဖူးတော့ သမီး ရှက်ပါ တယ်၊ ဒါပေမယ့် တမင်တကာ အရှက်ကွဲခံပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်တာတွေ ပြောခွင့်ရအောင် အကူညီ တောင်းချင်တာတွေ တောင်းခွင့်ရအောင် ဖွဲ့နဲ့လိုက်နေတာပါ၊ ဒီစကားတွေ ဦးကို ပြောခွင့်ရချင်တာ တစ်ခုကလွဲရင် ကျန်တာ ရှေ့ဆက်ဆုံးဖြတ်ဖို့ ဦးကို သမီး မနှောင့်ယှက်ပါဘူး သမီးတောင်းချင်တဲ့ အကူအညီကို ဦး ပေးချင်ရင်လည်း ပေးပါ၊ မပေးချင်ရင်လည်း မပေးပါနဲ့၊ ဦးသဘောပါ"

"ငါလိုလူဆီက အကူအညီကို လိုအပ်နေတဲ့သူကလည်း လောကမှာ ရှိသေးတယ်"

ဦးကျော်သွေးထင်က သူ့ဟာသူ ရေရွတ်သလိုတိုးတိုးရှု့မဲ့၍ ရေရွတ်လိုက်ပါသည်။ မျက်ရည်ရောင်နှင့် တလက်လက် တောက်ပနေသော အဆွေးရဲ့ မျက်ဝန်းများထဲ စိုက်ကြည့်နေ၍ အဆွေးက မျှော်လင့်ချက် ထက်သန်တက်ကြွ လာမိပါသည်။ အဲဒီတုန်းမှာ သူက မျက်နှာကို သရော်သလို ရှုံ့ပွဲသည့် မခိုးမခန့်ပြုံးမှုရင်း ...

"ကဲ ... ကဲ ... မင်း သိပ်ကို ပြောခွင့်ရချင်တယ်ပေါ့ ... ဟုတ်လား"

"ဟုတ်ကဲ့ ..."

အဆွေးက ဝမ်းသာအားရ ခေါင်းညိတ်လိုက်ပါသည်။

"မင်းက ပြောချင်ပေမယ့် ငါက မင်းစကားကို နေရင်းထိုင်ရင်း အလကားသက်သက်တော့ လက်ခံနားထောင်မပေးနိုင်ဘူး၊ မင်း သိပ်ပြောချင်တယ် ဆိုလို့သာ နားထောင်လိုက်ရင် ကောင်းမလားလို့ စိတ်ကူးကြည့်တာ၊ မင်းရဲ့ ပြောချင်မှု အတိုင်းအတာဟာ ဘယ်လောက်ထိ ထက်သန်တယ် ပြင်းပြတယ်ဆိုတာ ငါက သိချင်သေးတယ်"

အဆွေးက သိပ်နားမလည်လှဘဲ ဦးကျော်သွေးထင်ကိုသာ မျှော်လင့်တကြီး ငေးစိုက်ကြည့်နေမိပါသည်။

"မင်းရဲ့ စကားပြောချင်စိတ်ဟာ သိပ်ကို ပြင်းထန်အားကြီးနေတာ မှန်ရင်တော့လည်း ငါက နားထောင်ရတာပေါ့"

"တကယ့်ကို ထက်သန်တာပါ ဦးရယ်၊ ဦး ယုံပါ၊ ဦးဆီက အဲဒီအကူအညီလေးတစ်ခု တောင်းယူနိုင်ဖို့ရာဟာ ခုချိန်မှာ သမီးဘဝအတွက် အရေးအပါဆုံး တောင့်တမှုတစ်ခုပါ"

"အေးလေ ... မင်းကတော့ ပြောတာဟုတ်တာပေါ့၊ ငါက ဒီတိုင်းကြီးတော့ ဘယ်ယုံမလဲ၊ ကဲ ... ဒီစကား ... ဒီအကူအညီဟာ မင်းအတွက် ဘဝနဲ့တောင်ချီပြီး အရေးပါနေပါတယ်ဆိုရင် ... မင်း ငါခိုင်းတာတစ်ခု လုပ်မလား၊ ဒါကို မင်းလုပ်တယ် မလုပ်ဘူးဆိုတာကြည့်ပြီး မင်းအတွက် တကယ်အရေးကြီးနေ မကြီးနေ ငါ ဆုံးဖြတ်မယ်"

အဆွေးရဲ့ မျက်လုံးလေးများ ကလည်လည် ဖြစ်သွားသည်က ...

"သမီး ဘာလုပ်ရမလဲ ဦး"

"ဟောဟိုမှာ လှည်းတန်းမီးပွိုင့် တွေ့လား"







www.burmeseclassic.com

www.burmeseclassic.com



အဆွေးက ယောင်နန လှည့်ကြည့်လိုက်ရင်း ...

"ဟုတ်ကဲ့ ..."

"ဟိုမှာ အလယ်တြိဂံကျွန်းလေးရော တွေ့လား"

"ဟုတ်ကဲ့"

"မင်း အဲဒီကျွန်းကလေး အလယ်မှာ ဒူးထောက်ပြီး ဆယ့်ငါးမိနစ် နေနိုင်ပါ့မလား"

"ရှင် ..."

အဆွေးက အံ့အားတသင့်ကြီးနှင့် ဦးကျော်သွေးထင်ကို မယုံနိုင်သလို မော့ကြည့်မိပါသည်။ သူ့အတွက် ဘာမှအရေးမပါဘဲ အကျိုးတစ်စုံတစ်ရာရှိသော ကိစ္စလည်း မဟုတ်ဘဲ ... ဤခိုင်းစေမှုမျိုးဟာ အဆွေးကို သက်သက် အကဲစမ်းတာကလွဲလို့ ဘာမှမဟုတ်။ တမင် အနိုင်ကျင့်မှုမျိုးလည်း ဖြစ်သည်။

ဦးကျော်သွေးထင်က ပြုံးစေ့စေ့နှင့် ...

"ကဲ ... ဘယ်လိုလဲ ... ပြောခွင့်ရဖို့ ဘဝနဲ့တောင်ချိပြီး အရေးကြီးပါတယ်ဆို ... မင်းတစ်ဘဝလုံးအတွက် ဆယ့်ငါးမိနစ်လောက် ဒီအလုပ် မလုပ်နိုင်ဘူးလား"

အဆွေးက သူ့ကို စူးစူးရဲရဲ ပြုံးမဲ့၍ ကြည့်သည်။ နိုင်လိုမင်းထက်ဆန်စွာ သက်သက်ညစ်တာပဲ ဖြစ်သည်။ သူလိုလောကကို ရွံ့စောင်း အရွဲ့တိုက် လူတွေကို မေတ္တာမဲ့နေသည့် လူ့ခွစာတစ်ယောက်ကို ကျွန်မ ကြောက်ပါပြီ။ မလုပ်ရဲပါဘူးလို့ ဘယ်တော့မှ အရှုံးမပေးချင်ပါ။





မခံချင်စိတ် တရိပ်ရိပ်ထဲမှာ ရက်ကြောက်ဝမ်းနည်းလည်း ရစ်ခွေလှည့်ပတ်နေလျက် တောက်လောင်လာသော ...နတရားက လုံးဝအလျှော့မပေးနိုင်ဘူးရယ်လို့သာ ဆုံးဖြတ်ချက် ...က်လာသည်။ ဘာပဲလုပ်ရလုပ်ရပါ။ ဒီကိစ္စကို စ,ကတည်းက ...သေမီ မေမေ စိတ်ချမ်းသာမှုလေး ပိုက်ထွေးရလိုရငြားဆိုတဲ့ ...ဖြူစင်သော စေတနာပြဋ္ဌာန်းမှုနှင့်ပါ။

ရှက်စိတ်ကလေး သေးသေးကြောင့်တော့ ဒီရည်ရွယ်...က်ကို ဖျက်မပစ်ပါဘူး။ ဦးကျော်သွေးထင်ရေ ... နောက်မိနစ် ...ဆယ်မှာ ကတိတည်တည် နားထောင်ဖို့သာ ပြင်ထားလိုက်ပါ။

အဆွေးသည် သူ့ကို ခပ်စိမ်းစိမ်းကြည့်ကာ ...

"ရပါတယ် ဦး၊ မီးပွိုင့်အလယ်ကျွန်းမှာ သမီး ဒူးသွား ထောက်မယ်"

"ဆယ့်ငါးမိနစ် မပြည့်ခင် မထရဘူးနော်"

"စိတ်ချပါ"

အဆွေးက လှစ်ခနဲ လှည့်ထွက်သွားသည်မှာ သွက်...က်လှ၍ ဦးကျော်သွေးထင်မှာ အငိုက်မိသလိုပင် ငိုင်ကျန်ရစ်ပါ...သည်။ ထို့နောက်တော့ ဒီကလေးမကို မြင်နေရမည့် နေရာလောက်...ထိ လျှောက်၍လိုက်လာသည်။

ရတ်တရက် ကားလမ်းကို ဖြတ်ကူးသွားကာ မီးပွိုင့်...ယ်က ကျွန်းကလေးတစ်ခုထဲ ကျော်ဝင်လိုက်လျက် မြက်ပင်



www.burmeseclassic.com

www.burmeseclassic.com



များပေါ် ဖျတ်ခနဲ ဒူးထောက်ချလိုက်သော ကလေးမကို ငေးကြည့်ရင်း ဦးကျော်သွေးထင် ရင်ထဲ ဖျတ်ခနဲ လှုပ်သွားပါသည်။

အသက်နှစ်ဆယ်ပတ်လည်လောက် ပျိုရွယ်နုနယ် ချစ်စဖွယ် ချောချောလှလှ ကောင်မလေး လုံးဝလုပ်လိမ့်မည် သူမထင်သည့် အပြုအမူကို ကောင်မလေးက မိနစ်ပိုင်းတောင် မစဉ်းစားဘဲ ရဲရဲဝံ့ဝံ့ တကယ်သွားလုပ်ခဲ့သည်။ တမင်ကို ညစ်စုတ်ပြီး သူခိုင်းလိုက်တာ။ မလုပ်ချင်ဘူး မလုပ်ရဲဘူးဆိုလျှင် သူက ညှစ်ဖျစ်ပြီး တဟစ်ဟစ်ဟားလိုက်ဖို့ ခိုင်းလိုက်တာ။

အင်မတန် ဖွဲကြီးလှသည့် မိန်းကလေးသည် ကျွန်းလယ်တွင် ဒူးထောက်လျက် ရဲတွတ်နေသော မျက်နှာကို ငုံ့ချထားပါသည်။ ငိုတော့မလို မျက်ခွံနှာသီးဖျားတို့ကို အတိုင်းသား မြင်နေရပါသည်။ သူမရဲ့ အပြုအမူကို ဖြတ်သန်းသွားလာနေကြသူများက တအံ့တသြနှင့် ခေါင်းတွေစောင်း လည်ပင်းတွေလိမ်အောင် စိတ်ဝင်တစား စူးစိုက်ငေးမောသွားကြသည်။

ဦးကျော်သွေးထင်သည် ရင်ထဲ တဖျပ်ဖျပ် လှုပ်ရှားလာရကာ အံကိုကြိတ်၍ လက်ကိုပိုက်ပြီး ရပ်ကြည့်နေမိသည်။ သူ့ရင်ထဲမှာ အာဃာတနှင့် မေတ္တာတရားက လွန်ဆွဲနေပါသည်။ ဟိုဘက်ကို သာတော့မလို ဒီဘက်ကို ပါတော့မလို တဒိတ်ဒိတ် ရင်ခုန်ကာ ဘယ်လို ဆုံးဖြတ်ချက် ချရမလဲ မသိအောင် ဖြစ်ရသည်။





ဒီကြားထဲ ရှေ့ရက်တို့က ဒီကောင်မလေး ပျောက်နေတော့ သူ့မှာ ရှာဖွေမိတဲ့ အထိပင် ဖြစ်ခဲ့ပါသည်။ ကောင်မလေး လက်လျှော့သွားပြီ ထင်တယ်လို့လဲ ပြုံးမဲ့မဲ့ တွေးမိပါသေးသည်။ ဒီနေ့ တိုက်အောက်မှာ ဘွားခနဲ တွေ့လိုက်ရတော့ သူ့မှာ အံ့အားတသင့် ရင်တွေပန်းတွေပင် တုန်သွားခဲ့ရပါသေးသည်။

သူ့ခမျာ မျက်နှာပြောင်တာတော့ ဟုတ်ရှာဟန်မတူ၊ မာနကြီးတာ ဖွဲကြီးတာ မခံချင်စိတ်ကြီးတာ၊ ခေါင်းမာတာသာ။ ဒူးပေါ်အားပြု၍ မတ်နေသော ခန္ဓာကိုယ်အထက်ပိုင်းကလေးဟာ ဆတ်ဆတ် တုန်ယင်လို့ နေတာကို လမ်းမတစ်ခုခြားလျက်ပင် ဦးကျော်သွေးထင် မြင်နေရပါသည်။

သူ့ရင်ထဲ ယူကျုံးမရ ဝမ်းနည်းလာရ၏။ ဒါ ကလေးလေးပဲ။ အသက်နှစ်ဆယ်လောက် အရွယ်ဟာ သူ့အတွက်တော့ သမီးအရွယ် သမီးအရွယ်မို့ ကလေးပါပဲ။ သူ့ရဲ့ အာဃာတနှင့် မလွတ်နိုင်ခြင်းတို့သည် ဒီကလေးနှင့် ဘာဆိုင်ပါသလဲ။ ဘာ အတွက် အကူအညီလိုမှန်း မသိရသေးခင် သူ အများကြီး ကောက်မာချိုးပျ ပြီးနေပြီ။

ဘယ်သူနှင့်မှ မဆက်ဆံ မပတ်သက်ချင်ရတဲ့အထဲ သူက ဒေါ်ဖြူသဲသမီးပါလို့ ပြောလိုက်တဲ့ အချိန်မှာ တစ်ကိုယ်လုံးထဲရှိသမျှ သွေးတွေ ဆူပွက်ထလာသလား ထင်ရအောင် လောင်ကျွမ်းခြစ်သွားပြီး ဒီကောင်မလေးကို ဆောင့်တောင်တွန်း ထုတ်ပစ်ချင်တာ။ အဲသလောက် ခါးသီးသွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲသလို ဖြစ်ရလောက်အောင်လည်း သူ ရင်ကွဲပက်လက် ခံစားခဲ့ရချက်က မသက်သာ။ တစ်ပြိုင်နက်တည်းမှာ အမေကိုရော အစ်မရင်းကိုရော ချစ်သူကိုရော စိတ်အနာကြီးနာ ...ဘ ဆွေမျိုးရော သူစိမ်းပါ လူမှန်သမျှကို နာကြည်းရွံရှာပစ်လိုက် ...ထိ သူ့ဘဝ ကွဲပဲ့ပြိုအက်ခဲ့တာ။

ဒါဟာ မိန်းမတစ်ယောက်ကို အသက်လောက်ချစ်မိလို့။ မခွဲနိုင်အောင် ချစ်ခဲ့လို့။ အချစ်စိတ်ကြောင့် ဒီလောက် အမျက်ဒေါသကြီးသွားတာ။ ခုရောက်လာတာက ဒီမိန်းမရဲ့သမီးတဲ့ ...။ ဘာကြောင့် ရောက်လာရသလဲ တစ်ချက်မှ မေးစမ်းကြည့်မိခြင်း မရှိသေးဘဲ သူက ဆီးကြို ရက်စက် ရိုင်းပျ ထားခဲ့မိသည်။

ရုတ်တရက် မိုးဖွဲတွေ ကျလာပါသည်။

ဦးကျော်သွေးထင် ရပ်နေသော ပလက်ဖောင်းကမ်းနားတစ်လျှောက် ဦးကျော်သွေးထင်လိုပဲ ရပ်ကြည့်နေသူတွေ များလာသည်။ စိတ်မနှံ့တဲ့သူလို့ ယူဆထင်ကြေးပေးနေကြတာကို နားနှင့် ဆတ်ဆတ်ကြားနေရပါသည်။ သူတို့က စပ်စုနေတာ ကိုယ်က သက်ဆိုင်လို့ ကြည့်နေတာ။

ဦးကျော်သွေးထင်သည် နီးရာရမ်းသည့် သဘောနှင့် ဘေးကလူတစ်ယောက်ကို လှည့်ကာ ...

"ခင်ဗျားက ဘာရပ်ကြည့်နေတာလဲ"

ထို့နောက် တခြားဘက်ကို လှည့်ကာ လူရွယ်တစ်ချို့ သူငယ်မတချို့ကို ...





"ဟေ့ ... မင်းတို့ကကော ဘာရပ်စပ်စုနေတာလဲ"

ဟိန်းဟောက်လိုက်သော သူ့ကို လူရွယ်တို့က လှောင်သရော်ဟန်ကြည့်ပြီး ...

"ဘာတွေ လူများတကာကို လိုက်အော်နေတာလဲ၊ ခင်ဗျားကော ဘာတွေရပ် စပ်စုနေတာလဲ၊ ကိုယ့်ဟာကိုယ် ကိုယ့်လမ်းအရင်သွား၊ နော်၊ ဘေးက ဆရာမလုပ်နဲ့"

သူသည် ဒေါသတကြီး ဖြစ်သွားပြီး လူရွယ်လေးကို ဆွဲတောင်ထိုးပစ်ချင်တဲ့အထိ စိတ်ပေါက်သွားပါသည်။ သို့သော် သူတို့ပြောတာလည်း ဟုတ်နေသားပဲရယ်လို့ စိတ်ကို ချုပ်တည်းဘရိတ်အုပ်လိုက်ရပါသည်။ ကိုယ်နှင့် ပတ်သက်နေတာကို ဘယ်သူက သိမှာလဲ။

"သနားပါတယ်ကွာ ... ငယ်ငယ်လေး ရှိသေးတာ"

"ချောချောလေးကွ ...ကြည့်ရတာ ယဉ်ယဉ်လေးပဲ ဖောက်နေတာ ထင်တယ်"

"ဘာလဲဟင် ... ဘာလဲ ... အဲဒါ ဘာလုပ်နေတာလဲ"

"အရူးမ,လား ... ဟုတ်လား ..."

ဘေးက ဝေဖန်မှတ်ချက်ချသံတွေကို သူ နားမခံနိုင်အောင် ဖြစ်လာသည်။ အုံကြည့်နေကြသူတွေကိုလည်း ဒေါပွလာသည်။ ကောင်မလေးကိုလည်း သနားကြင်နာစွာ စိတ်မကောင်းခြင်းကြီးစွာဖြစ်လျက် ကိုယ့်ပါးစပ်ကိုယ် ခွင့်မလွှတ်နိုင်သလို စက်ဆုပ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ တကယ်တော့ သက်သက် အနိုင်ကျ ဗိုလ်ကျ၍ ရက်စက်စွာ လူကြီးမဆန်မိတာ။ သူမ စကားကို နား မထောင်လိုလည်း ငြင်းလို့ရသားနှင့်။ သက်သက်ညစ်စုတ်တာ။ တစ်ဖက်သား လိုအပ်ချက်တစ်ခုအပေါ် အညှာအတာမရှိ၊ သူတစ် ပါး ဒုက္ခရောက်မှု ကသိကအောက်ဖြစ်မှုအပေါ် အရသာ ယူချင် သည့် အကျင့်ယုတ်။

ကိုယ့်ကိုယ်ကိုယ် အတော်စက်ဆုပ်လာမိပါသည်။

"ဟာ … ရဲလာပြီ … ရဲလာပြီ …"

အသံကြောင့် သူလှမ်းကြည့်လိုက်မိပါသည်။ ယာဉ် ထိန်းရဲ တစ်ယောက်က တစ်နေရာမှ လမ်းကူးလာနေပါသည်။ ပလက်ဖောင်းတွေမှာ ရပ်ကြည့်သူ စူးစမ်းသူတွေဟာ ကျိုးတိုးကျဲ တဲမှ နည်းနည်း ပိုလာပြီဖြစ်၍ အခြေအနေကို ယာဉ်ထိန်းရဲက ဖြေရှင်းဖို့ လာတာပင်။

ယာဉ်ထိန်းရဲက ကျွန်းထဲလှမ်းဝင်လိုက်ကာ …

"ဟော့ … ဟော့ …"

အဆွေးက ယောင်ယောင်ကလေး ခေါင်းကို မော့ ကြည့်မိသည်။ ရှက်လှသည်မှာ မြေမျိုခံ၍ သေချင်မိအောင်ပင် လူတွေ ရပ်ကြည့်နေကြတာကို တွေ့နေရပါသည်။ စောစော တည်းက "ရှင်ခိုင်းတိုင်း လုပ်ရမှာလား"လို့ အော်ဟစ်ပစ်ပြီ လုံးဝကျောခိုင်းထွက်ခဲ့ရမှာ။ ဒီကိစ္စကိုလည်း လက်လျှော့လိုက် မှာ။





ဒီလို အနိုင်ကျင့်စိတ်ရှိတဲ့ ညစ်တဲ့ လူကြီးတစ်ယောက် မေမေ့ဆီ ရောက်မလာလို့လည်း မေမေ့ဘဝဟာ ဘာမှမဖြစ်ပါဘူး ဒုံရင်း ဒုံရင်းပါပဲ။ မေမေ တောင်းဆိုထားတဲ့ ကိစ္စလည်း မဟုတ် ပါဘူး။ ဘာကြောင့်များ … ဒီလူကြီးစကား နာခံပြီး ရပ်ပျက်ဆင်း ပျက်ကိစ္စကို လက်သင့်ခံ ပြုမူမိပါလိမ့်။

လွယ်လွယ်နဲ့ အရှုံးမပေးဘူးလို့ ဒီလူကြီးကို ပြချင် မိတာပင်။ လုပ်မယ့်လုပ်မိတော့လည်း ရှက်ပြီး ထ,ထွက်မပြေးလို တော့။ ဆယ့်ငါးမိနစ်ပြည့်အောင်ထိကိုနေရတော့မှာပဲ။ စိတ်တင်း ထားလိုက်စမ်းပါ အဆွေးရေ၊ ဆယ့်ငါးမိနစ်ဆိုတာ အနှစ်နှစ်ဆယ် မဟုတ်ပါဘူး။ မေမေ အနှစ်နှစ်ဆယ် ကြေကွဲနေခဲ့ရတာကို ဒီ ဆယ့်ငါးမိနစ်ထဲလေးနဲ့ ချေဖျက်ရမှာပါ။

"ဟော့ … ကလေးမ …၊ ထ, ထ, ဒီထဲ မဝင်ရဘူး"

အဆွေးက ယာဉ်ထိန်းရဲကို ငေးကြည့်နေမိပါသည်။

"မိုးလည်း ရွာလာပြီ … ထ,စမ်း …"

အဆွေး ပါးပြင်ပေါ် စီးကျလာသော မျက်ရည်ဥကြီး နှစ်လုံးကြောင့် ယာဉ်ထိန်းရဲ စိတ်ရှုပ်သွားပုံ ရပါသည်။

"သမီး … ဘာဖြစ်လဲ … ပြော၊ ဘာလုပ်ချင်လဲ၊ ဒီထဲ ဘာလို့ ဒူးထောက်နေလဲ၊ လူတွေ ကြည့်ကုန်ပြီ၊ လာ … အမိုးအကာအောက် လိုက်ခဲ့ … ဘာဖြစ်ချင်လဲ ပြော"

အဆွေးက ခေါင်းယမ်းလိုက်ပါသည်။ ယာဉ်ထိန်းရဲ ကြီးက အဆွေးကို စိတ်မနှံ့သူလို့ ထင်နေပုံပါပင်။ အားနိုးက



www.burmeseclassic.com

www.burmeseclassic.com



သည်း ဒီလိုပဲ ထင်ကြမှာပါ။ မြင်တွေ့ကြရတဲ့သူတွေ နော... တစ်နေ့ရာ ရောက်လျှင် ပုံကြီးချဲ့ကားပြောဖို့ သတင်းတစ်... ရပြီပင်။

"လှည်းတန်းမီးပွိုင့်မှာလေ သိလား ... အရူးမ... ယောက် အလယ်ကျွန်းထဲဝင်ပြီး ဒူးထောက်ပြီးတော့ ..." စသ... ရဲ့နောက်မှာ ထင်မြင်ယူဆချက် အမျိုးမျိုးကို အဖြစ်မှန်... တွဲစပ်ရုပ်လုံးဖော် သတင်းပြန့်ကားတော့မှာ သေချာတော့တာပ...

"ညည်းမထွက်ရင် အတင်းဆွဲထုတ်ရလိမ့်မယ်၊ ဒီလို မ... ရဘူး ... ထ, ..."

မြင်ကွင်းကို ငေးစိုက်ကြည့်ရင်း ဦးကျော်သွေးထ... သည် မျက်ရည်လည်လာတဲ့အထိ ရင်ထဲ နင့်သွားပါသည်။ အ... အညီ လိုလို့ပါလို့ အားကိုးအားထား လာရှာတဲ့ ကလေးမ... ကို သူ အင်မတန်မှ ရက်စက်စော်ကားမိပြီ။

သူကလေး ပြဿနာဟာ ဘာလဲ ... သူကလေးဒု... ဟာ ဘာလဲ ... သူ မစူးစမ်းဘဲ နှလုံးသားမရှိသူလို လူစိတ်... သူလို အနိုင်ကျင့်မိပြီ။ ဦးကျော်သွေးထင်သည် ဂျာကင်အ... အိတ်ထဲက ခေါက်ထီးမည်းလေးကို ဆွဲထုတ်ဖွင့်ကာ လမ်း... ဖြတ်ကူး၍ ကျွန်းဆီ လျှောက်လာခဲ့ပါသည်။

သူ့ရင်၌ နင့်နေကာ ကလေးမလေးကို အနူးအညွ... တောင်းပန်လိုသည်အထိ စိတ်မကောင်း ဖြစ်မိပါသည်။ အဆွေ... ကို သူက ထီးမိုးလိုက်၍ ယာဉ်ထိန်းရဲက လှည့်ကြည့်သည်။





သူက တုန်ယင်နေခင်တရသံနှင့် ...

"ကျွန်တော့် တူမလေးပါ ခင်ဗျာ"

ယာဉ်ထိန်းရဲက ယုံရမလား မယုံရမလား မသိပုံနှင့် အဆွေးကို တစ်လှည့် ဦးကျော်သွေးထင်ကို တစ်လှည့် အကဲခတ်သည်။

"ကဲ ... သမီး .. ထ,ထ, ... သွားကြရအောင်"

"ဆယ့်ငါးမိနစ် မရှိသေးဘူးဦး၊ ဆယ်မိနစ်ပဲ ရှိပါသေးတယ်"

အဆွေးက မျက်ရည်ပေါက်ကြီးနှင့် အံကြိတ်ဖြေသည်။

"ဟုတ်ပါတယ်၊ ဦး တောင်းပန်ပါတယ်၊ ဦးကို ခွင့်လွှတ်ပါ၊ လာ ... သမီး ... သွားကြစို့"

ကောင်မလေး ပခုံးကို ကြင်နာစွာ တစ်ချက်နှစ်ချက် ပုတ်မိလျှက်ပြောလျှင် ကောင်မလေးက အားယူ၍ ထရပ်လိုက်ပါသည်။

"ဘယ်ကိစ္စတွေလဲဗျာ ... ခင်ဗျားတို့ ဟာတွေက"

ယာဉ်ထိန်းရဲက အဖြစ်တင်သံ စိတ်ရှုပ်သံနှင့် ညည်းညည်းညူညူ ဆိုသည်။

"ဆောရီးပဲဗျာ"

ဦးကျော်သွေးထင်က မရေမရာ တောင်းပန်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အဆွေးကို လက်မောင်းတစ်ဖက်မှ ကိုင်ကာ ထိးမိုးပေးပြီး ခပ်သုတ်သုတ် ဆွဲခေါ်ခဲ့ပါသည်။ သူတို့နှစ်ယောက် တွဲထွက်လာတာကိုပင် ရပ်ကြည့်သောလူစုက ဆက်လက်ငေးကြည့် ကျန်ရစ်ခဲ့ကြပါသည်။ ခပ်လှမ်းလှမ်းရောက်လျှင် အဆွေးက ပခုံးကိုယမ်းကာ လွှတ်နေသော လက်တစ်ဖက်နှင့် သူမလက်မောင်းပေါ်မှ ဦးကျော်သွေးထင် လက်ချောင်းများကို ဖြုတ်ချလိုက်ပါသည်။

ဦးကျော်သွေးထင်က လက်ကိုဖြုတ်ဖြေ၍ ထောင်ဖြန့်ပြကာ ...

"ဆောရီး ... ဆောရီး၊ မင်းကို အဲဒီဝိုင်းကြည့်နေတဲ့ မျက်လုံးတွေကြားထဲက မြန်မြန် အဝေးကို လွှတ်စေချင်လို့ပါ"

"ဆယ့်ငါးမိနစ် မပြည့်တာ ဦး လာဆွဲခေါ်လို့နော်၊ ဦးကတိကို မဖျက်စေချင်ဘူး"

"မဖျက်ဘူး ... ကဲ ... မင်း ပြောချင်တာတွေ ပြောချင်သလောက် ပြောစမ်း၊ ငါ နားထောင်မယ်၊ ဘယ်မှာပြောမလဲ၊ မိုးက သည်းလာပြီ၊ ငါ့အိမ်ပေါ် လိုက်ခဲ့မလား"

အဆွေးက ခဏစဉ်းစားပြီးမှ ...

"လိုက်ခဲ့မယ် ဦး"





ယုံယုံကြည်ကြည်ပဲ လက်ခံလိုက်ပါသည်။ အဆွေးကို ထီးလာမိုးလိုက်စဉ်က အဆွေး မော့ကြည့်လိုက်တော့ မြင်လိုက်ရတဲ့ ဦးကျော်သွေးထင် မျက်ဝန်းထဲက နူးညံ့ကြင်နာသောမေတ္တာ ကရုဏာကို အဆွေး ဖြူစင်စွာ မြင်လိုက်ရသည်နှင့် ရင်ထဲမှာ လှိုက်ခနဲ ဖြစ်ကာ ဒီလူကြီးကို ဦးလေးရင်းချာ တစ်ယောက်လို လျှပ်တစ်ပြက် ခင်မင်သံယောဇဉ် တွယ်လိုက်မိပါသည်။

သူ့မျက်လုံးထဲက အဆွေး အပေါ် ကလေးငယ်တစ်ယောက်လို ကြင်နာမေတ္တာထားမှုကို အဆွေး ယုံကြည်ပါသည်။ အမြင်ကတတ်ချင့်စရာ မုန်းချင်စရာ ကောင်းသော ဒီလူကြီးကိုကိုယ့်အပေါ် ရက်ရက်စက်စက် အနိုင်ကျင့် စိုလ်ကျထားပါလျက်နှင့်ကို မမုန်းနိုင် အမြင်မကတတ်နိုင်သည်မှာ အံ့ဩစရာတည်း။

ဦးကျော်သွေးထင်က ရှေ့က အဆွေးက နောက်ကလှေကားမှ တက်လာကြပြီး သူဖွင့်ပေးသော အခန်းတံခါးမှ အဆွေးက ဝင်လိုက်ပါသည်။ ခမ်းနားသပ်ရပ်စွာ အခန်းဖွဲ့ထားသည့် တိုက်ခန်းကျယ်ကြီးဟာ ရှုပ်ပွ၍ အနံ့အသက် မကောင်း။ မှိုစော်လိုလို ချဉ်စုတ်စုတ်လိုလို အနံ့မျိုး ကြီးစိုးနေသည်။

အဆွေးက နှာခေါင်းကို ရှုံ့မိပါသည်။ ဘယ်လောက်ဖြစ်ကတတ်ဆန်းနိုင်တဲ့ လူကြီးလည်းဆိုတာ သူ့အခန်းကို တစ်ချက်ဝေ့ကြည့်လျှင် သိသာသည်။ ကြမ်းခင်းက ပါကေးပြောင်ပြောင်၊ ဆက်တီတွေကလည်း အကောင်းစား၊ မျက်နှာကြက်ကအစ အလှဆင်ထားသော မျက်နှာကြက်။ အခန်းဖွဲ့စည်းထားတာ



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း သားသားနားနား။ ကက်ဆက်တို့ တီဗီတို့ကလည်း အကြီးစား အကောင်းစားတွေ။

ပန္နည်းကောင်းတွေ မှမ်းမံထားလျက် အခန်း
ညစ်ပတ်ရှုပ်ပွနေသည်။

"ထိုင်လေ ... ဘာဖြစ်လို့လဲ ... ရှုပ်ပွနေလို့လား၊ မင်း
ထိုင်ချင်တဲ့ ကုလားထိုင်ပေါ်က ပန္နည်းကို ဟိုဘက်ကုလား
ထိုင်ပေါ် ပစ်တင်လိုက်"

အဆွေးက သူပြောတဲ့အတိုင်း ကုလားထိုင်တစ်
ပေါ်က ဖလန်နယ်ကွက် အင်္ကျီကို ဟိုဘက်ခုံပေါ် လှမ်းပစ်
ပြီး ဝင်ထိုင်လိုက်ပါသည်။ ဦးကျော်သွေးထင်က ထီးကိုလှမ်း
သူ့အပေါ်ဂျာကင်ကို ချွတ်ကာ ရောက်ရာပေါက်ရာ ပစ်တင်လိုက်
ပြီး အဆွေးနှင့် မျက်နှာချင်းဆိုင်ကျကျက ခုံတစ်ခုပေါ် ဘာပန္နည်း
မှမဖယ်ပဲ ပန္နည်းတွေပေါ် ဖိထိုင်လိုက်သည်။

အဆွေးက ဟိုကြည့်ဒီကြည့် လျှောက်ကြည့်နေရင်း
နံရံမှာ ချိတ်ထားသော ဓာတ်ပုံကြီးကြီး တစ်ပုံ၌ မျက်လုံးစိုက်
ပါသည်။ ဩော် ... မေမေရယ် ... အဲဒီတုန်းကများ ပြုံးနေလိုက်
တာ ရှင်နေလိုက်တာ။

"မင်းအမေ ငယ်ငယ်က ဘယ်လိုလှသလဲ တွေ့သလား
မင်းလည်း ချောပါတယ်၊ ဒါပေမယ့် မင်းအမေကို
မမီဘူး"

"ဒါတော့ ... ကိုယ်ထင် ခုတင်ရွှေနန်းပေါ်"





"မင်းအမေပုံတွေ ကြည့်ချင်ရင် ဟောဟိုမှာ အယ်လ်ဘမ်
စာအုပ် အပြည့်ရှိတယ်၊ ငါ ကိုယ်တိုင် ရိုက်ပေးထားတဲ့
ပုံတွေ၊ သူ့လည်း ကူးပေးထားပါတယ်၊ သူ့ဆီမှာ ရှိသေး
လား မရှိတော့ဘူးလားတော့ မသိဘူး၊ ငါ့ဆီတော့ တစ်ပုံ
မှ မလျော့ဘူး"

ပြောနေသော စကားက စကားကောင်းပေမယ့်
မျက်နှာထားက အေးစက်၍ နာကျင်နေပါသည်။

"နံရံပေါ်က ပုံကကျတော့ ငါ ကူးချဲ့ထားတာ၊ သူ့ဆီမှာ
တောင် အကြီးမရှိဘူး"

အဆွေးက သူ့ကို စေ့စေ့ကြည့်ရင်း ...

"မေမေ့ကို ပြန်မမြင်ချင် မတွေ့ချင်လို့ နှစ်ယောက်တွဲပုံကို
ပြန်ထည့်ပေးလိုက်တယ်ဆို ..."

"ဩော် ... မင်းက စာတောင်ဖတ်ဖူးတဲ့ပုံ ရတယ်"

"မကြာခင်ကမှ အဲဒီစာနဲ့ ဓာတ်ပုံကို မမျှော်လင့်ဘဲ တွေ့
တာပါ၊ မေမေက သမီးတစ်သက် အဲဒီစာနဲ့ဓာတ်ပုံကို
လုံလုံခြုံခြုံ တမြတ်တနိုး သိမ်းထားတယ်"

ဦးကျော်သွေးထင်က မဲ့ပြုံးရင်း ...

"သိမ်းထားရုံနဲ့ မင်းက ဘာကြောင့် တမြတ်တနိုးလို့ ဆို
နိုင်ရတာလဲ"

"တော်ရုံတန်ရုံ မမြတ်နိုးဘဲ တန်ဖိုးမထားဘဲနဲ့ ပန္နည်းတစ်ခု
ကို သုံးလေးနှစ် သိမ်းထားဖို့တောင် မလွယ်ပါဘူး ဦးရယ်



www.burmeseclassic.com

www.burmeseclassic.com



ဦး မေမေ့ကို သိပ်စိတ်နာရက်နဲ့ ဒီဓာတ်ပုံကြီး နံရံပေါ် ချိတ်ထားသေးတာဟာ မြတ်နိုးမှု တန်ဖိုးထားမှု မပါဘဲဖြစ် ပေါ့မလား၊ ဖြုတ်ရမှာပျင်းလို့ မဖြုတ်မိသေးတာတော့ မဖြစ်နိုင်ပါဘူး"

ဦးကျော်သွေးထင်က စာဒက မတက်နိုင်ပုံနှင့် အောင့်သက်သက် ပြုံးရရင်း ...

"မှန်ပါတယ်လေ၊ တစ်ပုံတည်းသော စုံတွဲပုံကို မတွေ့ချင် လို့ ပြန်ပေးလိုက်တယ်၊ ကိုယ်နဲ့ ပတ်သက်ခဲ့တာကြီးကို တွဲရက် သက်သေသက္ကာရကြီးနဲ့ ပြန်မမြင်ချင်တာ၊ ဒါပေ မယ့် သူ့တစ်ယောက်တည်း ပုံတွေကိုတော့ မဖျက်ဆီးပစ် ရက်ခဲ့တာ အမှန်ပဲ၊ မင်းအဖေရဲ့မိန်းမ ဖြစ်နေတဲ့ မိန်းမ တစ်ယောက်အပေါ် ဖောက်ပြန်စိတ်နဲ့ ချိတ်ထားတာလို့တော့ မထင်ပါနဲ့၊ မင်းပြောသလို မဖျက်ဆီးရက်အောင် မြတ်နိုး တန်ဖိုးထားနေမိတာပါပဲလေ"

"ဦးကို တစ်မျိုးမထင်ပါဘူး၊ ဦးအခန်းက နံရံပေါ်မှာ မေမေ့ပုံကို တွေ့ရတဲ့အတွက် ကြည်နူးတဲ့ ကျေနပ်တဲ့စိတ် ပဲ ရှိပါတယ်"

"မင်းက အဖေဘက်က မနာပါလား"

"မနာပါဘူး၊ ဘာလို့ နာရမှာလဲ ဦး၊ ဖေဖေ့မတိုင်ခင်က မေမေ့မှာ ချစ်သူတစ်ယောက် ရှိခဲ့ဖူးတာ စိတ်နာစရာ မဟုတ်ပါဘူး"





"မင်း မနာပေမယ့် မင်းအဖေ ဆိုရင်တော့ ..."

"ဖေဖေလည်း နာစရာမရှိပါဘူး၊ နာလည်းမနာဘူး၊ ဖေဖေ မသိတဲ့ ကိစ္စလည်း မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် ... ငါ့ဆီကို မင်းခုလို လာတွေ့တာကို တော့"

"ဖေဖေ စိတ်ဆိုးမယ် ထင်လို့လား"

"အစစ်အမှန်ပဲ၊ သေချာတဲ့ ကိစ္စပဲလေ"

အဆွေးက ခေါင်းလေး အသာယမ်းရင်း ...

"ဖေဖေ စိတ်မဆိုးပါဘူး၊ မဆိုးတဲ့အပြင် ဖေဖေ ကိုယ်တိုင် ဦးကို လာတွေ့ဖို့ ကြိုးစားဖူးပါတယ်၊ ဒီလေကားထိပ်မှာ တောင် ဖေဖေနဲ့ သမီးနဲ့ ချိန်းမထားဘဲ ဆုံရသေးတယ်၊ သမီးက မတွေ့လိုက်ပါဘူး၊ ပိတ်ထားတဲ့ တံခါးအပြင်က စကားတွေကို ကြားလိုကြားငြား အော်ပြောနေတဲ့ သမီးကို မြင်တော့ ဖေဖေ ပြန်သွားတယ်"

"မင်းအဖေက ငါ့ကို လာတွေ့ဖို့ ကြိုးစားတယ် ဟုတ်လား"

"ဟုတ်ကဲ့"

"ဘာဖြစ်လို့လဲ ... အဲဒါ ..."

"မေမေက ဦးကို သိပ်ချစ်တာ ဖေဖေပါ သိလို့ပေါ့၊ ဖေဖေက ပိုသိပါတယ်၊ သမီးက ဟိုတစ်နေ့ကမှ သိရတာ ပါ၊ ဖေဖေက အိမ်ထောင်သက် တစ်လျှောက်လုံး သိလာ တာပါ ဦး"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သွေးထင် မျက်နှာက တင်းမာခက်ထန်မှု တဖြည်းဖြည်းချင်း လျော့ပါးလာပါသည်။ တွေဝေသော နားမလည်သော အကြည့်မျိုးနှင့်သာ အဒွေးကို အဖြေထုတ်သလို စိုက်ကြည့်လျက်ရှိသည်။ ဦးကျော်သွေးထင် ပုံစံ နူးညံ့ပျော့ပျောင်းလာတာနှင့်အမျှ အဒွေးရဲ့ စိတ်များလည်း ပြောင်းညွတ်ကြေကွဲလာသည်။

"ဦးကို မေမေက ဘယ်လောက်ထိ စွဲလမ်းလဲဆိုရင် ဦးရဲ့ မီးခိုးရောင်နဲ့ နီညိုရောင်အစင်း ဆွယ်တာလေးကို ခုထိ ထုတ်ဝတ်တုန်းပဲ"

ဦးကျော်သွေးထင်က မျက်လွှာချလိုက်ပါသည်။

"နေမကောင်းနည်းနည်းဖြစ်ရင်လည်း ဝတ်တယ်၊ ချမ်းရင်လည်း ဝတ်တယ်၊ ဒါဟာ ဦးရဲ့ဆွယ်တာပါလို့ ဓာတ်ပုံကိုမြင်မှ သမီး သိရတာ၊ သိရပြီးမှ ပြန်စဉ်းစားကြည့်တော့ မေမေဟာ စိတ်ညစ်စရာ စိတ်မကောင်းစရာ အဆင်မပြေတာလေး တစ်ခုခုရှိရင်တောင်မှ ဒီဆွယ်တာကို ခေါင်းအုံးနားထားပြီး ပွေ့ဖက်ပြီး အိပ်ပါတယ်၊ သက်တမ်းအနှစ်နှစ်ဆယ်ကျော်မှာ မေမေ့မှာ ဆွယ်တာအသစ် အနွေးထည်အသစ် အကြိမ်ကြိမ် ဝယ်ခဲ့ဖူးပါတယ်၊ အကြိမ်ကြိမ် ရခဲ့ဖူးပါတယ်၊ ဘယ်အသစ်ကိုမှ မမြတ်နိုးဘဲ ဒီအဟောင်းအမြင်းလေးကိုပဲ မြတ်နိုးတယ်၊ ခုတစ်လောဆိုရင် နေ့တိုင်းခြုံထားတယ်၊ သူသေရင်တောင် ဒီဆွယ်တာကို ထည့်ပေးလိုက်ဖို့ သမီးကို ပြောထားပြီးပါပြီ"





ဦးကျော်သွေးထင် မျက်နှာက မနေတတ် မထိုင်တတ်သလို မယုံကြည်ချင်သလို သွေးရောင်လျှမ်း၍ လာပါသည်။ စိတ်လှုပ်ရှားနေပုံနှင့် လက်ချောင်းများကို ပွတ်ကာ ချွတ်ကာ ဂနာမငြိမ် ဖြစ်နေပြီးလျှင် ...

"သမီး ... ဦးကို ဒီစကားတွေ ဘာအတွက် လာပြောနေတာလဲ၊ အကူအညီ တောင်းချင်တယ်ဆိုတာ ဘယ်လိုအကူအညီမျိုးလဲ"

အဒွေးက တံတွေးတစ်ချက် မျိုချလိုက်ရင်း အသံတုန်တုန်နှင့် ...

"မေမေ ဆေးရုံတက်နေရတာ တစ်လလောက်ရှိပါပြီ ဦး"

"ဟင် ..."

ဦးကျော်သွေးထင်က သိသိသာသာ တုန်လှုပ်သွားပါသည်။

"ဘာဖြစ်လို့လဲ"

"အဆုတ်နဲ့ အသည်းကင်ဆာပါဦး"

"ဘာ ..."

သူ့ရဲ့ အကျယ်ကြီး အော်သံနှင့်အတူ အဒွေး ပါးပေါ်ကိုလည်း မျက်ရည်တွေ စီးကာကျလာပါသည်။

"ဆရာဝန်ကလည်း မခံတော့ဘူးလို့ ပြောပါတယ်၊ နှစ်လ သုံးလလောက် နေရစရာမှာ ခုကိုပဲ အဲဒီ Result သိရတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်ရှိပါပြီ၊ မေမေ့ အခြေအနေက မြန်မြန်ကြီး ဆုတ်ယုတ်နေပါတယ်၊ ဘာမှ မစားနိုင်တာတောင် ကြာပါပြီ နောက်ထပ် ဘယ်လောက်ခံမယ်ဆိုတာ မရေရာတဲ့ အခြေအထားပါ"

ဦးကျော်သွေးထင် မျက်နှာမှာ သွေးတွေ စုတ်ထုတ်ထားခံရသလို ဖြူဖတ်ဖြူလျော်ကြီး ငေးကြောင်ကြောင် ကြက်သေသေနေသည်။ ဤသတင်းစကားမှာ အငိုက်မိ၍ ရုတ်တရက် ဘောဘီနှင့်ပင် အဆက်အသွယ် ပြတ်သွားသလိုပင်။

"မေမေဟာ စိတ်ထဲကတော့ ဦးကို တစ်ချိန်လုံး တမ်းတအောက်မေ့နေခဲ့တယ်လို့ သမီး ထင်တယ်၊ ဦးရဲ့ နာကြည်းမှုကို အနှစ် နှစ်ဆယ်ကျော်ကျော် မပျော်မရွှင် ခံစားဖိစီးနေတဲ့သူပါ၊ မေမေ မသေခင် မေမေ့ကို ဦး တစ်ခေါက်လောက် လာတွေ့နိုင်ရင် မေမေ သိပ်စိတ်ချမ်းသာမယ်လို့ သမီး ထင်မိတယ်၊ ဦးရဲ့ ခွင့်လွှတ်မှုကို ရသွားရင် မေမေ အသေဖြောင့်မှာ သေချာပါတယ်၊ မေမေ့ကို စိတ်ချမ်းသာစေချင်တယ်၊ ဦးသာ တစ်ချက်လောက် လာတွေ့ရင် မေမေ စိတ်ချမ်းသာမယ်ဆိုတာ ဖေဖေလည်း ယုံကြည်ပါတယ်"

ဦးကျော်သွေးထင် ခေါင်းမှာ ငိုက်စိုက်ကျလျက် ဟိုအရင်က မာန်တွေ ခက်ထန်မှုတွေ ရိုင်းစိုင်းမှု ကြမ်းတမ်းမှုတွေကို လုံးဝရှာမတွေ့နိုင်တော့ပါ။





"ဒါဟာ ... ဖြူသဲ ဆန္ဒကို သမီးတို့ လိုက်လျောကြတာလား"

"ဟင့်အင်း၊ မေမေ ဘာမှ မတောင်းဆိုပါဘူး၊ သိက္ခာရှိတဲ့ ဇနီးကောင်း မိခင်ကောင်း တစ်ယောက် အနေနဲ့ မေမေ ဘယ်တော့မှ ထုတ်ဖွင့် တောင်းဆိုမယ် မထင်ပါဘူး၊ မေမေ့ကို စိတ်ချမ်းသာစေချင်တဲ့ ဖေဖေနဲ့ သမီးရဲ့ဆန္ဒသက်သက်ပါ"

"မင်းအဖေ ကြည်ဖြူပါ့မလား"

"ဖေဖေ ကိုယ်တိုင် ဦးကို ဒီစကားတွေအတွက် လာတွေ့ဖို့ ကြိုးစားသေးတာပဲ၊ ဖေဖေက အင်မတန် သဘောထားကြီးပါတယ် ဦး၊ မေမေ့ကို သိပ်ချစ်တာပါ။ မေမေ သူ့ကို မချစ်တာကိုလည်း တစ်သက်လုံး သိခဲ့တဲ့သူပါ၊ အဲဒီအပေါ်မှာလည်း ရောင့်ရဲခဲ့တဲ့ လင်ယောကျ်ားမျိုးပါ"

ဦးကျော်သွေးထင်က အကြာကြီး ငြိမ်သက်တိတ်ဆိတ်နေပါသည်။ တကယ့်ကို အကြာကြီး။ အဆွေးကလည်း ဘာမှမပြောဘဲ ငြိမ်နေသည်။ တိတ်ဆိတ်ခြင်း အတော်ကြန့်ကြာပြီးမှပင် ...

"ဦး ... ဒီညနေ လိုက်တွေ့ရမှာလား သမီး"

"ဟင့်အင်း၊ ဒီညနေတွေ့လို့ မရသေးပါဘူး၊ ဦးကို သမီး နည်းနည်း ပြုပြင်ပါရစေဦး"

www.burmeseclassic.com









## ၁၀

နိုင်ရန်သည် လင်းနှောင် ပြောနေသော စကားတို့ကို နားထောင်ရင်း နားထောင်ရင်း ရင်ထဲ ဗလောင်ဆူလာပါသည်။ ဒီလောက်တောင် တစ်ကွက်ကလေးမှ နာမည်မကောင်းသည့် အသက်လေးဆယ့်ရွယ် လူတစ်ယောက်နှင့် အဆွေးဟာ ဘယ်လိုပတ်သက်မှုမျိုး ရှိနေပါလိမ့်။

သူ ဘယ်လိုမှ စဉ်းစားမရ။ အဆွေးကို ယောကျ်ား တစ်ယောက်ယောက်နှင့် ပတ်သက်၍ ဘယ်တုန်းကမှ ဘာသတင်းစကားမှ မကြားဖူး မသိဖူး မတွေ့ဖူး မမြင်ဖူးခဲ့ပါ။ ရိုးသားအေးချမ်း အပြစ်ကင်းစင်လှတဲ့ ကောင်မလေးတစ်ယောက်မို့လည်း သူ တန်ဖိုးထားပြီး ချစ်မြတ်နိုးခဲ့မိတာ ဖြစ်ပါသည်။

"ငါနေတာကတော့ အင်းစိန်လမ်းပေါ်ဘက်မှာ ဆိုတော့ အဲဒီဘက်နဲ့ နီးနီးကပ်ကပ်တော့ မဟုတ်ဘူးပေါ့ကွာ ...



www.burmeseclassic.com

www.burmeseclassic.com



ဆေးလည်း မဝေးလှဘူးပေါ့ ... ဒါပေမယ့် ဒီလူ့အကြောင်း ခုလောက် အလွယ်တကူ စုံစမ်းလို့ ရတာကတော့ သူ့ အပေါ်ထပ်မှာ ငါ့သူငယ်ချင်းတစ်ယောက် နေလို့ကွ"

နိုင်ရန်က နားသာထောင်နေပါသည်။ အဆွေးကို ဒီလူနှင့် တွဲတွေ့လိုက်တာလည်း လင်းနောင်ပင်။ အဲဒီတုန်းက တော့ လင်းနောင်က သတင်းစကားတစ်ခုအဖြစ်သာ တွေ့ကြောင်း ပြန်ပြောတာပါ။ နောက်မှ အဲဒီလူအကြောင်း ရအောင်စုံစမ်းပေးဖို့ လင်းနောင်ကို နိုင်ရန်က အကူအညီ တောင်းလိုက်တာ။

လင်းနောင်က လှည်းတန်းရပ်ကွက်ထဲပဲ နေသူမို့ ကိုယ်တိုင်ကိုယ်ကျ မသိတောင် သတင်းစကားရဖို့ လွယ်သည်။ အဲသလို ထင်သည့်အတိုင်း ခုလည်းပဲ လင်းနောင်က ရက်တိုတို အတွင်းမှာ ဦးကျော်သွေးထင် ဆိုတဲ့ အဲဒီလူအကြောင်းကို လုံးစေ့ပတ်စေ့ သိလာပါသည်။

"ဒီကောင့်ဆီက သိရသမျှကတော့ ငါအခုပြောခဲ့တဲ့အတိုင်း ပဲ၊ ကောင်းတဲ့သတင်းတော့ တစ်ကွက်မှ မပါဘူးကွာ"

"အသက်ကြီးပြီ ... ဟုတ်လား ..."

"လေးဆယ် ... သို့မဟုတ် လေးဆယ်ကျော်စ, လူပျိုကြီး ပေါ့၊ အသက်လေးဆယ်သာဆိုတယ်၊ ဒီပုဂ္ဂိုလ်က လူကြီး စတိုင်တော့ မဟုတ်ဘူး နိုင်ရန် ... ခုထိ ဂျင်းဘောင်းဘီ မချွတ်ဘူး၊ ဆံပင်ကလည်း ရှည်ရှည်နဲ့၊ နေပုံထိုင်ပုံ စတိုင်ကတော့ နှစ်ဆယ်အစိတ်တွေ အရှုံးပေးရမယ်၊ နောက်





ကကြည့်ရင် သွားပုံလာပုံ ဟန်ပန်အမူအရာတွေက လေး ဆယ်လို့ လုံးဝထင်စရာ မရှိဘူး ... ဆံပင်ကတော့ ကျိုး ကျဲဖြူနေတယ်"

"ရုပ်ကရော ..."

"ရုပ်ကတော့ ကြည့်ကောင်းတဲ့ ပုံပဲ၊ အရပ်ကလည်း အမြင့်ကြီးကွာ၊ မင်းတို့လိုပဲ၊ ဂျင်းပဲန်နဲ့ ဂျာကင်နဲ့ ဆံပင် အရှည်နဲ့ နှာခေါင်းအောက်ပိုင်းက မျက်နှာတစ်ဝက် အမွေး အမျှင် ဖုံးနေတာကွ၊ နှုတ်ခမ်းမွေးရော မုတ်ဆိတ်မွေးရော ပါးမြိုင်းမွေးရော ... လူက ဂျစ်ပေပေပုံနဲ့ ခြုံပြောလိုက်ရင် တော့ အမိုက်စားလို့ ပြောလို့ရတယ်ကွာ ...

မျက်နှာပေါက်ကလည်း ဒီအမွေးအမျှင်တွေ ရိတ် လိုက်ရင် လူချောပဲလို့ ခန့်မှန်းရတယ်၊ မျက်ခုံးမျက်လုံး တွေကလည်း လှတယ်၊ ဘယ်သူ့မှ ထီမထင် ဂရုမစိုက်တဲ့ ဂျစ်ကန်ကန်ပုံကြီးကွ ... ဘာမှန်းသာ မသိတာ ဖျတ်ခနဲ မြင်ရင် စိတ်ဝင်စားဖို့တော့ ကောင်းသားပဲ၊ ပုံစံက ရင့်ရင့် ပဲ"

အဆွေးနှင့် ဘယ်လိုပတ်သက်စရာ အကြောင်းမှ နိုင်ရန် စဉ်းစားမရပါ။ စိတ်ထဲမှာ တနုံ့နုံ့ တငွေ့ငွေ့နှင့် အသက် ရှူမဝသလို ခံစားနေပါသည်။

"အဲဒါကတော့ မင်း စုံစမ်းခိုင်းသမျှ ဒီလူအကြောင်းပေါ့ ကွာ၊ နောက်တစ်ခု ပြောစရာရှိတာက ..."



www.burmeseclassic.com

www.burmeseclassic.com



လင်းနောင်က စကားကို ဖြတ်ထားသည်။

"ဘာလဲကွ၊ ပြောစရာရှိတာ ပြောလေကွာ"

"ငါကတော့ သိတာမြင်တာပြောဖို့ တာဝန်ရှိတာပဲ၊ မင်း အဖို့ကတော့ သုံးသပ်ဆင်ခြင်ပေါ့ကွာ၊ ဘာကိုပဲဖြစ်ဖြစ် စိတ်လိုက်မာန်ပါတော့ မဆုံးဖြတ်နဲ့ပေါ့၊ ဒေါသရှေ့ထား ရင် မှားတတ်တယ် ဆိုတာလည်း လူတိုင်းကြားဖူးတာပဲ အဖြစ်အပျက် အပေါ်မှာ ခေါင်းအေးအေးနဲ့ တွေးပေါ့"

လင်းနောင် တို့လို ရံဖန်ရံခါမှ တွေ့ဖြစ် ဆုံဖြစ် သည့် သူငယ်ချင်းတွေကပင် အဆွေးကို နိုင်ရန် ဘယ်လောက်ထိ သဲသဲလှုပ် ချစ်တာကို သိကြပါသည်။

"ဟော့ကောင် ... လင်းနောင်၊ ပြောစရာရှိတာ ပြောစမ်း ပါကွာ"

"တော်ကြာ ... ငါ့စကား တစ်ခွန်းက မင်းတို့ ချစ်သူချင်း ကြား ပြဿနာတက်စရာ ဖြစ်မှာလည်း စိုးရိမ်တယ်ကွာ မင်းကလည်း စိတ်ကဆတ်ပါဘိနဲ့၊ လူဖြောင့် စိတ်တိုဆို တော့ ပြောသာ ပြောရမယ် သွေးခွဲစကားမျိုး ဖြစ်သွားမှာ ကြောက်တယ်"

နိုင်ရန်သည် လက်ဖျားပင် အေးထုံချင်လာကာ –

"ပြောတော့ကွာ"

"ဒီလိုကွာ ... မနေ့က နေ့လယ်လောက်မှာ အဆွေးနဲ့ ဒီလူ ... ဒီလူရဲ့တိုက်ပေါ် အတူတက်သွားကြတယ်၊ ငါက





အောက်က လက်ဖက်ရည်ဆိုင်မှာ ရှိနေတော့ တွေ့လိုက်ရ တယ်၊ လာကတည်းက ဘယ်ကလာလည်းတော့ မသိဘူး၊ ထီးတစ်ချောင်းတည်းနဲ့ တုတ္တုဆောင်းပြီးတော့ လာတာပဲ"

"တောက်"

"မင်း ဒေါသကို လျှော့ကွာ ... ငါလည်း မယောင်မလည် လိုက်တက်သွားကြည့်တော့ သူတို့နှစ်ယောက် ဒီလူကြီး အခန်းထဲ ဝင်သွားကြတယ်ကွ"

"ဘာ ..."

"အေး၊ အတော်လည်း ကြာတယ်၊ ငါ အောက်ကဆိုင်မှာ ပြန်ထိုင်စောင့်ရင်း အဆွေး ဆင်းအလာကို ကြည့်နေတာ၊ တော်တော်ကြီးကိုကြာမှ အဆွေး ဆင်းလာတယ်၊ တစ် ယောက်တည်းပဲ၊ အဲဒီရှေ့ကပဲ ကားငှားပြီး ပြန်သွားတယ်"

နိုင်ရန့် မျက်နှာမှာ နီရဲရွှေးပြန်နေသည်။

"တောက် ... ဘာလဲကွာ၊ ငါ ယုံတောင် မယုံနိုင်ဘူး"

"အေး ... ငါလည်း သူများပြောရင် ယုံချင်မှယုံမယ်၊ ငါ့ မျက်စိနဲ့ တွေ့လိုက်တာမို့သာ မင်းကို ပြန်ပြောရဲတာ။ ဘာပဲဖြစ်ဖြစ် ချင့်ချင့်ချိန်ချိန် ဆုံးဖြတ်ပါကွာ"

ဒီစကားမျိုးကို တခြားသူငယ်ချင်း တစ်ယောက်ထံမှ ကြားရတာဖြစ်၍ နိုင်ရန်သည် ရှက်ဒေါသနှင့် မျက်နှာတစ်ခုလုံး မည်းပျက်နေပါသည်။ ရှက်စရာ ကောင်းလိုက်တာ။ အခန်းထဲ လိုက်သွားရသည် ဆိုတာတော့ အဆွေး လွန်လွန်းအား ကြီးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွယ်တုတန်းဘူလည်း မဟုတ်တဲ့ ဒီလူကြီးနှင့် အဆွေး ဘာတွေ ဓာတ်လမ်းရှုပ်နေသလဲ။

အိမ်ထဲက အိမ်ပြင် ရုံဖန်ရံခါမှ ထွက်တတ်တဲ့ လူကြီးဆို၍ အဆွေးကချည်းသာ တစ်ဖက်သတ် သွားတွေ့နေတာ သို့မဟုတ် သွားအတွေ့ခံနေတာ သေချာသည်။ ဘာအကြောင်းကိစ္စကြောင့် ဒီလောက်တောင် တကောက်ကောက် သွားတွေ့နေဖို့ လိုသလဲ။ အဆွေး အပေါ် သံသယ မဝင်ချင်လို့ မရတော့အောင်ကို အခြေအနေက ဖြစ်နေသည်။

အဆွေး ဘယ်လိုဖြစ်တာပါလိမ့်။

သူ့အမေအတွက် စိတ်တွေ ဆင်းရဲထိခိုက်နေတုန်း စိတ်ဓာတ်တွေ ကျနေတုန်း မမျှော်လင့်ဘဲ ဒီလူကြီးနှင့် သွားတွေ့လို့ပဲ မခိုင်မမာ ပျော့ညံ့နေတဲ့ စိတ်အခံနဲ့ ဘုမသိ ဘမသိ ငြိသွားမိသလား။ နိုင်ရန်သည် ဤအဖြစ်အပျက်ကို ကြားသိရပြီး ဘယ်လိုမှ သံသယ မကင်းနိုင်သည့်တိုင် အဆွေးကို လှည့်မကြည့်ချင်အောင်၊ သွားမတွေ့ချင်အောင် စိတ်ထဲ နာကြည်းမသွားဘဲ ဤအဖြစ်အပျက် ပတ်သက်မှုတွေထဲက မလွတ် လွတ်အောင် ဖွတ်ဆွဲထုတ်ဖို့ကိုသာ စိတ်ဇော ထက်သန်နေပါသည်။

ဒေါသတွေကတော့ လူတစ်ကိုယ်လုံး နေရာအနှံ့က ထွက်ပေါက်ရှာနေပါသည်။ တစ်နေ့ကုန် အလုပ်လုပ်လို့ ဘာမှ အဆင်မပြေ အပေါက်လမ်းမတည့်။ အလွဲကြီးတစ်ခု လုပ်လိုက်မိ၍ ဒက်ဒီကပင် ခေါ်ကြိမ်းတာ ခံရပါသည်။





"ဒီကိစ္စကြီးက ဘာမှလွဲစရာ မှားစရာမရှိတဲ့ နေ့တဓူဝကိစ္စကြီး … မင်း လွဲနေတာ စိတ်တွေ အလုပ်ထဲမှာ မရှိလို့ပဲ၊ ဘာဖြစ်သလဲ နိုင်ရန် … ပြဿနာ တစ်ခုခုရှိလား"

"မရှိပါဘူး ဒက်ဒီ … ယောင်သွားတာပါ"

"အဆွေး အမေ အခြေအနေ မကောင်းဘူးလား"

ဒက်ဒီကတော့ ဒီကိစ္စကြောင့်လို့ ထင်ပုံရပါသည်။

"သိပ်တော့ မကောင်းဘူး ဒက်ဒီ"

"စိတ်မလှုပ်ရှားနဲ့ပေါ့ကွာ၊ မင်းကမှ လှုပ်ရှားနေရင် အဆွေး ဘယ်လိုလုပ်နေမလဲ၊ ကိုယ်လည်း တတ်နိုင်သမျှ ကူညီနေသားပဲ … ကဲတရားပေါ့ … သွား … သွား …"

ညနေရုံးဆင်းတော့ သူတစ်ယောက်တည်း ကော်ဖီဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး တွေးနေမိပါသည်။ ဒီနေ့အဖို့ ဆေးရုံသွားချင်၍ မသွားတော့ပါ။ ဆေးရုံမှာ သူ့မျက်နှာကြီး ပုပ်သိုးနေမှာ ပေါက်ကွဲမိမှာ စိုးရိမ်သည်။ ဒါကြောင့် အဆွေးတို့ ပြန်ရောက်လောက်မည့် ရှစ်နာရီခွဲလောက် အချိန်ကျမှပဲ အိမ်ကိုလိုက်သွားဖို့ ဆုံးဖြတ်သည်။

ရှစ်နာရီခွဲကျော်ကျော် သူ အဆွေးတို့အိမ် ရောက်သွားတော့ အဆွေးတို့ သားအဖ ပြန်လာသည့်ကားနှင့် ခြံဝမှာပဲ ဆိုင်တူဆုံနေသည်။ အိမ်ထဲဝင်တော့လည်း အတူတူ။ သားအဖနှစ်ယောက်လုံး မျက်နှာမကောင်းကြ၍ သူ့မှာ ရန်လုပ်ဖို့ ပေါက်ကွဲဖို့ပင် ခက်သလို ဖြစ်နေသော်လည်း ဒီကိစ္စဟာ ဖွင့်မမေးလို့



www.burmeseclassic.com

www.burmeseclassic.com



မရှင်းဘဲ ရေရှည်ထားလို့ ကောင်းသည့်ကိစ္စဟု သူ မယူဆပါ။ မြန်မြန်ကို ရှင်းပစ်ရမည်။

ဦးမိုးညိုက စိတ်ပင်ပန်းလာသလို အပေါ်ထပ်သို့ တန်းတက်သွားပါသည်။ အဆွေး ပုံစံကလည်း ခုပဲ ချက်ချင်း ခုတင်ပေါ် ထိုးလှဲလိုက်ချင်သလို နွမ်းနယ်နေသည်။ သို့ပေမယ့် နိုင်ရန် ရှိနေ၍ ဧည့်ခန်းမှာပဲ မိုလျှော့ခွေခေါက်ကာ ဝင်ထိုင်ပါသည်။

နိုင်ရန်က မထိုင်ဘဲ အဆွေးကို မတ်တတ်မှပင် လှမ်းကြည့်နေသည်။

"ထိုင်လေ ရန်"

အဆွေး အသံက နွမ်းဟိုက်နေသည်။

"မေမေ ဒီနေ့ အတော်နေရထိုင်ရ ဆိုးနေတာ၊ အတော် မသက်မသာ ခံစားရရှာတယ်၊ မေမေ့ အခြေအနေက ပိုဆိုးလာပြီ ရန်ရယ်"

အဆွေးရဲ့ အားကိုးတကြီး တိုင်တိုင်ပင်ပင် အသံလေးကို ကြားလိုက်ရလျှင် နိုင်ရန့် နှလုံးသားတွေက ပျော့ဆင်းသွားမလိုဖြစ်ခါ ပြောမည့်စကားတွေကိုပင် မပြောရက်အောင် ဖြစ်ချင်လာသည်။ သို့သော် ထိုစိတ်ကို သူက ဖွတ်ပဲ ပြန်လည်ဆည်မတ်လိုက်ပါသည်။

"အဆွေး မေမေ အတွက် ကိုယ် စိတ်မကောင်းပါဘူး အဆွေး စိတ်ပင်ပန်း နွမ်းနယ်နေတာလည်း သိတယ်





ဒါပေမယ့် ကိုယ့်မှာ အဆွေးကို မပြောမဖြစ် စကားတွေ ရှိနေတယ်"

သူ့မျက်နှာကို အကဲခတ်၍ အဆွေး တိတ်နေသည်။ နိုင်ရန့် မျက်နှာက နာကျင်ကြေမွနေသလို ရင်ထဲမှာ အပြည့်အသိပ်မနိုင်ရင်ကာ မဆန့်မတန် ကျပ်နေသော စကားတွေကြောင့်လည်း ဆိုးဆိုးဝါးဝါး ခံစားနေရပါသည်။

"အဆွေး သွားသွားနေတဲ့ လှည်းတန်းက လူအကြောင်း ကိုယ်စုံစမ်းလိုက်တယ်"

အဆွေးက စိတ်ပျက်သွားသလို မျက်နှာရှုံ့ပျက်သွားကာ တစ်ဖက်ကို လှည့်သွားပါသည်။

"အဆွေး ကိုယ့်ကို မျက်နှာချင်း ဆိုင်စမ်းပါ"

နိုင်ရန်က ခပ်ဆတ်ဆတ် အော်လိုက်ပါသည်။ အဆွေးက တုပ်တုပ်လှုပ်မလာပါ။

"အန်တီ အခြေအနေမကောင်းတုန်း ကိုယ်က ဒီလိုလာပေါက်ကွဲရတယ် ဆိုတာ ဘယ်လောက်ဆိုးတဲ့ အနေအထားလဲ၊ ကိုယ် လူဆိုးကြီးလုံးလုံး ဖြစ်တယ်၊ ကိုယ်ကတစ်မျောင့်ဆိုပြီး စိတ်ပျက်စရာကြီးလို လာဖြစ်နေတယ်၊ ဒါပေမယ့် မင်းစဉ်းစားကြည့်စမ်း အဆွေး ... ဒီလို ပေါက်ကွဲမိတာ ကိုယ့်အပြစ်လား ... ကိုယ့်အလွန်လား ... ကိုယ့်အမှားလား၊ ဘယ်သူ့ကြောင့် ဖြစ်ရတာလဲ ... မင်းကြောင့် အဆွေးရဲ့ မင်းကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောလူပါ နွမ်းနယ်ပင်ပန်းနေရသည့် ကြားက ဝမ်းနည်းမှုကြောင့် အဆွေး မျက်လုံးအိမ်ထဲ မျက်ရည်များ ဝေ့လည်လာပါသည်။

"မင်း ဘယ်လိုဖြစ်တာလဲ အဆွေး ... မင်း ဘာဖြစ်တာလဲ"

"... ..."

"ကိုယ် မေးနေတာ ဖြေစမ်းပါ အဆွေး ... မင်းနဲ့ဒီလူကြီး က ဘာလဲ"

အဆွေးက နိုင်ရန့်ကို စိတ်ပျက်သလို တစ်ချက် ရှူးခနဲကြည့်ကာ ဘာမှမဖြေ။

"ဖြေလေကွာ ... အဲဒီ ဦးကျော်သွေးထင် ဆိုတဲ့ လူကြီးနဲ့ မင်းက ဘယ်လိုလဲ"

သူ နာမည်တောင်မှ သိသွားခဲ့ပြီ။ မရမက လိုက်စုံစမ်းနေတာ သေချာသည်။ နာမည်လည်း အမှန်သိပြီဆိုရင် ဖြင့် သူ ရမည့် သတင်းတွေဟာလည်း မှန်ဖို့ဘက်ကပဲ များလိမ့် မည်။ ဘယ်လိုဘယ်ပုံ ပတ်သက်မှုဆိုတာလောက်ပဲ ရန်မသိဘဲ ကျန်တော့မှာ။ ပတ်သက်ပုံကိုတော့ ဦးကျော်သွေးထင်နှင့် အဆွေး ကမှ မပြောလျှင် ဘယ်သူမှ ဘယ်လိုမှ သိမှာမဟုတ်။ ရန့်ကို စုံစမ်းပေးနေတဲ့ သူကလည်း ဘေးဝန်းကျင်ကသာ စုံစမ်းနေနိုင် တာ ဖြစ်မှာ။

ဦးကျော်သွေးထင် ကိုယ်တိုင်ကိုတော့ သွားပြီး မေးမြန်းစုံစမ်းလို့ ဖြစ်တာမဟုတ်၍ ဘယ်လိုပတ်သက်သလဲ ဆို





ဘယ်လိုမှ မသိနိုင်ပါ။ အဆွေးကလည်း ပြောမှာ မဟုတ်ပါ။ အစကတည်းက မေမေ့ ဇာတ်ကြောင်းမို့ ရန့်ကို မပြောချင်ခဲ့တာ။ ခုလို လူကို စွပ်စွပ်စွဲစွဲ သင်္ကာမကင်းတွေ ဖြစ်လာတဲ့အခါမှာတော့ အဆွေးက ပိုလို့တောင် မပြောချင်သေး။

ကိုယ်ဟာ ညစ်ပတ်စုတ်ပဲ့တဲ့ အလုပ်မျိုး လုပ်နေတာ မဟုတ်။ မွန်မြတ်ဖြူစင်တဲ့ အလုပ်မျိုး လုပ်နေတာ။ ကိုယ့်မှာ အခက်အခဲ အကျဉ်းအကျပ်ရှိ၍ သူ့ကို ဖွင့်မပြောချင်တာကို နားမလည်ဘဲ အဆွေးပဲ ဖောက်ပြန်တော့သလိုလို အဖေရွယ် လူကြီးနှင့် သံသယမကင်း ဖြစ်နေသော ရန့်ကို စိတ်တိုလှ သည်။

"ပြောလေ ... အဆွေး ... ဦးကျော်သွေးထင်နဲ့ မင်းက ဘာလဲ"

"တော်တော့ ရန်၊ ဆက်မမေးနဲ့တော့ ... အဆွေး မပြောဘူး"

"ဘာကွ"

နိုင်ရန့် ဒေါသက အထွတ်အထိပ်ထိ မြင့်တက်သွား ရပါသည်။

"ဘာကြောင့် မင်းက မပြောရတာလဲ ... ဘာကြောင့် ငါ့ကို လျှို့ဝှက် ထားချင်ရတာလဲ၊ ဒီလို ကလေကချေကြီး နဲ့ မင်းနဲ့ ဘာပတ်သက်စရာ ရှိနေလဲ"

"ဒီမှာ ရန် ... ရန့်ထက် အများကြီးကြီးတဲ့ လူကြီးတစ် ယောက်ကို ကလေကချေကြီးတို့ ဘာတို့ ရန် လုံးဝသုံး



www.burmeseclassic.com

www.burmeseclassic.com



နှန်းပါနဲ့၊ အဆွေး မခံနိုင်ဘူး၊ သူ့ဟာသူ ဘာဖြစ်ဖြစ် ရန်နဲ့လည်း ဘာမှမဆိုင်ဘူး ...”

“ဘာလို့ မဆိုင်ရမှာလဲ ... မင်းက ငါ့ချစ်သူလေ၊ ငါ့ချစ်သူက ဒီအလကားလူကြီးနဲ့ ဘာမှန်းမသိ သွားပတ်သက်နေတာ ငါနဲ့ ဆိုင်တာပေါ့”

“ဦးကို မှိုချိုးမှျစ်ချိုး ရိုင်းရိုင်းပျပျတွေ မပြောနဲ့လို့ ရန့်ကို ပြောနေတယ်နော်”

“ဦးကို ! ... ဦးတဲ့လား ! ... ဘာလဲ ... ဦးနဲ့ သမီးလားတောက် ... ရွံဖို့ ကောင်းလိုက်တာကွာ၊ မင်းနဲ့ သူနဲ့ ငြိနေသလား ဟုတ်လား”

အဆွေး မျက်လုံးတွေက ဝင်းဝင်းတောက် ရူးရဲလာပါသည်။

“ရန် ... မိုက်မိုက်ရိုင်းရိုင်းတွေ မပြောနဲ့ ... အဆွေးနဲ့ ဦးနဲ့ ဘာမှ ငြိစရာ မရှိဘူး၊ ရိုးရိုးသားသား ခင်မင်ပတ်သက်တာ”

“ဘာပတ်သက်စရာရှိလဲ ... မပတ်သက်နဲ့ပေါ့”

“မပတ်သက်လို့ ဘယ်ဖြစ်မလဲ ... ကိုယ့်ဟာကိုယ် ပတ်သက်စရာရှိ ပတ်သက်ရမှာပဲ ... ဒီကိစ္စနဲ့ ရန်နဲ့လည်း ဘာမှ မဆိုင်ဘူး၊ ရန် ဒီကိစ္စကို ရန်လုပ်နေဖို့ ထိုးနှက်စွပ်စွဲနေဖို့လည်း မလိုဘူး၊ အသာကလေး မဆိုင်သလိုနေ”

“မနေနိုင်ပါဘူး”





တစ်ယောက်တစ်ခွန်း အော်သံတို့မှာ ညှော်ခန်းထဲ ကျယ်လောင်ဆူပွက်နေပါသည်။

“ရိုးသားရင် အကြောင်းရင်းကိုပြော ... ငါက မျက်စိမှိတ်ပြီး ဖြေရှင်းစကား နားမထောင်မယ့် ကောင်စား မဟုတ်ဘူး၊ ဖြေရှင်းပြ၊ ဘာအတွက် ပတ်သက်နေရပါတယ် ဆိုတာပြော၊ ဘာမှ မပြောနိုင်ဘဲ ပတ်သက်စရာရှိလို့ ပတ်သက်တာဆိုတာ တစ်ခွန်းနဲ့ လုံးမချနဲ့၊ မင်း တည်တည်တံ့တံ့ ကောင်းကောင်းကန်းကန်း နေနေရင် ငါ ဘာမှခုလိုဖြစ်စရာ မရှိဘူး၊ မင်း အလုပ်မဟုတ်လို့ကွ၊ ဒါကို ငါက မဆိုင်သလို နေလို့ရမလား”

“မဆိုင်သလိုပဲ နေရမှာပဲ ... ရန်နဲ့ ဘာမှမှ မဆိုင်ဘဲ”

“တောက် ...”

“မေမေ ဒီနေ့ အခြေအနေ မကောင်းလို့ အဆွေး မိုးလင်းက မိုးချုပ် ဆေးရုံမှာပဲ၊ အဆွေး အရမ်းပင်ပန်းလာပါတယ် ရန်၊ အဆွေးကို ထပ်မနှိပ်စက်ပါနဲ့၊ ဒီကိစ္စဟာ ဒီတိုင်း ပစ်ထားလိုက်ရင် တစ်နေ့ ပြီးသွားမယ့် ကိစ္စပါ။ အခု ရန်က သိရအောင် လိုက်စုံစမ်းလို့ သိလာရလို့သာ၊ မသိလိုက်ရင်လည်း သူ့အလိုအလျောက် တစ်ချိန်မှာ ပြီးသွားမယ့် ဓာတ်လမ်းပါ၊ အဲဒီ တစ်ချိန်ကလည်း မကြာတော့ပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"တစ်ချိန်မှာ ပြီးသွားတာ မပြီးတာက နောက်မှ ဖြစ်လာမယ့်ကိစ္စ၊ ငါ မသိလိုက်ရဘဲ ပြီးသွားမယ် ဆိုတာလည်း အဓိပ္ပာယ်မရှိဘူး၊ မင်းနဲ့ငါက လက်ထပ်ကြမယ့်သူတွေ အဆွေး၊ ငါနဲ့ မင်းနဲ့ တွေ့ပြီးနောက်မှာ မင်းဘဝ ဖြစ်စဉ်ထဲမှာ ငါ မသိလိုက်ရတဲ့ ကိစ္စဆိုတာ ရှိကိုမရှိရဘူး – ဒါပဲ ..."

"အဲဒီအတွက် ဘာမှ မတတ်နိုင်ဘူး ရန်"

"မင်း အဲဒီလောက် ခေါင်းမာ အာခံနေတာကိုက ငါ့အသည်းကို ဓားနဲ့မွှန်းနေတာကွ၊ ဘာလို့ ဟိုလူဘက်က တစ်ဖက်သတ် ရပ်တည် ဖုံးဖိနေရတာလဲ၊ ဘာအတွက် လျှို့ဝှက်ထားရတာလဲ"

"သူ့အတွက် ဖုံးဖိပေးနေတာလည်း မဟုတ်ဘူး"

"မဟုတ်ရင် ဘာအတွက်လဲ"

"လုံးဝ မပြောနိုင်ဘူး၊ ရန် စိတ်ဆိုးလည်းဆိုး၊ ခံရုံပဲ"

"စိတ်ဆိုးတာ မဟုတ်ဘူး။ အသည်းထဲကကို နာနေတာ ဒီလောက်ထိ ပေကတ်ပြီး ငါ့ကို ဖွင့်မပြောတာဟာ ရိုး... မရိုးသားလို့"

"ရန် ထင်ချင်သလို ထင်လိုက်တော့၊ အဆွေး မော... ပြီ"

"ဒီလိုဖြတ်ပစ်လို့ ရမလားကွ၊ ဒါ ပြဿနာအဆုံးသတ်... မဟုတ်တာ၊ ငါနဲ့ ပြဿနာတက်ချင် တက်ပစေ၊ ငါ...





ဘာဖြစ်ဖြစ်၊ ငါ ဘယ်လောက်ကြီး ခံစားခံစား ... မင်းကတော့ ဒါကို မပြောဘူးလို့ ရေငုံနှုတ်ပိတ်နေတာကို အသည်းနာတာ"

အဆွေးက ပါးစပ်ကို ပိတ်ထားကာ မျက်ရည်တွေကို ခပ်ကြမ်းကြမ်း သုတ်ပစ်နေသည်။ အဆွေးရဲ့ ပင်ပန်းဆင်းရဲနေတဲ့ အသွင်အပြင်နှင့် မျက်ရည်တွေ တဖွေဖွေ စီးကျနေတာကို မြင်ရတဲ့အခါ မကျေမနပ်ကြားက နိုင်ရန် သနားလိုက်မိပါသေးသည်။

ပေါ့ပေါ့ဆဆကလေး ချစ်ထားတဲ့ ချစ်သူမျိုးမဟုတ်ဘဲ။ နှလုံးသားနဲ့အပြည့် ချစ်နိုင်သလောက် အချစ်တွေ ...စွမ်းကုန်ပုံပြီးအပ်ပြီး ချစ်ထားတာ။ ဘယ်လိုနည်းနှင့်မှ လက်...တ်ဆုံးရှုံးဖို့ ပြတ်တောက်ဖို့ ရည်ရွယ်မထား။ တစ်သက်...း အတွက် အပြီးသတ်ကာ ကိုယ်ရောစိတ်ပါ ပုံနှစ်၍ ချစ်ခဲ့...တာ။

လူဆိုတာ အမှားမကင်းတဲ့ အမျိုး။ အသက်နှစ်ဆယ့်...စ်နှစ်အရွယ် အဆွေးဟာလည်း ငယ်ရွယ်သေးသည့်အတွက် ...င်းလုံးချော အမှားကင်းစင်ဖို့ သူ မျှော်လင့်မထားပါ။ မှားဖူးပါ...၊ အမှားကိုသိကာ ပြင်ဆင်လိုက်လျှင် ငါးနှစ်တိတိကြီးတဲ့ ရန်... လူကြီးစိတ်နှင့် ခွင့်လွှတ်ပေးသင့်တာပါပဲ။

နိုင်ရန်က စိတ်ကို လျှော့ချလိုက်ပါသည်။ မျက်ရည်...ည်ရွဲနှင့် အဆွေးကို ကရုဏာဒေါသောနှင့် ကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အဆွေး ... မင်း မပြောချင်တာ ထားတော့၊ ဒီကိစ္စ ကို ကိုယ် ဖြတ်ချင်ပြီ၊ အဆွေးလည်း ပင်ပန်းတယ်၊ ဟုတ် ပြီလား ..."

" ... ... "

"ကိုယ် ဘာမှ မမေးတော့ဘူး၊ မသိရလည်း ထားလိုက် တော့ ... ကိုယ့်ကို ကတိတစ်ခုတော့ပေး"

"ဘာကတိလဲ"

"ဒီနေ့ ဒီအချိန်ကစပြီး ဒီလူကြီးနဲ့ ကိစ္စဟာ ဘာကိစ္စဖြစ် ဖြစ် ရပ်တန်းကရပ်၊ လုံးဝအဆက်ဖြတ်မယ်ဆိုတဲ့ ကတိပဲ အဲဒီလူကြီးဆီ လုံးဝမသွားနဲ့တော့၊ လုံးဝမပတ်သက်ပါနဲ့ တော့၊ အပြီးဖြတ်လိုက်ပါ၊ အဲဒီကတိကိုပေးပါ"

အဆွေးက ခေါင်းကို အသာ ခါယမ်းလိုက်ပါသည်။ နိုင်ရန်က စိတ်ကိုထိန်း၍ ...

"ခေါင်းက ဘာကို ခါတာလဲ"

"အဲဒီကတိ အဆွေး မပေးနိုင်သေးဘူး ရန်"

"ဘာကွ ..."

အဆွေးမှာ တုန်ခနဲပင် ဖြစ်သွားရပါသည်။

"ဘာပြောတယ်"

"အဲဒီကတိ မပေးနိုင်သေးဘူး ... သူ့ကို အဆွေး လုံး အဆက်ဖြတ်လို့ မရသေးဘူး၊ သူနဲ့ အဆွေးကြားမှာ ဖြ ပြတ်လို့ မရသေးတာတွေ ရှိတယ်၊ ရပ်တန်းက လုံးဝမ





နိုင်သေးဘူး ရန်၊ သူနဲ့ အဆွေး တွေ့ရဦးမယ်၊ မတွေ့ဘဲ ရပ်လိုက်လို့ မဖြစ်ဘူး"

"တောက် ..."

နိုင်ရန့် တစ်ကိုယ်လုံးမှာ ဒေါသစိတ်ကြောင့် နတ်ပူး သကဲ့သို့ပင် တဆတ်ဆတ် တုန်ယင်နေပါသည်။ နီးရာပစ္စည်း တစ်ခုခုကို ကိုင်ပေါက်ရိုက်ချိုးပစ်လိုက်ချင်တဲ့အထိ လူက ဆူပွက် ဆောက်လောင်နေသည်။ သူတစ်ပါးအိမ်ထဲ ... အထူးသဖြင့် အဆွေးရဲ့ဖေဖေ ယောက္ခမလောင်းရဲ့ အိမ်ပိုင်နက်ထဲ သူ့ပစ္စည်းတွေ ကို ပေါက်ခွဲရိုက်ချိုးဖို့အထိ မရိုင်းပျဖို့ မိကောင်းဖခင်သား စိတ် စိတ်က ထိန်းကွပ်ထား၍သာပင်။

အဆွေးက ဝိုင်းစက်အရည်လည်သော မျက်လုံးလေး နှင့် နိုင်ရန့်ကို မော်ကြည့်ကာ ...

"အဆွေးကို နားလည်ပေးပါ ရန်"

"မပေးဘူး၊ လုံးဝနားလည်မပေးနိုင်ဘူးကွ၊ မင်း လူတစ် ယောက်နဲ့ ဘာအကြောင်းနဲ့မှန်းမသိ ချိန်းချိန်းတွေ့နေတာ ကို ငါက ဘယ်လိုနားလည်ပေးရမှာလဲ၊ ငါမို့လို့ မင်းကို အဆက်ဖြတ်ဖို့ ဒီလောက်တောင်းပန်နေတာ။ တခြား ယောက်ျားတစ်ယောက်ဆိုရင် မင်းကို လှည့်ကြည့်ချင်မှ တောင် လှည့်ကြည့်မယ် ... နားလည်လား အဆွေး"

"အဆွေးက ဘာဖြစ်နေလို့လဲ ... လှည့်မကြည့်ရအောင်"

"မင်း မနေ့ကဆိုရင် ဒီလူကြီး အခန်းပေါ်အထိ လိုက်သွားက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာ ငါသိတယ် အဆွေး၊ ဒီလိုတစ်ယောက်တည်း နေတဲ့ ဂျပိုးတေလေကြီးရဲ့ အခန်းထဲ မင်းတို့နှစ်ယောက် တည်း နာရီနဲ့ချီပြီးကြာအောင် ချိန်းတွေ့ခဲ့တာ ငါ သိတယ် ကွ"

"ရန် ... အဲလိုမပြောနဲ့၊ အဆွေးတို့ စကားထိုင်ပြောနေ တာ"

"စကားထိုင်ပြောစရာ နေရာရှားလား၊ လူမြင်ကွင်းမှာ ထိုင်ပြောလို့ မရဘူးလား၊ နှစ်ကိုယ်ကြား ပြောစရာလို့ လို့လား"

"ရန်နော် ... အဆွေးကို မစော်ကားနဲ့ သိလား၊ သူ့ အဆွေး အဖေအရွယ်လောက် ရှိတယ်"

"အဖေအရွယ်လောက်ရှိတဲ့ သူကို မင်း ဘာကြောင့် သွား ပတ်သက်လဲ၊ အဖေမကလို့ အဘိုးအရွယ်ပဲဖြစ်ဖြစ် ယောကျ်ားနဲ့ မိန်းမဟာ ယောကျ်ားနဲ့ မိန်းမပဲကွ ... နား လည်လား၊ ခုမှ မင်းဘဝမှာ ပေါ်လာတဲ့ မင်းအကြောင်း မသိတဲ့ ယောကျ်ား၊ မင်း ဘာကြောင့် ဒီလောက်မိုက် ကြီးရတာလဲ၊ ငါမို့သာ မျက်စိမှိတ် ခွင့်လွှတ်ပြီး အဆ ဖြတ်ရဲ ဖြတ်နိုင်းတာ ... တော်ရုံတန်ရုံလူဆို လှည့်ကိုမကြည့် တော့ဘူး ... မင်း သဘောပေါက်"

ပေါက်ကွဲဆူညံသော အသံများကို ဦးမိုးညို အခန်း ထဲက ကြားနေရတာတော့ ကြာပါပြီ။ ဝင်မပါချင်အောင် သူက





တိုင်လည်း သူ့ခံစားချက်နှင့် သူ့ပဲမို့ မဆိုင်သလို နေနေပေမယ့် ကြာလာတော့ မပါဘဲ မနေနိုင်တော့ပါ။ သမီးဖြစ်သူ အဆွေးကို လည်း သနားလာသည်။ အဆွေး ခမျာ အမေအတွက် ဖိစီးမှုက တစ်ဖက်၊ တစ်ဖက်က နိုင်ရန်ရဲ့ နားမလည်နိုင်မှုကိုလည်း မဖြေ ရှင်းနိုင်ဘဲ ညှပ်ပူးညှပ်ပိတ် ဖြစ်နေပါသည်။

နိုင်ရန်ရဲ့ မခံမရပ်နိုင်ခြင်းကိုလည်း ယောကျ်ားချင်း ကိုယ်ချင်းစာနိုင်ပါသည်။ နားလည်နိုင်ဖို့ ခွင့်လွှတ်နိုင်ဖို့ ခက်ခဲ သည့် ကိစ္စပေပဲ။ နားလည်ဖို့ရော ဖြေရှင်းပြဖို့လည်း ကိုယ့်အခက် အခဲနှင့် ကိုယ်။ ဦးမိုးညိုသည်လည်း မပြောဘဲထားလို့ ဖြစ်နိုင်လျှင် ဒီကိစ္စကို လူသိရှင်ကြား လျှောက်ပြောမနေလိုပါ။ သိုသိုသိပ်သိပ် နှင့်ပဲ ပြီးသွားစေချင်တာပါ။

သားအဖနှစ်ယောက်စလုံး ဖြူသဲအပေါ် အချစ်လွန် စေတနာထားကြခြင်းက ဘေးလူအများအမြင်မှာ တစ်မျိုးတစ်ဖုံ ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။ ဘယ်လိုမှ အသိမခံလို့ မဖြစ်တော့ သည့် အခါကျတော့လည်း တစ်မျိုးပေါ့။

ဦးမိုးညိုက လှေကားမှ ပြန်ဆင်းလာခဲ့ပါသည်။ ဦးမိုးညို အရိပ်အယောင်ကိုမြင်လျှင် နိုင်ရန်က စကားတွေကို အရှိန်သတ်လိုက်ပါသည်။ အသံသာ တိတ်သွားသော်လည်း နိုင်ရန် ရဲ့ မခံမရပ်နိုင်အောင် ခံစားနေရသော ဒေါသအရှိန်က ရပ်မသွား သေးဘဲ မျက်နှာမှာရော ခန္ဓာကိုယ်မှာပါ သိသိသာသာ အရိပ် အယောင် ပေါ်နေပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်နိုင်ရန်လည်း ထမင်းစားပြီးမှ ပြန်ပါလား၊ အန်ကယ်လည်း ရင်ပြည့်သလို ဖြစ်နေပေမယ့် အစာနည်းနည်းတော့ ထည့်လိုက်ဦးမယ်လို့"

"မစားတော့ပါဘူး အန်ကယ်၊ ကျွန်တော်လည်း မဆာပါဘူး ... ရင်ပြည့်နေပါတယ်"

"သမီးရော ..."

ငိုရှိုက်နေဆဲ အဆွေးကို ဦးမိုးညိုက ငုံ့မေးလိုက်ပါသည်။ အဆွေးက ခေါင်းသာ ခါနေကာ ဘာမှ ပြန်မပြောနိုင်အောင် ငိုနေဆဲပင်။

"တိတ်ပါ သမီးရယ် ... ဒီလိုပဲ ... တစ်ခါတလေ အချင်းချင်း နားလည်မှုလွဲတာလေးတွေ ရှိတတ်ကြစမြဲပေါ့၊ နောက်တော့လည်း ဒါဟာ ဘာမှမဟုတ်ဘဲ ပြီးသွားမှာပါ"

ဦးမိုးညိုက နိုင်ရန့်ဘက် လှည့်ရင်း ...

"အဆွေးမှာ သူ့အမေအတွက်လည်း ပူဆွေးကြေကွဲတာ ရှိနေတော့ သူ့ပြောစကား သူ့အပြုအမူတွေထဲ မောင်နိုင်ရန် မကျေနပ်တာ ပါရင်လည်း နားလည် ခွင့်လွှတ်ပေးပါကွယ်"

"ကျွန်တော် သိပါတယ် အန်ကယ်၊ ဒီအချိန်မျိုးမှာ ဒီကိစ္စကို ကျွန်တော် ဖြေရှင်းရင် အဆွေးရဲ့ ပူဆွေးမှုကို မစာနာတဲ့သူ ... အချိန်အခါမရွေးတဲ့သူ ... နောက်တစ်မျိုး စိတ်ဆင်းရဲအောင် လုပ်ရက်တဲ့သူ သဘောနဲ့ ကျွန်တော်





အဆိုး ဖြစ်မယ်ဆိုတာ ကျွန်တော် သိပါတယ်၊ မဖြစ်ချင်ပါဘူး အန်ကယ်၊ ဒီကိစ္စက နောက်ရွှေ့ဖို့ရာ သိပ်ခဲယဉ်းတဲ့ ကိစ္စမို့ပါ ... နောက်ရွှေ့လေ အချိန်ဆွဲလေ ပြဿနာက ကြီးလေ ဖြစ်မှာမို့ပါ၊ ဒါကြောင့် ကျွန်တော် ပြောရတာပါ အန်ကယ်၊ ပြဿနာကို အန်ကယ် ကြားနာပါ၊ ကျွန်တော်လွန်တယ်ဆိုရင် ကျွန်တော့်ကိုဆုံးမပါ အန်ကယ်"

ဦးမိုးညိုက သက်ပြင်းသာ ချလိုက်မိပါသည်။

"ဟိုတစ်လောက အန်ကယ့်ကို ကျွန်တော် ပြောပါသေးတယ်၊ အဲဒီတုန်းက သူ လှည်းတန်းကို သွားနေတယ်၊ လူတစ်ယောက်နဲ့ ဆိုင်အတူထိုင်တယ် ဆိုတာပဲ သိရသေးတာပါ၊ ဒီအပြစ်မဟုတ်တဲ့ ကိစ္စကို သူ ဖုံးကွယ်လျှို့ဝှက်နေလို့ စိတ်တိုမိခဲ့တာပါ အန်ကယ်"

"အင်း ..."

"ခုဟာက ရုပ်လုံးပေါ်လာပါပြီ ... ဒီလူ ဘယ်သူလဲဆိုတာ ကျွန်တော်က လှည်းတန်းမှာနေတဲ့ သူငယ်ချင်းတစ်ယောက်ကို စုံစမ်းခိုင်းထားတယ်၊ အဆွေးက ဘာမှဖွင့်မပြောတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သိရအောင် ကြိုးစားရတဲ့ သဘောပါ၊ အဲဒီမှာ ဒီလူကြီးအကြောင်းတွေ ကျွန်တော် သိလာရတယ်"

"ဩော် ..."

"နာမည်က ဦးကျော်သွေးထင်တဲ့၊ အသက်က လေးဆယ်



www.burmeseclassic.com

www.burmeseclassic.com



ကျော်လောက်ရှိပြီ၊ သူ့အသက်အရွယ်ကိုလိုက်ပြီး ဣန္ဒြေ သိက္ခာနဲ့ နေတဲ့သူမျိုး မဟုတ်ဘူး အန်ကယ်၊ ဂျင်းဘောင်းဘီနဲ့ ဆံပင်ရှည်နဲ့ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးနဲ့ လမ်းသူ လိုလို ကြမ်းပိုးလိုလို နေတဲ့သူကြီးပါ"

ဦးမိုးညိုက ခေါင်းသာ ညိတ်လိုက်ပါသည်။

"တိုက်ခန်းတစ်ခန်းမှာ သူတစ်ယောက်တည်း နေတယ် ဒီအသက်အရွယ်ထိ ဘာအလုပ်မှ မလုပ်ဘူး၊ မိဘ ပိုက်ဆံရှိခဲ့တော့ သူ့အစ်မပဲ မိဘလက်ငုတ်လက်ရင်းတွေ တိုးပွားအောင် စီမံခန့်ခွဲ အလုပ်လုပ်ပြီး သူ့ကို လစဉ်ပို လျှံလျှံ ထောက်ပံ့နေတယ် ဆိုလားပဲ၊ အလုပ်လုပ်စရာ မလိုဘူးပေါ့ ... အလကားနေနေတာပေါ့ ...

ဘာကြောင့်မှန်းမသိ ... ရပ်ကွက်နဲ့ အိမ်နီးနားချင်း နဲ့လည်း ပေါင်းသင်းခင်မင်မှု မရှိဘဲ ဘယ်သူနဲ့မှလဲ သိ မျက်နှာကြောမတည့်တဲ့သူတဲ့၊ ရပ်ရေးရွာရေး လူမှုရေးလည်း သူ့မှာ အသိစိတ်ဓာတ် မရှိဘူးတဲ့၊ လူ့ကန့်လန့် လူ့ဠ အဖြစ်နဲ့ တွေ့ရာလူကို ခပ်ရမ်းရမ်း ဆက်ဆံတဲ့ လူကြီး မျိုး ...

အရက်ကလည်း သောက်တတ်တယ်၊ ဖဲလည်းရိုက် သေးတယ်တဲ့၊ သုံးဖြုန်းသောက်စားပြီး လူပေလူတေ လူ ကြီးတစ်ယောက်လို နေနေတဲ့ ဆန်ကုန်မြေလေး က ကချေ လူကြီးတစ်ယောက်ဗျ"





"ရန် ... လူကြီးတစ်ယောက်ကို ဒီလို ရိုင်းရိုင်းစိုင်းစိုင်း မပြောဖို့ အဆွေး သင်ပေးထားတယ်နော်၊ ရန်နဲ့ဆို ဦးလေးနဲ့ ဘူအရွယ် ရှိတယ်သိလား၊ 'ရန် မရိုင်းပါနဲ့"

အဆွေးက နှုတ်ပိတ်မနေဘဲ လှမ်း၍ ကန့်ကွက်ငြိုငြင် လိုက်ပြန်သည်။ နိုင်ရန်က အဆွေးကို ဒေါသနှင့် လှည့်ကြည့် ရင်း ...

"ဒီလိုပြောတာကို သူ မခံနိုင်ဘူး အန်ကယ်၊ လူဆိုတာ လူကြီးဖြစ်ဖြစ် လူငယ်ဖြစ်ဖြစ် တန်ဖိုးရှိအောင်နေရင် တန်ဖိုးရှိတာပဲ၊ ဒီလူကြီးက ကြားရသမျှ ဘာသတင်းကောင်း မှမရှိ ... တန်ဖိုးလည်း ရှိပုံမပေါ်တဲ့ လူကြီးတစ်ယောက်ပဲ၊ ဘယ်လိုလူကြီးမျိုးပဲ ဖြစ်ပါစေ၊ သူနဲ့ အကြောင်းတစ်ခုခု ကြောင့် တွေ့နေကြတယ်၊ ရင်းနှီးနေကြတယ်ဆိုရင် ကျွန် တော့်နေရာကနေ မေးပိုင်ခွင့် မရှိဘူးလား အန်ကယ် ... ကျွန်တော် မှားသလား"

"မောင်နိုင်ရန် မမှားပါဘူး"

ဦးမိုးညိုက သက်ပြင်းနှင့်အတူ ဖြေလိုက်ပါသည်။

"ကျွန်တော် သိသလောက် ဒီလူကြီးက လာတွေ့နေတာ လုံးဝမရှိပါဘူး၊ သူကချည်း သွားတွေ့နေတာပါ၊ နောက်ဆုံး ကျွန်တော့်ကို ဘာမှ ဖွင့်ပြောမပြချင်ဘူး ဆိုရင်တောင် ဒီလူကြီးနဲ့ ကိစ္စကို ဖြတ်ဖို့ ရပ်တန်းရပ်ဖို့ ကျွန်တော်ပြော တယ်၊ တောင်းဆိုတယ်၊ ရှေ့က ဘာကြောင့် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ခဲ့ ပတ်သက်ခဲ့ အခုကစပြီး လုံးဝ မသွားတော့ဘဲ အဆက်ဖြတ်ပါ ဆိုတော့ မဖြတ်နိုင်သေးဘူးတဲ့ အန်ကယ် ...

ဒီလို နာမည်မကောင်းတဲ့ လူကြီးတစ်ယောက်နဲ့ သူ ပတ်သက်နေတာကို အန်ကယ့် အနေနဲ့ အဖေတစ်ယောက်ရဲ့ အမိန့်နဲ့ တားမြစ်မပေးနိုင်ဘူးလား အန်ကယ်၊ ကျွန်တော့်အတွက် ကျေးဇူးပြု၍ အဆွေးနဲ့ ဒီလူကြီးကို အန်ကယ် တားမြစ်ပေးပါဗျာ"

ဦးမိုးညိုက ခေါင်းကို ယောင်ယောင်မျှ တစ်ချက်နှစ်ချက်ညိတ်ရင်း ...

"မောင်နိုင်ရန် စိုးရိမ်တာ သဘာဝကျပါတယ်"

ဦးမိုးညိုက တခဏတိတ်ကာ စကားလုံး ရွေးချယ်နေပြီးမှ ...

"ကျော်သွေးထင်ကို အန်ကယ် ကောင်းကောင်းသိပါတယ်"

"အန်ကယ့် မိတ်ဆွေလား"

နိုင်ရန်က တအံ့တဩ မေးလိုက်ပါသည်။

"အန်ကယ့်မိတ်ဆွေတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အန်ကယ် သူ့အကြောင်း ကောင်းကောင်း သိပါတယ်၊ မောင်နိုင်ရန် သိထားတဲ့ အချက်အလက်တွေထက် အများကြီးပိုတဲ့ သူ့ဘဝဇာတ်ကြောင်းကို သိထားပါတယ်၊ အဆွေးနဲ့ ကျော်သွေးထင်ရဲ့ ရင်းနှီးခင်မင်မှုမှာ မောင်နိုင်ရန် စိုးရိမ်





သလို ပြဿနာမျိုး ဘယ်သောအခါမှ လုံးဝမရှိနိုင်ဘူး ဆိုတာကို စိတ်ချပါ မောင်နိုင်ရန်"

နိုင်ရန့် မျက်ခုံးများက ပင့်တက်သွားရပါသည်။

"ဒီလူကြီးနဲ့ အဆွေး တွေ့ဆုံပတ်သက်နေတာကို အန်ကယ် သိတယ်၊ အန်ကယ်ကလည်း ခွင့်ပြုထားတယ်ဆိုတဲ့ သဘောလား အန်ကယ်"

"ယေဘုယျ အားဖြင့် ဒီသဘောပါပဲ၊ အဆွေးကိုယုံကြည်ပါ စိတ်ချပါဆိုတာပဲ အန်ကယ် ပြောနိုင်ပါတယ် မောင်နိုင်ရန်၊ သူတို့ဟာ ဖြူစင်တဲ့ မေတ္တာတရား တစ်ခုပေါ်မှာ အခြေခံပြီး ပတ်သက်ကျွမ်းဝင်နေကြတာပါ၊ မောင်နိုင်ရန့် မခံချင်စိတ်နဲ့ ပူပန်သောကတွေ လက်မခံနိုင်မှုတွေဟာ သဘာဝ ကျပါတယ်၊ ဒါပေမယ့် ဒီစိတ်တွေကို ဖျောက်လိုက်ပါ မောင်နိုင်ရန်"


နိုင်ရန်က ဦးမိုးညိုကို နားမလည်နိုင်စွာ အံ့အားသင့်စွာ လက်သင့်မခံနိုင်စွာ ငေးစိုက်ကြည့်နေမိပါသည်။ စိတ်ထဲမှာ လုံးဝမကျေနပ်နိုင်ပါ။ သို့ပေမယ့် ဒီထက်ပိုပြောစရာလည်း သူ့မှာ မရှိတော့ပါ။ ပြောလို့လည်း မထူးတော့ပါ။ နိုင်ရန်က အဆွေးတို့ သားအဖကို မကျေမချမ်း နှုတ်ဆက်ထပြန်သွားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com









## ၁၁

နိုင်ရန်သည်လည်း အလွယ်တကူ လက်လျှော့နောက်ဆုတ် အရှုံးပေးတတ်သူတော့ မဟုတ်ပါ။ သူ့ရင်ထဲ လိပ်ခဲတည်းလည်းနှင့် မကျေနပ်နိုင်အောင် ဖြစ်နေရသော ကိစ္စတစ်ခုကို ဒီအတိုင်းကြီး ပစ်မထားလိုက်နိုင်ပါ။

တစ်ဖက်က မသိရလျှင် နောက်တစ်ဖက်က သိရအောင် လုပ်မည်သာ။ တစ်ဖက်ကို တားမရလျှင် နောက်တစ်ဖက်ကို တားလို့ရအောင် တားကြည့်ဦးမှာသာ။ သူ လက်သင့်မခံနိုင်သော ကိစ္စတစ်ခုကို ဖြစ်ချင်ရာဖြစ် ပစ်ထားလိုက်ဖို့ လုံးဝရည်ရွယ်ချက်မရှိ။ သူ တားမြစ်သော ကိစ္စတစ်ခုကို မနှာယူနိုင်လောက်အောင် ဖြစ်လေခြင်းရယ်လို့ အဆွေးကို အပြစ်ယူကာ သူ့ဘဝထဲက ထုတ်ပစ်ဖို့အထိလောက်အောင်လည်း သူ့နှလုံးသားကို သူ ခနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



လင်းနောင်နှင့် ချိန်း၊ လင်းနောင်ထံက လိ[illegible] တောင်းယူကာ နေသည့်တိုက်ကိုပါ ကိုယ်တိုင်ကိုယ်ကျ လိုက်[illegible] ခိုင်းပါသေးသည်။

"မင်း ဘာလုပ်မလို့လဲ နိုင်ရန်"

"ဒီလူကြီးကို ငါ မေးစရာ ဆွေးနွေးစရာလေး ရှိလို့ပါ"

"ဒါပဲ သေချာရဲ့လား"

"ခုထိတော့ ဒါပဲ"

"ဒီလူကြီးက လူမိုက်ကြီးနော် ... ပြီးတော့ ပေပေတေ[illegible] နဲ့၊ သူနဲ့ တစ်ယောက်ယောက်နဲ့ ပြဿနာတက်တယ်[illegible] ရင် သူ့ဘက်ကိုတော့ ဘယ်သူကမှ အထူးတဆန်း အံ့ဩ[illegible] ကြမှာ မဟုတ်ဘူး၊ တစ်တိုက်တည်းနေတဲ့ သူတွေနဲ့တော[illegible] သိပ်မတည့်တာ၊ မင်းကတော့ မင်းသိက္ခာ မင်းဂုဏ်[illegible] မင်းမိဘဂုဏ်သိက္ခာနဲ့ နာမည်ကောင်းနဲ့နေတဲ့ အညွန့်တ[illegible] လူ ကောင်မျိုးနော် နိုင်ရန်၊ လဲဖို့ မတန်ဘူးပေါ့ကွာ၊ မင်[illegible] ဘာမှ ခြေလွန်လက်လွန် မဖြစ်စေချင်ဘူး"

"မဖြစ်စေရပါဘူးကွာ၊ ငါ ဘယ်တုန်းက ရန်းရင်းဆန်ခတ် ဖြစ်ဖူးလို့လဲ"

"အဲဒါကို သိထားလို့ စိုးရိမ်တာ စိတ်မအေးတာပေါ့ကွ[illegible] ပြီးတော့ သူ့ရပ်ကွက် သူ့ပိုင်နက်လည်းဖြစ်တယ် နိုင်ရ[illegible] တစ်ခုခုဆိုရင် သူ့ပိုင်နက်ထဲ ကိုယ်က ကျူးပြီး ရမ်းကာ[illegible] ရာကျမှာပဲ၊ မင်း စိတ်ကိုထိန်းပါ"





"အေးပါကွာ"

"စိတ်အေးအေးနဲ့ ရင်ဆိုင်ပါ၊ သွေးမဆူနဲ့၊ မင်းက လူဖြောင့် စိတ်တို၊ ရုန်းရင်းဆန်ခတ် ပြဿနာတစ်ခုခုဖြစ်မှာမျိုး ဆိုရင်တော့ စောစောကတည်းက ငါ ဒီလူကြီးလိပ်စာကို မပေးချင်ဘူးကွာ"

"ပေးစမ်းပါ လင်းနောင်ရာ ... မင်းရှိလို့သာ ဒီလောက် ခြေရာကောက်လို့ရတာ၊ ခုဟာက ငါတစ်ဖက်သတ် သွား ရမ်းမယ်လို့ မဟုတ်ဘူး၊ ငါ့ကို အဆွေး လုံးဝမပြောတဲ့ သူ တို့ကြားက ပတ်သက်မှုကို ငါ သိရအောင်လုပ်မယ် ... ဒါပဲ ...၊ ငါသိရတဲ့ အဖြေဟာ စိတ်ကျေနပ်စရာ ဖြစ်နေ ရင် ငါ ပြန်လာရုံပဲ၊ လက်သင့်မခံနိုင်တဲ့ အနေအထား ဖြစ်နေရင် ဒီလူကြီးကို ငါ တားမြစ်ရမယ်"

"ဒီလူကြီး ပုံစံကတော့ သူများစကားကို သိပ်ဂရုစိုက်မယ့် ပုံမျိုး မရှိဘူး၊ သတိဝီရိယလည်း ရှိပါ၊ စိတ်လည်းရှည်ပါ၊ သည်းခံစိတ်လည်း မွေးပါ၊ မင်း အမှားမရှိတဲ့ ကိစ္စမှာ မင်း အမှား ဖြစ်မလာပါစေနဲ့"

"အေးပါကွာ"

လင်းနောင်က ကတိတွေ တောင်းပြီးမှ လိပ်စာလည်းပေး တိုက်အောက်ကိုလည်း လိုက်ပို့ပါသည်။

"ဒီလှေကားပဲ ... လေးထပ်၊ ဘယ်ဘက်ခန်း၊ ငါ ဒီလက် ဖက်ရည်ဆိုင်မှာ ရှိနေမယ် နိုင်ရန်"



www.burmeseclassic.com

www.burmeseclassic.com



"အေး"

နိုင်ရန်က လေ့ကားထစ်များမှ တက်သွားပါသည်။ ညွှန်လိုက်သော အခန်းဝမှာရပ်၍ ဘဲလ်ကို တစ်ချက်နှိပ်လိုက်လျှင် ငှက်ဆိုးထိုးသံလို ကျယ်မြည်သော ဘဲလ်သံဆိုးကြီး အခန်းတွင်းမှာ သွားမြည်နေပါသည်။

ချက်ချင်းပဲ အပြေးအလွှား ခြေသံနှင့်အတူ တံခါးက ပွင့်သွားကာ လူတစ်ယောက် ပေါ်လာပြီးလျှင် နိုင်ရန့်ကို မြင်သည်နှင့် အသာတကြည့်ရပ်က ချက်ချင်း ပြောင်းလဲတင်းထန်သွားကာ ...

"ဘာလဲကွ"

"ဦးကျော်သွေးထင် ဆိုတာလား"

သူက နိုင်ရန့်ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ မေးတာကို မဖြေဘဲ ...

"မင်းက ဘယ်သူလဲ"

"နိုင်ရန်ပါ"

"ဘယ်ကလဲ ... ငါမသိဘူး ... ပြန်ကွာ"

တံခါးကို ပိတ်မည်ပြု၍ နိုင်ရန်က တွန်းထားကာ

"အိမ်လာတဲ့ လူစ်ယောက်ကို တံခါးပိတ်ပစ်တာတော့ လုံးဝ အိမ်ရှင်မဆန်ဘူးဗျာ၊ ကျွန်တော် ဦးကျော်သွေးထင်ကို ပြောစရာ စကားရှိတယ်"

"မင်းကိုမှ ကျော်သွေးထင်က မသိဘဲကွ"





"ကျွန်တော် ... ဆွေးလျှညိုရဲ့ ရည်းစား"

"ဘာ ... ဆွေးလျှညို ရည်းစားဆိုရင် ဆွေးလျှညိုဆီ သွားပေါ့၊ ဘာကိစ္စ ငါ့ဆီ လာရတာလဲ၊ ငါ မင်းရည်းစားမှ မဟုတ်တာ ... ပြန် ...၊ ဘာတွေ လာရှုပ်မှန်း မသိဘူး၊ ဘယ်က နာမည်တွေမှန်းလဲ မသိဘူး"

နိုင်ရန်က အားနှင့် ကန်တွန်းထား၍ ဦးကျော်သွေးထင်မှာ တံခါးကို ပိတ်မရ ဖြစ်နေပါသည်။

"ဆွေးလျှညို ဆိုတာ ခင်ဗျားဆီ လာနေတဲ့ မိန်းကလေးလေ"

"မလာပါဘူး ... ငါ မသိဘူး"

"အဆွေးလေ ..."

"အဆွေး !-... အဆွေး ဆိုတာ ဘာလဲ၊ အလွမ်းအဆွေးလား၊ အဆွေးအမြည့်လား၊ မင်း ဘာစကားတွေ လာပြောနေတာလဲ၊ အရူးလား၊ အရူးဆိုရင်လည်း အခန်းမှားနေတယ်ကွာ"

"ခင်ဗျား အူကြောင်ကြောင် လုပ်မနေပါနဲ့ဗျာ ... အဆွေးဆိုတာ ဦးမိုးညို ဒေါ်ဖြူသဲတို့ရဲ့ သမီးလေ"

"သြော် ..."

"သိပြီမဟုတ်လား"

"မသိပါဘူး"

"ဟာ ... ခင်ဗျား လူကြီးဖြစ်ပြီး ဘာလို့ ညာနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ကောင် ... မင်းလက်ကို ဖယ်စမ်း ... ငါ တခါ ခိုက်ပေလို့၊ မင်းကိုငါ အချိန်ပေးပြီး စကားပြောနေစရာ ဘာအကြောင်းမှ မရှိဘူး"

"ဒီမှာ ဦးကျော်သွေးထင်၊ ခင်ဗျားကို အဆွေးနဲ့ ပတ်သက်ပြီး ဆွေးနွေးစရာ စကားပြောစရာရှိတယ်၊ ကျွန်တော် အခန်းထဲ ဝင်ပြောရမလား ... ခင်ဗျား ထွက်လာပြီး နားထောင်မလား၊ ကြိုက်တာကို ရွေးနိုင်တယ်"

"ဘာတစ်ခုမှ ငါ မကြိုက်ဘူး၊ တစ် ...၊ မင်းကလည်း ပြောချင်သေးတယ် ... မင်းကပဲ မာရေကျောရေနဲ့ ... ဒါကို မကြိုက်ဘူး၊ နှစ် ...၊ ငါ မင်းဦးလေးအရွယ် ရှိတယ်၊ ဦးတပ်ခေါ်ပါ၊ ခင်ဗျားလို့ သုံးတာ ငါမကြိုက်ဘူး၊ သုံး ...၊ ငါ့ကို တကယ်စကားပြောချင်ရင် မင်းလေသံကို ပြင်ပြီး တောင်းပန်ရိုကျိုးပါ၊ ငါ့ကို အပေါ်စီးကနေ ဆရာလိုလို အထာလိုလို ရင့်သလိုလို နပ်သလိုလို လာလုပ်နဲ့ဟော့ကောင် ... ငါ မကြိုက်ဘူး၊ မင်းထက်မိုက်လို့ ကျော်သွေးထင် ဖြစ်နေတာ၊ မြင်မြင်ချင်း ဆောက်နဲ့ထွင်း မချိုမချဉ် လာလုပ်မနေနဲ့၊ ခုထိ မင်းကိုငါ ဘာတစ်ခုမှ မကြိုက်ဘူး၊ ငါမကြိုက်တဲ့ကောင်ကို ငါ စကားမပြောဘူး၊ မင်း ပုံစံကို မင်း အရိုးကို ပြင်ထားစမ်း"

နိုင်ရန်သည် ဒီလူကြီးကို ဒီပုံနှင့်ဆော့ ဘာမှ ပြောဆိုခွင့် မရမှာ နားလည်လိုက်ပါသည်။ လောကကို ဂရုမစိုက်သယောင် မိုက်သယောင်မျိုး ဟုတ်မလားလို့ ဟန်ဆောင်ထားတာ မဟုတ်ဘဲ တကယ့်ကို ဂရုမစိုက်တဲ့ လူမိုက်ပုံစံကြီး ဆိုတာ အကဲခတ်လိုက်မိ၍ စကားပြောချင်သူပီပီ လေသံကို ပြင်လိုက်ပါသည်။

"ကျွန်တော် အဆွေးနဲ့ ပတ်သက်ပြီး ဦးနဲ့ စကားပြောချင် ဆွေးနွေးချင်တာလေး ရှိပါတယ်၊ ကျေးဇူးပြုပြီး စကားပြောခွင့်ပြုပါ ဦး"

ဦးကျော်သွေးထင်က နိုင်ရန့်ကို မျက်လုံးကျဉ်း၍ တစ်ခဏ ကြည့်ရှု အကဲခတ် နေပါသေးသည်။ ခဏနေမှ ...

"အေး ... နားထောင်ကြည့်တာပေါ့၊ မင်း ငါ့အခန်းထဲ ဝင်စရာ မလိုဘူး၊ အောက်က လက်ဖက်ရည်ဆိုင်ကစောင့်၊ ငါ ဆင်းလာမယ်"

နိုင်ရန်က ခေါင်းညိတ်သဘောတူပြီး ပြန်ဆင်းလာပါသည်။ လင်းနောင်က မေးဆတ်ပြတာကို ပခုံးတစ်ချက်သာ တွန့်ပြလိုက်ပြီး စားပွဲအလွတ် သီးသန့်တစ်ခုမှာ ဦးကျော်သွေးထင် ဆင်းအလာကို ထိုင်စောင့်ကြိုနေလိုက်သည်။ ငါးမိနစ်အတွင်းမှာပဲ စကားတည်စွာ ဆင်းလိုက်လာပါသည်။

တိုက်ထဲက ထွက်လာပုံမှာ ဆံပင်ရှည် မသေမသပ်၊ အသားရောင် စပို့ရှပ်လက်တို ခပ်ရွဲရွဲပွပွကြီးကို အပြင်ထုတ်ဝတ်လျက် ဂျင်းဘောင်းဘီဟောင်း တစ်ထည်နှင့် ကွင်းထိုးကြိုးသိုင်း ဖိနပ်တစ်ရံကို စီးလျက်သား။ ဘယ်လိုမှ ဋ္ဌာနေ့သိက္ခာရှိ လူကြီးလူကောင်းပုံ မပေါက်။ ဒီလူကြီးကို လာရောက်ပတ်သက်နေသည့်






www.burmeseclassic.com

www.burmeseclassic.com



အဆွေးကို အံ့သြမိသလို ဒီလူကြီး ပုံစံကိုလည်း နှာခေါင်းရှုံ့ချင် လှသည်။

ဦးကျော်သွေးထင်က နိုင်ရန့် ရှေ့မှာ ဝင်ထိုင်ကာ စီးကရက် မီးညှိရှိုက်ဖွာရင်း ...

"ကဲ ... ပြော"

စီးရက်ဘူးနှင့် မီးခြစ်ကို စားပွဲပေါ် ဆောင့်တင်ရင်း ပြောသည်။

"ဦး ဘာသောက်မလဲ ... ကျွန်တော်တော့ လက်ဖက်ရည် မှာထားတယ်"

"ဘာမှ မသောက်ဘူး၊ ငါ သောက်ဖို့ ဆင်းလာတာ မဟုတ်ဘူး၊ မင်း ဘာပြောမလဲ နားထောင်ကြည့်ဖို့ ဆင်း လာတာ၊ စိတ်ဝင်စားစရာ ကောင်းရင်တော့ ပြီးရော ... ဘာမှ စိတ်ဝင်စားစရာ မကောင်းရင် ဆက်နားမထောင် ဘူး ... ပြန်တက်မှာ၊ ကဲ ... ပြောစမ်း"

"ကျွန်တော် မေးစရာ ရှိတာ"

"ငါက ဖြေချင်မှ ဖြေမှာ"

"အဆွေးနဲ့ ဦးနဲ့ ဘယ်လိုပတ်သက်မှုရှိလဲ"

"မင်းက အဆွေးရည်းစားဆို၊ ဒါမှန်ရင် မင်း အဆွေးဆီ မေးလို့ရသားနဲ့ ငါ့ဘာလို့ လာမေးနေတာလဲ၊ အဆွေးက မဖြေလို့ပေါ့ ... ဟုတ်လား"

"ဟုတ်တယ်ဗျ ... အဆွေးက မဖြေဘူး"





"အေး ... ဒါဖြင့် ငါလည်း မဖြေဘူး"

"ဟာ ... ဦး အဲလိုလုပ်လို့ မရဘူးလေ၊ ဦး လူကြီးတစ် ယောက်အနေနဲ့ ဖြေရမယ်၊ ကျွန်တော် လက်ထပ်မယ့် ကျွန်တော့်ချစ်သူ မိန်းကလေးနဲ့ ဦးနဲ့ တစ်နည်းတစ်ဖုံ ပတ်သက်နေတယ်၊ ဦး အခန်းကို လာသွားတာ ကျွန်တော် သိတယ်၊ ဦးတို့ကြားမှာ ဘာရှိလဲ၊ အဲဒါကို သိချင်တယ်"

"ငါတို့ကြားမှာ တစ်ခုခုတော့ ရှိတာသေချာတာပေါ့၊ လူကြီး တစ်ယောက်မို့ ဖြေရမယ်ဆိုတာတော့ လက်မခံ ဘူး... ကြီးကြီးငယ်ငယ် ဖြေခြင်း မဖြေခြင်းဟာ တစ်ယောက် ချင်းစီရဲ့ လွတ်လပ်တဲ့ ကိုယ်ပိုင်ဆန္ဒပဲ၊ သူကတောင်မှ သူ့ချစ်သူ မင်းကို အသိမပေးတဲ့ ကိစ္စကို ငါက မင်းနဲ့ ဘာပတ်သက်လို့ ဖော်ပြီး ပြောမှာလဲ"

"ခင်ဗျား ကျွန်တော့်ချစ်သူကို ပတ်သက်ထားတာလေ"

"အဲဒါ ... ငါ့အခွင့်အရေးပဲ"

"ဟာ ... ခင်ဗျားကြီး စကားပြောတာ တာဝန်မဲ့တယ်နော်"

"ဟေ့ကောင် ... မင်း ငါ့ကို ခင်ဗျားကြီးတွေ ဘာတွေ သုံး ဖို့ရာ ငယ်ပါသေးတယ်၊ မင်း အပြောအဆိုကို ဆင်ခြင် စမ်းပါ"

နိုင်ရန်သည် ဦးကျော်သွေးထင်ကို အင်မတန်မှ မခံချိ မခံသာ အမြင်ကတ်လှသော်လည်း စိတ်ကို လျှော့၍ သက် ပြင်းမှုတ်ထုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ချစ်သူဟာ တခြားလူတစ်ယောက်နဲ့ ပတ်သက်နေတာ ကျွန်တော် ခံစားနေရပါတယ်၊ ဦးလည်း ကျွန်တော့်ထက် ရင့်ကျက်တဲ့ လူကြီးတစ်ယောက်ပါ၊ နားလည်မှုပေးနိုင်ပါလိမ့်မယ် ... ကျွန်တော် ပြောချင်တာက ဦး အဆွေးကို မပတ်သက်ဘဲ အဆက်ဖြတ်ပေးပါ ဆိုတာပါ၊ အဆွေးကို အတွေ့မခံပါနဲ့ မဆက်ဆံပါနဲ့ ...

ပွင့်ပွင့်လင်းလင်း ခပ်ရှင်းရှင်း ပြောရမယ်ဆိုရင် ဦးဟာ ပတ်ဝန်းကျင်မှာ နာမည်ကောင်းရတဲ့သူ တစ်ယောက်မဟုတ်ပါဘူး၊ ဒီလိုပြောတာကို ဦး စိတ်မဆိုးပါနဲ့၊ ဦးကျော်သွေးထင် ဆိုတဲ့ အမည်ကို စုံစမ်းကြည့်လိုက်တော့ ကျွန်တော် ကြားရတဲ့ သတင်းတွေထဲမှာ အကောင်းတစ်ခုမှ မပါပါဘူး"

"ဆိုပါဦးကွ ... ဘာတွေတဲ့တုန်း"

"အရက်သောက်တယ် ... ဖဲရိုက်တယ် ... ဘာမှ အလုပ်အကိုင် မရှိဘူး ... ပတ်ဝန်းကျင်နဲ့လည်း အဆင်မပြေဘူး၊ လူမှုရေး ခေါင်းပါးပြီး ပေါင်းလို့သင်းလို့ မရတဲ့ လူ့ခွစာတစ်ယောက်၊ အပြောအဆို အပြုအမူ အနေအထိုင်တွေကလည်း ရိုင်းပျကြမ်းတမ်းတယ်"

နိုင်ရန်က စိတ်ပေါက်ပေါက်နှင့် တဲ့တိုးကြီးကို ပိသလေးနှင့် ဘောပစ် ပြောချလိုက်ပါသည်။ ထိုအခါ ထိုလူကြီးက စိတ်မတိုဘဲ တဟားဟားပင် ရယ်လိုက်ချေပါသေးသည်။





"အမှန်အတိုင်း ပြောရရင် ဒီလိုနာမည်ဆိုးတွေနဲ့ လူတစ်ယောက်ကို ကျွန်တော့်ချစ်သူက ဘာကြောင့်မှန်းမသိ သွားပတ်သက်နေတာကို ကျွန်တော် မကြိုက်ဘူးဗျာ၊ လက်သင့်မခံနိုင်ဘူးဗျာ ... အဲဒါကြောင့် အဆွေးကို မပတ်သက်ဖို့ အဆက်အဆံ ဖြတ်ပေးဖို့ ကျွန်တော် တောင်းဆိုတာပါ ...

အဆွေးက ရိုးသားအေးချမ်းတဲ့ မိန်းကလေးပါ၊ လောကအကြောင်း ဘာမှ နားမလည်တဲ့ မလိမ်မိုး မလည်မွာလေးပါ၊ သူဘာလုပ်ရင် သူ့အတွက် ဘယ်လိုထိခိုက်မယ်ဆိုတာမျိုး ဆင်ခြင်တွက်ချက်တတ်တဲ့သူမျိုး မဟုတ်ပါဘူး၊ အင်မတန် ရိုးသားဖြူစင်ပါတယ်၊ ဒါကြောင့် သူ့အတွက် စေတနာထား စဉ်းစားပေးပြီး ဦး သူ့ကို အတွေ့မခံဘဲ နေပေးနိုင်ရင် နေပေးပါ"

ဦးကျော်သွေးထင်က စီးကရက် ရှိုက်ဖွာရင်း ငြိမ်သက်နေပါသည်။ သူ့မျက်နှာပြင်မှာ ညှို့သက်၍ နိုင်ရန့် စကားများကို အလေးအနက်ထား စဉ်းစားနေပုံ ရပါသည်။ မထေမဲ့မြင် အမူအရာမျိုး မရှိ။

"မင်းပြောတာ ဟုတ်တယ်၊ ငါက နာမည်ကောင်းတဲ့ကောင်တစ်ကောင် မဟုတ်ဘူး၊ မင်းအခုပြောသွားတာတွေထက် ပိုဆိုးတဲ့ အမူအကျင့်တွေ ရှိသေးတယ်၊ ငါမကောင်းဘူး ငါက လောကမှာ လူပို လူလေ၊ ငါမရှိလည်း ရတယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မျိုးပါ၊ ဒါပေမယ့် ငါအခု အဆွေးနဲ့ ပတ်သက်ပြီး ကောင်းတာတစ်ခုလုပ်ဖို့ ကြိုးစားနေတာပါ၊ မေတ္တာတရားနဲ့ လုပ်ရတဲ့ အလုပ်မျိုးပေါ့ကွာ၊ အဲဒါတစ်ခု ဒီကောင်မလေးအတွက် ငါလုပ်မယ်"

နိုင်ရန်မှာ စိတ်ရှုပ်ထွေးသွားရပါသည်။ မေတ္တာတရားနဲ့ ပတ်သက်တဲ့အလုပ် ... အဆွေး အတွက် ဘာများလုပ်မလို့လဲ။ နိုင်ရန်သည် စိတ်လိုက်မာန်ပါ တစ်ခွန်းထိုးပင်။

"မလုပ်လို့ မရဘူးလားဗျာ၊ မလုပ်ပါနဲ့လား၊ အဆွေးမှာ အကူအညီ လိုနေရင် ကျွန်တော် ရှိပါတယ်"

"ဟား ... ဟား ... ဒီမှာဟေ့ကောင် ... မင်းရဲ့သမိုင်းဟာ ငါ့ထက် ကောင်းချင်ကောင်းနေပါလိမ့်မယ်၊ ဒါပေမယ့် လောကကြီးရဲ့ ကွက်လပ်တိုင်းကို သမိုင်းကြောင်းလှတဲ့ သူတွေကချည်း ဖြည့်ဆည်းလို့ ရတယ်ထင်နေသလား၊ မင်း မှားတယ်ကွ၊ ငါဟာ လူ့ပတ်ဝန်းကျင်မှာ လူပိုတစ်ယောက် ဖြစ်နေမှာ မှန်တယ်၊ ဒါပေမယ့် ငါဖြည့်ပေးမှ ပြည့်သွားမယ့် ကွက်လပ်ဆိုတာ ရှိပါသေးတယ်၊ ငါအသုံးတည့်တဲ့ကဏ္ဍ ရှိပါသေးတယ်၊ ဒီနေရာမှာ မင်း ကျွမ်းပစ်ပြီး ကူညီ;ကူညီ အလကားပဲ ဟေ့ကောင် ... အပိုပဲ၊ ဘာအကျိုးမှ ဖြစ်ထွန်းမလာဘူး ...

ကောင်မလေးက ငါ့ကို လိုအပ်လို့ ငါ့ကို ချဉ်းကပ်လာတာပေါ့ကွ၊ ဒါကို မင်း နားလည်သင့်တယ်"





နိုင်ရန့် ရင်ထဲ မခံချင်မှုတွေ ပွက်ပွက်ဆူသွားရပါသည်။ ဒီလိုလူကြီးက လုပ်ပေးနိုင်ပြီး နိုင်ရန်က လုပ်မပေးနိုင်သော လုပ်ကွက် မြုပ်ကွက်က ဘာပါလိမ့်။ သူ့မျက်လုံးများကို ဦးကျော်သွေးထင်က ကောင်းစွာ အကဲခတ်နိုင်ကာ ...

"မင်း မခံချင် မဖြစ်နဲ့ ကောင်လေး၊ မင်းကိုယ် မင်းလည်း သိပ်အထင်မကြီးနဲ့ ... ငါလို လူတစ်ယောက်ကိုလည်း အရမ်း အထင်မသေးနဲ့၊ ဒီကိစ္စအတွက်တော့ မင်းက လူပိုပဲ၊ ဒါကြောင့် ကောင်မလေးက မင်းကို ဘာမှမပြောတာပေါ့"

နိုင်ရန်က မခံချိ မခံသာနှင့် ဝုန်းခနဲ ထရပ်လိုက်ပါသည်။

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ခင်ဗျား အဆွေးနဲ့ ဝေးဝေးကင်းကင်း နေပါ၊ လိုရင်းက ဒါပဲ၊ ကျွန်တော် လိုချင်တာဒါပဲ"

"မင်း လိုချင်တာကို ပေးပါ့မယ်လို့ ငါက ဝန်ခံထားလို့လား"

နိုင်ရန်သည် စိတ်ဆိုးမာန်ဆိုးနှင့် ပိုက်ဆံအိတ်ထဲမှ သူ့ရဲ့ လက်ဖက်ရည်ဖိုးကို ထုတ်ကာ စားပွဲပေါ် ချလိုက်ပါသည်။

"ဒါပေမယ့် မင်း စိတ်ချစမ်းပါ၊ ဒီကောင်မလေးကို ငါ ဖြူဖြူစင်စင် တန်ဖိုးထားတယ်၊ မိန်းမတွေထဲက မိန်းမတစ်ယောက်လို့ ယေဘုယျ မြင်ထားတာ မဟုတ်ဘူး၊ အလိုလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တစ်တန်းတစ်စား တစ်သီးတစ်သန့် ငါ ခံစားမိတယ်၊ ဘာကြောင့်မှန်းတော့ မသိဘူး၊ သူ့မျက်နှာကလေး အပေါ်မှာ ငါ သံယောဇဉ်ရှိတယ် ... မေတ္တာရှိတယ် ... ကရုဏာဖြစ်တယ်၊ ဒီကောင်မလေးရဲ့ မမြင်ရတဲ့ အရှိန်အဝါတစ်ခုက ညစ်ညမ်းနေတဲ့ ငါ့နှလုံးသားကို အတိုင်းအတာ တစ်ခုထိ သန့်ရှင်းသွားအောင် စွမ်းဆောင်နိုင်တယ်၊ ငါ အထိုက်အလျောက် စိတ်သန့်သလို ခံစားရတယ်၊ ဒါပါပဲ၊ ဒီကောင်မလေးကို ငါ အဆက်အဆံလည်း မဖြတ်ဘူး နှင်လည်း မထုတ်ဘူး၊ သူလိုအပ်တာ လုပ်ပေးမယ်၊ အမြဲ တံခါးဖွင့်ကြိုမှာ၊ အခုတောင် တံခါးဘဲလ်တီးတာ သူ ထင်လို့ ငါ ဝမ်းသာအားရ ထွက်လာတာ၊ ဒီရက်ပိုင်း သူ လာမယ်ပြောပြီး မလာလို့ ငါ မျှော်နေတာ၊ ထွက်လာတော့ မင်း ဖြစ်နေတယ် ...

မင်း သူ့ချစ်သူဖြစ်တာတွေ မဖြစ်တာတွေ ငါမသိဘူး၊ မင်းနဲ့လည်း ငါ ဘာမှမဆိုင်ဘူး၊ သူနဲ့ပဲ ငါဆိုင်တယ်၊ ဒါပေမယ့် သူ့ချစ်သူဆိုတဲ့ မင်းဟာ ကိုယ်လိုချင်တာ တစ်ခုပဲသိတဲ့ လူစားမျိုး ... တခြားလူသားတွေကြားထဲက မေတ္တာတရားကို နားမလည်နိုင်တဲ့ လူစားမျိုးဖြစ်နေတာ တစ်ခုတော့ ငါ ဘဝင်မကျဘူး၊ ကောင်မလေးကို ပြောရဦးမယ်၊ မင်းကို ရေရှည်လက်တွဲဖို့ဆိုရင် စဉ်းစားဦးလို့"





"ခင်ဗျား ... ဒီကိစ္စ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူးဗျ"

နိုင်ရန်က ဒေါသတကြီး မခံမရပ်နိုင် အော်ဟစ်လိုက်ပါသည်။

"ဆိုင်ပါသော်ကောကွ၊ ဒီကောင်မလေးကို ငါက မေတ္တာစေတနာ ထားတာကိုး"

"ခင်ဗျား ..."

"ကဲ ... မင်းဒေါသတွေကို ကောက်သိမ်းပြီး မင်း ပြန်စမ်းပါကွာ၊ မင်းနဲ့ စကားပြောရတာ Chemistry မကိုက်ဘူးဖြစ်နေတယ်၊ ဒီကိစ္စကို ထပ်တားမြစ်ပိတ်ပင်ဖို့တော့ မင်း ငါ့ဆီ ထပ်မလာနဲ့ကွာ၊ ကောင်မလေးနဲ့ မင်းက သက်ဆိုင်သူဆိုတော့ ကောင်မလေးကို တားလို့ရရင်လည်းတား၊ မရရင်လည်း ဝမ်းနည်းပါတယ်ကွာ၊ ရမယ်တော့ မထင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကောင်မလေးက ငါ့ကို လိုအပ်လို့သာ ငါ့ဆီလာတာပေါ့ကွ၊ ငါ့ကိုမလိုအပ်ရင် သူဘယ်လာပါ့မလဲ၊ ဒီတော့ မင်း တားမြစ်လည်း မရပါဘူး၊ မဆိုင်သလိုသာ ခဏဘေးထွက်နေလိုက်ပါ"

စကားတို့က နိုင်ရန့်ကို ဆတ်ဆတ်ခါစေပါသည်။

"နိုင်ရန်ဆိုတာ ခဏတဖြုတ် ဘေးထွက်နေပေးမယ့်သူမျိုးတော့ မဟုတ်ဘူးဗျ၊ ဘေးထွက်လိုက်ပြီးရင်လည်း ဘယ်တော့မှ စည်းထဲပြန်မဝင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီ အော့ မင်းသဘောပေါ့ကွာ၊ စိတ်တိုင်းကျသလို လုပ်ပါ"

"ခင်ဗျားခေါင်းက ဖြူနေတဲ့ ဆံပင်တွေကြောင့် ကျွန်တော့် စိတ်ကို ထိန်းထားတာဆိုတာ သဘောပေါက်ပါ၊ ခင်ဗျားနဲ့ ကျွန်တော် ရွယ်တူချင်းဆိုရင် ပြဿနာဟာ တစ်ထိုင်တည်း ပေါက်ကွဲဖြေရှင်းပြီးသား ဖြစ်သွားမှာပဲ၊ နိုင်ရန်က ကိုယ့် အပေါ်သစ္စာမဲ့လာရင်တော့ ဘယ်တော့မှ မကျေဘူးဗျ — ခွင့်လည်း မလွှတ်ဘူး"

"ကိုယ့်အပေါ် သစ္စာမဲ့တာဆိုရင် ခွင့်မလွှတ်ဘူး မကျေဘူး ဆိုတာ မင်းက ခုမှရေရွတ်နေတာပါ၊ ငါက မင်း မွေးကာ စလောက်ကတည်းက ရေရွတ်လာတာ၊ အဲဒါကြောင့်လည်း လောကကြီးထဲ ငါ ဒီလိုပုံကြီးနဲ့ လေလွင့်တဲ့ လူပိုကြီးဖြစ် လာတာ၊ ကိုယ်တိုင်ရထားတဲ့ သင်ခန်းစာကို လက်ဆင့် ကမ်းပေးတာပါ၊ ကျေချိန်တန်ရင် ကျေဖို့ အခြေအနေပေး လာရင် ကျေပေးလိုက်ရတယ်ကွ၊ အဲဒါမှ လူသားပီသတယ် ငါလိုကောင်တောင် လူသားပီသအောင် ကြိုးစားနေပြီ မင်းလို အညွန့်တလူလူနဲ့ လူတစ်ယောက်အတွက်ဆို လူသားပီသဖို့ ပိုလိုအပ်တာပေါ့"

"လူမပီသတဲ့သူသာ ပီသအောင်လုပ်ဖို့ လိုတာပါ၊ ကျွန်တော် လူပီသပြီးသား လူတစ်ယောက်ပါ … ဘာမှ ထူးကြိုးစားနေ ဖို့ မလိုပါဘူး"





"ဒါဆိုလည်း ပြီးတာပဲပေါ့ကွာ၊ ဟော့ အဒွေးကို တွေ့ရင် ပြောလိုက်စမ်းပါကွာ၊ ငါ့ကို သူလာခေါ်မယ် ပြောထား တာ၊ ငါ စောင့်နေတယ်လို့"

နိုင်ရန်သည် စိတ်ထဲမှသာ' ကျိတ်၍ တောက်ခတ် လိုက်မိပြီးလျှင် …

"မျှော်မနေနဲ့တော့ .. သူ့အမေဆေးရုံတက်နေရတာ ခင်ဗျား မသိဘူးလား၊ အခု အခြေအနေ သိပ်မကောင်းလို့ သူတို့ ပျာယာခတ်နေတာ … ခင်ဗျားကို သူတို့ခေါင်းထဲတောင် လုံးလုံးရှိမှာ မဟုတ်ဘူး"


နိုင်ရန်က ချာခနဲ လှည့်ထွက်လာပါသည်။ ဦးကျော် သွေးထင်မှာတော့ နိုင်ရန့် စကားကြောင့် တစ်ချက်တည်း ငိုင်ကျ သွားရပါသည်။ ဖြူသဲ အခြေအနေ မကောင်းဘူးတဲ့။ ဘယ်လို မကောင်းတာလဲ … ဘယ်လောက်တောင် မကောင်းတာလဲ။ သူ့ ဘက်က မေတ္တာနှင့် ခွင့်လွှတ်ကြောင်း ပြောလိုက်ချင်တာတောင် နောက်ကျနေတော့မလား။



www.burmeseclassic.com

www.burmeseclassic.com









၁၂

ဆေးရုံလှေကားထစ်များကို တက်လာသော အဆွေး
င့် ဦးမိုးညိုမှာ လှေကားကွေ့တစ်ခုသို့ ရောက်လျှင် ခြေလှမ်းတွေ
့ခနဲ ရပ်ကုန်ကြရပါသည်။

"ဟင် ..."

လှေကားကွေ့ တစ်ကွေ့ရဲ့ထိပ်က လူကို မော့ကာ
မြင် အဆွေးသည် လွှတ်ခနဲ ရေရွတ်အံ့သြသွားကာ ဖေဖေ့ကို
တ်ခနဲ ငုံ့ကြည့်လိုက်မိပါသည်။ ဦးမိုးညိုကလည်း လှေကားကွေ့
ထိပ်ကလူကို ဆက်မတက်ဖြစ်ဘဲ ရပ်ကြည့်နေသည်။

ဦးကျော်သွေးထင်ကို ဟိုးယခင်က ဖေဖေ တွေ့ဖူး
သလား မတွေ့ဖူးဘူးလား အဆွေး မသိပါ။ ဘာပဲဖြစ်ဖြစ်
အဆွေး ခြေလှမ်းအတုံ့ရယ်၊ ရှေ့ကလူရဲ့ သွင်ပြင်ဟန်အမူအရာ



www.burmeseclassic.com

www.burmeseclassic.com



တို့ရယ်ကို ကြည့်ကာ ဖေဖေ သိသွားပြီဆိုတာတော့ သေချာ
သည်။ အဆွေးသည် ဖေဖေ့ကို မျက်နှာပူ အားနာလှကာ ဖေ
ခံစားရမှာကို သနားမိပါသည်။

"ဦး ... ဘာလာလုပ်တာလဲ"

ဦးကျော်သွေးထင်က လှေကားနှစ်ထစ်ခန့်ကို ဆင်း
လာကာ ဦးမိုးညိုကို အကဲခတ်သည်။ ရိုးဖြောင့်တည်ကြည် လူချေ
သန့်လှ၍ လူကြီးလူကောင်း ဥပဓိလက္ခဏာ ထွက်နေသော
ဦးမိုးညို သဏ္ဌာန်ကို ကိုယ့်ကိုယ်ကိုယ်နှင့် ယှဉ်မိကာ သိမ်ငယ်
သယောင်ယောင် ရှက်သယောင်ယောင် တစ်ချက် ဖြစ်သွားရပါ
သည်။

ဝတ်စားဆင်ယင်ထားပုံတွေကိုက ဆန့်ကျင်ဘက်
ဦးမိုးညိုဟာ အသားညိုပေမယ့် အဆင်အယင် ခန့်ညားကျန်းမာ
ကြောင့် ရှင်းသန့်၍ ဝင်းထွက်နေကာ ဦးကျော်သွေးထင် ပုံစံက
တော့ ဗိုသီဗတ်သီ ကြမ်းပိုး ဆန်လှသည်။ ဘောင်းဘီ ဝတ်သည်
ဆိုသော်လည်း လူကြီးလူကောင်း ဘောင်းဘီဝတ်ပုံမျိုးဆိုလျှင်
တစ်မျိုးပါ။

ခါးတော့ အရောင်လွှင့်လွှင့် မွ၍ပုံကျကာ အောက်က
ဝေါ့ကင်းရှူးပေါ် အနားလုံး၍ တင်နေသော ခုခေတ်လူငယ်စတိုင်
ဘောင်းဘီမျိုးမို့ သူ့အရွယ်နှင့်ဆိုတော့ ပေါ့ရွှတ်ရွှတ် ပေါ့တန်တန်
သဏ္ဌာန်ကို ဆောင်နေသည်။

"သမီး ဘာဖြစ်လို့ ပေါ်မလာသလဲ"





ဦးကျော်သွေးထင်က ခပ်တိုးတိုး မေးလိုက်ပါသည်။
မိုးညိုက လှေကားလက်ရန်းကိုသာ စိုက်ကြည့်ငြိမ်သက်နေသည်။

"မေမေ သိပ်နေမကောင်းလို့ ခုတစ်လော ဆေးရုံမှာပဲ
သမီး အချိန်တုန်နေတာ ... ဦးဆီ လာမလို့ဘဲ ... ဘယ်လို
မှမအားလို့"

"အဲဒါကြောင့် လိုက်လာကြည့်တာ"

ဦးမိုးညို ရှေ့တွင် ဒေါ်ဖြူသဲ ရှိရာ ဆေးရုံပရဝုဏ်ထဲ
ရောက်နေသော ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်မိပါသည်။ သူ့ထုံးစံ
အတိုင်း ဂရုမစိုက်သလို နေကြည့်သော်လည်း မရပါ။ သူ့မှန်းတီး
သော ဦးမိုးညိုထံမှာ ရိုးဖြောင့်အေးချမ်းသော ဂုဏ်၏ အရှိန်အဝါ
တွေက ဖြာနေသလိုဖြစ်ကာ သူ အလိုလို နောက်ကောက်ကျနေ
ပါသည်။

"ဖေဖေ ..."

အဆွေးက ဖေဖေ့ကို တိုးတိုးလေး ခေါ်လိုက်ပါသည်။

"ဒါ ... ဦးကျော်သွေးထင့်လေ"

ဦးမိုးညိုက ဦးကျော်သွေးထင်ကို တစ်ချက်စိုက်ကြည့်
လိုက်၍ လူကြီးလူကောင်းဆန်စွာ ပြုံးလိုက်ကာ ...

"ခုမှပဲ မြင်ဖူးပါတယ်၊ ဝမ်းသာပါတယ်"

"ဦး ... ဒါ ... သမီးဖေဖေ ဦးမိုးညို"

ဦးကျော်သွေးထင်က ညှစ်ဖျစ် ပြုံးလိုက်ရသော
အပြုံးမဲ့မဲ့ တစ်မျိုးနှင့် မေးသွားဆတ်၍ အသိအမှတ် ပြုလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုယ့်ကို အရွှံးတွေပေးခဲ့သူကို တွေ့ရတာ ဝမ်းမသာပါဘူး။ ဆွေတွာတရားကို ရှေ့တန်းတင်ကာ သေကာနီး လူတစ်ယောက်ကို ကိုယ်တတ်နိုင်သည့် ပေးဆပ်မှုနှင့် ခွင့်လွှတ်ကြောင်း ပြသခဲ့ ရည်ရွယ်ဆုံးဖြတ်ထားသမျှတို့သည် တဖြည်းဖြည်း လျော့ခန်းလာ သလိုတောင် ထင်မိသည်။

"ဦး အခုလာလို့ မဖြစ်သေးဘူး"

ဦးကျော်သွေးထင်က အဆွေးကိုတော့ သံယောဇဉ် တစ်ခု ထားမိပြီဖြစ်၍ အသံကြည်ကြည်နှင့်ပင် ...

"ဘာဖြစ်လို့လဲ သမီး"

"ဦးပုံက 'ဘယ်လိုဖြစ်နေလဲ ဦးပဲ အသိဆုံးပေါ့"

"ဘာဖြစ်လို့လဲ သမီး"

"ဦးပုံစံကြီးက ဒီလောက် ရွတ်ထေနေတာ"

ဦးမိုးညိုပင် အဆွေး အပြောခံ အားနာသလို ဖြစ် သွားကာ ဦးကျော်သွေးထင်ကို ကြည့်လိုက်ပါသည်။ ဦးကျော်သွေး ထင်က သူ့ကိုယ်သူ ငုံ့ကြည့်ရင်း ...

"ဟုတ်လား ... အတော် ကြည့်ရဆိုးလား"

မွေ့ယူပုံမရမှ ဦးမိုးညို သက်ပြင်းချရသည်။ သူတို့ ဟာနှင့် သူတို့တော့လည်း ဟုတ်နေကြတာပါပဲ။

"ဆိုးတာပေါ့၊ ပြုပြင်ရဦးမယ်လို့ သမီးပြောတယ် မဟုတ် လား"

"ဒီတိုင်းတွေ့ရင် မကောင်းဘူးပေါ့"





"ဘယ်ကောင်းပါ့မလဲ ဦး၊ မေမေ ပိုစိတ်ထိခိုက်ပြီး ရောဂါတောင် ပိုဆိုးသွားနိုင်တယ်၊ ငါ့ကြောင့်များလားဆို တဲ့ နောင်တစိတ်နဲ့ ပိုညှိုးချုံးသွားမှာပေါ့"

"ဒါဖြင့် ..."

"ဦး ဒီမှာပဲ ရပ်ကျန်ခဲ့၊ ဒီနေ့ မေမေ နေလို့သိပ်မဆိုးရင် အဆွေး ပြန်ထွက်ခဲ့မယ်၊ ဦးပုံစံကို လိုက်ပြင်ရဦးမယ်၊ ဒီနေ့ မဖြစ်ရင်လည်း တစ်ရက် ပြန်ချိန်းမယ်"

"သမီး ဦးကျော်သွေးထင်နဲ့ သွားစရာရှိရင် သွားလိုက်ပါ၊ ဖေဖေ ဒီနေ့ ရုံးမှာ အလုပ်ပါးလို့ ရုံးမလာဘူး မှာခဲ့တယ်၊ သိပ်အရေးကြီးတာရှိမှ ဖုန်းဆက်ခေါ်ကြလိမ့်မယ်၊ ဆေးရုံ မှာ ဖေဖေ ရှိတာပဲ"

ဦးမိုးညိုက ဦးကျော်သွေးထင်ကို ခပ်စိုက်စိုက်ကြည့် တာ ...

"ဦးကျော်သွေးထင်ကို ခုကိစ္စအတွက် ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးဗျ"

ဦးကျော်သွေးထင်က ဘုတောလိုက်ပါသည်။

"ခင်ဗျားက မလိုဘူး ထင်ပေမယ့်လည်း ကျွန်တော်ကတော့ ကျေးဇူးတင်တာပါပဲ၊ တစ်ယောက်သောသူရဲ့ စိတ်နာကြည်း မှုကြီးကို တစ်သက်လုံး ဖိစီးခံစားပြီး သေသွားရမှာမျိုးကို မဖြစ်စေချင်လို့ပါ။ ခင်ဗျား လာတွေ့ပေးတယ် ဆိုတာနဲ့ ခင်ဗျား ခွင့်လွှတ်လို့ပဲလို့ သူ ခံစားနိုင်ပြီး မသေခင် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာသွားရင် ကျွန်တော် ကျေနပ်တယ် ဦးကျော်ဆွေ ထင်၊ ဒီကိစ္စအတွက် ကျွန်တော် ဘယ်လောက်ထိ စွန့်စား ပေးဆပ်ရတယ်ဆိုတာ ခင်ဗျား သဘောပေါက်လာပါလိမ့် မယ်"

အဆွေးက ဖေဖေ့ကို ကရုဏာနှင့် ငေးၡကြည့်သည်။ မေမေ့ကို သူ့ချစ်သူဟောင်းနှင့် ပေးတွေ့ဖို့ ဖေဖေ စွန့်စွန့်စားစား ဆုံးဖြတ်ရတာ ဖြစ်မှာပါ။ ဘယ်လိုလူက ဒီလောက်သဘောထား ကြီးနိုင်မှာလဲ။ ဖေဖေ့ကို အဆွေးက အဆင်တကြီး ပို၍ ချစ်မြတ် နိုးမိပါသည်။

"ဒီဆေးရုံကို ဦးသိလို့လား"

"ဟိုနေ့က သမီးစကားထဲပါလို့ မှတ်မိနေလိုက်တယ် ဒို့မို့ရင်လည်း မလိုက်လာပါဘူး၊ မနေ့က အိမ်ကို နိုင်ငံ ဆိုတဲ့သူငယ် လာလို့"

"ဟင် ... ဦးဆီကို ရန် လာတယ်"

"ဟုတ်တယ်၊ ဘုဆတ်ဆတ်ကောင်လေးပါ၊ သူက အဆွေး မလာနိုင်တာ သူ့အမေ ရောဂါဆိုးလာလို့လို့ ပြောသွားတယ် ဒါကြောင့် ကိုယ်ကူညီမယ် ဆုံးဖြတ်ပြီးသား ကိစ္စတစ်ခု မကူညီလိုက်ရဘဲ အချည်းနှီး ဖြစ်သွားမလားတွေးပြီး ဆေးရုံကို လာကြည့်လိုက်တာပဲ၊ ဒီရောက်တော့ ဝင်သင့် မဝင်သင့် ချိန်နေတာ၊ နောက်တော့ ... သမီးကိုတွေ့ မှပဲ ဆုံးဖြတ်တော့မယ်ဆိုပြီး ဒီမှာ ရပ်စောင့်နေတာ"





"ဦး ခဏဆက်စောင့် ... မေမေ့ကို ဝင်တွေ့ပြီး သမီး ပြန် ထွက်လာမယ်၊ နော် ... ဖေဖေ၊ ဦးကို နည်းနည်းသပ်ရပ် ပြုပြင်မလို့ပါ"

"သွားပါ သမီးရေ"

မေမေ့ အခန်းထဲဝင်ကာ မျက်နှာခဏပြပြီးသည်နှင့် အလုပ်ကလေးတစ်ခုရှိလို့ဟု အကြောင်းပြလျက် အဆွေးက ပြန် ထွက်လာသည်။ ဖေဖေကတော့ ဒီနေ့အဖို့ တစ်နေကုန် နေပေမည်။ အဆွေးသည် ထွက်မလာခင် ဖေဖေ့ကို နှစ်သိမ့်သလို အပြုံးကလေး တစ်ချက်နှင့် နှုတ်ဆက်သည်။ ဖေဖေ အဆွေးကို ပြန်ပြုံးကြည့်နေ သော အကြည့်က ရီဝေဝေ ... ဆွေးတေးတေး ...။

ဖေဖေ ဘယ်လိုခံစားနေရပါလိမ့်။ ဖေဖေ့ကို အဆွေး ချစ်သည်။ သနားသည်။ မဆီမဆိုင် အားလည်းနာသည်။ ဦးကျော် ဆွေးထင်နှင့် ဆေးရုံပေါက အတူဆင်းလာရင်း ...

"ဖေဖေက သနားပါတယ်"

အဆွေးက မအောင့်နိုင်ဘဲ ပြောမိသည်။

"မသနားပါဘူး၊ ဘာလို့ သနားရမှာလဲ"

"ဟော် ... ဦးကလည်း ... ကိုယ့်မိန်းမကို သူတစ်သက်လုံး တမ်းတနေတဲ့ ချစ်သူဟောင်းနဲ့ မသေခင် ပေးတွေ့တာ နည်းတဲ့သဘောထားကြီးမှုလား၊ ကိုယ့်ကိုမချစ်တဲ့ မိန်းမ ကို သူချစ်တဲ့ ယောကျ်ားနဲ့ ကိုယ်တိုင်ပေးတွေ့ရတာ၊



www.burmeseclassic.com

www.burmeseclassic.com



မေမေက အရမ်းစိတ်ကောင်းရှိပြီး စိတ်ထားပြည့်ဝလို့
ဦးရဲ့"

"ဒါတော့ ... သူက အစောကြီးကတည်းက သူများချစ်
မိန်းမတစ်ယောက်ကို ယူထားတာကိုး၊ ကင်းကင်းရှင်းရှ
သူ့ကိုချစ်တဲ့သူကို ရှာယူပါလား"

"ဩော် ... ဦးကပြောတော့ လွယ်တာပေါ့ ... ဖူးစာဆိုတ
ဒီလူနဲ့ ဒီလူနဲ့ တွဲပြီးပါလာပြီးသား၊ ဒီလိုဒီလိုတွေဖြ
အကြောင်းက သူ့ဟာသူ ကံစီမံရာ ဖန်လာတာ၊ မေ
ကလည်း သူနဲ့ယူပြီးရင် သူ့ကိုချစ်မယ် ထင်မှာပေါ့"

"ဒါ ... သူမှားတာပဲလေ"

"အိုး ... ဦးက မေမေ့ကို မနာလိုနေတာ ... မုန်း
တာ"

"မှန်တယ်လေ ... မင်း အမေကို မုန်းတာ ငါ ဝန်ခံ
တယ်၊ ကိုယ့်ချစ်သူကို ယူသွားတဲ့သူကို ကျုပ်က မြတ်
ကြည်ညိုနေပါ့မလား၊ သူ့အမေထိတော့ နာတတ်လိုက်တ
ငါကတော့ မင်း ပြောဆိုနေပုံလေးတွေ နားထောင်ပြီး
အလိုလိုသံယောဇဉ်တင်းမိလို့ မင်းလိုချင်တဲ့ အကူအညီ
ပေးတာ၊ ငါက ဘာသံယောဇဉ်မှ ထားတဲ့ကောင် မဟုတ်ဘူ
ငါ့အစ်မကမွေးတဲ့ ငါ့တူ၊ တူမ အရင်းတွေကို နာမည်
အောင် မသိဘူးဆိုရင် ယုံသလား"





"ယုံပါတယ် ... မဟုတ်ဘဲ အလကား ဦးက ဘယ်ညာမလဲ"

"အေး ... မင်းရဲ့ အဲဒီအပြောလေးတွေက သန့်ရှင်းပြီး
ကလေးလို ဖြူစင်နေတာ၊ ဒါတွေကြောင့် မင်းအပေါ် ငါ
စိတ်ကောင်းဝင်တာ နေမှာပေါ့၊ လှည်းတန်းမီးပွိုင့်ကျွန်းထဲ
ဝင်ထိုင်နေတုန်းက မင်းမျက်နှာကိုကြည့်ပြီး ကိုယ့်ကိုယ်
ကိုယ် အတော် နှောင်တရမိတယ်၊ ကလေးတစ်ယောက်ကို
အနိုင်ကျင့်မိတယ်ဆိုပြီး ကိုယ့်ကိုယ်ကိုယ် အတော်ရှံမိတယ်၊
ငါ့ဘဝရဲ့ ဒီဘက်အနှစ်နှစ်ဆယ်ကျော်အတွင်း မင်းကလွဲ
ရင် ဘယ်သူ့အပေါ်မှ ငါ အကြင်နာမပေါက်ဖူးဘူး"

"အဆွေးက မေမေ့သမီးမို့ ထင်တယ်"

"ဒါလည်း ပါကောင်းပါမှာပေါ့လေ၊ ဒါပေမယ့် ညည်းအမေ
ကို မနေ့တစ်နေ့အထိ ငါ နာကြည်းနေတာပါ၊ မင်းဆီက
စကားတွေ ကြားရပြီး ကူညီလိုက်မယ်လေလို့ ဆုံးဖြတ်
တာနဲ့ တစ်ပြိုင်နက် ဒီနာကြည်းမှုတွေကို ဦး အဆုံးသတ်
လိုက်ပါတယ်၊ တကူးတက လုပ်ယူရတာ မဟုတ်ဘဲ ပြေ
ပျောက်သွားတာပါ"

"ကျေးဇူးတင်ပါတယ် ဦးရယ်"

"သမီး အမေကိုလည်း မုန်းမယ့်သာ မုန်းတာပါ၊ စဉ်းစား
လိုက်ရင် ဒီလူဟာ ချီးကျူးစရာကောင်းတဲ့ စိတ်ထားရှိပါ
တယ်၊ ဒီအခြေအနေမျိုးမှာ သမီးအမေကို လာတွေ့ပေးစေ
ချင်တဲ့ စေတနာဆန္ဒမျိုး တော်ရုံလူ မပေါက်နိုင်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဦး ကိုယ်တိုင် ဆိုရင်လည်း ဒီစိတ်ထားကောင်းမျိုး မွေးနိုင်မယ် မထင်ပါဘူး"

အဆွေးက ဦးကျော်သွေးထင်ကို စေ့စေ့လေး မော့ကြည့်ကာ ...

"ဦး ဒီစကားတွေ ပြောနေတဲ့အချိန်မှာ ဦးရဲ့မျက်နှာပေါ်က အရိပ်တွေဟာ သိပ်ကောင်းတာပဲ၊ ဦးရဲ့ရုပ်တောင် နည်းနည်းပြောင်းလာတယ်၊ သမီး ဦးကို စ,တွေ့တဲ့ အချိန်တုန်းက ဦးရဲ့ရုပ်က သိပ်ဆိုးတာပဲ"

ဦးကျော်သွေးထင်က တဟားဟား ရယ်လိုက်မိပါသည်။

"ရုပ်ကြီးက ကမ္ဘာလောကသားတွေ အပေါ်မှာ မလိုမုန်းထားမှုတွေ အပြည့်ရှိနေတယ်၊ အခုတော့ ဦး မျက်နှာပေါ်မှာ နွေးထွေးမှုတွေ ရှိလာတယ်၊ အရင်က ဦး မျက်နှာပေါ်မှာ "အယူ" တွေပဲရှိတာ၊ အခု "အပေး" တွေပါ တွေ့လာရပြီဆိုတော့ အပေးအယူ မျှတ,တဲ့မျက်နှာ ဖြစ်သွားပြီ"

"အင်း ... အဲဒါ သမီးကြောင့်ပါပဲ"

ဦးကျော်သွေးထင်က စကားကို ခပ်တိုတိုပဲ ပြောလိုက်ပေမယ့် ရင်ထဲမှာတော့ ဒီထက်ရှည်လျားသော စကားတွေ အများကြီး ကျန်ပါသေးသည်။ ဒီကောင်မလေးကို ဦးကျော်သွေးထင် အမှန်ပဲ မေတ္တာထားမိပါသည်။ ဖြူဖြူစင်စင်နှင့် သူကလေး





အပေါ် နွေးထွေးစွာ တွယ် [illegible] မှာ သူကစ်ချိန်က သိပ်ချစ်ခဲ့ရသော ဖြူသဲရဲ့ သမီး နဲ့တူလို့လား။

သူ့ရင်ထဲ ဒီလောက်ပဲတောင် မကသလိုပင်။ အပြစ်ကင်းစင်လှတဲ့ ဒီကလေးမလေးကို သူ့ရင်ထဲ တူမရင်းလေးတစ်ယောက်၊ သမီးရင်းလေး တစ်ယောက်လိုကို လှိုက်လှဲမိတာ။ ဤလှိုက်လှဲနွေးထွေးမှုမျိုး သူ့ရင်ထဲ ဖြစ်ဗျာည်လာတတ်ခဲ့သည်မှာ နှစ်နှစ်ဆယ်ကျော်ပါပြီ။

"ကဲ ... ကဲ ... တို့များ ဘယ်ကိုသွားကြမလို့လဲ"

"သမီး စိစဉ်တာတွေ ဦး မငြင်းနဲ့နော် ... မကန့်ကွက်နဲ့"

"သမီးကို ကူညီဖို့ လက်ခံလိုက်ကတည်းက မင်းရဲ့ဆန္ဒအားလုံးကို လိုက်နာဖို့ အသင့်ဖြစ်နေပြီ"

"ဒါဆိုရင် ..." [illegible]

ကားငှားကာ အဆွေး ခေါ်ဆောင်ရာသို့ ဦးကျော်သွေးထင် ပါလာပါသည်။ မြို့ထဲ လမ်းကျယ်တစ်ခု၏ ပထမထပ် အခန်းကျယ်ကြီးတစ်ခုသို့ သူ ဝင်လိုက်ရပါသည်။ ဆိုင်ခန်းကြီးထဲက အမျိုးသမီးတို့က အဆွေးနှင့် ကျွမ်းဝင်နှင့်သည်။

"အဆွေး ... ပေါ်မလာတာကြာပြီ"

"မေမေ နေမကောင်းလို့ မမရီရယ်"

"အေး ... ကြားတယ်၊ အဆွေးတို့ ကုမ္ပဏီက နွေးနွေးတို့ ပြောလို့ စိတ်မကောင်းဘူး အဆွေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတို့ကတော့ အဆွေးနှင့် အတူပါလာသော လူကြီးကို အကဲခတ်ကြကုန်သည်။

"ဒါ အဆွေး ဦးလေး၊ ဦးလေးကို ပုံပြောင်းပေးပါ၊ သန့်ပေးပါ၊ ဆံပင်ညှပ်မယ်၊ ဆေးဆိုးမယ်၊ အမွေးအမျှင်တွေ ပယ်မယ် ... မျက်နှာသစ်မယ်၊ အဆီခြောက်အောင် ပေါင်းတင်မယ်"

ဦးကျော်သွေးထင်သည် အလန့်တကြားနှင့် အဆွေးကို ကြည့်မိပါသည်။

"သမီး"

"ရှင်"

"ဘာတွေ လုပ်မှာတုန်း"

"ခုန သမီးပြောသွားတာတွေလေ"

ဦးကျော်သွေးထင်သည် "ဆံသ"လို့ နာမည်တပ်ထားသော တစ်ခါညှပ် နှစ်ရာ သုံးရာထက် ပိုမပေးရသည့် ဆိုင်တွေမှာသာ အလွယ်တကူ ညှပ်ဖြစ်နေပါသည်။ သုံးလေးလနေလို့လည်း တစ်ခါညှပ်တာမဟုတ်၍ ဆံပင်ညှပ်ဆိုင်၌ အချိန်မပေးရတတ်။ အမွေးအမှင်တို့ကိုလည်း အိမ်မှာပဲ ဖြစ်သလို ညှပ်တန်ညှပ်၊ ရိတ်တန်ရိတ်၊ ပစ်ထားတန်ပစ်ထား။

အခု ဒီအလှပြင်ခန်းမကြီးမှာ သူ့မျက်စိ၌ ဆန်းကျယ်နေပါသည်။ အေးစိမ့်နေသော ခန်းမကျယ်ကြီးထဲ မှန်ချပ်တွေက အပြည့် ... ဆံပင်ညှပ်စင်တွေကလည်း မနည်း။ ခေါင်းလျှော် အိပ်စင်တွေကလည်း အများကြီး။ ယောကျ်ားတွေရော မိန်းမတွေပါ ညှပ်,ဖြတ်၊ ကောက်၊ လျှော်၊ ဆေးဆိုး စသဖြင့် ပွဲတော်ကြီးအလား ဖြစ်နေသည်။





"ဒီမုတ်ဆိတ် ... နှုတ်ခမ်းမွေးတွေကတော့ နည်းနည်းပါးပါး ချန်ထားပါဦး သမီးရယ်၊ မျက်နှာပြောင်ကြီး ဖြစ်နေပါမယ်"

"ဦး ဒါတွေထားထားလို့သာ ရိတ်ပစ်ရင် မျက်နှာပြောင်မှာ စိုးနေရတာပေါ့၊ ဟိုးအရင်က ဦးမျက်နှာပြောင်ကြီးနဲ့ပဲ မဟုတ်လား၊ ဒီတစ်ခါ ပြောင်သွားပြီးရင် နောက်တစ်ခါ ပြောင်တယ်ဆိုတာ ဘယ်ရှိတော့မလဲ"

ဦးကျော်သွေးထင်သည် မျက်နှာကလေးရှုံ့ကာ ...

"သမီးရယ် ... မျက်နှာပေါ် ဒါတွေ ဖုံးကွယ်ပြီး နေလာတာ အနှစ် နှစ်ဆယ်ကျော်ပြီကွယ့် ..."

"ဒီနေ့ကနေ နောက်ထပ် အနှစ်နှစ်ဆယ်ကျော်ကို ဒါတွေ မရှိဘဲ နေသွားပေတော့"

"ဆံပင်တွေ ဘာတွေက တော်ပါသေးတယ်"

"သမီးရဲ့ ဆန္ဒအားလုံးကို လိုက်နာဖို့ အသင့်ပြင်ပြီးပြီဆို"

ဦးကျော်သွေးထင်သည် အဆွေး မျက်နှာကလေးကိုကြည့်ရင်း ပြုံးလာရကာ လက်နှစ်ဖက်ကိုသာ လုပ်ချင်ရာလုပ်ပေတော့ ဆိုတဲ့ပုံမျိုးနှင့် မြှောက်ပြလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်အရင်ဆုံးညှပ်သည်။ ကက်တလော့ဂ်စာအုပ်တွေကိုလှန်ကာ အဆွေး တစ်ယောက် အလုပ်ရှုပ် ဗျာများနေပါသည်။ အတန်ကြာမှ သူ့စိတ်ကြိုက်ရကာ ...

"မမရီ ... နားထင်ဘေးကို ဒီလိုပါးပြီး ခပ်တိုတို သပ်သပ်ရပ်ရပ်ပေါ့၊ ရှေ့ဆံပင်ကိုတော့ လှူကြီးဆန်ဆန် နောက်လှန်ဖြီးလို့ရအောင် နည်းနည်းရှည်ထားပေါ့၊ ပြီးရင်နောက်ကို လှန်ဖြီးပြီး ကြွေတောင့် တိုက်မယ်လေ"

"ဟုတ်ပြီ ... ဟုတ်ပြီ ... သဘောတူတယ်နော် ဦး"

"တူပါတယ်ဗျာ"

ဆိုင်ရှင် မမရီ ကိုယ်တိုင် ဦးကျော်သွေးထင် ခေါင်းကို ကိုင်သည်။ ပြုတ်ကျလာသော ဆံပင်စတွေကို လိုက်ကြည့်နေမိရင်း ဦးကျော်သွေးထင် သံဝေဂတွေ ရနေမိပါသည်။ ဆံပင်ညှပ်လို့ ပြီးသွားတဲ့အခါ နားထင်ဘေး လည်တိုင်ဘေးတွေ ရှင်းပြောင်ပြောင်ကြီး ဖြစ်နေ၍ ကိုယ့်ကိုယ်ကိုယ် ရယ်ချင်နေပါသည်။

ဆံပင်ညှပ်ပြီးတော့ ခေါင်းလျှော်။

အိပ်စင်ပေါ် ခေါင်းကို ဒိမ်ကျအောင် လျှော်ပေးရင်း နှိပ်ပေးနေသည့်အတွက် ငိုက်မြည်း၍ပင် လာပါသည်။

"ဦး ... ဦး ..."

"ဗျာ ... ဟော ... ဘာလဲ"

"ဘာလို့ အိပ်ပျော်သွားတာလဲ"





"ဟုတ်လား ... ဆောရီး ... ဆောရီး ... ထ,ရတော့မလား"

ကျုံးရုန်းထသော ဦးကျော်သွေးထင်ကို နဖူးမှဖိ၍ အဆွေးက ပြန်အိပ်စေရင်း ...

"မထ,ရပါဘူး၊ ခေါင်းလျှော်တာတော့ ပြီးနေပြီ၊ ဒီပုံစံအတိုင်းပဲ ဆံပင်ဆက်ဆိုးမှာ။ အိပ်သာနေ"

"ဒါဖြင့်လည်း ဘာလို့ နှိုးသေးလဲဟာ"

"အိပ်နေပေမယ့် အိပ်မပျော်နဲ့"

"ဟော ..."

"ရှေ့ကနေ မမရီက နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ရိတ်မလို့၊ ဦး အိပ်ပျော်ရင်းက ယောင်ရမ်းလှုပ်လိုက်ရင် သင်တုန်းဓား ထိမှာစိုးလို့"

"ဪ ..."

"ငြိမ်ငြိမ်လေးသာနေ"

"အေးပါ၊ ဓားအသစ် ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ... အသစ်စက်စက်"

"ဖြီးရော ... လုပ်ချင်ရာသာ လုပ်ကြတော့"

ပက်လက် အိပ်နေသော ဦးကျော်သွေးထင်ကို တစ်ယောက်က ဘေးကရပ်၍ မုတ်ဆိတ်ရိတ်နေကာ အထက်ခေါင်းရင်းက တစ်ယောက်က ဆံပင်ဆိုးနေပါသည်။ ဆံပင်ဆိုးဆေး ခဏထားတုန်း မုတ်ဆိတ်ရိတ်လို့ ပြီးသွားပြီဖြစ်ရာ မျက်နှာသစ်၍ ပေါင်းတင်ဖို့ နှိပ်ကြနယ်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

"ဘာလဲ … ဘာလဲ"

အဆွေးရဲ့ အလန့်တကြား အသံကြောင့် ဦးကျော်သွေးထင်ကပါ အလန့်တကြား လူးလွန့်သည်။

"ငြိမ်ငြိမ်နေပါ ဦးရဲ့"

"ညည်းက အလန့်တကြားနဲ့ ဘာဖြစ်တာလဲ"

"မှတ်ဆိတ်တွေ ရိတ်လိုက်တော့ ဦးက ငယ်ငယ်လေးပဲ ရှိသေးတယ် … ကြည့်စမ်း …၊ ချောလည်းချောတယ်တော့"

"ဝေါ် … ဒီကောင်မလေး"

ဦးကျော်သွေးထင်မှာ ဘေးက ဝိုင်းရယ်ကြသံတွေကြောင့် ရှက်ကိုးရှက်ကန်းပင် ဖြစ်ရပါသည်။ ဒီခံစားမှုမျိုးဟာ မခံစားတတ်တာပင် ကြာပြီ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်အတွင်း ဒီနေ့တစ်ရက်ဟာ သူ့ဘဝမှာ ပထမဦးဆုံး ပြန်ပြီးရယ်မောပျော်ရွှင် စိတ်လှုပ်ရှားရသော နေ့ဖြစ်တော့သည်။

မျက်နှာပေါ် အေးသွားလိုက် နွေးသွားလိုက်တွေကို ခံစားရင်း သူ့ရင်ထဲ၌လည်း နွေးသွားလိုက် အေးသွားလိုက်ပင်။ အဆွေးရဲ့ တတွတ်တွတ် စကားသံတွေ၊ ဆိုင်က မိန်းကလေးတို့ရဲ့ ရယ်မောသံ နောက်ပြောင်သံတွေ။ သူ့အဖို့မှာ စည်စည်ကားကားနှင့် အဖော်တရန်းရန်း ရနေသလို ခံစားရကာ ကြည်နူးနှစ်သိမ့်နေပါသည်။

"ဦး အသက်ဘယ်လောက်ရှိပြီလဲ"





"လေးဆယ့်နှစ်"

"ဟင် … ငယ်ငယ်လေးရယ်၊ ဒါနဲ့များ အဲဟိုဆံပင်တွေက ဘာဖြစ်လို့ ဖြူရတာလဲ"

"သြော် … ဒါတော့ ဘယ်သိနိုင်ပါ့မလဲ၊ စိတ်ညစ် စိတ်ရှုပ်ရ သောကများရလို့ ဖြစ်မှာပေါ့"

"ဦးလောက် သောကနည်းမှာ ဦးပဲရှိမှာများ၊ ဦးနောက်ထဲမှာ လူတွေကို ဘယ်လိုဝတိုက်ရမလဲ အစွဲ့တိုက်ရမလဲ ဘယ်လို ရန်လုပ်ရမလဲ စဉ်းစားရလွန်းအားကြီးလို့ ဖြူလာတာ ဖြစ်မှာပါ"

"သြော် … ဒီကောင်မလေး … လူပုံအလယ်မှာ ငါ့ကို အရှက်ခွဲနေပြန်ပြီ"

ခေါင်းပေါ်ရော မျက်နှာပေါ်ပါ ပေါ့ပါးသွားတာနှင့်အပြိုင် ဦးကျော်သွေးထင် စိတ်တွေကပါ ပေါ့ပါးလာသလိုပင်။ တစ်ချိန်ထက်တစ်ချိန် စိတ်က လတ်ဆတ်သစ်ပျိုလာသည်။ အဆွေးသည်လည်း သူ့ကို ဤမျှ အလိုကျလိုက်လျောလိမ့်မည်မထင်ရသည့် ဦးကျော်သွေးထင်ရဲ့ ကြည်ဖြူမှုကို အံ့အားသင့်ရသည်နှင့်အမျှ ဒီလူကြီးကို ချစ်ခင်ရင်းနှီးစိတ်က တဖြည်းဖြည်းတိုးလာရပါသည်။

"မပြီးကြသေးဘူးလားဟေ့၊ လူက အတော့ကို အိပ်ချင်နေပြီ"

"ပြီးပါတော့မယ် ဦး"



www.burmeseclassic.com

www.burmeseclassic.com



စပြီးဆံပင်ညှပ်သည်မှ နှစ်နာရီခွဲကျော်ကြာမှ အားလုံးပြီးစီးပါတော့သည်။ ဆေးနက်ဆိုးပြီးသော ဆံပင်ကိုလည်း ပြန်လျှော်ပြီးပြီ။ မျက်နှာပေါ်က ပေါင်းတင်တာတွေကိုလည်း ပြန်သန့်ရှင်းပြီးပြီ။

"ဦး ... ထ,လို့ရပြီ၊ ဟိုဘက်ခုံမှာ သွားထိုင်တော့"

ဦးကျော်သွေးထင်က ခေါင်းလျှော်စင် ကုတင်လေးပေါ်မှ ထ,လာကာ မှန်ရှေ့ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်မိပြီးသော် မှန်ထဲကလူကို အံ့အားသင့်စွာပဲ ငေးစိုက်ကြည့်နေမိပါသည်။ ဆံပင်တွေက ပုံကျသပ်ရပ်နက်မှောင်နေကာ ဆံဖြူတွေ မရှိတော့၍ ရုပ်က နုသွားပါသည်။ ခုမှ ပေါင်းတင်ပြီးစမို့ ဝင်းမွတ်ဖြူတင်းနေသည့် မျက်နှာပြင်ပေါ် မေးရိုးတစ်လျှောက် ခပ်စိမ်းစိမ်းအစက်အပျောက်ရာလေးတွေသာ ကျန်ကာ ချောမောကြည့်ကောင်းသော ရုပ်က အထင်းသား ရှင်းလင်းပေါ်လွင်နေသည်။

အသိသာဆုံးကတော့ သူ့မျက်နှာပေါ်က အမူအရာအရိပ်အကဲပါ ပြောင်းလဲသွား၍ သူဟာ ကြမ်းပိုးတေလေ လူဆိုးဂျစ်ကန်ကန်ပုံ ပေါက်မနေတော့ဘဲ တည်ကြည်ငြိမ်သက်သော လူလတ်ပိုင်း လူကြီးလူကောင်းပုံစံ ပေါက်သွားခြင်းပင်။

အဆွေးသည် မှန်ထဲက ဦးကျော်သွေးထင်ကို သူ့နောက်မှ ရပ်ကြည့်ကာ မျက်နှာလေးက ကျေနပ်ပြုံးနှင့် ဂုဏ်ယူဝင်းလက်နေပါသည်။

"ကဲ ... ကျေနပ်ရောပေါ့ သမီး"





"အဝတ်အစား လိုသေးတယ်ဦး၊ ဟိုဘက်က ရှုပ်မားကက်မှာတင် ရယ်ဒီမိတ်ရှပ်ရော ချုပ်ပြီးသား ပုဆိုးရော ရပါတယ်၊ ဦးကို ခုလိုတွေ့ရတာ သမီးစိတ်ထဲ ကြည်လင်ချမ်းသာလိုက်တာ၊ မေမေလည်း ဒီလိုပဲ နေမှာပဲ ဦး"

ပိုက်ဆံကို အဆွေးက အတင်းရှင်းနေ၍ ...

"ကလေးမုန့်ဖိုးကို ဝိုင်းမသုံးပါရစေနဲ့ သမီးရယ်၊ ဒီကိစ္စအတွက် ဦးဘာသာဦး ကုန်ကျပါရစေ"

သူတို့ Beauty Saloon ထဲက ထွက်ကာ မလှမ်းမကမ်းမှ စတိုးဆိုင်ကြီးဆီ ရောက်လာပါသည်။ အဆွေးရဲ့ စိတ်တိုင်းကျ ရွေးချယ်မှုဖြင့် အဖြူပေါ် မီးခိုးစင်းသေးသေးကျဲကျဲမို့ မီးခိုးဖျော့ရောင်လေး ပေါ်လွင်သော အဲရိုးရှပ်လက်ရှည်တစ်ထည်၊ နက်ပြာရောင်လွှမ်းသော ပိုးတွဲကွက်စိပ်ပုဆိုးတစ်ထည်ကို ခုပဲဝယ်ယူလာကာ ခုပဲလဲလှယ်ဝတ်လိုက်ရပါသည်။

အဝတ်လဲခန်းမှ ထွက်လာသော ဦးကျော်သွေးထင်ကို အဆွေးက စိတ်တိုင်းကျစွာ ငေး၍ကြည့်နေပါသည်။

"မေမေ သိပ်စိတ်ချမ်းသာမှာပဲ ဦး ... သမီး ရင်ခုန်လိုက်တာ"

ဦးကျော်သွေးထင်က ပြုံး၍သာ နေမိသည်။ ကားငှားကာ ဆေးရုံသို့ အတူပြန်လာကြပါသည်။ လမ်းမှာ အဆွေးအသည်းလေးက တစာစာ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ဆေးရုံပေါ်လည်းဖြစ် ဝေဒနာသည် လူမမာလည်းဖြစ်နေတော့ အခု ဦးပုံစံလိုတော့ သားနားဝင့်ဝါမနေဘူးနော်၊ နွမ်းနယ်နေတာ၊ မေမေ့ကို ကြင်ကြင်နာနာ ရှိပါနော် ဦး"

"ရှင်းရှင်း ပြောရရင် အခု ငါ စမတ်ကျနေသလို လှနေသလို မလှနေဘူး … ဒါပဲမို့လား"

အဆွေးက သူ့အမေကို နှိမ်တာ မကြိုက်သလို နှာခေါင်းကိုရှုံ့ရင်း …

"အောင်မာနော် … မေမေက ခုမှ ရောဂါအဆောက်အဦကလည်းကြီးလို့ … မမာလို့ပါနော်၊ နေမကောင်း မဖြစ်ခင်က မေမေက တအားလှတာ"

"အေးလေ … ပြောသားပဲ၊ ညည်းက ညည်းအမေကို မမီပါဘူးလို့၊ ဒါ ညည်းအဖေနဲ့ တစ်ဝက်မျှ တူလို့ ညည်းအဖေဆီက ရုပ်ဆိုးကူးတာပေါ့"

"ဦးနော် …"

"ဩော် … အဖေနဲ့ အမေထိရင်များ ဆတ်ဆတ်ထိကို မခံချင်တာ၊ ငါ့လည်း ဒီလိုသမီးလေးတစ်ယောက် ရှိချင်လိုက်တာ"

"မိန်းမယူပေါ့ ဦးရဲ့"

"တော်ပါပြီကွာ … တစ်ကြိမ်တည်းနဲ့ မြားချက်က ပြင်းလွန်းလို့ ကြောက်လှပါပြီ၊ ဒါနဲ့ သမီးကို ပြောရဦးမယ်





ဦးလည်း သမီးစကားကို အလေးထားတယ်နော်၊ ဦးစကားကိုလည်း ကိုယ့်ဦးလေးသားချင်းက ပြောသလို အလေးထားပါ"

"ထားပါ့မယ် ဦးရဲ့၊ ဘာပြောမို့လဲ"

"နိုင်ရန် ဆိုတဲ့ ကောင်ကလေးက ညည်းချစ်သူဆို၊ သူ့စိတ်ဆန္ဒကိုပဲများ ဦးစားပေးလွန်းသလား၊ ဆိုလိုတာက တစ်ကိုယ်ကောင်း ဆန်သလား၊ အိမ်ထောင်ရေးဆိုတာ ပြုပြီးမှတော့ ပြောင်းလဲဖို့ ပြင်ဆင်ဖို့ ခက်တယ်နော် သမီး"

"ရန်က ကျန်တာ အားလုံးမှာ စိတ်သဘောထား ပြည့်ဝတဲ့သူပါ ဦး၊ သမီး အပေါ်မှာတင်မက ဖေဖေနဲ့ မေမေ့ကိုပါ လေးစားရိုသေနေရာပေးပါတယ်၊ သမီးဆန္ဒကိုပဲ အမြဲဦးစားပေးခဲ့တာပါ၊ ခုကိစ္စတစ်ခုမှာပဲ သူ သဘောထားသေးသလို ဖြစ်နေတာ၊ အဲလိုဖြစ်တာကလည်း ဦးနဲ့သမီးတို့ကြားက ကိစ္စကို သမီးက သူ့ကို မပြောချင်ဘူး၊ မေမေ့ဂုဏ်သိက္ခာအတွက်လည်း ပါပါတယ်၊ သမီး မပြောတဲ့အတွက် သူ သံသယဝင်တယ်၊ သဝန်တိုတယ်၊ သူ့ဒေါသကို ဒီကိစ္စအတွက် တစ်ကြိမ်ပဲ မြင်ဖူးတာပါ"

အဆွေး မျက်နှာလေးက ဒီစကားပြောတုန်း ညှိုးကျလာပါသည်။

"ဦးကို သူလာတွေ့ပြီးတဲ့နောက် သမီးဆီကို သူ အရောက်တောင်ကျဲသွားတယ်၊ သူ စိတ်ဆိုးနေတယ် ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သမီး နားလည်ပါတယ်၊ သမီးကို အယုံအကြည်ရှိပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ"

ဦးကျော်သွေးထင်က အဆွေးကို ငုံ့စိုက်ကြည့်နေပါသည်။





၁၃

မေဖေ့ကို အိမ်ပြန်ဖို့ အလုပြင်ဆိုင်ကနေ ဖုန်းဆက်မှာထားပြီးဖြစ်၍ အဆွေးတို့ ဆေးရုံရောက်ချိန်၌ ဆေးရုံအောက်တွင် မေဖေ့ကား မရှိတော့ပါ။

ဦးကျော်သွေးထင်က သပ်ရပ်နေသော သူ့ကိုယ်သူ အနေခက်သလို အနည်းငယ် တွန့်လိမ်ရင်း ...

"အခန်းထဲမှာ သမီးအဖေများ ရှိနေမလား"

"မေဖေ့ကို ပြန်ခိုင်းထားလိုက်ပြီ၊ မေဖေ မရှိတော့ဘူးဦး"

မေမေ့ အခန်းတံခါးဝသို့ ရောက်လာပါသည်။

"ဦးဘာသာဦး လာတယ်လို့ပဲ မေမေ သိပစေနော်၊ မေဖေတို့ သမီးတို့ သိတယ်ဆိုတာ မေမေသိရင် မေမေ စိတ်မကောင်း ဖြစ်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သွေးထင်က ပြုံးလိုက်ရင်း ...

"ဖြူသဲမှာ ဒီလို လင်ယောက်ျား ဒီလိုသမီးမျိုး ရှိနေတာ သိပ်ကံကောင်းတယ်နော် ... ဒီအိမ်ထောင်ရေးဟာ သူ့အတွက် အကောင်းဆုံးပါ"

"ကဲ ... ဦး ဝင်သွားလိုက်တော့၊ ဆရာမကို ခဏအပြင်ထုတ်လိုက်ပေ့၊ မေမေ တအား အံ့သြပြီး ရုတ်တရက် နေမကောင်းတွေ ဘာတွေဖြစ်ရင် အဆွေးတို့ကို လှမ်းခေါ်လိုက်နော်၊ နို့မို့ရင်တော့ အဆွေး အပြင်မှာရှိတာ မပြောပါနဲ့"

ဦးကျော်သွေးထင်က ပြုံးကာ ခေါင်းညိတ်ပြီး တံခါးကို ခေါက်လိုက်ပါသည်။ သူ့ရဲ့ရင်တွေဟာ ဆူဆူညံညံ ခုန်လာပါသည်။ လူငယ်လေး တစ်ယောက်ရဲ့ ဖောက်ပြန်ချောက်ချားသော ရင်ခုန်သံမျိုးတော့ မဟုတ်ပါ။ မမျှော်လင့် အိပ်မက် မမက်ခဲ့သည့် အတွေ့အကြုံအသစ်အတွက် စိတ်လှုပ်ရှားရလွန်းခြင်းသာ။

အနှစ်နှစ်ဆယ် ... နှစ်ဆယ့်တစ်နှစ်အတွင်း တစ်ကြိမ်မှ ပြန်မတွေ့ခဲ့ရသည့် ချစ်သူဟောင်း။ ခုတော့ ... တစ်စုံတစ်ယောက်ရဲ့ဇနီး။ သူနှင့် မတော်တဆတောင် မကြုံကြိုက်ချင်၍ အပြင်လောကကိုတောင် မလိုအပ်ဘဲ တတ်နိုင်သမျှ မထွက်ခဲ့။ ဒီအနှစ် နှစ်ဆယ်ကျော် အတွင်းမှာ အခန်းတွင်း အောင်းနေခဲ့သည့် အချိန်က များပါသည်။





ရုတ်တရက် တံခါးပွင့်လာကာ လုံချည်ပြာ ဆရာမတစ်ယောက် တံခါးဝမှာ ရပ်နေလျက် သူ့စကားကို စောင့်လင့်နေတာမို့ ...

"ဒေါ်ဖြူသဲ အခန်းပါနော်"

သပ်ရပ်သန့်စင် သားနားနေသော သူ့ကို ဆရာမက လေးလေးစားစားပင်။

"ဟုတ်ပါတယ်ရှင်"

"သြော် ... ကျွန်တော် ခဏလောက် သတင်းမေး ဝင်ကြည့်ချင်လို့ပါ။ အိပ်များ အိပ်နေလား မသိဘူး"

"အိပ်တော့ မပျော်ပါဘူးရှင်၊ ခုနပဲ သူ့အိမ်က ပြန်သွားတာပါ ... ဝင်ပါရှင် ..."

ဦးကျော်သွေးထင်က လှမ်းဝင်လိုက်ပါသည်။ ဝင်ဝင်ချင်း ညာဘက်က အိမ်သာရေချိုးခန်း။ ထိုအခန်းကန့်ကလေးက ခုတင်ကို ကွယ်နေသလိုဖြစ်၍ ခုတင်ခြေရင်းနှင့် ခြေဖျားကလေးကိုသာ မြင်နေရပါသည်။

အိပ်ရာပေါ်တွင် နာတာရှည်နေတာ ကြာပြီဖြစ်သော ခြေဖဝါးကလေးမို့ ဖြူနုနေပါသည်။ ဆရာမက အရင်ဦးစွာကုတင်ဘေး ရောက်သွားကာ ...

"မမရေ ... ဧည့်သည်လာတယ်"

ဒေါ်ဖြူသဲက အနည်းငယ် လှုပ်ရှားလိုက်ပါသည်။ ဦးကျော်သွေးထင်သည် လက်ဖျားတွေအေးကာ ခုတင်ခြေရင်းဘေး



www.burmeseclassic.com

www.burmeseclassic.com


ရပ်၍ ဒေါ်ဖြူသဲကို တစ်ချက်ကြည့်ပြီး မျက်လွှာဖျတ်ခနဲ ပြန်ချလိုက်မိသည်။ ခုတင်ခြေရင်းဘောင် သံတန်းကို ကိုင်ထားရာမှ လက်ချောင်းတွေကို လက်ပိုက်လိုက်သည်။

ခြေတွေ လက်တွေ ဘယ်လိုထားရမှန်း မသိအောင် အနေခက်နေ၍ မျက်နှာက ပူရှိန်းရှိန်းမြိန်းလာပါသည်။

"ကျော်"

အလန့်တကြား ရေရွတ်သံနှင့်အတူ ဒေါ်ဖြူသဲက ဝုန်းခနဲ လူးလဲထလိုက်၍ ဆရာမ အလန့်တကြားဖြစ်ကာ ...

"ဟယ် ... မမ"

ကမန်းကတန်း ထိန်းကိုင်လိုက်ပါသည်။

"မမ ... ဖြည်းဖြည်း၊ ဘယ်လိုထလိုက်တာလဲ၊ ဒီလောက် အားနည်းနေတာ၊ မောသွားမှာပေါ့"

ဒေါ်ဖြူသဲသည် ဦးကျော်သွေးထင်ကို စူးစိုက်ကြည့်နေပါသည်။ ဦးကျော်သွေးထင်ကလည်း ပြန်ကြည့်လိုက် မျက်နှာကို လွှဲလိုက် ... ဟိုကြည့်ဒီကြည့် လုပ်လိုက်။ ဘာစကားစ,ပြောရမလဲ မသိဘဲ နှုတ်ခမ်းတွေသာ တဆတ်ဆတ်လှုပ်ကာ ဦးကျော်သွေးထင် ရင်ထဲ တင်းကျပ်နင့်ဆို့လာသည်။

လူကောင်းတောင် ဒီလောက် ခံစားနေရတာ လူမမာ အဖို့ ဘယ်လိုများ ခံစားရလေမလဲရယ်လို့ ကရုဏာသက်နေပါသည်။ ဖြူသဲမျက်ရည်ကျလာလိမ့်မည်လို့ သူထင်ကာ ဆရာမကို ကြို၍ မျက်နှာပူနေသော်လည်း ဒေါ်ဖြူသဲက မျက်ရည်မကျပါ။

"မမ ... ပြန်လုံမလား၊ လက်ကလည်း ဒရစ်ပ်ပိုက်နဲ့ ဟာ"

"ရတယ် ... ထိုင်လို့ရတယ် မဟုတ်လား"

"ထိုင်နေလို့ ရပါတယ်၊ ဒါပေမယ့် အားမရှိတော့ ကြာရင် မူးမှာစိုးတယ်"

"မူးတော့ မမူးပါဘူး၊ ဒါဖြင့် ခုတင်ခေါင်းရင်းမှာ ခပ်မတ်မတ် မှီလိုက်မယ်လေ"

ဆရာမက ဒေါ်ဖြူသဲကို တအံ့တသြကြည့်ကာ ညှိသည်ကိုလည်း မသိမသာ အကဲခတ်သည်။ ညှိသည်သည် ပြုံးချင်လို့ ပြုံးတာမဟုတ်ဘဲ နှုတ်ခမ်းကို မထားတတ်၍ ဆွဲတင်းမိထားသည်မှာ ပြုံးနေသယောင်နှင့် အခန်းထဲ ဟိုနားလျှောက် ဒီနားလျှောက် ဒေါ်ဖြူသဲကို ကြည့်လိုက် မျက်နှာကြက်ကို ကြည့်လိုက်၊ ကြမ်းပြင်ကိုကြည့်လိုက် အနေခက်နေပုံရသည်။

ဆရာမက ဒေါ်ဖြူသဲကို သက်သောင့်သက်သာ ခပ်မှီမှီ ပြုပြင်ပေးလိုက်သည်။ နှစ်ဦးလုံးဟာ စကားလည်း မဆိုကြ။ အတုန်တုန် အလှုပ်လှုပ် ဖြစ်နေကြတာကတော့ သေချာပါသည်။ ဒေါ်ဖြူသဲ မျက်နှာဟာ ပြုံးမြကြည်လင်နေသည်။ ညှိသည်ကို မျက်တောင်ပင် မခတ်ဘဲ မျက်စိတစ်မှိတ်မှာ ပျောက်သွားမှာ စိုးတဲ့အလား စိုက်ကြည့်နေသည်။

သူ့ကို ထူပေး မှီပေးတုန်း ရှေ့ကဆရာမ နည်းနည်း ကွယ်သွားလျှင် ခေါင်းကို ဘေးဘက်နည်းနည်းတိုး၍ ကြည့်သည်။




www.burmeseclassic.com

အင်း _ တစ်ခုခုဆဲပဲ။ ဆရာမက ဘယ်လိုပင်ဖြစ်စေ သူ့လူနာ ကြည်လင်ဖြိုးနွှင့်၍ ကျေနပ်သဘောကျမိကာ ...

"မမ ... အပြင်ခဏ ထွက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဆရာမက ဖြတ်ထွက်ရင်း ဦးကျော်သွေးထင်ကို ကြည့်ကာ ...

"လိုအပ်ရင် ကျွန်မ ကော်ရစ်ဒါထောင့်က စားပွဲမှာရှိပါမယ်"

ဦးကျော်သွေးထင်က ခေါင်းကိုညွတ်ကာ ...

"ဟုတ်ကဲ့ပါ ဆရာမ"

ဆရာမက အခန်းပြင်ထွက်ကာ တံခါးကို ဖြည်းဖြည်း ပိတ်ခဲ့သည်။ ဒီတော့မှ ဦးကျော်သွေးထင်က ဒေါ်ဖြူသဲကို တစ်ချက် ထပ်ကြည့်ကာ ပြုံးနေသော ဒေါ်ဖြူသဲကို တုံ့ပြန်ပြုံးပြလိုက်ရင်း ...

"နေမကောင်းဘူးနော်"

သူ့နှုတ်ဆက်စကားက ရယ်စရာ ဖြစ်နေပါသည်။

"ကျော်တော့ နေကောင်းတယ်နော်"

"ကောင်းတယ် ... ကောင်းတယ်"

"ကျော် ဘယ်ကနေ ရောက်လာသလဲ"

"ဒီလိုပဲ ... သတင်းကြားလိုက်တာနဲ့ သတင်းသွားမေးဦးမယ်ဆိုပြီး"





စကားသံများ ခဏတိတ်ကာ တစ်ယောက်ကိုတစ်ယောက် ခဏမျှ စိုက်ကြည့်နေမိကြပြီးလျှင် နှစ်ယောက်လုံး မျက်လွှာချလိုက်ကြပါသည်။

"ဖြူသဲ နည်းနည်း ပိန်သွားတယ်"

ဦးကျော်သွေးထင် စိတ်မကောင်းစွာ တိုးတိုးပြောမိသည်။ ခုချိန်မှာတော့ သူ့ရင်ထဲမှာ တစ်ချိန်က နာကြည်းခဲ့ခြင်း ဆိုတာသည် အစအနတောင် မကျန်ရစ်အောင် ဘယ်လိုပျောက်ပျက်ပြေးပြီ မသိပါ။ ရင်ထဲ မချိတင်ကဲ စိတ်မကောင်းခြင်းနှင့် သနားကရုဏာသာ ရှင်သန်ပြည့်နှက်လာပါသည်။

"နည်းနည်းမဟုတ်ဘူး၊ အများကြီးပိန်တာ၊ ပေါင်ချိန်ကျသွားတာ ပေါင်နှစ်ဆယ်တောင် ရှိပြီ"

"ဟိုးအရင်တုန်းကနဲ့ ယှဉ်ရင်တော့ အများကြီး မပိန်ပါဘူး"

"ကျွန်မ ဘာရောဂါလဲ ... ကျော် သိသလား"

"ဟင့်အင်း ..."

ဦးကျော်သွေးထင်က အလိုက်သင့် လိမ်လိုက်သည်။

"အသည်းကင်ဆာလို့ ကျွန်မ သိရတယ်၊ ဘယ်သူမှ မပြောပြဘူး၊ လနဲ့ချီပြီး ပြောစကားတွေထဲက ကိုယ့်ဟာကိုယ် ရိပ်မိရတာပါ၊ ကျွန်မ အနေးနဲ့အမြန် သေမှာပဲ ကျော်၊ မသေခင် ကျော် လာကြည့်တာ အရမ်းဝမ်းသာမိတယ်၊ သိရင်တောင် လာကြည့်မယ် မမျှော်လင့်ခဲ့ပါဘူး၊

www.burmeseclassic.com



မဆိုင်တဲ့ အတိုင်းပဲ နေမှာလို့ပဲ ထင်ခဲ့တာ၊ တွေ့ရတာ ဝမ်းသာတယ် ...

ဝမ်းသာတယ် ဆိုတဲ့နေရာမှာ ဟိုးငယ်ငယ်က ဝမ်းသာပုံမျိုးနဲ့ မတူဘူး၊ နနုကလေး ဝမ်းသာရတာ မဟုတ်ဘူး၊ ပေါ့ဆဆမဟုတ်ဘူး၊ သိပ်ကိုဝမ်းသာတယ်၊ မသေခင် တွေ့ခဲ့ချင်တဲ့ ဆန္ဒက ရင်ထဲမှာ အမြဲရှိတယ်၊ ဒါ ကျွန်မခင်ပွန်းကို သစ္စာမဲ့ပြီး ပြောတာ မဟုတ်ဘူး၊ ရိုးရိုးပြောတာ"

"ကိုယ် နားလည်ပါတယ်"

"ဒါပေမယ့် ရှင် ရောက်လာတာကို ယုံကိုမယုံချင်ဘူး ကျော်၊ ရှင်က ကျွန်မကို တစ်သက်လုံး ခွင့်လွှတ်မယ့်သူ မှမဟုတ်တာ၊ ကျွန်မကို လူနာလာကြည့်ဖို့ စိတ်ကူး ရှင့်ခေါင်းထဲ ရောက်ခဲ့တယ်ဆိုတာ ကျွန်မ မယုံဘူး၊ ပယောဂ တစ်ခု ပါကိုပါမယ်၊ ရှင် ကျွန်မကို ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုတာ ကျွန်မ အခိုင်အလုံ သိပြီးသား၊ ရှင် ခုလို ခွင့်လွှတ်ပြီး လာတွေ့ဖြစ်အောင် ကြားမှာ စေ့ဆော်တဲ့ အကြောင်းရင်း တစ်ခုခုတော့ ရှိကိုရှိပါလိမ့်မယ်"

ဦးကျော်သွေးထင်က ငြိမ်နေပါသည်။

"ကျွန်မ နေမကောင်းတာ ကျော့်ကို ဘယ်သူပြောလဲ"

"ဒီလိုပဲ ကြားတာပဲ"

"ဘယ်လို ကြားတာလဲ၊ ဘယ်သူပြောလို့ ကြားတာလဲ"





" ... ... "

"ကြားစရာ အကြောင်းမှ မရှိဘဲ၊ တမင်လာပြောသူ ရှိလို့သာ ကျော် သိတာပေါ့၊ အဲဒီပြောတဲ့သူက လာကြည့်ချင်လောက်အောင် သနားအောင် ပြောလွှတ်လိုက်တာလား"

"မဟုတ်ပါဘူး ... ဘယ်သူကမှ သနားအောင် မပြောပါဘူး ဖြူသဲရယ်"

"ဒါဖြင့် ဘယ်သူလာပြောပြတာလဲ"

"အဲဒါ ကိုယ်မေ့တောင် မေ့သွားပါပြီ"

"မဖြစ်နိုင်ပါဘူး၊ မေ့စရာမှ မဟုတ်တာ၊ ကျော် စုံစမ်းတာလည်း မဖြစ်နိုင်ဘူး၊ မတော်တဆ သိတာလည်း မဖြစ်နိုင်ဘူး၊ တစ်ယောက်ယောက် တမင်လာပြောတာ သေချာရက်နဲ့ ဘယ်သူလာပြောသလဲ ကျော် ဖုံးထားချင်တာကိုက အကြောင်းတစ်ခု ရှိနေတယ်"

ဦးကျော်သွေးထင်က သက်ပြင်းကြီးချပြီး ဒေါ်ဖြူသဲကို လက်နောက်ပစ်၍ ကြည့်နေမိပါသည်။ စိတ်လှုပ်ရှားခြင်းနှင့် မမျှော်လင့်ဘဲ ရောက်လာသည့်အတွက် ဖော်မပြတတ်အောင် ဝမ်းသာခြင်းတို့က ဒေါ်ဖြူသဲကို တုန်တုန်ယင်ယင် ဖြစ်နေစေသည်။

အဆွေးက မသိစေချင်၍ ဖုံးအုပ်ပိတ်ဆို့ ထားခဲ့ပေမယ် ဦးကျော်သွေးထင်က ဆက်လက်ပြီး အမိပ္ပာယ်မဲ့ ငြင်းမနေလိုပါပြီ။ သူတို့ဇာတ်ကြောင်းကို အဆွေး သိကြောင်း ဖြူသဲသိသွားတော့ရော ဘာဖြစ်သေးလဲ။



www.burmeseclassic.com

www.burmeseclassic.com



“မင်းမှာ မင်းကို အင်မတန်ချစ်ပြီး အင်မတန် စေတနာ မေတ္တာထားတဲ့ လင်ယောကျ်ားနဲ့ သမီးလေး ရှိတယ်ဆိုတော့ မင်း သိပ်ကံကောင်းပါတယ် ဖြူသဲ”

ဒေါ်ဖြူသဲ မျက်နှာက ပျက်သွားရပါသည်။

“ကိုယ့်ကို မင်း မကျန်းမာကြောင်း အဆွေး လာပြောပါတယ်”

“ဟင် … အဆွေးက ရှင့်ကိုသိတယ်”

“မင်းဆီမှာရှိတဲ့ ဓာတ်ပုံနဲ့ စာကို အဆွေး တွေ့တယ်၊ ကိုယ်တို့ဓာတ်ကြောင်းကို သိတယ်၊ ကိုယ့်ဆီစုံစမ်းပြီးလိုက်လာတယ်၊ ဒါကို မင်းရဲ့ခင်ပွန်းသည်ကလည်း ကြည်ဖြူပါတယ်”

“ဟင်”

“မင်းမသေမီ … ကိုယ်နဲ့တွေ့သွားခွင့်ရရင် မင်း စိတ်ချမ်းသာလိမ့်မယ်လို့ သူတို့က ထင်နေတယ်”

“သူတို့ထင်တာ မှန်ပါတယ်၊ ဒါပေမယ့် …၊ ဒါဖြင့် အဆွေး သမီးလေး အားလုံး သိသွားပြီပေါ့”

“ဟုတ်တယ်”

“ဒါဆို ကိုမိုးညိုက အားလုံးကို ဖွင့်ပြောလိုက်တာပေါ့၊ ဒုက္ခပဲ … သမီးလေး သိကုန်ပြီပေါ့နော်၊ အို … သမီးလေး ဘယ်လိုခံစားနေသလဲဟင်၊ ပိရိလိုက်တာ၊ မနက်က တွေ့ရတဲ့အထိ ဒါကို ကျွန်မ မရိပ်မိဘူး၊ သမီးက ပိရိလိုက်





တာ၊ သမီး သိသွားရှာပြီပေါ့ … သမီးလေးကို သနားလိုက်တာ”

ဦးကျော်သွေးထင်က ဒေါ်ဖြူသဲကို နားမလည် ပါးမလည် စိုက်ကြည့်နေရင်း …

“သမီးက ဘာကိုသိသွားတာလဲ၊ သမီး သိတာ ကိုယ်တို့ နှစ်ယောက်ရဲ့ အရင်က ဓာတ်လမ်းပဲလေ၊ အဲဒီဓာတ်လမ်းထဲက ကျော်သွေးထင် ဆိုတဲ့ လူကို သမီးက ရှာဖွေလိုက်လာတယ် ဒါပဲ၊ သမီး ခံစားရလောက်အောင် ဘာတွေ ဆိုးဆိုးဝါးဝါး အဖြစ်အပျက် ရှိလို့လဲ ဖြူသဲ၊ ဘာကိုပြောနေတာလဲ … ကိုယ် နားမလည်ဘူး”

“သမီး မသိသေးဘူးလား”

“ဘာကို သိရမှာလဲ ဖြူသဲ”

ဒေါ်ဖြူသဲက ငြိမ်သက်ကာ ငိုင်ကျသွားပါသည်။

“သမီးကိုတော့ မသိစေချင်ပါဘူးလေ”

တစ်ယောက်တည်း ညည်းညူသလို တိုးတိုးပြောနေသည်။

“ဘာများလဲ ဖြူသဲ၊ ကိုယ်တို့ဓာတ်လမ်းထဲမှာ သမီးကို မသိစေချင်စရာ ဘာများရှိနေလို့လဲ၊ ဖြူသဲသမီးက သဘောထားကြီးပြီး နားလည်မှု ရှိပါတယ်”

“ဘယ်လောက်ပဲ နားလည်မှု ရှိပါစေ ဒီတစ်ခုကိုတော့ သမီးကို မသိလက်စနဲ့ မသိစေချင်ဘူး၊ ရှင့်ကို သိပ်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ ဆန္ဒဟာလည်း ဒီစကားတွေ ပြောချင်လို့ပါ၊ ရှင် နိုင်ငံခြားက ပြန်ရောက်လာပြီး ကျွန်မကို စာနဲ့ခါတ်ပုံ စာတိုက်က ထည့်လိုက်တုန်းကတည်းက ဒီစကားတွေကို ပြေးလာပြောချင်တာ၊ အဲဒီတုန်းက ပြောပြချင်တဲ့ ရည်ရွယ် ချက်ကတော့ တစ်မျိုးပေါ့လေ၊ ရှင့်ကို ပြောပြချင်တယ် ဆိုတာ ကိုမိုးညိုကိုတောင် ဖွင့်ပြောခဲ့ပါတယ်”

ဦးကျော်သွေးထင်က မျက်ခုံးကိုရှုံ့၍ အာရုံစူးစိုက်ကာ လက်နှစ်ဖက်ကို တင်းတင်းပိုက်လျက် ဒေါ်ဖြူသဲကို စူးစူး ရဲရဲ ကြည့်နေပါသည်။

“ကိုမိုးညိုက သိပ်ဆန္ဒရှိရင် သွားပြောပြပါလို့ ခွင့်ပြုပါတယ်၊ ဒါပေမယ့် ... အဲဒီနေ့က သူကျိတ်ပြီး မျက်ရည်ကျတာကို ကျွန်မ မမြော်လင့်ဘဲ သိရတယ်၊ ကိုမိုးညိုက ကျွန်မကို အင်မတန်ချစ်ပြီး ကျွန်မအပေါ် အင်မတန်ကောင်းတဲ့သူပါ ကျော်၊ သူဟာ ကျွန်မကျေးဇူးရှင်၊ သူ မျက်ရည်ကျတာကို သိသိနဲ့ ကျွန်မ ဇွတ်မသွားရက်ခဲ့ဘူး ...

ရှေ့ရေးကိုလည်း အသေအချာ ပြန်စဉ်းစားကြည့်ပြီး ရှင့်ဆီ ကျွန်မ ရောက်မလာတော့တာပဲ၊ ဘာပဲဖြစ်ဖြစ် ကျွန်မက လက်ထပ်ပြီး အိမ်ထောင်သည် ဖြစ်နေပြီလေ”

“ဘာတွေ ပြောနေတာလဲ ဖြူသဲ၊ ကိုယ် နားရည်မလည်ဘူး”

“ရှင် နားရည်လည်လာမှာပါ၊ ရှင့်ကို ဒီစကား လာမပြော ဖြစ်တော့ဘူးဆိုတဲ့ အချိန်ကစပြီး ကျွန်မဘဝတစ်လျှောက်





ပျော်ရွှင်မှု ဆိတ်သုဉ်းလာခဲ့တာ ခုထိပဲ၊ ကျွန်မ အိမ်ထောင် ရေးကို ကျွန်မ ကျေနပ်ပါတယ်၊ စိတ်လည်းချမ်းသာတယ်၊ ဒါပေမယ့် ကျွန်မမှာ အပျော်ဆိုတာ သေသွားသလိုပဲ၊ ရှင့်ကို ဒါတွေပြောပြီးမှ ကျွန်မ သေချင်တယ် ...

ခုနောက်ပိုင်း ပြောပြချင်တဲ့ ရည်ရွယ်ချက်ကတော့ ငယ်ငယ်ကလို မဟုတ်တော့ဘူး၊ ရှင် ခွင့်လွှတ်မှာ မလွှတ် မှာထက် ရှင့်မှာ ဒီအကြောင်းကိုသိဖို့ အပြည့်အဝ အခွင့် အရေး ရှိတယ်လို့ ယူဆပြီး အသိပေးခဲ့ရစ်ချင်တာ၊ ဒါပေ မယ့် ရှင့်ကို တွေ့ချင်ပါတယ်လို့တော့ ကိုမိုးညိုကို ကျွန်မ မပူဆာရက်ပါဘူး၊ ကိုမိုးညိုဟာ အင်မတန် ကြည်ညိုစရာ ကောင်းအောင် ကျွန်မကို ခွင့်လွှတ်လိုက်လျှာသူပါ၊ သမီး ကိုလည်း တုန်နေအောင် ချစ်ရှာတယ်”

“သမီးကလည်း သူ့အဖေကို ချစ်တာပဲလေ”

“ဟုတ်တယ် ကျော် ... ကျွန်မ မရှိတော့တဲ့အခါ ကိုမိုးညို အတွက် သမီးကို လိုအပ်ပါတယ်၊ သမီးပါ မရှိတော့ရင် သူ သေသွားလိမ့်မယ်၊ ကိုမိုးညို သေလိမ့်မယ်”

“ဘာ ... သမီးက ဘာလို့မရှိရမှာလဲ၊ သမီး ဘာဖြစ်လို့ လဲ”

“သမီးက ဘာမှမဖြစ်ပါဘူး၊ ရှင်ကသာ ကျွန်မကို ကတိ ပေးပါ၊ ရှင် သိသင့်တာကိုလည်း ပြောပါရစေ၊ သိရရင် လည်း သမီးတို့ သားအဖရဲ့ ချစ်ခြင်းကို ရှင်မခွဲပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သွေးထင်၏ ပိုက်လျက်သား လက်နှစ်ဖက်က အားတွေ စုတ်ထုတ်လိုက်တာ ခံရသလို ဖျတ်ခနဲ ပြေကျသွားရပါသည်။ မျက်ခုံးနှစ်ဖက်ဟာ ပင့်တက်သွားကာ မျက်လုံးများက စူးတောက်လာသည်။ သူ့နှလုံးခုန်သံ တဒိုင်းဒိုင်းက သူ့နား‌ထဲ ပြန်ကာ ဆူညံမြည်ဟည်းနေစေတော့သည်။

"ရှင့်ကို ... ရှင့်မိဘတွေက ဇွတ်စီစဉ်ပြီး နိုင်ငံခြား လွှတ်လိုက်တဲ့ အချိန်မှာ ကျွန်မ ... ကျွန်မ သမီးကိုယ်ဝန်နှစ်လနဲ့ ကျန်ခဲ့ပါတယ်"

"ဘာ ..."

ဦးကျော်သွေးထင် တစ်ကိုယ်လုံးဟာ လေအတင်းလွှန်သော ရာဘာပူဖောင်းကြီး ဘောင်းခနဲ ပေါက်ကွဲလွင့်စဉ်ထွက်သွားသလို ခံစားလိုက်ရပါသည်။

"ဖြူသဲ ... မင်း"

"ကျွန်မ ... ရှင့်အမေနဲ့ အစ်မဆီမှာ အကျိုးအကြောင်းပြောပြဖို့ ကြိုးစားခဲ့ပါသေးတယ်၊ အတိအလင်းဖွင့် မပြောရဲခဲ့ပေမယ့် ... ရှင့်ကို ပြန်ခေါ်ပေးဖို့ ... ကျွန်မ ဒုက္ခရောက်ရပါလိမ့်မယ် ဆိုတာလောက်တော့ ပြောခဲ့ပါတယ်"

"တောက် ..."

"ကျွန်မအိမ်ကို သူတို့ ပိုက်ဆံသုံးသိန်း လာပေးပါတယ်၊ သမီး မမွေးခင်က ငွေသုံးသိန်းဟာ ခြံနဲ့တိုက်တောင် ဝယ်နိုင်တာ ရှင် အသိပါ၊ ကျွန်မလည်း ငွေလိုပါတယ်၊ ဒါပေမယ့် ကျွန်မ မယူလိုက်ပါဘူး၊ ကျွန်မမှာ လိုအပ်တာကလေးအဖေပါ၊ အဓိကငွေမဟုတ်ပါဘူး၊ ကိုမိုးညိုအဒေါ်နဲ့ အမေက သိပ်ချစ်တဲ့ သူငယ်ချင်းတွေမို့ အားလုံးဝိုင်းစီစဉ်ရာကို နာခံလိုက်ပါတယ်"

ဦးကျော်သွေးထင်သည် ပါးစပ်ကြီးဟ,နေကာ မယုံကြည်နိုင်လောက်အောင် အံ့အားကြီး သင့်နေပါသည်။

"ဒါ ... ဒါဖြင့် ... သမီး ... အဆွေး ... ဆွေးလျှညိုဟာ ..."

"ဟုတ်တယ် ..."

"တကယ်ပဲလား ဖြူသဲရယ်"

"ကျွန်မ ညာစရာ ဘာအကြောင်းမှ မရှိပါဘူး၊ သူ့ဟာနဲ့သူ သာယာနေတဲ့ မိသားစုဘဝလေးတစ်ခုကို နေရင်းထိုင်ရင်း ဘာလို့ တစ်စစီ ခွဲထုတ်ရမှာလဲ၊ ဒီအကြောင်းကို ရှင့်ကို အသိပေးမှ ရှင့်အပေါ် တရားရာကျမယ်လို့လည်း ထင်တယ်၊ ကျွန်မ မသေခင်လည်း အမှန်တရားကို ဝန်ခံသွားချင်တယ်"

"ဒါ ... ဒါဖြင့် ... ကိုမိုးညိုဟာလည်း သက်သက်မဲ့ မင်းဘဝကို ကယ်တင်ခဲ့တဲ့သူ၊ မင်းလည်းပဲ ကိုယ့်အပေါ် သစ္စာမဲ့ အရွဲ့တိုက်ခဲ့တာ မဟုတ်ဘူးပေါ့"

ဒေါ်ဖြူသဲသည် မဖြေဘဲ နှုတ်ဆိတ်နေကာ မျက်ရည်ပေါက်ကလေးသာ ပါးပြင်သို့ စီးကျလာသည်။

"မင်းကိုကော ကိုမိုးညိုကိုကော နှစ်နှစ်ဆယ်ကျော် တ







www.burmeseclassic.com

www.burmeseclassic.com



ဖက်သတ် နာကြည်းမုန်းတီးနေတာဟာ အခိပ္ပာယ်မဲ့ကြီး ပေါ့ …၊ တောက် … လောကကြီးမှာ ဘာတွေ ဖြစ်ကုန်တာလဲ၊ ငါဟာ သမီးတစ်ယောက် အဖေပေါ့နော်”

“ကျွန်မ တောင်းပန်ပါရစေ ကျော် … ဒီကိစ္စကို ကိုမိုးညိုကတော့ သိပြီးသားပါ၊ ကိုမိုးညိုဟာ အဆွေးကို သိပ်ချစ်တယ်၊ ဘယ်ဖခင်ရင်းမှ သူ့ထက်ပိုချစ်နိုင်မှာ မဟုတ်ပါဘူး၊ သူပဲ အရိပ်တကြည့်ကြည့် ပြုစုပျိုးထောင်လာခဲ့တာ၊ သမီးဟာ သူ့ဘဝ သူ့အသက်ပါ၊ ကျွန်ုမဆီက မရတဲ့ ချစ်မေတ္တာကို သမီးဆီက သူ အစားယူထားရတာပါ …

သမီးလေးကိုတော့ ဒီအကြောင်းကို အသိမပေးရက်ပါဘူး၊ သမီးလေး ဝမ်းနည်းအားငယ်သွားမှာ အမှန်ပဲ၊ မလုံမခြုံ ဖြစ်သွားမှာ အမှန်ပဲ၊ ကျွန်မအပေါ် စိမ်းကားသွားမှာလည်း စိုးရိမ်တယ်၊ ကျွန်မ မရှိတဲ့အခါ သူတို့သားအဖ ပါထပ်ပြီး ခွဲခွာရမှာကို ကျွန်မ လုံးဝမလိုလားဘူး၊ ရှင်ကတိပေးစမ်းပါ၊ ရှင့်ကို ဝန်ခံချင်တာကြောင့်ရော ကျွန်မရင်ထဲ ပေါ့သွားချင်တာကြောင့်ရော အခု ဖွင့်ပြောတဲ့ စကားကို သမီးကို တစ်သက်လုံး ဘယ်တော့မှ ရှင် ပြန်မပြောပြပါဘူးလို့”

“ဖြူသဲရယ် … ကိုယ်က သူ့အဖေဆို …”

“ရှင်က သွေးစပ်လို့ တော်ရတဲ့ အဖေပါ၊ ကိုးမိုးညိုက သွေးမစပ်ဘဲ မွေးမြူစောင့်ရှောက်ပေးခဲ့ရတဲ့ အဖေပါ၊





ကိုမိုးညိုဟာ သူတော်ကောင်းကြီးပါကျော်၊ သူ အခုလောက်ဆိုရင် ရှင်ဒီမှာ ရောက်နေလောက်ပြီဆိုတာကိုလည်း သိမှာပဲ၊ ရှင့်ကို ကျွန်ုမ ပြောပြနေလောက်ပြီ ဆိုတာလည်း တွေးမှာပဲ၊ သမီးလေးကို ရှင်ပြန်ယူသွားတော့မလားလို့ တွေးပြီး တစ်ယောက်တည်း ပူဆွေးဝမ်းနည်းနေရှာမယ်၊ ကိုမိုးညိုဟာ သူ့ဘဝတစ်လျှောက်လုံး သူတစ်ပါးအတွက် ပေးဆပ်ခြင်းတွေနဲ့ ရှင်သန်ခဲ့တဲ့သူပါ၊ သူက အမြဲပေးသူပါ၊ ယူသူ ဘယ်တော့မှ မဟုတ်ခဲ့ဘူး၊ ကြည်ညိုရလောက်အောင် စိတ်နှလုံးကောင်း ရှိတဲ့သူ …

ရှင်ကသာ သမီးကို ဖွတ်လိုချင်တယ်လုပ်ရင် ကိုမိုးညိုက ပြန်လုမှာ မဟုတ်ပါဘူး၊ ပေးလိုက်ပြီးမှ သူ့ဘာသာတစ်ယောက်တည်းကျန်မှ ရင်ကွဲနာကျပြီး သေလိမ့်မယ်၊ ဒီတော့ … ကျွန်မက သေရတော့မယ့် သူတစ်ယောက်အဖြစ် ရှင့်ကို တောင်းပန်ပါရစေ၊ ဒီပစ္စည်းကလေးတစ်ခုဟာ ရှင်ပိုင်ဆိုင်တဲ့ ရှင့်ရဲ့ ရတနာကလေးပါဆိုတာကို ကျွန်မ ဖွင့်ဟ ဝန်ခံပေးခဲ့ပါတယ်၊ ဒါပေမယ့် ဒီပစ္စည်းလေးကို လက်ရှိပိုင်ရှင်ဆီက ပြန်တောင်းမယူပါနဲ့တော့လို့”

စကားလုံးတွေသည် ဦးကျော်သွေးထင် နားထဲ … နားထဲမှ ရင်ထဲထိတိုင်အောင် တစ်လုံးချင်းပစ်၍ နစ်၍ ဝင်သည်။ သူ့တစ်ကိုယ်လုံးမှာ အံ့သြခြင်း ဆန်းကျယ်ခြင်းတို့ကြောင့် တုန်



www.burmeseclassic.com

www.burmeseclassic.com



ယင်း၍ နေပါသည်။ တစ်သက်တာပတ်လုံး သူ နာကြည်းနေခဲ့သမျှသည် အချည်းနှီး။ သူက ရန်သူထင်ပြီး မလိုမုန်းထားခဲ့သူမှာ သူ့ရဲ့ ရတနာကလေးကို ထိန်းသိမ်းစောင့်ရှောက် အကာအကွယ်ပေးခဲ့သူတည်း။

တုန်လှုပ်ရလွန်းမှုကြောင့် သူ ဘာစကားမှ မပြောနိုင်ပါ။ ရင်ထဲ၌ ဆို့နင့်ကျပ်ခဲ၍သာ နေသည်။ ဝမ်းနည်းသည်။ ယူကျုံးမရ ဖြစ်သည်။ သူ့အဖြစ်ကို သူနာကျင်မိသည်။ သမီးကလေးတဲ့ ...။ သူ တန်ဖိုးတစ်ခု ထားမိတဲ့ ကလေးမလေး။ သူ့ကရုဏာတို့ အလိုအလျောက် (သူ့ကိုယ်သူ နားမလည်နိုင်လောက်အောင်) ညွတ်ကျခဲ့ရတဲ့ ကလေးမလေး။ အင်မတန် ချစ်စဖွယ် ဖြူစင် အပြစ်ကင်းတဲ့ ကလေးမလေး။

သူမဟာ သူ့ရဲ့သမီးကလေးတဲ့။ အနှစ်နှစ်ဆယ်ကျော် အသားသေခဲ့တဲ့ သူ့ရဲ့ပြင်ပကိုယ်ကာယ အသွင်သဏ္ဌာန်ကြီး ခဝါချပြောင်းလဲဖြစ်ခဲ့တဲ့နေ့မှာ သူ့ရဲ့ပကတိဘဝ ... သူ့ရဲ့အတွင်းစိတ်သဏ္ဌာန် ... သူ့ရဲ့နှလုံးသားတို့ပါ ပြောင်းလဲခဲ့ရပါပြီ။

သူဟာ လောကမှာ အနှောင်အဖွဲ့၊ သံယောဇဉ်၊ ပတ်သက်မှု ... ဘာတစ်ခုမှ မရှိတဲ့ လူတစ်ယောက် မဟုတ်တော့။ လူ့လောက အပြင်ဘက်က လူတစ်ယောက်လည်း မဟုတ်တော့။ သူ့မှာ သူတာဝန်ကျေပွန်ဖို့ လိုအပ်သော သမီးလေးတစ်ယောက် ရှိသည်။

“ကျေးဇူးတင်ပါတယ် ဖြူသဲရယ် ... ဖြစ်အောင်မွေးပေးခဲ့





တဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ် ... အသိပေးခဲ့တဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်”

ဦးကျော်သွေးထင် မျက်ရည်တွေလည်ကာ တုန်တုန်ခိုက်ခိုက် ပြောမိပါသည်။

“ကျွန်မကို ကျေးဇူးတင်ရင် ကျွန်မလိုချင်တဲ့ ကတိကို ပေးပါဦး ကျော်”

ဦးကျော်သွေးထင်က မျက်စိကို မှေးမှိတ်လိုက်မိပါသည်။ သမီးလေး ဆွေးလှုညိုဟာ ဖခင် ဦးမိုးညိုရဲ့ သမီးလေးအဖြစ် လောကအလယ်မှာ ဂုဏ်ကျက်သရေ တင့်တယ်စွာ ရပ်တည်နေတာပါ။ ခုချိန်မှာ ကလေကချေ လူလေလူလွင့် အရက်သမား ဖဲသမားကြီး ကျော်သွေးထင်ရဲ့ သမီးအဖြစ် သူက သမီးလေးရဲ့ အသရေတင့်တယ်မှုကို လျော့ပါးသွားအောင် ဆွဲ၍မနှစ်ချင်ပါဘူး။

“စိတ်ချပါ ဖြူသဲ ... ကိုယ် ဘယ်တော့မှ သမီးလေးကို ဦးမိုးညိုဆီက လုမယူပါဘူး၊ သမီးလေး ဒီအတိုင်း တင့်တယ်နေတာကို ကိုယ်ကျေနပ်ပါတယ်၊ သမီးလေးဘဝကို ကိုယ် ဘယ်တော့မှ မနှောင့်ယှက်ပါဘူး ... ကတိပေးပါတယ်”

ဒေါ်ဖြူသဲက မျက်ရည်တွေနှင့် ကြည်လန်းစွာ ပြုံးလိုက်ပါသည်။

“ကျွန်မကိုလည်း ရှင် ခွင့်လွှတ်ပါ”



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သွေးထင် ခေါင်းကိုယမ်း၍ တိုးတိတ်ကြေကွဲစွာ ပြောမိပါသည်။

"ကိုယ့်ကိုသာ ခွင့်လွှတ်ပါ ဖြူသဲရယ်"

သူတို့နှစ်ယောက် စကားထပ်မဆိုမိဘဲ အခန်းတွင်းမှာ ကြေကွဲစွာ ငြိမ်သက်နေကြပါသည်။ အချိန်အတန်ကြာမှ ဆရာမက တံခါးလာခေါက်မှပဲ ဒေါ်ဖြူသဲကို ပြန်ဖို့ နှုတ်ဆက်သည်။ ဒေါ်ဖြူသဲကား ရင်ထဲ ရှင်းလင်းပေါ့ပါးခြင်းနှင့် အရင်နေ့တွေကထက် မျက်နှာလန်းဆန်းကြည်ရွှင်နေပါသည်။ ဦးကျော်သွေးထင်မှာတော့ ရင်ထဲ၌ တစ်စုံတစ်ရာကို သယ်ဆောင်လာ၍ အလာခရီးထက် လေးပင်နေသည်။

"ဦး ... ဦး ... အဆင်ပြေရဲ့လားဟင်"

သူ အခန်းပြင်ရောက်လျှင် အဆွေးက အပြေးကပ်လာကာ စိတ်လှုပ်ရှားစွာ မေးပါသည်။ သမီးကလေးကို တအားကျုံး၍ဖက်ကာ ပါးချင်းအပ်ထားလိုက်ချင်သော်လည်း မဝံ့ရဲဘဲ လက်ဖျားကလေးတို့ကိုသာ ဆုပ်ထားလိုက်မိသည်။

"ဟင် ... ဦး၊ မေမေ့ကို ခွင့်လွှတ်ကြောင်း ပြောခဲ့ရဲ့လား"

"ပြောခဲ့ပါတယ် သမီးရယ် ...၊ ခွင့်လွှတ်ပါတယ်"

"ဟင် ... ဦး မျက်ရည်ကျနေတာလား၊ ဦး ငိုလာတာလားဟင်"

မျက်လုံးလေး စိုင်းနေသော အဆွေး ခေါင်းကို သူ့လက်ဝါးနှင့်အုပ်၍ ချစ်စနိုး လှုပ်ယမ်းမိသည်။ သူ့ဘဝ ရေသေ





ထဲသို့ ခဲကြီးကြီးတစ်လုံး ကျလာသလို သူ့၌ ပြင်းစွာသော ဂယက်လှိုင်း ထ,ခဲ့ရလေပြီ။ သို့သော် ထိုခဲမှာ သူ့ဘဝအတွက် တန်ဖိုးမဖြတ်နိုင်အပ်သော မြတ်နိုးဖွယ် "ခဲ"တည်း။

"သမီး မေမေကိုလည်း ပြောပြပါ၊ နောင်ကို မိတ်ဆွေများအဖြစ် ခင်မင်ရင်းနှီးပါရစေလို့၊ တစ်သက်လုံးအတွက် မိတ်ဆွေကောင်းတွေ အဖြစ်နဲ့ ဝင်ထွက်ခွင့် ပြုပါလို့၊ သမီးကလည်း ဒီကိစ္စတစ်ခုအတွက်သာ မကဘဲ ဦးကို တစ်သက်လုံး ခင်မင်ခွင့် ပြုပါကွယ်"

"အို ... ဦးကလည်း ... အဲလိုပဲ ဖြစ်ရမှာပေါ့၊ ဘာလို့မဖြစ်နိုင်ရမှာလဲ၊ မေမေကလည်း ဝမ်းသာမှာပါ"

နှစ်ယောက်လက်ဖျားချင်း ဆုပ်တွဲကာ ဆေးရုံလှေကားမှ ဖြည်းဖြည်းဆင်းလာစဉ် အောက်မှတက်လာသူ တစ်ဦးနှင့် လမ်းခုလတ်၌ ဆုံကြပါသည်။ ကြား၌ လှေကားထစ် ရှစ်ထစ်ကိုးထစ်ခြားကာ တုံ့ခနဲ ဖြစ်သွားကြပြီးမှ အဆွေးက လွှမ်းလွှမ်းဆွေးဆွေး ခေါ်လိုက်မိပါသည်။

"ရန် ..."

နိုင်ရန်ကတော့ သူတို့နှစ်ဦးကို စိမ်းစိမ်းကြည့်ကာ ရုတ်တရက် မျက်နှာပျက်၊ တင်းမာခက်ထန်သွားပြီး အပေါ်သို့ ဆက်တက်မလာတော့ဘဲ ချာခနဲလှည့်၍ တစ်ရှိန်ထိုး ပြေးဆင်းသွားပါသည်။

"ရန် ..."



www.burmeseclassic.com

www.burmeseclassic.com



အဆွေးရဲ့ အသံလေးက ငိုသံပါနေသည်။ ဦးကျော်သွေးထင်က အဆွေး လက်ဖျားလေးကို ညှစ်၍ ကရုဏာသက်စွာ အားပေးလိုက်မိပါသည်။





## ၁၄

ဒီကောင်လေးရဲ့ ချစ်ခြင်းမေတ္တာနှင့် စိတ်ဓာတ်ကိုလည်း ဦးကျော်သွေးထင် အံ့ဩရပါသည်။ ဒေါ်ဖြူသဲရဲ့ အသုဘကိစ္စ အဝဝမှာ သူ့ခြေသူ့လက် သူ့ကူညီစီမံခန့်ခွဲမှုနှင့် တစ်ခုမှ မကင်းပါ။ သို့သော်ငြား အဆွေးကိုတော့ တစ်ခွန်းမှ စကားမပြော။ သူ့စိတ်ထဲ ရင်ထဲက ချစ်မေတ္တာကတော့ မပြတ်နိုင်တာကို ဖော်ပြနေတာပဲ။

မီးသင်္ဂြိုဟ်ကာနီး အဆွေး ငိုရှိုက်ရင်း လဲပြိုသွားတဲ့အခါ ကောင်လေးက ငေးငေးကြီး မလှမ်းမကမ်းမှ ကြည့်နေသည်။ ပြေးသွားချင်လှတဲ့ သူ့စိတ်ကို သူ့ဟာသူ မနိုင်ရင်ကာ ထိန်းနေတာ သိသာလှပါသည်။ အင်း ... ပင်ပန်းကြီးလှပါချည့်။ မျက်ခြည်မပြတ်သော အဆွေးကို ကြည့်နေကာ သူတော့ဖြင့် အစားမကတ်ဘဲ မိန်းမရွယ်တချို့ကို အမိန့်ပေးနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မွေ့ချိုပြီး ကားပေါ်တင်လိုက်ကြတော့၊ အိမ်တန်းခေါ်သွား၊ လမ်းမှာ ဆရာဝန်ဖုန်းဆက်ခေါ်ထား၊ ဂလူးကို့စ်လေး ဘာလေး အရင်တိုက် ... ပြီးရင် အစာဝင်အောင် ကျွေးထားကြဦး"

"ဟုတ်ကဲ့ ကိုရန်"

မျက်နှာက တင်းထန်ကာ အနားတော့ မကပ်ဘဲ စိတ်ပူတကြီး ဝင်ခန့်ခွဲနေတာကို သူ့ဝန်ထမ်း ဖြစ်ပုံရသော အမျိုးသမီးများက လိုက်နာဆောင်ရွက်ကြရပါသည်။ သုသာန်မှာ လူရှင်းကာ ကိုယ့်အုပ်စုထဲက အားလုံးပြန်တဲ့ထိ သူက မီးသဂြိုဟ် ရာမှာ ဝင်စီမံခန့်ခွဲနေသေးသည်။ ဦးမိုးညိုလည်း မရှိတော့ပြီ။ မပြန်ခင် ဦးကျော်သွေးထင် သွားနှုတ်ဆက်လိုက်ပါသေးသည်။

နိုင်ရန့် ကားနား သူ မယောင်မလည် သွားစောင့် နေဆဲ နိုင်ရန် ပြန်လာသည်။ ဦးကျော်သွေးထင်ကို ဂရုမပြုမိလှဘဲ သူ့ကားသို့ သော့ဖွင့်ဝင်လိုက်ပါသည်။ သူ့ဘက်သော့ဖွင့်လိုက် သည်နှင့် ဒီဘက်အားခလုတ်ပါ ပွင့်သွားတာမို့ ဦးကျော်သွေးထင် က ခပ်သွက်သွက် ဖွင့်ဝင်ထိုင်လိုက်ပါသည်။

"ဟာ ... ခင်ဗျားကြီးပါလား၊ ဒါ ဘာလုပ်တာလဲဗျ"

"ငါ့မှာ ကားမရှိဘူးကွ၊ ကားကြုံလိုက်မလို့"

"ဟာ ... ခင်ဗျားကြီး အတော်မျက်နှာပြောင်တဲ့ လူကြီး ပါလား၊ ခင်ဗျားကို ဘယ်သူက ခရီးကြုံ လိုက်ပို့ပါမယ်လို့ လောကွတ်လုပ်မိလဲ"





"ငါ့မှ ကားမရှိတာကွာ၊ ဒီလိုပဲ လူရင်းတစ်ယောက်ရဲ့ကား ကပ်စီးရတော့မှာပေါ့"

"လူရင်း ! ... ခင်ဗျားနဲ့ ကျွန်တော်က လူရင်းပေါ့ ! ..."

"အေးလေ ..."

နိုင်ရန်သည် ဒေါသတွေ အလုံးအရင်း လိမ့်ထွက် လာကာ လူကြီးတစ်ယောက်ကို ကားပေါ်က မောင်းချဖို့အထိ လည်း မမိုက်ရိုင်းနိုင်တာမို့ ကားကိုဆောင့်ကာ မောင်းထွက်လိုက် ပါသည်။

"ငါက အလုပ်မရှိ အကိုင်မရှိဆိုတော့ ကားမရှုံ့ဖြိုအပ်လို့ ဝယ်မထားတာပါ၊ ကားရှိရင် ကားဝေယျာဝစ္စရှိတယ် ... ဒါကြောင့် ကားမထားတာ၊ ဒါပေမယ့် မကြာခင် ငါ ကားဝယ်တော့မှာပါကွ၊ ဘာဖြစ်လို့လဲဆိုတော့ ငါ အလုပ် လုပ်တော့မယ်လေ၊ လုပ်ငန်းတစ်ခုခု ရှိပြီဆိုရင် သွားရလာရ အဆင်ပြေဖို့ ကားလည်း လိုအပ်ပြီပေါ့ကွ"

"ခင်ဗျားဘဝ ဇာတ်ကြောင်းတွေ ကျွန်တော် မသိချင်ဘူး၊ ဘယ်မှာဆင်းမှာလဲ ... ပြော"

"မင်းသွားမယ့်ဆီထိ သွားလိုက်ပါ၊ ရောက်တဲ့အရပ်က ဆင်းပါ့မယ်"

အဆွေးတို့အိမ် လိုက်သွားမည့် နိုင်ရန်မှာ စိတ်တွေ တိုကာ ...

"အဲလိုမဖြစ်ဘူးဗျာ၊ ဆင်းမယ့်အရပ်ကိုပြော ... ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“မင်း ချချင်တဲ့ဆီ ချကွာ”

“ဒါဖြင့် လှည်းတန်းထိ ပို့မယ်၊ ဒီမှာ၊ ခင်ဗျားနဲ့ကျွန်တော် လုံးဝ မိတ်ဆွေမဖြစ်ချင်ဘူး၊ လူရင်းလည်း လိုက်သတ်မှတ် မနေနဲ့၊ နောင်လည်း ခေါ်ဖို့မလိုဘူး၊ ခင်ဗျားကြောင့် ကျုပ်ဘဝ ပျက်လိမ့်မယ်”

“မင်း ငါ့ကို ခင်ဗျားလို့သုံးတာ ဘယ်လောက်ရိုင်းမှန်း မကြာခင် သိရလိမ့်မယ်”

“မကြာခင် ဘာဖြစ်မှာမို့လဲ၊ ရိုင်းနေလည်း မတတ်နိုင်ဗျာ၊ ခင်ဗျားကကော ဘယ်လောက် ယဉ်ကျေးနေလို့လဲ”

“ငါက မကြာခင်ကစပြီး ယဉ်ကျေးနေပြီကွ၊ အခု မင်းက ငါ့ထက် ရိုင်းနေပြီ၊ လူတစ်ယောက်ဟာ မကျေနပ်တာတွေ ရှိရင် လောကကြီးကို လူတွေကို မုန်းတီးနေရင် အလိုအလျောက် ရိုင်းစိုင်းတာပဲ၊ မင်းက အခု အဲသလို ခံစားနေရတော့ မင်း အခု မိုက်ရိုင်းနေတာပေါ့၊ ငါကတော့ ဒါတွေ အဆုံးသတ်သွားပြီ၊ ငါ့ဘဝကို ငါကျေနပ်သွားပြီ၊ ဒါကြောင့် ငါ ယဉ်ကျေးနေပြီ နိုင်ရန်”

နိုင်ရန်က ဦးကျော်သွေးထင်ကို မျက်မှောင်ကုတ်၍ ငဲ့ကြည့်ရင်း ...

“ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ လှည်းတန်းထိ ခပ်တိတ်တိတ် လိုက်ခဲ့ဗျာ”





“တိတ်နေမှတော့ ဘာပြောလို့ ရဦးမှာလဲ၊ မင်းကို စကားပြောဖို့ ငါ လိုက်လာတာ၊ မင်း နားပိတ်ထားရင်တောင် ငါကတော့ ရအောင်ပြောမှာပဲ၊ မင်း အဆွေးကို သိပ်ချစ်တယ် မဟုတ်လား၊ ငါ ကိုယ်ချင်းစာနိုင်တယ် ဟော့ကောင်၊ အဆွေးနဲ့ ပတ်သက်ပြီး ထွေးလည်းမထုတ်ချင် မျိုလည်း မချချင် မင်း ကိုးလိုးကန့်လန့် ဖြစ်နေတယ်၊ ယတိပြတ် မျိုချလိုက်လို့ရအောင် ငါပြောပြမလို့”

နိုင်ရန် အံ့သြတွေဝေသွားပါသည်။ မျက်နှာထားကတော့ ဦးကျော်သွေးထင်ကို အယုံအကြည် မထားချင်သလို ညိုမှောင်နေဆဲပင်။

“ခုချိန်ထိ မင်းကို အဆွေးနဲ့ ထိုက်တန်တဲ့ကောင်လို့ ငါ အယုံအကြည် ရှိနေသေးလို့ ပြောဖို့ ဆုံးဖြတ်မှာ၊ မင်းကို အဆွေးနဲ့ မထိုက်တန်တဲ့ကောင်လို့ ငါ ယူဆလိုက်ရင် ဘာမှ မပြောတော့ဘူး နိုင်ရန်၊ ဒီတော့ ငါပြောတဲ့စကားကို မင်း အရေးတယူ အလေးအနက် လိုလိုချင်ချင် နားထောင်မှာလား”

နိုင်ရန်သည် ဘာပြန်ဖြေရမှန်း မသိ အခက်တွေ့နေပါသည်။ ဘာတွေပြောမလို့လဲလည်း မသိ။ နားမထောင်လိုက်မိ၍ အဆိုးတွေ မကြုံရလိုပါ။ အဆုံးအဖြတ်လည်း မမှားလိုပါ။ ဒီလူကြီးနဲ့ ပတ်သက်လို့လည်း သူ ပဟေဠိနှင့် သိကို သိချင်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူသဲ ကိုယ်တိုင်က မပြောဖို့ မှာသွားတယ်၊ အဓိကတော့ အဆွေးကို မပြောဖို့ဘဲ၊ ငါ အဆွေးကို မပြောတော့ပါဘူး၊ မင်းကိုတော့ ပြောမှပဲ ဖြစ်တော့မယ်လေ၊ မင်းက ပဋိပက္ခတွေ ရင်ထဲ ပြောင်းဆန်နေပြီ၊ အဆွေးကို ချစ်သူနဲ့ ကွေကွင်းရတဲ့ ဒုက္ခဆင်းရဲ၊ ချစ်သူရဲ့ အယုံအကြည်မဲ့ အထင်လွဲတဲ့ ဒုက္ခဆင်းရဲတွေ မခံစားရစေချင်ဘူး"

နိုင်ရန်က စိတ်ကိုလျှော့ချလိုက်ပါသည်။

"ကျွန်တော် နားထောင်ပါ့မယ်"

"ဒါဖြင့် ဒီဓာတ်ပုံနဲ့ စာကို အရင်ကြည့်၊ ကားတစ်နေရာရာ ထိုးရပ် လိုက်စမ်းကွာ၊ ဒီပုံနဲ့စာကို ငါ အဆွေးဆီက ပြန်တောင်းယူထားလိုက်တယ်၊ အဓိက မင်းကိုပြဖို့ပါ၊ ဒီပုံနဲ့ ဒီစာကိုတွေ့ပြီး အဆွေး ငါ့ဆီရောက်လာတာပဲ"

နိုင်ရန်က ကားကို ကမန်းကတန်း ထိုးရပ်ကာ စာနှင့်ပုံကို ကြည့်သည်။ စာကို သေချာစွာ ဖတ်သည်။ စာဖတ်ပြီးလျှင် ဓာတ်ပုံကို ထပ်ကြည့်ကာ နိုင်ရန်က အံ့အားတသင့်နှင့် ...

"ဦးက ... အန်တီငယ်ချစ်ဟောင်းပေါ့"

"ဦး ဆိုတော့ တော်သေးတာပေါ့၊ မင်းအနေနဲ့ ငါ့ကို ခင်ဗျားလို့ သုံးဖို့ လွန်လွန်းအားကြီးပါတယ်ကွာ၊ ဦးမိုးညိုရောအဆွေးရောက ဖြူသဲဟာ မသေခင် ငါ့ကိုတွေ့ရရင် ... ငါ့ဆီက ခွင့်လွှတ်စကား ကြားသွားရရင် စိတ်ချမ်းသာမှုအတိုင်းအတာတစ်ခု ရမှာပဲလို့ ယူဆကြတယ်၊ ဒါကြောင့်





အဆွေး ငါ့ကို လာရှာတယ်၊ ငါ့ကို တောင်းပန်ပြီးခေါ်တယ်၊ သူ့အမေကို ခွင့်လွှတ်စကားပြောဖို့ တောင်းပန်တယ်၊ ငါ ဒီကောင်မလေးကို မြင်မြင်ချင်းနီးပါးပဲ မေတ္တာစိတ်ပေါက်လို့ ကရုဏာသက်လို့ နောက်ဆုံး ကူညီဖို့ လက်ခံလိုက်တယ်၊ ငါ့ပုံကို ဒီပုံစံဖြစ်အောင် သူ ပြုပြင်ချယ်လှယ်တာတောင် လက်သင့်ခံတယ်ဆိုတော့ သူကလေးအပေါ် ငါ ဘယ်လောက်သံယောဇဉ်ထားပြီး ချစ်ခင်စိတ်ဝင်သွားလို့လည်းဆိုတာ မင်း တွက်နိုင်မှာပါ"

နိုင်ရန်က သပ်ရပ်သန့်ပြန့်ကာ လူကြီးလူကောင်းပုံပြန်ထွက်နေပြီဖြစ်သော ဦးကျော်သွေးထင်ကို ငေးကြည့်လိုက်ပါသည်။ ဒီပုံအတိုင်း ဆိုတော့လည်း ဦးကျော်သွေးထင်ဟာ လူပေလူတေ လူ့ကြမ်းပိုးကြီး တစ်ယောက်နှင့် မတူတော့ပါ။

နိုင်ရန်က ဦးကျော်သွေးထင်ကို ဒေါ်ဖြူသဲရဲ့ ငယ်ချစ်ဟောင်းရယ်လို့ သိလိုက်ရသည်နှင့် ရင်ထဲက အစိုင်အခဲကြီး လျော့ကျကျေပျက် သွားရလေပြီ။ ဒါကို မပြောချင်ဘဲ အဆွေး နှုတ်ပိတ်နေတာဟာလည်း သူ့အမေရဲ့ တစ်ချိန်က ဓာတ်လမ်းဟောင်းတစ်ပုဒ်ကို မလိုလားအပ်ဘဲ ပြောမနေချင်တော့တာဖြစ်မည်ဆိုတာ သူ ခန့်မှန်းနိုင်ပါပြီ။

"ဦးက ... ဒီကိစ္စကို ဟိုတစ်ခါ ကျွန်တော် လာတွေ့တုန်းတည်း က ပြောသင့်တယ်ဗျာ၊ ပြောပြလိုက်ရင် ပြီးနေတာကို"



www.burmeseclassic.com

www.burmeseclassic.com



"အဆွေးက မပြောချင်တဲ့ ကိစ္စကို ငါက ဘာကြောင့် ဝင်ပြောရမှာလဲကွ၊ အခု အခြေအနေကတော့ ဖြူသဲလည်း ဆုံးရှာပြီ မရှိတော့ဘူး၊ မင်းရဲ့ အခြေအနေကလည်း မထွေးနိုင် မမျိုနိုင် ဖြစ်နေတယ်၊ မင်းအကြောင်းလည်း ငါ လိုက်စုံစမ်းကြည့်တော့ အဆွေးအတွက် အားကိုးရမယ့် ခင်ပွန်းကောင်းတစ်ယောက် ဖြစ်နိုင်တဲ့သူ ဖြစ်နေတယ်၊ သူချစ် ကိုယ်ချစ်လည်းဖြစ်တဲ့ လူကောင်းတစ်ယောက်ကို ဘာမဟုတ်ဘဲ မလွဲစေချင်ဘူးပေါ့ကွာ၊ ဒါကြောင့် ပြောပြဖို့ ဆုံးဖြတ်တာပဲ၊ ဒီထက် မင်း စိတ်ချလက်ချနဲ့ စိတ်ချမ်းသာ လက်ချမ်းသာ ရှိအောင် ငါ့အပေါ်လည်း ဒီထက် ယုံကြည် စိတ်ချပြီး ရှိသေ လေးစားနိုင်အောင် ဆိုရင်တော့ ..."

နိုင်ရန်က ဦးကျော်သွေးထင်ကို ကြည့်ပြုံးမိပါသည်။

"ဖြူသဲကို ကူညီကယ်တင် စောင့်ရှောက်ခဲ့တဲ့ ဦးမိုးညို ... သူ့သမီးလေးနဲ့ကွဲပြီး စိတ်မဆင်းရဲရအောင် အသည်းမကွဲရအောင် ... အဆွေးလည်း စိတ်မဆင်းရဲရအောင် ဒီစကားကို အဆွေးကို မပြောပါဘူးလို့ ငါ ကတိပေးလိုက်တယ်၊ ဒါပေမယ့် မင်းကိုတော့ ယောကျ်ားချင်း ယုံကြည်မှုအားဖြင့်ရော ငါကိုယ်တိုင်လည်း တစ်ယောက်ယောက်ကို ဂုဏ်ယူစွာ ရင်ဖွင့်ပြောပြချင်လို့ရော ... ငါ ပြောပြမယ် နိုင်ရန်"





နိုင်ရန်က မျက်ခုံးကိုပင့်၍ ဦးကျော်သွေးထင်ကို စူးစိုက်ကြည့်နေပါသည်။ ဦးကျော်သွေးထင်က ဘဝမှာ လူဖြစ်ကျိုးနပ်လှသူတစ်ယောက် အပြုံးမျိုး ဂုဏ်ယူဝင့်ကြွားစွာ ပြုံးရင်း ...

"အဆွေးက ငါ့သမီးလေးပဲ မောင်နိုင်ရန်၊ မင်းရဲ့ ဆွေးလျှညိုဟာ ငါ့သမီးရင်းလေးပါ၊ ငါ့သွေး၊ ငါ့သံယောဇဉ်၊ ငါ့ဘဝရဲ့ မျှော်လင့်ချက်ရောင်ခြည်၊ သမီးလေးကြောင့် ငါဟာ လူ့လောကကြီးထဲ ပြန်ဝင်ပြီး လူပီသအောင် ကျင့်ကြံရပ်တည်ရတော့မယ်၊ ငါ့သမီးရဲ့ ဂုဏ်သိက္ခာအတွက် ငါ ကလေကချေ ကျင့်ကြံလို့ မရတော့ဘူးလေ၊ ငါဟာ သူ့အဖေပါလို့ သူ မသိပေမယ့် ငါကတော့ သိနေတဲ့အတွက် ငါ့ဘက်က အဖေတစ်ယောက်ဝတ္တရား ကျေပွန်အောင် နေရမယ်၊ အဖေ ပီသရမယ်၊ ငါ့အသိထဲမှာပဲ ငါက ဖခင်ကောင်းတစ်ယောက် ဖြစ်နေရလိမ့်မယ်"

နိုင်ရန်မှာ ဘာစကားမှ မဆိုနိုင်တော့ဘဲ ခံစားချက်အမျိုးမျိုးနှင့် ကြက်သီးတမြမြ ထ,သွားမိပါသည်။ ဦးကျော်သွေးထင်ရဲ့ အပျော်တွေက သူ့ဆီသို့ပါ ကူးစက်ကာ သူပါ ပျော်ရပါသည်။ ဆွတ်ပျံ့ချင်စရာ ဇာတ်လမ်းလေးမို့လည်း ဝမ်းသာဝမ်းနည်းသလိုလို ကြည်နူးဆွတ်ပျံ့ရပါသည်။

"မင်းအဖို့ကတော့ ယောက္ခထီးချည်းပဲ နှစ်ယောက်ရတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ရန်က ဦးကျော်သွေးထင်ကို ကြည့်ရင်း ရင်ထဲမြူးရွှင်လာကာ တောင်းပန်သော သဘောလည်း ပါဝင်စွာ တဟားဟား ရယ်မောနေမိပါတော့သည်။

"အန်ကယ် ဦးမိုးညိုနဲ့ ဦးနဲ့က Peace ပဲလား"

"Peace ပါ ... ဦးမိုးညိုက အင်မတန် ပြည့်ဝသူပါ၊ အဆွေးကို ငါ ဘယ်တော့မှ သူ့ရင်ခွင်က ဆွဲယူမသွားပါဘူးလို့ ပြောထားတော့ ငါ့အတွက် သူ့အိမ်ကို တံခါးဖွင့်ထားတာပါ"

"ဒါဖြင့် ... အခု အဲဒီအိမ်ကိုပဲ သွားရအောင်နော် ဦး"

ဦးကျော်သွေးထင်က နိုင်ရန့် ပခုံးကို တစ်ချက် ခပ်ဖွဖွ ထိုးလိုက်ပါသည်။





BURMESE CLASSIC .com

အသုဘအိမ်ရဲ့ ဧည့်ခန်းကော်ဇောခင်းပေါ်မှာ ခေါင်းအုံးကလေးချ၍ လဲလျောင်းနေသော အဆွေးသည် အတူယှဉ်တွဲဝင်လာသော ဦးကျော်သွေးထင်နှင့် နိုင်ရန့်ကို မြင်လျှင် အံ့အားတသင့်လည်းဖြစ် ရင်ထဲလည်း ဝမ်းသာကြည်နူးကာ လှဲနေရာမှ ထ,ထိုင်လိုက်ပါသည်။

သူမအနီး လျှောက်လာကာ ထိုင်ချလိုက်သော နိုင်ရန့် မျက်နှာပေါ်မှ ကျေအေးကြည်သာသော နှစ်သိမ့်ပြုံးကလေးက အဆွေး ရင်ထဲက ပူဆွေးနွမ်းနယ်ခြင်းတို့ကို လျော့ကျအောင် ချေဖျက်ပါသည်။

"ဦးနဲ့ ရန်နဲ့ ဘယ်လိုအဆင်ပြေသွားလဲဟင်၊ အဆွေးလည်းလေ ... အခုပဲ စဉ်းစားနေတာပါ၊ မေမေလည်း မရှိတော့ဘူး၊ ရန် စိတ်ဆိုးနေတာလည်း စနိုင်ရည် မရှိဘူး၊ ... ရန့်ကို ရှင်းပြတော့မယ်လို့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေအတွက် ခေါင်းပူမခံပါနဲ့တော့ အဆွေးရယ် ... ကိုယ် အားလုံးသိပါပြီ၊ အရေးမကြီးတာတွေကို မေ့ထားပြီး ရက်အကြာကြီး အနားမရခဲ့တဲ့ အဆွေးရဲ့ စိတ်ရောကိုယ်ပါ ကောင်းကောင်း အနားယူလိုက်ဦးနော် ..."

အဆွေးက ခေါင်းကလေးကို အသာညိတ်ပြလိုက်ပါသည်။

BURMESE CLASSIC .com

လမင်းမိုမို



www.burmeseclassic.com